# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူ သည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ - ၅)**


၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက် | ၂၀၁၈ ခုနှစ်၊ မေ ၃ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၇)၊ အမှတ် (၁၈၅)


# ရခိုင်ပြည်နယ်ဆိုင်ရာ စိန်ခေါ်မှုများ ဖြေရှင်းသွားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့အား တွေ့ဆုံ



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် Dr. Surakiart Sathirathai ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့တို့ တွေ့ဆုံစဉ်။** သတင်းစဉ်

**နေပြည်တော် မေ ၂**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် Dr. Surakiart Sathirathai ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။ Dr. Surakiart Sathirathai နှင့်အတူ အကြံပေးအဖွဲ့ဝင်များဖြစ်သည့် Mr. Urban Ahlin ၊ ဦးဝင်းမြ၊ ဦးထွန်းမြတ်၊ ဦးခင်မောင်လေး၊ ဦးလှမြင့်နှင့် ဒေါက်တာခင်ညိုတို့လည်း တက်ရောက်ခဲ့သည်။

ယင်းသို့တွေ့ဆုံစဉ် အကြံပေးအဖွဲ့၏ ဆောင်ရွက်ချက်များနှင့် လုပ်ငန်းအစီအစဉ်များကို အကြံပေးအဖွဲ့ဥက္ကဋ္ဌမှ ရှင်းလင်းပြောကြားခဲ့ပြီး အကြံပေးအဖွဲ့၏ ကနဦးအကြံပြုချက်များအား အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ရခိုင်ပြည်နယ်ဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းသွားရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အနာဂတ်တွင် ဆောင်ရွက်မည့်ကိစ္စများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**ဒုတိယအကြိမ် လာရောက်တွေ့ဆုံခြင်းဖြစ်**

ယခုတွေ့ဆုံမှုသည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့အနေဖြင့် စတင်ထူထောင်ပြီးချိန်မှစ၍ ဒုတိယအကြိမ်လာရောက်တွေ့ဆုံခြင်း ဖြစ်သည်။

အဆိုပါတွေ့ဆုံမှုသို့ အကြံပေးအဖွဲ့ဝင်များအပြင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်တို့ တက်ရောက်ခဲ့သည်။

**သတင်းစဉ်**

# လမ်းပန်းဆက်သွယ်မှု အဆင်ပြေစေရေး မြောင်းမြဇက်ဆိပ် အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

**မြောင်းမြ မေ ၂**

မြောင်းမြကြိုးတံတား မေ ၁ ရက်နေ့ နံနက် ၁ နာရီ ၄၅ မိနစ်က ကျိုးကျသွားမှုကြောင့် လပွတ္တာ - ရန်ကုန်-မြောင်းမြ၊ ရန်ကုန်- မြောင်းမြ -ပုသိမ်ခရီးသွားများ အခက်အခဲနှင့် ကြုံတွေ့လျက်ရှိနေပြီး ခရီးသွားလာမှု လွယ်ကူမြန်ဆန်ရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ရေးအတွက် ကွယ်လွယ်ဘက်ခြမ်း ကားကူး ဇက်ရေယာဉ်ကူးတို့ဆိပ်နှင့် မြောင်းမြဘက်ခြမ်း ဇက်ရေယာဉ်ကူးတို့ဆိပ်တို့ကို အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြောင်းမြတစ်ဖက်ကမ်း ကွယ်လွယ် (ယခင်ဇက်ဆိပ်အဟောင်း ) ကို ပြုပြင်ခြင်း၊ မြောင်းမြဘက်ကမ်း၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးရှေ့ အုတ်သဲကျောက်လုပ်ငန်းများကို ရှင်းလင်းဆောင်ရွက်ကာ ဇက်ရေယာဉ်ကူးတို့ဆိပ်သစ် တည်ဆောက်လုပ်ကိုင်လျက်ရှိရာ

*စာမျက်နှာ ၃ ကော်လံ ၆* ❐

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချပ်ပိုပါရှိ

**ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ (၁)နှစ်တာအဖြစ် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ဒုတိယ (၁)နှစ်တာ ဆောင်ရွက်ချက်များကို အချပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။**




မြန်မာ့အလင်း

# နှလုံးသွင်းခံယူရမည့် သဘောထားခံယူချက်များ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု(၂)နှစ်ပြည့် မိန့်ခွန်းတစ်ရပ်ကို မိန့်ကြားခဲ့ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံရေးအပြောင်းအလဲအား၊ ချောမွေ့ညင်သာစွာ၊ ပြည်သူပြည်သားများကို ထိခိုက်စေခြင်းမရှိ လုပ်ဆောင်နိုင်ခဲ့ကြောင်း အလေးအနက်ထားတင်ပြခဲ့ပါသည်။ နိုင်ငံတော်သမ္မတ တာဝန်အပြောင်းအလဲကို အလုပ်ရက်တစ်ပတ်အတွင်း ပြီးမြောက်စေရန် တာဝန်ရှိပုဂ္ဂိုလ်အဖွဲ့အစည်းတို့က ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်းသည် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ညွှန်ပြသကဲ့သို့ နိုင်ငံတော်၏ ရင့်ကျက်တည်ငြိမ်မှုကို ဖော်ဆောင်ပြသလိုက်ခြင်းဖြစ်ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က တာဝန်မှ အနားယူသွားသောသမ္မတကြီး ဦးထင်ကျော်အား ကျေးဇူးတင်စကား ပြောခဲ့ခြင်းသည်လည်း အဆင့်အတန်းမြင့်သည့် နိုင်ငံရေးယဉ်ကျေးမှုကို မီးမောင်းထိုး ပြသလိုက်ခြင်း ဖြစ်ပါသည်။

နိုင်ငံတော်သမ္မတသစ် ဦးဝင်းမြင့်သည် ထမ်းဆောင်ရသည့်ပါတီတာဝန်တို့အား အကြီးအသေး၊ အနိမ့်အမြင့် ရွေးချယ်မှုမရှိ၊ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူဖြစ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ထောက်ပြခဲ့ခြင်းသည် တိုင်းပြည်၏ နိုင်ငံရေးတာဝန်ကို ထမ်းဆောင်လိုသောပုဂ္ဂိုလ်တိုင်းက လေးလေးနက်နက် နှလုံးသွင်းရမည့်အချက် ဖြစ်ပါသည်။ တိုင်းပြည်၏ ဒီမိုကရေစီရေး လှုပ်ရှားရုန်းကန်မှု သမိုင်းအပေါ် အခြေခံပြောကြားရပါက နိုင်ငံတော်သမ္မတသစ် ဦးဝင်းမြင့်သည် နိုင်ငံရေးဒုတိယမျိုးဆက်မှ ပေါ်ထွက်လာသူတစ်ဦးဖြစ်ပါသည်။ အရည်အချင်းပြည့်ဝ၊ ယုံကြည်စိတ်ချရသော မျိုးဆက်သစ်တို့ကို မွေးထုတ်နိုင်ခြင်းသည် ဦးဆောင်ဦးရွက်ပြုသူတို့၏ ဂုဏ်ရောင်အရည်အချင်း ဖြစ်သည်ဟူသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ပြောကြားချက်သည် လေးနက်သော အမှန်တရားဖြစ်ပါသည်။ နိုင်ငံတော်သမ္မတသစ် ဦးဝင်းမြင့်၏ တာဝန်ထမ်းဆောင်မှုသည် ဒီမိုကရေစီလှုပ်ရှားမှု ပထမမျိုးဆက်၏ ဂုဏ်ရောင်ကို ထွန်းညှိလိုက်ခြင်း ဖြစ်ပါသည်။

အတိတ်ကကျန်ခဲ့သော အမွေဆိုးများ ဖယ်ရှားကျော်လွှားနိုင်ရေးနှင့် နိုင်ငံတော်၏ အနာဂတ်အတွက် မျှော်လင့်ချက်များ ဖြည့်ဆည်းနိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်ရာ၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လူထုအစိုးရသစ်အနေဖြင့် စုပေါင်းအင်အားအပေါ် အလေးထားလျက် နိုင်ငံ၏စိန်ခေါ်မှုများကို ကျော်ဖြတ်ရန် သန္နိဋ္ဌာန်ချထားကြောင်း မိန့်ကြားခဲ့ခြင်းသည် လူထုအစိုးရသစ်၏ ပြည်သူနှင့်အတူဟူသော ဆောင်ပုဒ်၏ နက်ရှိုင်းကျယ်ပြန့်မှုကို ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "ကျွန်မတို့လွတ်လပ်ရေးဖခင်များ မျှော်မှန်းခဲ့တဲ့ တရားမျှတမှုနဲ့ လွတ်လပ်တဲ့နိုင်ငံ၊ လူခပ်သိမ်းငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှမှု အာမခံမယ့် ဖြူစင်တဲ့ဝါဒကျင့်သုံးတဲ့နိုင်ငံ အမှန်တကယ်ဖြစ်စေဖို့ စုပေါင်းအင်အားနဲ့ လုပ်ဆောင်ကြပါစို့"ဟု နှိုးဆော်ခဲ့ခြင်းသည် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက နိုင်ငံတော်၏အနာဂတ်အပေါ် ပို၍ပို၍ ယုံကြည်အားကိုးလာစေရန် အားသစ်လောင်းလိုက်ခြင်း ဖြစ်ပါသည်။

ပြည်သူပြည်သားတို့၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးဆောင်ရွက်ရာ၌ ကိန်းဂဏန်းတို့၏ အစစ်အမှန် သက်ရောက်မှုကို အလေးအနက်သုံးသပ်ရန်ဟူသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ထောက်ပြချက်သည် တိုင်းပြည် တာဝန်ထမ်းဆောင်လျက်ရှိသော ပုဂ္ဂိုလ်အဖွဲ့အစည်းတိုင်းက အလေးအနက်နှလုံးသွင်းရမည့် ကိစ္စရပ်ဖြစ်ပါသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း အမြင့်မားဆုံးဆန်တင်ပို့မှုဟူသော ပစ္စုပ္ပန်ဘဏ္ဍာရေးနှစ်အောင်မြင်မှုသည် တောင်သူလယ်သမားတို့၏ ဘဝ အပေါ်မည်ကဲ့သို့ အကျိုးသက်ရောက်ကြောင်း ဆန်းစစ်ရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မိန့်ကြားခဲ့ခြင်းသည် တိုးတက်မှုကိုဖော်ပြသည့် ကိန်းဂဏန်းတို့သည် ပြည်သူလူထု၏ဘဝကို အမှန်တကယ် ပြောင်းလဲတိုးတက်စေရမည်ဟူသော သဘောတရားကို ညွှန်ပြလိုက်ခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ နိုင်ငံတော်အစိုးရတာဝန် ထမ်းဆောင်မှု (၂)နှစ်ပြည့်မိန့်ခွန်းသည် တိုင်းပြည်တာဝန် ထမ်းဆောင်လျက်ရှိသည့် ပုဂ္ဂိုလ်အဖွဲ့အစည်းတိုင်းက နှလုံးသွင်းရမည့် သဘောထားတို့ကို ဖော်ညွှန်းလိုက်ခြင်းဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

## ပါဠိပထမပြန်စာမေးပွဲ ဆင့်မနေ့ကျင်းပ

**နေပြည်တော် မေ ၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၁၈ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို မတ် ၂၈ ရက်မှ မေ ၃ ရက်အထိ မွန်းတည့် ၁၂နာရီမှ မွန်းလွဲ ၃ နာရီအထိ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာဖြေဌာန ၂၄၂ ဌာနတို့၌ (ဆင့်မနေ့) အဖြစ် ဖြေဆိုကြသည်။

ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး၊ ပထမလတ်) ဆင့်မနေ့ကို စာရင်းသွင်းသံဃာနှင့် သီလရှင် စုစုပေါင်း ၂၃၉၉၀ ပါးအနက် ၁၉၉၇၀ ပါး ဖြေဆိုကြပြီး ၈၃ ဒသမ ၂၄ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများစာရင်းထုတ်ပြန်

**နေပြည်တော် မေ ၂**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ ရိုးရာပွဲတော်များ၊ စာပေဂီတ ရိုးရာအသုံးအဆောင်များ၊ ဝတ်စားဆင်ယင်မှုများ စသည်တို့ကို ဖော်ထုတ်နိုင်ရန် ရည်ရွယ်၍ "တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအမွေအနှစ်များ" ရောင်စုံ ဓာတ်ပုံပြိုင်ပွဲဟူသော ခေါင်းစဉ်ဖြင့် စီစဉ်ကျင်းပခဲ့သည်။

အဆိုပါ ရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ မြန်မာနိုင်ငံအနှံ့အပြားမှ ဓာတ်ပုံပညာရှင် ၂၂၀ က ပြိုင်ပွဲဝင်ဓာတ်ပုံ ၅၈၂ ပုံကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး **ပထမဆု** ဌေးဝင်း (ရမ္မာဝတီ)၊ **ဒုတိယဆု** ပုဂံမင်းသူ၊ တတိယဆု ကိုကိုဆန်းတို့က ရရှိခဲ့ကြသည်။ **အထူးဆုများအဖြစ်** ဌေးဝင်း (ရမ္မာဝတီ)၊ အောင်ရဲနိုင် (အမရပူရ)၊ ဇော်ဇော်ဝေ(ဆင်ဖြူကျွန်း)၊ ကိုကိုဆန်း၊ လှိုင်သန်းတင့် (ရွှေပန်းချီ)တို့က အသီးသီး ရရှိကြသည်။

ဆုရရှိသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆုများ ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ဆုပေးပွဲကျင်းပမည့် ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ထင်သာမြင်သာ ပြုပြင်စရာ

## ပြင်ဦးလွင်မြို့ရှောင်လမ်း၌ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုကြောင့် မြို့အလှကို ပျက်စီးစေ

ပြင်ဦးလွင်မြို့တွင်း၌ တိုးတက်များပြားလာသော မော်တော်ယာဉ်မျိုးစုံတို့ကြောင့် မြို့တွင်း၌ ယာဉ်ကြောပိတ်ဆို့မှု၊ ယာဉ်ကြောကျပ်တည်းမှုတို့ မကြာခဏ ဖြစ်ပေါ်လျက်ရှိနေရာ အဆိုပါအခက်အခဲတို့ကို ဖြေရှင်းသည့်အနေဖြင့် ပြင်ဦးလွင်-လားရှိုးလမ်း မြို့အဝင် မဟာအံ့ထူးကံသာဘုရားကြီးဘေးမှစတင်၍ မြို့ရှောင်လမ်းအဖြစ် ဖောက်လုပ်ပြီး ပြင်ဦးလွင်-မန္တလေးလမ်းအနီး စခန်းကျေးရွာအထိ ၁၂ မိုင် ခရီးလမ်းကို ကုန်တင်ယာဉ်ကြီးများနှင့် တခြားခရီးသည်တင်ယာဉ်တို့ကို မောင်းနှင်စေခဲ့ကြောင်း သိရသည်။



သို့သော်လည်း အသစ်ဖောက်လုပ်လိုက်သော မြို့ရှောင်လမ်းကြီး၏ ဘေးဝဲယာတို့တွင် တချို့သော မြို့နေ၊ ကျေးလက်နေပြည်သူတို့၏ စည်းကမ်းမဲ့စွာ အမှိုက်ပစ်မှုတို့ကြောင့် မြို့အလှကို ထိခိုက်ပျက်စီးနေကြောင်း သိရသည်။

"အသစ်ဖောက်လုပ်လိုက်တဲ့ လမ်းမကြီးက နိုင်လွန်ကတ္တရာလမ်းမကြီး ဖြစ်ပါတယ်၊ ဒါပေမယ့် လမ်းဘေးတစ်လျှောက်မှာ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်နေမှုတွေကြောင့် လမ်းအလှ၊ မြို့အလှကို ပျက်စီးစေတယ်၊ လမ်းဘေးမှာ အမြင်မတင့်တယ်ရုံသာမက အနံ့အသက်ဆိုးတွေကြောင့် လမ်းသွားလမ်းလာပြည်သူတွေ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်ရပါတယ်"ဟု မြို့နေပြည်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ပြင်ဦးလွင် မြို့ရှောင်လမ်းပေါ်၌ အမှိုက်များ စည်းကမ်းမဲ့စွာ စွန့်ပစ်နေမှုကြောင့် လူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့များက အခါအားလျော်စွာ အမှိုက်ကောက်ခြင်း၊ အမှိုက်သိမ်းခြင်း၊ သန့်ရှင်းရေးလုပ်ခြင်းတို့ကို လုပ်အားကုသိုလ်ဒါနအဖြစ် ပြုလုပ်ပေးလျက် ရှိနေသော်လည်း အမှိုက်ပစ်သူဦးရေမှာ နေ့စဉ်နှင့်အမျှ များပြားနေသောကြောင့် မြို့ရှောင်လမ်းမကြီးအနီးတွင် အမှိုက်များစွာဖြင့် မလှမပဖြစ်နေရကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

## နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၂** နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်း ရွာနိုင်သည်။

မိုး/ဇလ

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂-၄-၂၀၁၈

ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၀၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၈၁၀/၈၂၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၈၀/၇၉၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၅/၈၄၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၂၅/၈၄၀ ကျပ် | (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၂ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၄၁ ·၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၇ ·၁ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၅၃ ·၂ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၇ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၄ |
| တရုတ် | တစ်ယွမ် | ၂၁၂ ·၂၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၅ ·၄ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

## နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်

ကျွန်တော်တို့ရဲ့နိုင်ငံသူ နိုင်ငံသားတွေ မျှော်လင့်တောင့်တနေတဲ့ လိုအင်ဆန္ဒတွေကို အတတ်နိုင်ဆုံးဖြည့်ဆည်းပေးနိုင်ဖို့ မဏ္ဍိုင်ကြီးတွေအလိုက် ကျွန်တော်တို့အားလုံး ဆတက်ထမ်းပိုး ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။ အလားတူ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့အလယ်မှာ ကျွန်တော်တို့ နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်၊ ကျွန်တော်တို့နိုင်ငံသူ နိုင်ငံသားတွေရဲ့ဂုဏ်သိက္ခာ ပို၍ပို၍ မြင့်တက်လာအောင် ကျွန်တော်တို့အားလုံး ဆက်လက်ပြီး ကြိုးစားကြရဦးမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## စုပေါင်းအင်အား

ကျွန်မတို့နိုင်ငံအတွက် အလိုအပ်ဆုံးဖြစ်တဲ့ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေး တည်ဆောက်ရာမှာ စုပေါင်းအင်အားဟာ အဓိကပါ။ တိုင်းရင်းသားများအကြား နှစ်ရှည်လများစွာ ဖြစ်ပွားလာခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခများ ငြိမ်းအေးစေဖို့ အပြန်အလှန် နားလည်မှု၊ အပြန်အလှန် လေးစားမှုက အခြေခံအုတ်မြစ်ပါ။ ဒီအုတ်မြစ်ကို စုပေါင်းအင်အားနဲ့ ခိုင်မာအောင် ဆောက်တည်နိုင်ပါတယ်။

(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ




**မော်လမြိုင် မေ ၂**

မွန်ပြည်နယ် ရေးမြို့နယ်၌ ကျင်းပမည့် မွန်ပြည်သစ်ပါတီ(NMSP)၏ လူမျိုးအလိုက်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက မော်လမြိုင်မြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်း၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အေးဇံနှင့် ပြည်နယ်ဝန်ကြီးများ၊ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း)ခင်ဇော်ဦး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေနှင့် အထောက်အကူပြုအဖွဲ့ဝင် ဦးကျော်လင်းဦး၊ UPDJC (EAO) အစုအဖွဲ့မှ ကိုယ်စားလှယ် ဦးခွန်မြင့်ထွန်း၊ UPDJC နိုင်ငံရေးပါတီများအစုအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးသုဝေ၊ မွန်ပြည်နယ်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှုကော်မတီဝင်များ၊ မွန်ပြည်သစ်ပါတီ (NMSP)မှ နိုင်အောင်မငေးနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးဦးကျော်တင့်ဆွေက မွန်ပြည်နယ်၏ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အထူးစိတ်ဝင်စားသဖြင့် မိမိတို့အားစေလွှတ်ခြင်းဖြစ်ပြီး မိမိတို့ကလည်း မွန်ပြည်သစ်ပါတီနှင့် မွန်ပြည်သူလူထုကို အလေးထား၍ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မွန်ပြည်သစ်ပါတီအနေဖြင့် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကို ရေးမြို့နယ်၌ ကျင်းပရန် (၁၄) ကြိမ်မြောက် UPD-JC အစည်းအဝေးက သဘောတူထားပြီးဖြစ်ကာ ယင်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ အောင်မြင်စွာကျင်းပနိုင်ရန် မွန်ပြည်နယ် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီအားဖွဲ့စည်းပေးထားပြီးဖြစ်ကြောင်း၊ မွန်ပြည်သစ်ပါတီအနေဖြင့် အဆိုပါ နိုင်ငံရေးဆွေးနွေးပွဲကို ကျင်းပကာ မွန်တိုင်းရင်းသားတို့၏ လိုလားချက်များနှင့် သဘောထားဆန္ဒများကို ထုတ်ဖော်ခွင့် ရရှိကြမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံရေးဆွေးနွေးပွဲများမှ ရရှိလာသည့်မူဝါဒအဆိုပြုချက်များကို ဆွေးနွေးဆုံးဖြတ်အတည်ပြုပေးမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးကို နေပြည်တော်၌ ယခုနှစ် မေလကုန်၊ မေလဆန်းတွင် ကျင်းပရန် (၇) ကြိမ်မြောက် JICM အစည်းအဝေးက သဘောတူထားပါကြောင်း၊ (၂၁) ရာစုပင်လုံတတိယအစည်းအဝေး၌ ဆွေးနွေးမည့် အဓိကခေါင်းစဉ်ကြီး ငါးခုဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးနှင့် မြေယာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကိစ္စရပ်များနှင့်ပတ်သက်ပြီး ဆွေးနွေးရန် UPDJC အစည်းအဝေးက သတ်မှတ်ပေးထားပြီးဖြစ်ပါကြောင်း၊ (၂၁)ရာစုပင်လုံဒုတိယ အစည်းအဝေး၌ တင်သွင်းခြင်းမပြုရသေးသည့် အကြောင်းအရာများကို ဦးစားပေးဆွေးနွေးသွားရန် သဘောတူထားပါကြောင်း၊ အစိုးရသစ်လက်ထက်တွင် NCA လက်မှတ်ရေးထိုးလာသည့် မွန်ပြည်သစ်ပါတီ၏လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို အောင်အောင်မြင်မြင်ဖြစ်စေ ချင်ပါကြောင်း၊ အစိုးရအပေါ် ယုံကြည်မှု နားလည်မှုအပြည့်ဖြင့် NCA တွင် လက်မှတ်ရေးထိုးပါဝင်လာသည့် မွန်ပြည်သစ်ပါတီအတွက် အစစအရာရာအဆင်ပြေချောမွေ့အောင် အစိုးရအနေဖြင့် ဆောင်ရွက်ပေးရန် တာဝန်ရှိပါကြောင်း၊ အခြားလိုအပ်ချက်များရှိလာပါကလည်း NRPC အနေဖြင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) ခင်ဇော်ဦးက အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ ToR, SOP များကို ရှင်းလင်းပြောကြားပြီး UPDJC(EAO အစုအဖွဲ့) ကိုယ်စားလှယ် ဦးခွန်မြင့်ထွန်းက မွန်လူမျိုးအလိုက် နိုင်ငံရေးဆွေးနွေးမှု ရလဒ်ကောင်းများရရှိအောင် ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေးကြရန်ဆွေးနွေးကာ UPDJC (နိုင်ငံရေးပါတီများ အစုအဖွဲ့) ကိုယ်စားလှယ် ဦးသုဝေက အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပနိုင်ရေး စိတ်တူကိုယ်တူ စုပေါင်းကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးအကြံပြုသည်။

ဆက်လက်ပြီး မွန်ပြည်သစ်ပါတီ အထွေထွေအတွင်းရေးမှူး နိုင်အောင်မင်းက ရေးမြို့နယ်၌ ကျင်းပမည့် မွန်ပြည်သစ်ပါတီ(NMSP)၏ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ အောင်မြင်စွာကျင်းပနိုင်ရန် ဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အေးဇံက ဆွေးနွေးပွဲဖြစ်မြောက်ရန်အတွက် လိုအပ်သည့် အကူအညီ၊ အထောက်အပံ့များကို ဖြည့်ဆည်းပေးမည့်အကြောင်းကို လည်းကောင်း၊ မွန်ပြည်နယ် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှု ကော်မတီအဖွဲ့ဝင် ဒေါ်နန်းစံဝင့်ခိုင်က ကော်မတီက ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် မေ ၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန၏ ဦးစီးရုံးချုပ်နှင့် တိုင်းဒေသကြီး တာဝန်ခံညွှန်ကြားရေးမှူးများ၊ ခရိုင်တာဝန်ခံလက်ထောက်ညွှန်ကြားရေးမှူးများ၊ မြို့နယ်တာဝန်ခံ ဦးစီးအရာရှိများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁ ရက် နံနက် ၈ နာရီတွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး စန္ဒကူးခန်းမ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနသည် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးနှင့် ဒေသခံလူထု လူမှုစီးပွားရေး အထောက်အကူပြုလုပ်ငန်းများဖြစ်သည့် စိုက်ခင်းတည်ထောင်ခြင်း၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစားအခြားလောင်စာတိုးမြှင့်သုံးစွဲခြင်းနှင့် ရေရရှိရေးအကောင်အထည်ဖော်ဆောင်ရွက်ခြင်း လုပ်ငန်းတာဝန်ကြီး (၄)ရပ်အပြင် တောင်စဉ်တောင်တန်း အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ပြည်သူဗဟိုပြုသစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းများကို ၁၉၉၇ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ဌာနသက်တမ်းနှစ် ၂၀ ကျော်ရှိပြီး အတွေ့အကြုံကောင်းများ ရရှိနေပြီဖြစ်၍ ဒေသနှင့် လူထုအတွက်များစွာအကျိုးရှိစေသော ဖော်ပြပါလုပ်ငန်းများကို ဆတက်ထမ်းပိုးကြိုးပမ်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ သယံဇာတအရင်းအမြစ်များကိုထိန်းသိမ်းစောင့်ရှောက်ရေး၊ စနစ်တကျအကျိုးရှိစွာ အသုံးပြုရေး၊ သားစဉ်မြေးဆက် ရေရှည်အကျိုးခံစားနိုင်ရန် စီမံခန့်ခွဲရေးကို အလေးပေးဆောင်ရွက်နေချိန်ဖြစ်သည့်အတွက် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဌာနအတွက်လည်း အခွင့်အလမ်းကောင်းနှင့် အနာဂတ်ကောင်းများဆောင်ကြဉ်းနိုင်မည့် အချိန်အခါကောင်းဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။ ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ တာဝန်ခံညွှန်ကြားရေးမှူးများက တိုင်းဒေသကြီးအလိုက် ဌာနလုပ်ငန်း ဆောင်ရွက်မှုများ အပေါ် တင်ပြချက်များ၊ ဦးစီးရုံးချုပ်မှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဌာနခွဲညွှန်ကြားရေးမှူးများကဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ၏ အားသာချက်၊ အားနည်းချက်၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းလျာထားချက်များအား ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက သုံးသပ်ဆွေးနွေးခဲ့သည်။

**သတင်းစဉ်**

❒ *ရှေ့ဖုံးမှ*

မြောင်းမြခရိုင် အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းတံတားဌာနတို့မှ တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

"ခုလောလောဆယ် ဇက်ရေယာဉ်ကြီးတွေ မဆိုက်ကပ်နိုင်သေးခင်မှာ မော်တော်ဆိုင်ကယ်၊ စက်ဘီးစီးခရီးသွားတွေ အဆင်ပြေအောင် ဇက်အသေးတစ်စင်းနဲ့ ကနဦးသယ်ပို့လို့ရအောင် စီစဉ်နေပါတယ်၊ အဲဒီအတွက်လည်း အခကြေးငွေမယူဘဲ အခမဲ့ဆောင်ရွက်ပေးသွားမှာပါ"ဟု ပရဟိတလုပ်ငန်းဆောင်ရွက်နေသူ ဦးလင်းလင်းက ပြောသည်။

" ခရီးသွားနဲ့ လိုင်းကားမော်တော်ယာဉ်တွေ အဆင်ပြေအောင် လပွတ္တာဘက်သွားမည့်ယာဉ်ကို လက်ဝဲဘက်လမ်း ဇက်ကူးမည့်ယာဉ်က လက်ယာဘက်ခြမ်း တစ်လမ်းမောင်းစနစ်နဲ့ ဆောင်ရွက်ပေးသွားပါမယ်" ဟု ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးက ပြောသည်။

**အောင်မင်း (မြောင်းမြ)**

# နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် နိုင်ငံတကာမှ အကြီးအကဲများ၊ ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် နိုင်ငံတကာမှ အကြီးအကဲများ၊ ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။**

### ချက်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ချက်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မီလော့စ် ဇီမန်း က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့ပါသည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ကိစ္စနှင့်စပ်လျဉ်း၍ ချက်ပြည်သူများကိုယ်စား ကျွန်ုပ်အနေဖြင့် ဝမ်းမြောက်ကြောင်းဂုဏ်ပြုသဝဏ်လွှာ ပေးပို့ပါကြောင်း၊ ချက်သမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့သည် ကာလရှည်ကြာ ခင်မင်ရင်းနှီးမှု ရှိခဲ့ပါကြောင်း၊ ချက်သမ္မတနိုင်ငံ၏ သံရုံးကို ရန်ကုန်မြို့တွင် ၂၀၁၄ ခုနှစ်က ဖွင့်လှစ်ခဲ့ကြောင်း၊ ထိုကဲ့သို့ဖွင့်လှစ်နိုင်ခြင်းသည် နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်ခြင်း၏ အစဟု ယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော်အနေဖြင့် ကျန်းမာရေးကောင်းမွန်ပါစေဟု ဆန္ဒမွန်ကောင်းတောင်းလိုက်ပါကြောင်းနှင့် အောင်မြင်မှုသရဖူ ဆောင်းနိုင်ပါစေကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

### အီတလီသမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အီတလီသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဆာဂျီရို မတ်တာရီလာကလည်း အီတလီအစိုးရနှင့် ပြည်သူများ၏ကိုယ်စား ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာတွင် အီတလီနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ တိုးတက်မှုဖြစ်စဉ်များကို အပြည့်အဝယုံကြည်ပါကြောင်း၊ အဆွေတော်တာဝန်ထမ်းဆောင်နေစဉ်အတွင်း နှစ်နိုင်ငံအနေဖြင့် ကမ္ဘာပေါင်းစုံတွင် အတူတကွပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင်နှစ်နိုင်ငံ အကျိုးစီးပွားများကိုလည်း တိုးချဲ့သွားပြီး နှစ်နိုင်ငံ ဆက်ဆံရေးပိုမိုခိုင်မာလာအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း ဒေသတွင်းနှင့် အလုံးစုံမူဘောင်များအရ ပိုမိုကောင်းမွန်သည့် ဆက်ဆံရေးကို တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ အဆွေတော်အနေဖြင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းတောင်းလိုက်ပါကြောင်း ဖော်ပြပါရှိသည်။

### ရုရှားဖက်ဒရေးရှင်းနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်ကလည်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာတွင် နှစ်နိုင်ငံဆက်ဆံရေးသည် အစဉ်အလာအားဖြင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးအပေါ် အခြေခံကြောင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မည်ဆိုပါက နှစ်နိုင်ငံ ပြည်သူများအတွက် အကျိုးများစေမည့် ဖွံ့ဖြိုးတိုးတက်မှုများ ရှိလာမည်ဖြစ်ကြောင်း၊ ထို့အတူ အာရှ-ပစိဖိတ်ဒေသတည်ငြိမ်ရေးနှင့် လုံခြုံရေးကိုလည်း ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ အဆွေတော်အနေဖြင့် ကာယသုခ၊ ဉာဏသုခနှစ်ဖြာသော သုခအပေါင်းနှင့် ပြည့်စုံပြီး နိုင်ငံ့တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်ပါစေကြောင်း၊ ဆုမွန်ကောင်းတောင်းလိုက်ပါကြောင်း ဖော်ပြပါရှိသည်။

### ကိုရီးယားသမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ မွန်ဂျယ်အင်းကလည်း ကိုရီးယားအစိုးရနှင့် ပြည်သူများကိုယ်စား ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာတွင် ၂၀၁၆ ခုနှစ် အစိုးရသစ်တက်သည့်အချိန်ကတည်းက စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများ အဆက်မပြတ်ဖြစ်ပေါ်ခဲ့သည့်အတွက် ရိုးသားစွာဖြင့် ဂုဏ်ယူကြောင်း ပြောကြားလိုပါကြောင်း၊ အဆွေတော်၏ခေါင်းဆောင်မှုအောက်တွင် အစိုးရအနေဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့ကို အရှိန်အဟုန်ကောင်းကောင်းဖြင့် ဆက်လက်ဆောင်ရွက်နိုင်ပါစေရန် ဆန္ဒပြုကြောင်း၊ ထို့အပြင်နှစ်နိုင်ငံ ဆက်ဆံရေးတိုးတက်ခိုင်မာလာသည့်အတွက်လည်း ဝမ်းသာပီတိဖြစ်မိပါကြောင်း၊ နောင်တွင်လည်း နှစ်နိုင်ငံဆက်ဆံရေး ဒီထက်ပိုကောင်းလာမည်ဟု မျှော်လင့်ပါကြောင်း၊ အဆွေတော်အနေဖြင့် ကျန်းမာစွာဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းရေးနှင့် စည်ပင်ဝပြောရေးတို့ကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

### ဂျပန်နိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇို အာဘေးကလည်း ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာတွင် မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ် အာဏာလွှဲပြောင်းရယူပြီးနောက်ပိုင်း ဒီမိုကရေစီစနစ်အမြစ်တွယ်ခိုင်မာစေရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးတည်ပြီး လုပ်ငန်းစဉ်များကို ရှေ့ဆက်ဆောင်ရွက်လျက်ရှိသည့်အတွက် အထူးလေးစားမိကြောင်း၊ အဆွေတော် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအနေဖြင့် ယမန်နှစ် ဒီဇင်ဘာလမှာ ဂျပန်နိုင်ငံသို့ အလည်အပတ်ခရီးလာရောက်ခဲ့စဉ်က ရှေ့ဆက်အကောင်အထည်ဖော်မည့်လုပ်ငန်းစဉ်များကို ကြားသိရသည့်အတွက် လွန်စွာအားတက်ခဲ့ရကြောင်း၊ ယခုနောက်ပိုင်း ရာထူးတာဝန်အသစ်ဖြင့် ကြိုးပမ်းအားထုတ်မှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည့်အတွက် အထူးဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း၊ ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံနှင့် သမိုင်းဝင်ရင်းနှီးချစ်ကြည်မှုကို အခြေခံကာ မြန်မာနိုင်ငံသူနိုင်ငံသားများနှင့် အတူယှဉ်တွဲပြီး ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးကြိုးပမ်းမှုများကို ဘက်ပေါင်းစုံမှ ထောက်ခံအားပေးသွားမည်ဖြစ်ကြောင်း၊ လွတ်လပ်၍ပွင့်လင်းသော အိန္ဒိယ-ပစိဖိတ် မဟာဗျူဟာခေါင်းစဉ်အောက်တွင် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်သွားပြီး ဒေသတစ်ခုလုံး၏ တည်ငြိမ်အေးချမ်းရေးနှင့် ကြွယ်ဝချမ်းသာရေးအတွက် အဆွေတော်နှင့် လက်တွဲဆောင်ရွက်သွားရမည်ကို ဝမ်းမြောက်စွာ မျှော်လင့်ပါကြောင်း၊ အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး အောင်မြင်မှုများ ပိုမိုရရှိပါစေကြောင်းနှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများ ပိုမိုချမ်းသာကြွယ်ဝပါစေကြောင်း၊ ဆုတောင်းမေတ္တာပို့သပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

### ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ၊ ဥက္ကဋ္ဌ၊ ဗဟိုပြည်သူ့လွှတ်တော်သဘာပတိအဖွဲ့၊ မစ္စတာ ကင်ယုံနမ်ကလည်း လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာတွင် ရှည်လျားသော သမိုင်းကြောင်း အစဉ်အလာအရ နှစ်နိုင်ငံကြား ရင်းနှီးဖော်ရွေပြီး ပူးပေါင်းဆောင်ရွက်မှုကို အခြေခံသည့် ဆက်ဆံရေးသည် အနာဂတ်တွင် ပိုမို တိုးတက်ဖြစ်ထွန်းမည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော်အနေဖြင့် နိုင်ငံနှင့် လူမျိုးအကျိုးကို ဆောင်ရွက်ရာတွင် အောင်မြင်မှုများရရှိပါစေကြောင်း စသည်ဖြင့်ဆုတောင်းမေတ္တာပို့သခဲ့သည်။ ။

## တရားမအထွေထွေ လျှောက်ထားမှု (စာချွန်တော်) (၃)မှု စီရင်ချက်ချမှတ်၊ (၅)မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော်  မေ ၂**

ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ဖြစ်ကြသော ဦးမြသိမ်းနှင့် ဦးမျိုးတင့်တို့ ပါဝင်သည့် အပြီးသတ်ကြားနာ ဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲ၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးခန်း အမှတ် (၁)တွင် ရုံးထိုင်၍ တရားမအထွေထွေ လျှောက်ထားမှု (စာချွန်တော်) (၃)မှုကို စီရင်ချက်ချမှတ်ပြီး တရားမအထွေထွေ လျှောက်ထားမှု (စာချွန်တော်) (၅)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းစည်းဝေး

**နေပြည်တော်  မေ ၂**

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သော နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအပေါ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား ယနေ့ နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။ အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် သန်းထွဋ်၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသများမှ ဦးစီးအဖွဲ့ ဥက္ကဋ္ဌများနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန အောက်ရှိဦးစီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဖက်ဒရယ်စနစ်ကို အခြေခံသော ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရာတွင် တိုင်းရင်းသား တစ်ဦးနှင့်တစ်ဦး သံသယမထားဘဲ ယုံကြည်မှုအပြည့်ဖြင့် စည်းလုံးညီညွတ်စွာ လက်တွဲဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်စေရေး၊ ပြည်ထောင်စု စိတ်ဓာတ်ရှင်သန်ရင့်ကျက်စေရေးအတွက် တစ်နိုင်ငံလုံး အကြားအလပ်မရှိ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်၏ အဓိကရည်မှန်းချက်ဖြစ်သော ထာဝရငြိမ်းချမ်းရေး ရရှိရေး၊ နယ်စပ်ဒေသများအပါအဝင် တစ်နိုင်ငံလုံး၌ တည်ငြိမ်အေးချမ်းရေးနှင့် အကြား



အလပ်မရှိ တစ်ပြေးညီ ဖွံ့ဖြိုးရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန၏ လုပ်ငန်းစဉ်များသည် အရေးကြီးသည့် ကဏ္ဍတစ်ခု ဖြစ်ပါသဖြင့် တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် ဝန်ကြီးဌာန၏ လုပ်ငန်းများ ခွင့်ပြုရန်ပုံငွေနှင့်အညီ အရည်အသွေး၊ စံချိန်စံညွှန်းများ ကိုက်ညီစေရေး စစ်ဆေးကြပ်မတ် ဝိုင်းဝန်း ပူးပေါင်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် အစီအစဉ်အရဝန်ကြီးဌာန လက်အောက်ရှိဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးတွင် ဆောင်ရွက်ကြမည့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး လုပ်ငန်းများအား အသေးစိတ် ရှင်းလင်းတင်ပြကြပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌများက မိမိတို့ ဒေသအလိုက် ဆောင်ရွက်ကြမည့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လိုအပ်ချက်များ ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများမှ ဝိုင်းဝန်းပါဝင် ကူညီဆောင်ရွက်ပေးရာတွင် လိုက်နာသင့်သည့်အချက်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး


ဦးကျော်ဝင်း
ပြည်ထောင်စုဝန်ကြီး


ဦးဖြိုးမင်းသိန်း
ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်


ဦးဇော်မင်းဝင်း
ဥက္ကဋ္ဌ၊ ကုန်သည်စက်မှုအသင်းချုပ်

## ❑ ပြည်ပကုန်သွယ်မှုအခြေအနေကို ကြည့်ပါက ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် မတ် ၂၃ ရက်အထိ ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၅ ဘီလီယံကျော်ရှိခဲ့ပြီး ယခင်နှစ် အလားတူကာလထက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ ဘီလီယံကျော် ပိုမိုဆောင်ရွက်နိုင်

## ❑ ပို့ကုန်တင်ပို့မှုအနေဖြင့် အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံကျော်အထိ စံချိန်တင် တင်ပို့နိုင်ခဲ့ပြီး ဆန်၊ ပြောင်း၊ ရော်ဘာစိမ်းနှင့်ချုပ်ပြီး အထည်တို့အား အဓိက ပိုမိုတင်ပို့နိုင်

❀ *ကျောဖုံးမှ*

ဒေသကြီး ဝန်ကြီးများ၊ လုပ်ငန်းကော်မတီ ငါးရပ်မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း၊ ရန်ကုန်တိုင်းဒေသကြီး ကုန်စည်ဒိုင်၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်တို့မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

**လုပ်ငန်းကော်မတီ ငါးခု ဖွဲ့စည်း**

ရှေးဦးစွာ ဒုတိယသမ္မတ ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် တွေ့ဆုံဆွေးနွေးပွဲသည် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ၏ (၁၆)ကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်တွင် အဖွဲ့ဝင် ၂၀ ဖြင့် ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန် ငါးရပ်ချမှတ်၍ ကော်မတီ၏ လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းကော်မတီ ငါးခုကို ဖွဲ့စည်းခဲ့ပါကြောင်း။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ် မတ်လအထိ (၁၅)ကြိမ် တွေ့ဆုံခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင်များ၏ ကြုံတွေ့နေရသည့် အခက်အခဲတင်ပြချက် စုစုပေါင်း ၂၃၀ ရှိခဲ့ပါကြောင်း၊ အဆိုပါတင်ပြချက်အားလုံးကို သက်ဆိုင်ရာဝန်ကြီး ဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များနှင့် လုပ်ငန်းကော်မတီ ငါးခုတို့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှတစ်ဆင့် ပြန်ကြားခဲ့ပြီး တင်ပြချက်များအပေါ် အလေးထားဖြေရှင်း ဆောင်ရွက်ပေးခဲ့ပါကြောင်း။

စီးပွားရေး လုပ်ငန်းရှင်များ၏ ကြုံတွေ့နေရသည့် အခက်အခဲ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများမှ ပြန်လည်ဖြေရှင်းပေးသည့် အချက်များမှာ အပြည့်အဝ မပြီးပြတ်သေးသည်ဟု ယူဆပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှတစ်ဆင့် ကော်မတီ၏ တာဝန်ခံဝန်ကြီးဌာနဖြစ်သည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသို့ ဆက်လက်တင်ပြပြီး ကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် တင်ပြသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲ (Private-Public Dialogue) ပြုလုပ်ကာ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် စီစဉ်ထားရှိပါကြောင်း။

**အခွင့်အလမ်းကောင်းများဖန်တီး**

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် စီးပွားရေးမူဝါဒ ၁၂ ရပ်ကို ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကြုံတွေ့နေရသည့် အခက်အခဲများကိုလည်း တတ်နိုင်သလောက် ဖြေရှင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် မတ် ၂၀ ရက်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် အမေရိကန်ဒေါ်လာ ၆ ဒသမ ၁ ဘီလီယံရှိခဲ့သဖြင့် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်၏ ရည်မှန်းချက်ဖြစ်သည့် အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံကို ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ အဆိုပါ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုမှ အလုပ်အကိုင် အခွင့်အလမ်းကောင်းများကို ဖန်တီးပေးနိုင်ခဲ့ပါကြောင်း။

ပြည်ပကုန်သွယ်မှုအခြေအနေကို ကြည့်ပါက ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် မတ် ၂၃ ရက်အထိ ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၅ ဘီလီယံကျော်ရှိခဲ့ပြီး ယခင်နှစ် အလားတူကာလထက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ ဘီလီယံကျော် ပိုမိုဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ အဆိုပါ ဆောင်ရွက်မှု၌ ပုဂ္ဂလိကကဏ္ဍမှ အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၆ ဘီလီယံပါဝင်သည့်အတွက် ကုန်သွယ်မှုပမာဏတွင် ပုဂ္ဂလိကကဏ္ဍမှ ၈၂ ရာခိုင်နှုန်းအထိ ပါဝင်ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရပါကြောင်း။

ပို့ကုန်တင်ပို့မှုအနေဖြင့် အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံကျော်အထိ စံချိန်တင် တင်ပို့နိုင်ခဲ့ပြီး ဆန်၊ ပြောင်း၊ ရော်ဘာစိမ်းနှင့် ချုပ်ပြီးအထည်တို့အား အဓိက ပိုမိုတင်ပို့နိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ဆန်တင်ပို့မှုတွင် တန်ချိန် ၃ ဒသမ ၅၂ သန်းအထိ တင်ပို့နိုင်သည်ကို တွေ့ရှိရပါကြောင်း၊ ထို့အပြင် ယခင်နှစ်က အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းမှုကို ကန့်သတ်သည့်အတွက် ပဲစိုက်တောင်သူများ အခက်အခဲ ကြုံတွေ့နေရသည့်အပေါ် တောင်သူများ နစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် နှစ်နိုင်ငံ သံတမန်နည်းလမ်းဖြင့် လည်းကောင်း ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းဆက်သွယ်၍ လည်းကောင်း ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရမှာဖြစ်ပါကြောင်း၊ တောင်သူများအနေဖြင့်လည်း စီးပွားရေးအရ တွက်ခြေကိုက်မည့် သီးနှံများကို ရွေးချယ်စိုက်ပျိုးသွားနိုင်ရေး အကြံပြုတိုက်တွန်းလိုပါကြောင်း။

**ဖြေလျှော့ဆောင်ရွက်ပေး**

ယခင်က ကုမ္ပဏီထူထောင်ရန် မှတ်ပုံတင်ရာတွင် မှတ်ပုံတင်ကြေးကို ငွေကျပ် ၁၀ သိန်း သတ်မှတ်ခဲ့ရာမှ ၂၀၁၆ ခုနှစ် ဇွန်လကစပြီး ငွေကျပ် ငါးသိန်းအထိ လျှော့ချခဲ့ပါကြောင်း၊ ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှစပြီး မှတ်ပုံတင်ကြေးကို ငွေ ငါးသိန်းမှ ငွေကျပ် နှစ်သိန်းငါးသောင်းအထိ ထပ်မံလျှော့ချ ပြင်ဆင်သတ်မှတ်ပေးထားပါကြောင်း၊ ထို့အတူ ကုမ္ပဏီထူထောင်ရန် မှတ်ပုံတင်သည့် လုပ်ငန်းနှင့် ပတ်သက်သော ကိစ္စရပ်များကို Online မှ ၂၄ နာရီ ဆောင်ရွက်နိုင်ရန်အတွက် စီစဉ်လျက်ရှိပါကြောင်း၊ အဆိုပါဆောင်ရွက်မှုများသည် Ease of Doing Business အစီရင်ခံစာပါ ညွှန်းကိန်း ၁၀ ခုအနက် တစ်ခုဖြစ်သော စီးပွားရေးလုပ်ငန်းတစ်ခု စတင်ခြင်း (Starting a Business) ဆိုင်ရာ ညွှန်းကိန်းအရ ဖြေလျှော့ဆောင်ရွက်ပေးခြင်း ဖြစ်ပါကြောင်း။

ယနေ့ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးမည့် အသင်းအဖွဲ့ ငါးဖွဲ့အနေဖြင့် ဆွေးနွေးမည့် ကဏ္ဍများနှင့် သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်လာကြသည့်အတွက် မိမိတို့အသင်းအဖွဲ့များ၏ တွေ့ကြုံနေရသော အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြ ရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ပို့ကုန်သွင်းကုန်လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု နှစ်နှစ်ပြည့်ကာလအတွင်း ငွေကြေးဈေးကွက်ခိုင်မာအောင် ဆောင်ရွက်ခဲ့မှု၊ အစိုးရဌာနများ၏ ဘတ်ဂျက်များလေလွင့်မှု မရှိအောင် စိစစ်သုံးစွဲခဲ့မှု၊ ပုဂ္ဂလိကဘဏ်များ ခိုင်မာအားကောင်းရေးအတွက် ဆောင်ရွက်နေမှုအခြေအနေ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ မူဝါဒများ ချမှတ်ဆောင်ရွက်နေမှုတို့အပြင် အခွန်ကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ လယ်ယာကုန်ထုတ်ကဏ္ဍနှင့် မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ကုန်စည်စီးဆင်းမှုမြန်ဆန်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ဆောင်ရွက်နေမှုအခြေအနေ၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှု အခြေအနေ၊ ငါးမွေးမြူရေးနှင့် အခြားမွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုအခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေး**

ထို့နောက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်း၊ ရန်ကုန်တိုင်းဒေသကြီး ကုန်စည်ဒိုင်၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားဝန်ဆောင်မှု လုပ်ငန်းရှင်များ အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဒုတိယသမ္မတ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတက နိဂုံးချုပ် အမှာစကားပြောကြားပြီး တွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

---

❑ *ကျောဖုံးမှ*

အခွင့်အလမ်းတွေရှိပါတယ်၊ သို့သော်လည်း ဘဏ္ဍာရေးအခြေအနေ တည်ငြိမ်မှုကို သေချာစေဖို့နဲ့ နိုင်ငံ့ဝန်ထမ်းကဏ္ဍ စွမ်းဆောင်ရည်များ ကောင်းမွန်ဖို့အတွက် ဆွဲဆောင်မှုတွေကို ချင့်ချိန်ပြီး စီမံခန့်ခွဲဖို့ အရေးကြီးပါတယ်”ဟု ကမ္ဘာ့ဘဏ်၏ Program Leader Shabih Ali Mohib က ဆိုသည်။

လစာနှုန်းထားတိုးမြှင့်ခြင်းနှင့် ဝန်ထမ်းဦးရေအများအပြားခန့်အပ်ခြင်းတို့အကြားတွင် လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းလစာနှုန်းထားများကို ဦးတည်အုပ်စုအတွက်သာ တိုးမြှင့်ပေးခြင်းနှင့် ယေဘုယျအားဖြင့် နိုင်ငံ့ဝန်ထမ်းလစာတစ်ရပ်လုံးကို လစာနှုန်းတိုးမြှင့်ပေးခြင်းတို့အကြားတွင် လည်းကောင်း ချိန်ညှိရန်အတွက် ပိုမိုကောင်းမွန်သော နိုင်ငံ့ဝန်ထမ်းလစာ ခန့်မှန်းတွက်ချက်သည့်ပုံစံများကို တည်ဆောက်ရန် အစီရင်ခံစာတွင် တိုက်တွန်းအကြံပြုထားကြောင်း သိရသည်။ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာအချက်အလက်စနစ်၊ လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ အချက်အလက်စနစ်တို့နှင့် ချိတ်ဆက်၍ ဗဟိုဦးစီးချုပ်ကိုင်သည့် အလိုအလျောက် လစာပေးသည့်စနစ်တည်ဆောက်ရန် လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းကဏ္ဍတွင်



**လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲခြင်း အစီရင်ခံစာ မိတ်ဆက်ခြင်းအခမ်းအနား။** သတင်းစဉ်

လိုအပ်နေသည့် ကျွမ်းကျင်မှုရှိသော ဝန်ထမ်းများ ခန့်အပ်ခြင်း၊ အလုပ်ခွင် တည်မြဲစေခြင်းနှင့် ရွှေ့ပြောင်း တာဝန်ချထားခြင်းလုပ်ငန်းစဉ်များကို ပုံမှန်စောင့်ကြည့်ရန် လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများ တာဝန် ထမ်းဆောင်နိုင်ရန်အတွက် လုပ်ငန်းခွင်အသုံးစရိတ်နှုန်းထားများကို ခေတ်နှင့်လျော်ညီမှုရှိစေရန် ပြန်လည်သုံးသပ်ရန် လည်းကောင်း တိုက်တွန်းအကြံပြုထားသည်။

“ဒါဟာ မြန်မာနိုင်ငံရဲ့ နိုင်ငံ့ဝန်ထမ်းကဏ္ဍလစာနဲ့ စွမ်းဆောင်မှုများကို စီမံခန့်ခွဲရာမှာ အထောက်အထားကို အခြေခံတဲ့ ပြုပြင်ပြောင်းလဲမှုခရီးရှည်ရဲ့ ပထမဆုံးခြေလှမ်းသာဖြစ်ပါတယ်”ဟု ယနေ့ကျင်းပသော အစီရင်ခံစာ မိတ်ဆက်ခြင်း အခမ်းအနားသို့ တက်ရောက်သည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နွဲ့နွဲ့ဝင်းက ဆိုသည်။

“ယခုအချိန်အထိ ဒီအစီရင်ခံစာဟာ မြန်မာနိုင်ငံရဲ့ နိုင်ငံ့ဝန်ထမ်းကဏ္ဍအကြောင်း အစုံလင်ဆုံး သုံးသပ်ထားတဲ့ အစီရင်ခံစာတစ်ခု ဖြစ်ပါတယ်၊ အစီရင်ခံစာရဲ့ တိုက်တွန်းအကြံပြုချက်တွေကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်တဲ့နေရာမှာ မြန်မာနိုင်ငံအစိုးရကို ပံ့ပိုးကူညီပေးပါလို့ ကမ္ဘာ့ဘဏ်ကို တိုက်တွန်းလိုပါတယ်” ဟု မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး Peter Lysholt Hansen က ဆိုသည်။

နိုင်ငံ့ဝန်ထမ်းကဏ္ဍ လစာ၊ စရိတ်၊ ချီးမြှင့်ငွေ၊ လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ မူဝါဒများနှင့် စပ်လျဉ်း၍ ကြုံတွေ့နေရသော အခက်အခဲများကို ဖြေရှင်းရာတွင် နည်းပညာပံ့ပိုးကူညီပေးရန် မြန်မာနိုင်ငံအစိုးရက ကမ္ဘာ့ဘဏ်အား တောင်းဆိုခဲ့သည့်အတွက် ဤသုံးသပ်မှုအစီရင်ခံစာကို ၂၀၁၅-၂၀၁၇ အတွင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# စကြဝဠာတစ်ခွင် ကျန်းမာရေးအသွင် လွှမ်းခြုံစေချင်

ဒေါက်တာ အောင်စိုး(အငြိမ်းစားပြည်နယ်ဆေးရုံအုပ်ကြီး)

ဧပြီလ ၇ ရက်နေ့တွင်ကျရောက်သည့် ၂၀၁၈ ခုနှစ် **ကမ္ဘာ့ကျန်းမာရေးနေ့**တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကမ္ဘာသူ၊ ကမ္ဘာသားအားလုံး ကျန်းမာရေးလွှမ်းခြုံမှုရရှိရေး (UNIVERSAL HEALTH COVERAGE- UHC) ကို အသားပေးလှုံ့ဆော်ထားကြောင်း တွေ့ရှိရသည်။




**စကြဝဠာ ကျန်းမာရေးလွှမ်းခြုံမှု**

UHC (Universal Health Coverage) ကို သဘောရိုးဖြင့် တိုက်ရိုက်ဘာသာပြန်ဆိုလျှင် Universe သည် စကြဝဠာ၊ Health သည် ကျန်းမာခြင်း(ကိုယ်ခန္ဓာရောဂါကင်းရှင်းခြင်း၊ စိတ်ရောဂါကင်းရှင်းခြင်း၊ လူမှုရေးသုခပြည့်စုံခြင်း၊ မသန်မစွမ်းဖြစ်မှုကင်းရှင်းခြင်း)၊ Coverage သည် စကြဝဠာ ကျန်းမာရေးလွှမ်းခြုံမှုဟုခေါ်ဆိုရမည်လောတွေးတောမိပါသည်။

Universal Health Coverage ကို သုံးဘက်မြင်ကုဗပုံဖြင့် အဓိပ္ပာယ်ဖွင့်ဆိုရာတွင် Who, What နှင့် How deep ဟု ဖော်ပြထားပါသည်။

- Who ဆိုသည်မှာ စကြဝဠာ(သို့မဟုတ်)ကမ္ဘာတစ်ဝန်းလက်လှမ်းမီရန်
- What ဆိုသည်မှာ အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရရှိရန်နှင့်
- How deep ဆိုသည်မှာ လူနာဘက်၌ ခက်ခက်ခဲခဲ အိတ်စိုက်ကုန်ကျငွေလျော့ပါးစေရန် မျှော်လင့်ရည်မှန်းခြင်းပင်ဖြစ်သည်။

လူတိုင်းလူတိုင်းတွင် မေ့မရနိုင်သော နေ့ရက်များ၊ အချိန်ကာလများ ရှိကြပေမည်။ ဥပမာ-တက္ကသိုလ်ဝင်တန်း(၁၀)တန်းအောင်သောနေ့၊ ဘွဲ့ရသောနေ့၊ မိမိတို့၏ ပထမဦးဆုံးလုပ်အားခ မိဘအား ကန်တော့သည့်နေ့၊ ထိမ်းမြားလက်ထပ်သောနေ့ စသည်များပင် ဖြစ်ပေသည်။

စာရေးသူ၏ ဘဝတွင် ခုနှစ်သက္ကရာဇ်အရ ပြောရသော် ၁၉၆၅ ခုနှစ်ကို မေ့ပျောက်လို့ မရနိုင်ပေ။

အဘယ်ကြောင့်ဆိုသော်-




၁၉၆၅ ခုနှစ်တွင် ဆေးတက္ကသိုလ်(၁)ရန်ကုန်(ထိုစဉ်က ဆေးသိပ္ပံ၊ ရန်ကုန်တက္ကသိုလ်)၏ အမ်ဘီဘီအက်(စ်) အပိုင်း (က)ကျောင်းသားများအုပ်စုဝင် တစ်ဦးအဖြစ် ကျေးဇူးရှင် သင်ဆရာများ၏ အုပ်ထိန်းမှုအောက်တွင် မြန်မာနိုင်ငံမြေလတ်ပိုင်းသို့ ပြည်သူ့ဘဝ လေ့လာရေးခရီး ထွက်ခဲ့ဖူးပါသည်။ ရောဂါကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနက ပါမောက္ခဌာနမှူး ဦးဆောင်သော ထိုခရီးစဉ်တွင် ထိုစဉ်က "မိုးခေါင်ရေရှား" ဟု ခေါ်တွင်သည့်ဒေသအတွင်း ဘဝတူချင်း ဆေးကျောင်းသားများနှင့်အတူ စာတမ်းများ ပြုစုတင်ပြခဲ့ရပါသည်။ မျက်ခမ်းစပ်ရောဂါ၊ အနာကြီးရောဂါ၊ ပလိပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းနှင့် ပတ်သက်သောရောဂါ၊ ဝမ်းနှင့်ပတ်သက်သော ရောဂါများ၊ အပူလျှပ်ခြင်း၊ ထန်းပင်ပေါ်မှ ပြုတ်ကျခြင်းနှင့် အခြားထိခိုက်ဒဏ်ရာများ၊ ထူပြောသော ထိုဒေသတွင် ကျန်းမာရေးဗဟုသုတများစွာ ရရှိခဲ့ပါသည်။ အပူပိုင်းဒေသတွင် ရေရှားပါးမှု၏ လှိုင်းဂယက်ကြောင့် ကြောက်မက်ဖွယ်ရာရောဂါများ ဖြစ်ပေါ်ခံစားနေရပုံ အစုံကို စိတ်မချမ်းမသာ တွေ့မြင်ခဲ့ရပါသည်။ ဆင်းရဲနွမ်းပါးသော ပြည်သူများသည် ဆေးဝါးမပြည့်စုံသော ဆေးရုံများတွင် ငွေကြေးချို့တဲ့၍ ရုန်းကန်ရပုံများကို မှတ်သားမိပါသည်။

**ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများ**

ထို့နောက် ၁၉၆၆ ခုနှစ်တွင် MBBS ဘွဲ့ရရှိပြီး ၁၉၆၇ ခုနှစ်တွင် ပြည်သူ့ဝန်ထမ်းအဖြစ် ထမ်းဆောင်ခဲ့ရာ ၂၀၀၀ ပြည့်နှစ်အထိ တိုင်းနှင့် ပြည်နယ်အသီးသီးတွင် ကူးစက်တတ်သော ရောဂါအမျိုးမျိုးနှင့် မကူးစက်တတ်သော နာတာရှည်ရောဂါအဖုံဖုံကို ကြုံတွေ့၍ ကာကွယ်ကုသပေးခဲ့ရသလို သတ္တုတွင်းဝန်ကြီးဌာန လက်အောက်တွင် လည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာနလက်အောက် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) တွင် လည်းကောင်း၊ လုပ်ငန်းခွင် ကျန်းမာရေးကိစ္စရပ်များကို ဆောင်ရွက်ရင်း အလုပ်သမားများ၏ ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများကို ဆောင်ရွက်ခွင့်ရရှိခဲ့သည်။ ကျဉ်းမြောင်းသော နေအိမ်များ၊ အခန်းများတွင် နေထိုင်သူ ဝန်ထမ်းများနှင့် မိသားစုဝင်များသည် မွန်းကျပ်၍ရရှိသော ရောဂါများ၊ အာဟာရချို့တဲ့၍ ခံစားရသော ရောဂါများအတွက် ဌာနဆိုင်ရာ ဆေးခန်း၊ ဆေးရုံများတွင် ဆေးဝါးမစုံလင်မှုကြောင့် မိမိတို့အိတ်စိုက် ဆေးဖိုးဝါးခများ မလွဲမသွေ သုံးစွဲနေပုံများ တွေ့မြင်ခဲ့ရပါသည်။

အလားတူ နိုင်ငံရပ်ခြားများတွင် ကုလသမဂ္ဂစေတနာ့ဝန်ထမ်းဆရာဝန် (United Nations Volunteer Medical Officer UNV- M.O) အဖြစ် ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်း ပြည်သူလူထုအား ကာကွယ်ပြုစုကုသခွင့်ရရှိခဲ့ရာ စိတ်ကျန်းမာရေးရောဂါအပါအဝင် ရောဂါအချို့ ထူပြောနေသည်ကို မြင်တွေ့ခဲ့ရပါသည်။ ပြည်သူများ ရာနှုန်းပြည့် ကျန်းမာရေးစောင့်ရှောက်မှု မရရှိခဲ့ကြ၍ မိမိကိုယ်ပိုင်ငွေကို သုံးစွဲနေရပုံကိုလည်း မှတ်တမ်းတင်ခဲ့ရပေသည်။

အမိမြန်မာနိုင်ငံသည် ကုလသမဂ္ဂလက်အောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အခြားအဖွဲ့အစည်းများ၏ အဖွဲ့ဝင်နိုင်ငံဖြစ်နေပေရာ ရောဂါကြိုတင်ကာကွယ်ရေး၊ ကုသရေးလုပ်ငန်းများကို ကုလသမဂ္ဂမှ ချမှတ်ပေးသော ဘောင်များအတွင်း တစိုက်မတ်မတ် ဆောင်ရွက်နေသည်မှာ ငြင်းဆန်၍ မရနိုင်ချေ။

မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့ကုလသမဂ္ဂလက်အောက်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ချမှတ်သော လူတိုင်းကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရေး (Universal Health Coverage- UHC) မစတင်မီ အဆင့်ဆင့်သော ကြိုးပမ်းအားထုတ်မှုများ ရှိခဲ့ဖူးပါသည်။

**လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု**

၁၉၇၈ ခုနှစ်တွင် " သက္ကရာဇ်နှစ်ထောင်မှာ အားလုံးကျန်းမာ" (ALMA-ATA DECLAERATION HEALTH FOR ALL BY THE YEAR 2000) စတင်အကောင်အထည်ဖော်ခဲ့ပါသည်။ ချင်းပြည်နယ် မင်းတပ်မြို့နယ် ဓမ္မသူးတိုက်နယ်ဆေးရုံ၊ ဝါးခယ်မမြို့နယ်ဆေးရုံ၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ရွှေတြိဂံနယ်မြေ၊ ကျိုင်းတုံ ပြည်နယ်ဆေးရုံ၊ မိုင်းဖြတ်မြို့နယ် ဆေးရုံ၊ ရွာငံမြို့နယ် မြိုင်တိုက်နယ်ဆေးရုံ၊ ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းခရိုင်ဆေးရုံ၊ စစ်ကိုင်းတိုင်း တမူးမြို့နယ် ဆေးရုံ၊ ဖောင်းပြင်မြို့နယ်ဆေးရုံ၊ နမ္မတူဘော်တွင်းဆေးရုံတို့တွင် လူထုကျန်းမာရေးလုပ်သား (CHW)၊ အရန်သားဖွား (AMW)၊ အရပ်ဘက်လက်သည်(TBA) များကို မွေးထုတ်ပေးခဲ့ရသည်။ သက္ကရာဇ် ၂၀၀၀ မှာ လူသားအားလုံး ပမာဏ ကျန်းမာရေးစောင့်ရှောက်မှုရရှိရေးအတွက် ကြိုးပမ်းခြင်းပင်ဖြစ်သည်။ တောင်ပေါ်ဒေသများတွင် တိုင်းရင်းသားအချို့ တစ်တောင် နှစ်တောင် ဖြတ်ကျော်ကာ ဆေးရုံသို့ ခြေကျင်လာရ၍ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုသည် ကျန်းမာရေးစောင့်ရှောက်မှုခံယူရာတွင် အဟန့်အတားများ ဖြစ်ခဲ့ပေသည်။ ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ဆေးရုံအုပ်ကြီးတာဝန်ထမ်းဆောင်စဉ် နယ်မြေမလုံခြုံ၍ တိုင်းရင်းသားပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု အားနည်းသည်ကို စိတ်မချမ်းမသာ တွေ့ရှိခဲ့ရပါသည်။

သက္ကရာဇ် ၂၀၀၀ အရောက်တွင် မိမိအငြိမ်းစားယူခဲ့ရာ ကုလသမဂ္ဂထောင်စုနှစ် ဖွံ့ဖြိုးမှုပန်းတိုင် (MDG) လုပ်ငန်းများကို မျက်ခြည်မပြတ် လေ့လာခဲ့ပါသည်။ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ မူးယစ်ဆန့်ကျင်ရေး MANA အဖွဲ့၊ မြန်မာနိုင်ငံ စာရေးဆရာအဖွဲ့၊ မြန်မာနိုင်ငံ သတင်းပညာရှင်များအဖွဲ့ စသည့် NGO များတွင် ဂုဏ်ထူးဆောင်နာယက၊ အလုပ်အမှုဆောင်အဖွဲ့ဝင်၊ အဖွဲ့ဝင်စသည့် တာဝန်များကို အသီးသီး ဆောင်ရွက်ရင်း MDG, SDG,UHC လုပ်ငန်းများကို လေ့လာပံ့ပိုးကူညီနေဆဲဖြစ်သည်။

၂၀၁၅ ခုနှစ်တွင် MDG ၏ မပြီးပြတ်သေးသော လုပ်ငန်းများကို ၂၀၃၀ အထိ ဆက်လက်ဆောင်ရွက်ရန် SDG လုပ်ငန်းများ စတင်နေပြီဖြစ်ပါသည်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ နှစ်ပတ်လည်ညီလာခံ၌ "လူတိုင်းကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီစွာ ဆောင်ရွက်ခြင်းသည် ကမ္ဘာ့လုံခြုံမှု (Global Security)နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (Sustainnable Development) အတွက် အရေးကြီးသော အထောက်အကူတစ်ခု ဖြစ်ကြောင်း" သဘောတူ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။ ကမ္ဘာ့နိုင်ငံ ၁၁၇ နိုင်ငံက မိမိတို့၏ ပြည်သူအများ ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီနိုင်ရေးအတွက် အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိကြောင်း တွေ့မြင်နိုင်ပါသည်။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ခုလုံးတွင် ပြည်သူလူထုအများစုသည် ယနေ့တိုင် ကာကွယ်ဆေးထိုးလုပ်ငန်းဖြင့် ကာကွယ်၍ရသောရောဂါများမကြာခဏ ဖြစ်ပွားနေဆဲရှိနေပြီး ဆိုးရွားသော ကူးစက်မြန်ရောဂါများနှင့် ကပ်ရောဂါများ၏ ဘေးဒုက္ခများကို ခံစားရလျက်ရှိသကဲ့သို့ ကလေး-မိခင်သေပျောက်မှုများ ရှိနေဆဲပင်။ ကြိုတင်သိရှိကာကွယ် ကုသနိုင်သာ သွေးတိုး(Hypertension) ၊ သွေးချို၊ ဆီးချို (Diabetes) ၊ ကင်ဆာအမျိုးမျိုး (Cancers) ၊ နာတာရှည်အဆုတ်ရောင်ရောဂါများ (Non-communicable diseases)ကိုပါ ထပ်ဆင့်ခံစားနေကြရပါသည်။ ၎င်းအပြင် မိခင်နှင့် ကလေးများအတွက် စနစ်တကျ ကျန်းမာရေးစောင့်ရှောက်မှုကို အလုံအလောက်ကာကွယ်မှု မပြုနိုင်ခြင်းကြောင့် ကိုယ်ဝန်ဆောင်နှင့် မီးတွင်းမိခင် သေဆုံးမှု၊ မွေးကင်းစ၊ တစ်နှစ်အောက် ကလေးနှင့် ငါးနှစ်အောက်ကလေးများ သေဆုံးမှုနှုန်း၏ ၂၀၃၀ ပြည့်နှစ်တွင် လျှော့ချနိုင်ရန် ရည်ရွယ်ထားသည့် စဉ်ဆက် မပြတ် ဖွံ့ဖြိုးရေး ရည်မှန်းချက်များ (Sustainable Development Goals for 2030)ကို လိုက်မီနိုင်ရန် ကြိုးပမ်းဆောင်ရွက်ရဆဲ ကာလပင်ဖြစ်နေပေသည်။

**အရှိန်အဟုန်မြှင့်တင်**

အရည်အသွေးပြည့်ဝကောင်းမွန်သည့်ကျန်းမာရေးစနစ်တစ်ခုကို ရရှိနိုင်စေရန်အတွက် နိုင်ငံတော်က ဘဏ္ဍာငွေများတိုးမြှင့်ပြီး ပြုပြင်ပြောင်းလဲမှုများနှင့်အတူ အသွင်ကူးပြောင်းသည့် လုပ်ငန်းများအား စဉ်ဆက်မပြတ် စွမ်းဆောင်လျက်ရှိကြသော အခြေခံကျန်းမာရေးဝန်ထမ်းများ၊ ဆရာဝန်၊ ဆရာမများနှင့်တကွ ဆေးရုံ၊ ဆေးခန်းများ၏ ဆောင်ရွက်မှုစွမ်းအားများသည် အလုံးစုံပြည့်ဝနိုင်စွမ်း မရှိနိုင်သေးသော်လည်း အရှိန်အဟုန်မြှင့်တင်ပြီး ကြိုးပမ်းဆောင်ရွက်မှုများကိုမူ အစဉ် အသိအမှတ်ပြုရပေလိမ့်မည်။

ပြည်သူ့အကျိုးပြု လူမှုရေးအသင်းအဖွဲ့များသည်လည်း မိမိတို့တတ်နိုင်သော အင်အားများဖြင့် အများပြည်သူ၏ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးအထောက်အကူပြုနိုင်ရန် စုစည်းဆောင်ရွက်နေသည်မှာ အများအသိပင် ဖြစ်ပါသည်။ ကျန်းမာရေးမြှင့်တင်ရေး (Health Promotion) ၊ ရောဂါကြိုတင်ကာကွယ်ရေး (Prevention)၊ ကုသရေး (Treatment )နှင့် ပြန်လည်ထူထောင်ရေး (Rehabilitation) ဟူသော ပြည့်စုံသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လူတိုင်းလက်လှမ်းမီစွာ အပြည့်အဝရရှိခံစားစေရန် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရေး ဆက်လက်လိုအပ်နေသေးကြောင်း အသိအမှတ်ပြုရပေလိမ့်မည်။

ပြည်သူအားလုံးကျန်းမာဖို့ စဉ်ဆက်မပြတ် ကြိုးပမ်းကြရာဝယ် ကျန်းမာရေးစောင့်ရှောက်မှု လူတိုင်းလက်လှမ်းမီစေရန် ငွေကြေးမတတ်နိုင်၍၊ လမ်းပန်းဆက်သွယ်ရေးမကောင်း၍၊ မလုံခြုံ၍ လက်လှမ်းမမီခြင်းကို ဖယ်ရှားပေးရန်၊ အရည်အသွေးပြည့်ဝသော၊ ကျွမ်းကျင်သော ပညာရှင်များ၏ ကျန်းမာရေးစောင့်ရှောက်မှုရရှိရာတွင် ပြည်သူအားလုံး မိမိတို့ အိတ်စိုက်ပေးရသော ဝန်ဆောင်မှုတန်ဖိုးကြောင့် ငွေကြေးဝန်ထုပ်ဝန်ပိုးဖြစ်မှုကို အကာအကွယ်ပေးရန် ကြိုးပမ်းအားထုတ်ခြင်းသာဖြစ်ကြောင်း ရေးသားတင်ပြရင်း ဧပြီလ ၇ ရက်နေ့တွင် ကျရောက်မည့် **ကမ္ဘာ့ကျန်းမာရေးနေ့**ကို ကြိုဆိုဂုဏ်ပြုလိုက်ပါသည်။ ။

**" ပြည့်စုံသည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို လူတိုင်းလက်လှမ်းမီစွာ အပြည့်အဝရရှိခံစားစေရန် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရေး ဆက်လက်လိုအပ် "**

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (၁/၂၀၁၈)ကြိမ်မြောက် တက္ကသိုလ်ကောင်စီစည်းဝေး

**ရန်ကုန် မေ ၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ် (၁/၂၀၁၈) ကြိမ်မြောက် တက္ကသိုလ်ကောင်စီ အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက တက္ကသိုလ်ဟောပြောခန်းမ၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော်က ဩဝါဒကထာ မြွက်ကြား ချီးမြှင့်တော်မူသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ကောင်စီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး သူရဦးအောင်ကိုက တက္ကသိုလ်၏ သင်ကြား/ စီမံရေးရာ ကိစ္စရပ်များကို တင်ပြလျှောက်ထားသည်။

ဆက်လက်၍ ဒုတိယပါမောက္ခချုပ် (စီမံ)က (၁/၂၀၁၇)ကြိမ်မြောက် အစည်းအဝေးမှတ်တမ်း၊ ပါရဂူတန်း (Ph.D)(ဗုဒ္ဓဓမ္မ)ဘွဲ့အောင်မြင်ပြီးသူများ စာရင်းနှင့် မဟာဝိဇ္ဇာ(MA) (ဗုဒ္ဓဓမ္မ) ဘွဲ့ အောင်မြင်ပြီးသူများ စာရင်းကို ကောင်စီက အတည်ပြုနိုင်ရန် တင်ပြ လျှောက်ထားသည်။

ထို့နောက် ဒုတိယပါမောက္ခချုပ် ဆရာတော်နှင့် ဌာနကြီးမှူး ဆရာတော်များ၊ ပြင်ပတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ တက္ကသိုလ်ကောင်စီဝင်များက တက္ကသိုလ်၏ သင်ကြား/စီမံရေးရာ ကိစ္စရပ်များ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်စာကြည့်တိုက်အား အဆင့်မြှင့်တင် ဆောင်ရွက်ရာ၌ ကုန်ကျမည့်စရိတ်ငွေများအား ပညာရေး ပဒေသာပင် ရန်ပုံငွေမှ ထုတ်ယူသုံးစွဲမည့် ကိစ္စများ၊ ပြည်ပ လေ့လာရေးအဖွဲ့များ လာရောက်လေ့လာခြင်း ကိစ္စရပ်များနှင့် သင်ကြားရေးဆိုင်ရာ ပါမောက္ခ ကိုးနေရာ၊ နည်းပြဆရာတော် ခြောက်နေရာအား တိုးချဲ့ခန့်အပ်နိုင်ရေးကိစ္စ အပါအဝင် အထွေထွေကိစ္စရပ်များကို တင်ပြ ဆွေးနွေးကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (၁/၂၀၁၈)ကြိမ်မြောက် တက္ကသိုလ်ကောင်စီ အစည်းအဝေးတွင် တက္ကသိုလ်၏ သင်ကြား၊ စီမံရေးရာ ကိစ္စရပ်များကို တင်ပြလျှောက်ထားစဉ်။ သတင်းစဉ်

# မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တွင် လစ်လပ်ဝန်ကြီးနှစ်နေရာခန့်ထားနိုင်ရေး အမည်စာရင်းတင်သွင်း

မကွေး မေ ၂

**မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် မေ ၂ ရက်က ကျင်းပခဲ့သည့် တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေး၌ မကွေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့တွင် လစ်လပ်လျက်ရှိသော ဝန်ကြီးနှစ်နေရာ ခန့်ထားနိုင်ရေးအတွက် အမည်စာရင်းကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုက အမည်စာရင်းတင်သွင်းခဲ့ကြောင်း သိရသည်။**




မကွေးတိုင်းဒေသကြီး၌ ဝန်ကြီး နှစ်ဦးတို့သည် မိမိတို့သဘောဆန္ဒအရ နုတ်ထွက်ခွင့်ပြုရန် တင်ပြလာခြင်းအား နိုင်ငံတော်သမ္မတမှ နုတ်ထွက်ခွင့်ပြုခဲ့ သည့်အတွက် တိုင်းဒေသကြီးအစိုးရ အဖွဲ့တွင် ဝန်ကြီးနှစ်ဦး လစ်လပ်ခဲ့ခြင်း ဖြစ်သည်။

**အဆိုပြုတင်သွင်း**

အဆိုပါလစ်လပ်သွားသည့် နေရာများတွင် ဖြည့်စွက်ခန့်ထားရန် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ(၂၆၁)ပုဒ်မခွဲ(က) အရ သတ်မှတ်ချက်များနှင့် ပြည့်စုံသည့် လွှတ်တော်ကိုယ်စားလှယ် မဟုတ်သော ဦးမြင့်ဆွေ(၆၂ နှစ်)၊ ခရိုင်ပညာရေးမှူး (ငြိမ်း)နှင့် ဦးခင်မောင်ထွန်း(၆၂ နှစ်)၊ ညွှန်ကြားရေးမှူး(ငြိမ်း) လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဦးစီးဌာန တို့ကို တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ(၈)နှင့် အညီ တာဝန်ပေးအပ်လိုကြောင်းနှင့် တိုင်းဒေသကြီးလွှတ်တော်မှ သဘော တူညီချက်ပေးပါရန် ဝန်ကြီးချုပ်က အဆိုပြုတင်သွင်းခဲ့ကြောင်းကို တိုင်း ဒေသကြီးလွှတ်တော် အစည်းအဝေးမှ သိရသည်။

အဆိုပါလစ်လပ်နေသော ဝန်ကြီး နှစ်နေရာ ခန့်ထားရေးအတွက် (ပထမ အကြိမ်) အမည်စာရင်းတင်သွင်းမှုကို ဖေဖော်ဝါရီလ ၁၄ ရက်က ကျင်းပသည့် တိုင်းဒေသကြီးလွှတ်တော် အရေးပေါ် အစည်းအဝေးတွင် ဝန်ကြီးချုပ်က ဦးအေးငွေ(၆၉ နှစ်) ညွှန်ကြားရေးမှူး (ငြိမ်း) လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဦးစီးဌာနနှင့် ဦးအောင် ကျော်မိုး(၆၇ နှစ်) တွဲဖက်ပညာရေးမှူး (ငြိမ်း)တို့အား အဆိုပြုတင်သွင်းခဲ့ သော်လည်း တိုင်းဒေသကြီးလွှတ်တော်မှ သဘောတူညီချက်မရရှိခဲ့သဖြင့် ယနေ့ မေ ၂ ရက်တွင်(ဒုတိယအကြိမ်)အဆိုပြု တင်သွင်းခြင်းဖြစ်ကြောင်း သိရသည်။

**အမည်စာရင်းတင်သွင်းနိုင်**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အဆိုပြုတင်ပြလာသည့် မကွေး တိုင်းဒေသကြီး အစိုးရအဖွဲ့တွင် လစ်လပ် လျက်ရှိသော ဝန်ကြီးနှစ်ဦး၏ အမည် စာရင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်းကို တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေး မှ သိရသည်။

**မေသူလွင် (မကွေး-ကိုယ်ပွား)**

# မြောင်းမြတံတား ကျိုးကျမှုဖြစ်စဉ်မှ သေဆုံးခဲ့မှုအပေါ် ကျန်ရစ်သူမိသားစုများသို့ ထောက်ပံ့ကြေးငွေပေးအပ်

**မြောင်းမြ မေ ၂**

မေ ၁ ရက် နံနက် ၁ နာရီ ၄၅ မိနစ်က မြောင်းမြတံတားကျိုးကျခဲ့မှုနှင့်အတူ ရေထဲ ထိုးကျ ပျောက်ဆုံးနေသော ကုန်ကားယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ သေဆုံးခဲ့ ရမှုအပေါ် ကျန်ရစ်သူမိသားစုများအား ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲကို မေ ၂ ရက် ညနေ ၄ နာရီက မြောင်းမြခရိုင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ပေးအပ်ပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ စိုးမိုးသူ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ဇင်ဦး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်း တင်ထွေးနှင့် ဌာနဆိုင်ရာများ၊ သေဆုံးသူ ကုန်ကားယာဉ်မောင်း မိသားစုများ၊ သတင်း မီဒီယာများ တက်ရောက်ကြပြီး ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ထောက်ပံ့ငွေကျပ် ခြောက် သိန်း၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန က ထောက်ပံ့ငွေကျပ်ခြောက်သိန်းတို့ကို သေဆုံးသူများကိုယ်စား ကျန်ရစ်သူမိသားစု များအား တာဝန်ရှိသူများက ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **အောင်မင်း(မြောင်းမြ)**



# ကယားပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မယ်စဲ့ မေ ၂**

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုသည် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဖရေရယ်မြင့်သန်း ထွန်း၊ ဘောလခဲခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးထက်၊ မယ်စဲ့ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်တို့နှင့်အတူ မေ ၂ ရက် နံနက် ၉ နာရီက မယ်စဲ့မြို့နယ်နှင့် ဘောလခဲမြို့နယ် တို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မယ်စဲ့မြို့နယ် ကျောက်စုကျေးရွာ ဒေသခံ ပြည်သူများနှင့် တွေ့ဆုံ၍ ကျေးရွာအတွင်းရှိ အိမ်ခြံမြေအတွင်းမှ လျှပ်စစ်မီးတိုင် များ စိုက်ထူထားမှုအား ခြံဝင်းအပြင်သို့ ပြောင်းရွှေ့စိုက်ထူ နိုင်ရေးအတွက် သက်ဆိုင်ရာဌာနမှ ကွင်းဆင်းစစ်ဆေး တင်ပြထားမှုအပေါ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးမည့် အခြေအနေ၊ နွေရာသီ ရေပြတ်လပ်မှု မရှိစေရေး အဝီစိတွင်းတူးဖော်နိုင်ရေး အခြေအနေနှင့် ကျေးရွာတွင်း ဘောလုံးကွင်းဖော်ထုတ်ရေး အခြေအနေ များကို ဆွေးနွေးခဲ့ပြီး လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ပံ့ငွေကျပ် ၂၅ သိန်းဖြင့် ကျောက်စုကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း ဝင်းအတွင်းရှိ ဂါလန် ၃၀၀၀ ဆံ့ အုတ်ရေကန်ဆောင်ရွက်မှု



အခြေအနေ၊ နှစ်စဉ်နွေရာသီတွင် ရေရှားပါးသည့် ကျေးရွာများတွင် ပါဝင်သည့် ကျောက်စုကျေးရွာသို့ ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ပံ့မှုဖြင့်လှူဒါန်းသော သောက်သုံးရေဖြန့်ဝေပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မယ်ဆည်နမ်ကျေးရွာ လွိုင်မောင်း လောင်းတောင်ပေါ်ရှိ စေတီအား ဖူးမြော်ကြည်ညို၍ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်း များ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘောလခဲမြို့တွင်းလမ်း အဆင့်မြှင့်တင် ကောင်းမွန်စေ ရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ပြည်နယ် ရန်ပုံ ငွေကျပ် ၃၂၃ သန်းဖြင့် လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့ (၁၃)မှ တာဝန်ယူဆောင်ရွက်သည့် မြို့တွင်းလမ်း အရှည် ကိုးဖာလုံ၊ အကျယ် ၁၈ ပေ၊ ထု Leveling နှစ်လက်မ၊ Overlay နှစ်လက်မ နိုင်လွန်ကတ္တရာခင်းခြင်း လုပ်ငန်း များအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ညွှန်ကြားခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ရှင်စတူဒီယိုနှင့် ရုပ်ရှင်အတတ်ပညာ သင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းစည်းဝေး



**နေပြည်တော် ဧပြီ ၂**

မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ရှင်စတူဒီယိုနှင့် ရုပ်ရှင်အတတ်ပညာ သင်တန်းကျောင်း ပေါ်ပေါက်ရေး ဆောင်ရွက်နိုင်မည့် အစီအမံနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အမှာစကားပြော**

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် နေပြည်တော်တွင် ရုပ်ရှင်စတူဒီယိုနှင့် ရုပ်ရှင်အတတ်ပညာ သင်တန်းကျောင်း ဖွင့်လှစ်နိုင်ရန်အတွက် လိုအပ်သည်များ ဝိုင်းဝန်းဆွေးနွေးကြရန် အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ရုပ်ရှင် အတတ်ပညာသင်တန်းကျောင်းနှင့် ရုပ်ရှင်စတူဒီယိုများ ပေါ်ပေါက်လာရေးအတွက် လိုအပ်သည်များ အကြံပြုဆွေးနွေးတင်ပြသည်။

**အကြံပြုဆွေးနွေးတင်ပြ**

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်-၅၀ ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲတွင် စတူဒီယို(၁)အဆောက်အအုံ ပြုပြင်မွမ်းမံပြီးစီးမှုနှင့် ယင်းတွင် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ ယင်းနေရာဝင်းအတွင်း စတူဒီယို(၂)နှင့် Outdoor ရိုက်ကွင်းနေရာများအတွက် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲတွင် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများ အပါအဝင် ပုဂ္ဂလိကများနှင့် ပူးပေါင်းဖွင့်လှစ်ခဲ့သည့် ရုပ်ရှင်အနုပညာ၊ အတတ်ပညာဆိုင်ရာ သင်တန်းများ ထပ်မံဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့် သင်တန်းများနှင့် ပြည်တွင်း၌ ဖွင့်လှစ်သင်ကြားလျက်ရှိသော အစိုးရနှင့် ပုဂ္ဂလိက ရုပ်ရှင်အနုပညာ၊ အတတ်ပညာဆိုင်ရာ သင်တန်းကျောင်းများ အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတို့က ရုပ်ရှင်စတူဒီယိုနှင့် ရုပ်ရှင်အတတ်ပညာ သင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်နိုင်ရေး ကူညီဆောင်ရွက်ပေးမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြု ရှင်းလင်းဆွေးနွေးကြသည်။

**နိဂုံးချုပ်အမှာစကားပြော**

ရှင်းလင်းဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နေပြည်တော်တွင် ရုပ်ရှင်ရိုက်ကူးရေး စတူဒီယိုနှင့် သင်တန်းကျောင်းတည်ထောင် ဖွင့်လှစ်နိုင်ရန်အတွက် ရုပ်ရှင်လောကမှ တတ်ကျွမ်းနားလည်သူများ အပါအဝင် အခြားဖိတ်ကြားသင့်သူများ ပါဝင်သည့် အစည်းအဝေးတစ်ခု ထပ်မံဖိတ်ကြားဆောင်ရွက်သွားမည် ဖြစ်ကြောင်း နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေး မှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ရန်ကုန်မဟာသင်္ကြန်ပွဲတော်အတွက် မဏ္ဍပ်နေရာ ၆၆ ခု ခွင့်ပြုချက်ရရှိ

**ရန်ကုန် ဧပြီ ၂**

ရန်ကုန်မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် မဏ္ဍပ်နေရာ ၆၆ ခု ခွင့်ပြုပေးထားပြီး ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တော်အတွင်း နေရာဒေသအလိုက် သင်္ကြန်မဏ္ဍပ် ၉၀ ကျော် ခွင့်ပြုပေးရန် လျှာထားခဲ့သော်လည်း အမှန်တကယ် လျှောက်ထားခဲ့သော မဏ္ဍပ်အရေအတွက်မှာ ၇၀ ကျော် လျှောက်ထားလာကြောင်း သိရသည်။ ထိုသို့ မဏ္ဍပ်နေရာလျှောက်ထားမှုများ အနက်တစ်နေရာတည်းတွင် သုံး၊ လေးဦး လျှောက်ထားခြင်းမျိုးကို မဏ္ဍပ်နေရာချထားရေးနှင့် ကြံ့ခိုင် မှုစစ်ဆေးရေး ကော်မတီက စိစစ်တွေ့ရှိခဲ့သည့်အတွက် အများရှေ့၌ မဲစနစ်ဖြင့် ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

မဏ္ဍပ်အကြီး ၁၉ ခု၊ မဏ္ဍပ်အလတ် ၁၀ ခု၊ လမ်းလျှောက်သင်္ကြန်နှင့်စတုဒိသာ ကျွေးမွေးမည့် မဏ္ဍပ်လေးခုနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ မဏ္ဍပ် ၃၁ ခုအပါအဝင် ၆၆ ခုမှာရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်ရရှိထားပြီးဖြစ်ကြောင်း သိရသည်။ မဏ္ဍပ်အငယ်များမှာမူ မြို့နယ်နှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခွင့်ပြုချက်ဖြင့် ရေကစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ခါတိုင်းနှစ်နဲ့ မတူဘဲ ဒီနှစ်မှ ထူးထူးခြားခြားကျင်းပဖြစ်တာက လမ်းလျှောက်သင်္ကြန် လေးနေရာပေါ့၊ မဟာဗန္ဓုလပန်းခြံ၊ ဦးဉတ္တမပန်းခြံ၊ ကန်တော်ကြီးက နှစ်နေရာရယ်ဆိုတော့ အားလုံးလေးနေရာပေါ့၊ အဲဒီနေရာတွေရဲ့ပတ်ဝန်းကျင်ကို လုံးဝကားပေးမဝင်ဘူး၊ အဲဒီမှာ စတုဒိသာကျွေးမယ့် မဏ္ဍပ်တွေ ရှိမယ်၊ ဖျော်ဖြေရေးမဏ္ဍပ် အသေးလေးတွေရှိမယ်၊ ရေပက်ကစားလို့ရမယ့် နေရာလေးတွေ လုပ်ထားပေးမယ်၊ ရှေးယခင်ရိုးရာ ရေကစားတဲ့စတိုင်မျိုးလေး လုပ်ထားပေးမယ်၊ နားလို့ရမယ့်နေရာတွေလည်း ရှိမယ်၊ ရေပိတ်ချိန်ကတော့မဏ္ဍပ်ကြီးတွေရဲ့ စည်းကမ်းချက်အတိုင်းပဲ ခွင့်ပြုပေးသွားမှာပါ" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း/တံတား)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှမဟာသင်္ကြန်ပွဲတော်စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက်ကော်မတီကိုးခု ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# မိုးညှင်းမြို့ရှိ ရွှေဆိုင်များ မသမာသူတို့၏ လုယက်မှုမှ ကင်းဝေးစေရေးရဲတပ်ဖွဲ့က ကွင်းဆင်းပညာပေး



**မိုးညှင်း ဧပြီ ၂**

ကချင်ပြည်နယ် မိုးညှင်းမြို့၌ ဧပြီ ၂ ရက် နံနက်က မြို့တွင်းရှိ ရွှေအရောင်းဆိုင်များတွင် မသမာသူများ၏ လုယက်တိုက်ခိုက် အန္တရာယ်ပြုလုပ်ခြင်းမှရှောင်ရှားနိုင်စေရေးအသိပညာပေးခြင်းကို မိုးညှင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သောင်းလင်းဦးစီးသော တပ်ဖွဲ့ဝင်များက ကွင်းဆင်းဆောင်ရွက်ကြသည် ။

မိုးညှင်းမြို့ပေါ် ရပ်ကွက်များ ဖြစ်သောနားခါဒေသစိတ်အတွင်းရှိလပ်ကီးအပေါင်ဆိုင်နှင့် သမာဓိရွှေဆိုင် အပေါင်ဆိုင်နှင့် ဟိန်းသစ်ဦးရွှေဆိုင်၊ သမာဓိအာမခံရွှေဆိုင်၊ ဖိုက်စတားရွှေဆိုင်၊ အနောက်ခြမ်းအပေါင်ဆိုင်နှင့် ရွှေ ဆိုင်၊ အရှေ့ခြမ်းအပေါင်ဆိုင်၊ မြို့မဒေသစိတ်အတွင်းရှိ ရွှေမြင့်မိုရ်အပေါင်ဆိုင်နှင့် ရွှေဆိုင်၊ အောင်သပြေဒေသစိတ် အတွင်းရှိ လပ်ကီးစတားအပေါင်ဆိုင်များသို့ သွားရောက်ခဲ့ပြီးဧပြီ ၁ ရက်က မြစ်ကြီးနားမြို့တွင်ဖြစ်ပွားခဲ့သည့်လူကို အန္တရာယ်ပြုလုယက်မှုများ မဖြစ်ပေါ်ရေးအတွက် ကြိုတင်ကာကွယ်မှု ပြုလုပ်ထားကြရန်နှင့်အရေးပေါ်ဖြစ်ပွားခဲ့ပါက မိုးညှင်း မြို့မရဲစခန်းနှင့် သက်ဆိုင်ရာသို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**နီတိုး**

# မြန်မာနိုင်ငံ ပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးတက္ကသိုလ် (မကွေး) ပါမောက္ခချုပ်ပါမောက္ခ ဒေါက်တာခင်ဇော်ကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်း အဖွဲ့အစည်း အကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးခင်မောင်ဦး<br>ရုံးအဖွဲ့မှူး<br>(ဒုတိယညွှန်ကြားရေးမှူးချုပ်)<br>ပြည်ထောင်စုရွေးကောက်ပွဲ<br>ကော်မရှင်ဥက္ကဋ္ဌရုံး<br>ပြည်ထောင်စုရွေးကောက်ပွဲ<br>ကော်မရှင် | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုရွေးကောက်ပွဲ<br>ကော်မရှင်ရုံး<br>ပြည်ထောင်စုရွေးကောက်ပွဲ<br>ကော်မရှင် |
| (ခ) | ဦးသက်ဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြေတိုင်းဦးစီးဌာန<br>သယံဇာတနှင့် သဘာဝ<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>မြေတိုင်းဦးစီးဌာန<br>သယံဇာတနှင့် သဘာဝ<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>ဝန်ကြီးဌာန |

# သင်္ကြန်ကာလအတွင်း မှုခင်းများ မဖြစ်ပွားစေရန် ပြည်သူများ သတိပြုရှောင်ကြဉ်ရမည့်အချက်များ

၁။ သင်္ကြန်ပွဲတော်အတွင်း အရက်သေစာ လွန်ကဲစွာ သောက်စားမူးယစ်ခြင်း၊
၂။ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊
၃။ မြန်မာ့ရိုးရာသင်္ကြန်အတွင်း အန္တရာယ်ဖြစ်စေသော ရေဘောလုံးဖြင့် ပစ်ပေါက်ခြင်း၊ မီးသတ်ပိုက်များဖြင့် ရေပက်ခြင်း၊ အက်စစ်ကဲ့သို့သော စားလောင်စေသော အရည်များဖြင့်ပက်ခြင်း၊
၄။ တုတ်၊ ဓားလက်နက်များ ဝှက်သိမ်းကိုင်ဆောင်ခြင်း၊
၅။ ကာမရာဂကို နိုးထစေသော ဆေးများရောင်းချခြင်းနှင့် ဝယ်ယူသုံးစွဲခြင်း၊
၆။ မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသည့် ဝတ်စားဆင်ယင်ခြင်း၊
၇။ မိန်းကလေးများ ဆွေမျိုးသားချင်း မဟုတ်သူများနှင့်အတူလည်ပတ်ခြင်း၊ ၎င်းတို့မှ ကျွေးသော အစားအသောက်များကို မချင့်မချိန်စားသောက်ခြင်း၊
၈။ အချိန်လွန်ရေပက်ကစားခြင်းနှင့် လည်ပတ်ခြင်း၊
၉။ ရေပက်ကစားပြီး နားသည့်အချိန်၌ ဆိတ်ကွယ်ရာတွင် အနားယူခြင်း၊
၁၀။ အရက်သေစာ၊ မူးယစ်ဆေးဝါးသောက်စားခြင်း၊ ဝန်ပိုများတင်ဆောင်၍ မော်တော်ယာဉ်များ မောင်းနှင်ခြင်း၊
၁၁။ ရေပက်ကစားသူအချင်းချင်း နောက်ပြောင်ကျီစယ်လွန်ခြင်း၊
၁၂။ သင်္ကြန်ကာလအတွင်း အရက်မူးပြီး ရေကန်၊ ချောင်းများ၌ ရေကူးခြင်းနှင့် ရေချိုးခြင်း၊
၁၃။ ရေကစားရာတွင် ယဉ်ကျေးမှုနှင့်ဆန့်ကျင်ပြီး အများအမြင်တွင် မတင့်တယ်သောမဖွယ်မရာပုံစံပြုလုပ်ထားသည့် ရေပက်ကိရိယာများနှင့် ရေပက်ကစားခြင်း။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၂**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး ၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်၊ အောင်လံမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီ၊ မုံရွာမြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ဂန့်ဂေါမြို့နှင့် ဆင်ဖြူကျွန်းမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ၂၀၁၇- ၂၀၁၈ ပညာသင်နှစ်၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန
နေပြည်တော်

၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ ရက်
၂၀၁၇-၂၀၁၈ ပညာသင်နှစ်
အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း
ကြေညာခြင်း

၂၀၁၇-၂၀၁၈ ပညာသင်နှစ်၊ အခြေခံပညာအဆင့် အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်းကို အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

*(ယမန်နေ့မှအဆက်)*

### အခြေခံပညာဦးစီးဌာန၊ ၂၀၁၈ ခုနှစ်၊ ဒသမတန်း လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၉၆ | မမေသူလင်းထက် | အထက(၁)ပျော်ဘွယ် | ပျော်ဘွယ် | ရမည်းသင်း |
| ၉၇ | မောင်ကောင်းခန့် | ပါရမီ(ကပက) | မော်လမြိုင် | မော်လမြိုင် |
| ၉၈ | မောင်မျိုးဆွေငြိမ်း | အထက(၁)မုဒုံ | မုဒုံ | မော်လမြိုင် |
| ၉၉ | မဘွဲ့နှန်မော် | ပါရမီ(ကပက) | မော်လမြိုင် | မော်လမြိုင် |
| ၁၀၀ | မထက်ထက်ဝတ်ရည် | အထက-ချောင်းဆုံ | ချောင်းဆုံ | မော်လမြိုင် |
| ၁၀၁ | မောင်လမင်းအောင် | အထက(၂)သထုံ | သထုံ | သထုံ |
| ၁၀၂ | မအေးဝတ်ရည်ခန့် | အထက(၁)ကျိုက်ထို | ကျိုက်ထို | သထုံ |
| ၁၀၃ | မောင်ဇော်လူထက် | အထက(၂)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၁၀၄ | မအေးပြည့်ဖြိုး | အထက(၂)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၁၀၅ | မောင်အောင်ကိုထူး | အထက(၂)မောင်တော | မောင်တော | မောင်တော |
| ၁၀၆ | မနှင်းသန္တာထွန်း | အထက(၂)မောင်တော | မောင်တော | မောင်တော |
| ၁၀၇ | မောင်မျိုးလွင် | အထက-မြေပုံ | မြေပုံ | မြောက်ဦး |
| ၁၀၈ | မရွှေရည်ပြည့်ဖြိုး | အထက-မြေပုံ | မြေပုံ | မြောက်ဦး |
| ၁၀၉ | မောင်မြတ်ဘုန်းဆွေ | အထက(၃)ကျောက်ဖြူ | ကျောက်ဖြူ | ကျောက်ဖြူ |
| ၁၁၀ | မစုစုလှိုင် | အထက(၂)အမ်း | အမ်း | ကျောက်ဖြူ |
| ၁၁၁ | မောင်ဖွဲလင်းထက် | အထက(၁) တောင်ကုတ် | တောင်ကုတ် | သံတွဲ |
| ၁၁၂ | မရွှေစင်လင်း | အထက(ခွဲ)ကျော်တောင် | သံတွဲ | သံတွဲ |
| ၁၁၃ | မောင်ကောင်းခန့်ဇော် | အထက(၁)သဃ်န်းကျွန်း | သဃ်န်းကျွန်း | အရှေ့ပိုင်း |
| ၁၁၄ | မောင်ကောင်းစည်ဖြိုး | အထက(၂) တောင်ဥက္ကလာပ | တောင်ဥက္ကလာပ | အရှေ့ပိုင်း |
| ၁၁၅ | မောင်ဇင်ဦးလှိုင် | အထက(၂)ရန်ကင်း | ရန်ကင်း | အရှေ့ပိုင်း |
| ၁၁၆ | မနုယဉ်ဝင်း | အထက(၁)သဃ်န်းကျွန်း | သဃ်န်းကျွန်း | အရှေ့ပိုင်း |
| ၁၁၇ | မခင်ချောကလျာ | အထက(၂) တောင်ဥက္ကလာပ | တောင်ဥက္ကလာပ | အရှေ့ပိုင်း |
| ၁၁၈ | မမှူးကျော့စံ | အထက(၅)ဗိုလ်တထောင် | ဗိုလ်တထောင် | အရှေ့ပိုင်း |
| ၁၁၉ | မောင်ထက်မြက်မင်းထွန်း | လေ့ကျင့်ရေး အထက်တန်းကျောင်း | ကမာရွတ် | အနောက်ပိုင်း |
| ၁၂၀ | မောင်တိုးနိုင်ထွန်း | Great Light(ကပက) | မရမ်းကုန်း | အနောက်ပိုင်း |
| ၁၂၁ | မအေးဘုန်းပြည့်ချို | အထက(၂)ကမာရွတ် | ကမာရွတ် | အနောက်ပိုင်း |
| ၁၂၂ | မခြူးရွှေရည်ထက် | အထက(၂)လသာ | လသာ | အနောက်ပိုင်း |
| ၁၂၃ | မောင်မင်းခန့်ကျော် | အထက(၂)မြို့မ | တွံတေး | တောင်ပိုင်း |
| ၁၂၄ | မောင်စွမ်းရည်ထက် | အထက(၂)သန်လျင် | သန်လျင် | တောင်ပိုင်း |
| ၁၂၅ | မဖြူစင်သန့် | အထက(၂)သန်လျင် | သန်လျင် | တောင်ပိုင်း |

*ဆက်လက်ဖော်ပြပါမည်*

### အခြေခံပညာဦးစီးဌာန၊ ၂၀၁၈ ခုနှစ်၊ နဝမတန်း လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၉၇ | မောင်ပြည့်စုံဖြိုး | အထက-ချောင်းဆုံ | ချောင်းဆုံ | မော်လမြိုင် |
| ၉၈ | မောင်မင်းဒေရတ် | အထက(၉)မော်လမြိုင် | မော်လမြိုင် | မော်လမြိုင် |
| ၉၉ | မသရဖီ | အထက(၁)သံဖြူဇရပ် | သံဖြူဇရပ် | မော်လမြိုင် |
| ၁၀၀ | မဆုမြတ်ဦး | အထက(၆)မော်လမြိုင် | မော်လမြိုင် | မော်လမြိုင် |
| ၁၀၁ | မောင်ထွဋ်လင်းဦး | အထက(၂)သထုံ | သထုံ | သထုံ |
| ၁၀၂ | မကြယ်စင်လင်းထွန်း | အထက(၂)သထုံ | သထုံ | သထုံ |
| ၁၀၃ | မောင်ထက်မြက်အောင် | အထက(၂)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၁၀၄ | မဆုဝေဖြိုး | အထက(၄)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၁၀၅ | မောင်ဘုန်းမြတ်ဇော် | အထက(၁)ဘူးသီးတောင် | ဘူးသီးတောင် | မောင်တော |
| ၁၀၆ | မလင်းအေးမိုရ် | အထက(၁)ဘူးသီးတောင် | ဘူးသီးတောင် | မောင်တော |
| ၁၀၇ | မဖြိုးသွယ်ခိုင် | အထက(၁)မြောက်ဦး | မြောက်ဦး | မြောက်ဦး |
| ၁၀၈ | မောင်နေထွန်းဝင်း | အထက(၂)မင်းပြား | မင်းပြား | မြောက်ဦး |
| ၁၀၉ | မအေးငြိမ်းစံ | အထက(၂)အမ်း | အမ်း | ကျောက်ဖြူ |
| ၁၁၀ | မောင်ပြည့်ဖြိုးသျှန်အောင် | အထက(ခွဲ)ဈေးတန်း | မာန်အောင် | ကျောက်ဖြူ |
| ၁၁၁ | မောင်မင်းခန့်အောင် | အထက(ခွဲ)မြို့မ | သံတွဲ | သံတွဲ |
| ၁၁၂ | မမြပန်းအိမ် | အထက(ခွဲ)မြို့မ | သံတွဲ | သံတွဲ |
| ၁၁၃ | မောင်လင်းထက်ဦး | အထက(၃)ဒဂုံမြောက် | ဒဂုံမြောက် | အရှေ့ပိုင်း |
| ၁၁၄ | မောင်ဇေလင်းမြတ် | အထက(၂) တောင်ဥက္ကလာပ | တောင်ဥက္ကလာပ | အရှေ့ပိုင်း |
| ၁၁၅ | မောင်ချမ်းမြေ့ကျော် | အထက(၂)ရန်ကင်း | ရန်ကင်း | အရှေ့ပိုင်း |
| ၁၁၆ | မမျိုးသီရိကျော် | အထက(၃)ဒဂုံမြောက် | ဒဂုံမြောက် | အရှေ့ပိုင်း |
| ၁၁၇ | မမေမြတ်သူ | အထက(၂) တောင်ဥက္ကလာပ | တောင်ဥက္ကလာပ | အရှေ့ပိုင်း |
| ၁၁၈ | မလဝန်းနွေဦးကျော် | အောင်အကယ်ဒမီ(ကပက) | ရန်ကင်း | အရှေ့ပိုင်း |
| ၁၁၉ | မောင်ကျော်လင်းသန်း | အထက(၄)အလုံ | အလုံ | အနောက်ပိုင်း |
| ၁၂၀ | မောင်ခန့်စည်သူ | အထက(၁)လသာ | လသာ | အနောက်ပိုင်း |
| ၁၂၁ | မကြည်ရှင်းခန့် | အထက (၂)စမ်းချောင်း | စမ်းချောင်း | အနောက်ပိုင်း |
| ၁၂၂ | မဝင်းပြည့်ပြည့်ဇော် | လေ့ကျင့်ရေး အထက်တန်းကျောင်း | ကမာရွတ် | အနောက်ပိုင်း |
| ၁၂၃ | မောင်ထက်အောင်လှိုင် | အထက(၁)သုံးခွ | သုံးခွ | တောင်ပိုင်း |
| ၁၂၄ | မောင်ကောင်းဇင်ဟိန်း | အထက(၁)သန်လျင် | သန်လျင် | တောင်ပိုင်း |
| ၁၂၅ | မမေသူချစ် | အထက(၄)သန်လျင် | သန်လျင် | တောင်ပိုင်း |
| ၁၂၆ | မမေဖြိုးပွင့် | အထက(၂)ကွမ်းခြံကုန်း | ကွမ်းခြံကုန်း | တောင်ပိုင်း |
| ၁၂၇ | မောင်မင်းဖြိုးသွင် | အထက(၂)မင်္ဂလာဒုံ | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၂၈ | မောင်သားခန့်ညီ | မဟော်သဓာ(ကပက) | လှည်းကူး | မြောက်ပိုင်း |

*ဆက်လက်ဖော်ပြပါမည်*

### အခြေခံပညာဦးစီးဌာန၊ ၂၀၁၈ ခုနှစ်၊ အဋ္ဌမတန်း လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၉၂ | မမြင့်မြင့်ကြည် | အထက(၁) ကျောက်ပန်းတောင်း | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၉၃ | မောင်မင်းကောင်းသန့် | သမာဓိ(ကပက) | မိတ္ထီလာ | မိတ္ထီလာ |
| ၉၄ | မဖူးမြသွယ် | အထက(၁)သာစည် | သာစည် | မိတ္ထီလာ |
| ၉၅ | မောင်လှိုင်းထက်အောင် | အထက(၁)ရမည်းသင်း | ရမည်းသင်း | ရမည်းသင်း |
| ၉၆ | မရွှန်းလဲ့နဒီဦး | အထက(၁)ပျော်ဘွယ် | ပျော်ဘွယ် | ရမည်းသင်း |
| ၉၇ | မောင်လျှမ်းထက်နိုင် | ပါရမီ(ကပက) | မော်လမြိုင် | မော်လမြိုင် |
| ၉၈ | မသစ်ဖူးပွင့် | အထက(၆)မော်လမြိုင် | မော်လမြိုင် | မော်လမြိုင် |
| ၉၉ | မောင်သန့်စင်ထွဋ် | အထက(၁)သံဖြူဇရပ် | သံဖြူဇရပ် | မော်လမြိုင် |
| ၁၀၀ | မသော်ဝေနှင်း | အထက(၁)သံဖြူဇရပ် | သံဖြူဇရပ် | မော်လမြိုင် |
| ၁၀၁ | မောင်မျိုးမြတ်မင်း | အထက(ခွဲ)မင်းတန်း | ပေါင် | သထုံ |
| ၁၀၂ | မဆုသက်ပိုင်မင်း | အထက(၁)ကျိုက်ထို | ကျိုက်ထို | သထုံ |
| ၁၀၃ | မောင်ဉာဏ်စည်မင်း | အထက(၂)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၁၀၄ | မဖြိုးကေသီကျော် | အထက(၂)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၁၀၅ | မောင်စိုးဝင်း | အထက(၂)ဘူးသီးတောင် | ဘူးသီးတောင် | မောင်တော |
| ၁၀၆ | မလင်းမြတ်မိုး | အထက(၁)ဘူးသီးတောင် | ဘူးသီးတောင် | မောင်တော |
| ၁၀၇ | မကြယ်စင်လင်းလက် | အထက-သဲတန်း | မြေပုံ | မြောက်ဦး |
| ၁၀၈ | မောင်ဖြိုးမင်းသန်း | အထက(၁)မြောက်ဦး | မြောက်ဦး | မြောက်ဦး |
| ၁၀၉ | မငြိမ်းငြိမ်းယုလှိုင် | အထက-ဇရပ်ပြင် | ရမ်းဗြဲ | ကျောက်ဖြူ |
| ၁၁၀ | မောင်ဟိန်းမင်းသူ | အထက-ဆင်နားချောင် | မာန်အောင် | ကျောက်ဖြူ |
| ၁၁၁ | မောင်ဇေယျာလင်းထွန်း | အထက-ကင်းတောင် | တောင်ကုတ် | သံတွဲ |
| ၁၁၂ | မရည်မွန်လွင် | အထက(ခွဲ)မြို့မ | သံတွဲ | သံတွဲ |
| ၁၁၃ | မောင်ရဲသုလှိုင် | အထက(၂)ရန်ကင်း | ရန်ကင်း | အရှေ့ပိုင်း |
| ၁၁၄ | မောင်ဥက္ကာဟန် | အထက(၅)ဗိုလ်တထောင် | ဗိုလ်တထောင် | အရှေ့ပိုင်း |
| ၁၁၅ | မောင်ထက်ပိုင်လင်း | အထက(၁) မြောက်ဥက္ကလာပ | မြောက်ဥက္ကလာပ | အရှေ့ပိုင်း |
| ၁၁၆ | မဆုလှိုင်လှိုင်ထွန်း | အထက(၅)ဗိုလ်တထောင် | ဗိုလ်တထောင် | အရှေ့ပိုင်း |
| ၁၁၇ | မဆက်မီမီပိုင် | အထက(၄)သဃ်န်းကျွန်း | သဃ်န်းကျွန်း | အရှေ့ပိုင်း |
| ၁၁၈ | မခိုင်ယဉ်မင်းသန့် | လေ့ကျင့်ရေး အလယ်တန်းကျောင်း | ရန်ကင်း | အရှေ့ပိုင်း |
| ၁၁၉ | မောင်ခန့်ညားနန္ဒ | လေ့ကျင့်ရေး အထက်တန်းကျောင်း | ကမာရွတ် | အနောက်ပိုင်း |

*ဆက်လက်ဖော်ပြပါမည်*

## စန်းမောင်မြင့် ဒါနဥပပါရမီ သွေးလှူကုသိုလ်ဖောင်ဒေးရှင်း (၁၂)ကြိမ်မြောက် သွေးလှူမည်

**ရန်ကုန် မေ ၂**

စန်းမောင်မြင့် ဒါနဥပပါရမီသွေးလှူကုသိုလ်ဖောင်ဒေးရှင်းက ကြီးမှူးပြုလုပ်သော (၁၂)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ရန်ကုန်ဆေးရုံကြီး ဝင်းထောင့်ရှိ အမျိုးသားသွေးဌာန (အမျိုးသားသွေးလှူဘဏ်)၌ မေ ၈ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ ပြုလုပ်မည်ဖြစ်ရာ မည်သူမဆို ပါဝင်လှူဒါန်းနိုင်ကြသည်။ သွေးလှူဒါန်းမည့် ပုဂ္ဂိုလ်များအနေဖြင့် စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း ဖုန်း-၀၉-၄၄၉ ၂၅၃ ၇၆၇၊ ၀၉-၇၉ ၅၅၆၃၄၀၀ ဖုန်းနံပါတ်များသို့ မေ ၆ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း မေတ္တာရပ်ခံထားသည်။ **သတင်းစဉ်**

## KBZ Bank Women' League ပြိုင်ပွဲ ပွဲစဉ် (၉) ယနေ့ စတင်ကျင်းပမည်

**ရန်ကုန် မေ ၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women' League ပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ်(၉)ကို မေ ၃ ရက် **(ယနေ့)** စတင်ကျင်းပမည်ဖြစ်ပြီး ဇယားထိပ်ဆုံးတွင် ဦးဆောင်နေသည့် လက်ရှိချန်ပီယံ မြဝတီအသင်းနှင့် သစ္စာအားမာန်အသင်းတို့ နိုင်ပွဲဆက်ဖွယ်ရှိနေသည်။

ပွဲစဉ်(၉)အဖြစ် မေ ၃ ရက် **(ယနေ့)** တွင် အား/ကာသိပ္ပံအသင်းနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်း၊ မေ ၄ ရက်တွင် YREO အသင်းနှင့် မြဝတီအသင်း၊ မေ ၅ ရက်တွင် ဇွဲကပင်အသင်းနှင့် တက္ကသိုလ်အသင်း၊ မေ ၆ ရက်တွင် ဂန္ဓမာအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပွဲစဉ် (၈)အပြီးတွင် လက်ရှိချန်ပီယံ မြဝတီအသင်းနှင့် သစ္စာအားမာန်အသင်းက ၂၂ မှတ်စီ၊ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းက ၁၈ မှတ်၊ ဇွဲကပင်အသင်းက ၁၁ မှတ်၊ YREO အသင်းက ရှစ်မှတ်၊ အား/ကာသိပ္ပံအသင်းက ငါးမှတ်၊ ဂန္ဓမာအသင်းက လေးမှတ်၊ တက္ကသိုလ်အသင်းက တစ်မှတ် ရထားသည်။ အမျိုးသမီးလိဂ်ပြိုင်ပွဲကို ပွဲစဉ် ၉ အပြီးတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း၏ နိုင်ငံတကာပြိုင်ပွဲများကြောင့် ခေတ္တရပ်နားမည်ဖြစ်ပြီး ဇူလိုင်လမှသာ ပြန်လည်ကျင်းပမည် ဖြစ်ကြောင်း သိရသည်။ **ရဲရင့်ရှိုင်း**

## လှိုင်းအနည်းငယ်ရှိမည်

**နေပြည်တော် မေ ၂**

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် နှစ်ပေမှလေးပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တူရကီသံအမတ်ကြီး တွေ့ဆုံ

## ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ပေးမည်ဆိုလျှင် နှစ်ဖက်အဖွဲ့အစည်းများ ရေရှည်နေထိုင်သွားနိုင်မည်

❖ ပြန်လည်ဝင်ရောက် လာသူများအတွက် ရေရှည်ရပ်တည်ရန် စီစဉ်ဆောင်ရွက်လျက် ရှိသကဲ့သို့ တိုင်းရင်းသားများအတွက် ရေရှည်ရပ်တည်ရန်နှင့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်း စီစဉ်ထား

**စစ်တွေ မေ ၂**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်သည် မြန်မာနိုင်ငံဆိုင်ရာ တူရကီသံအမတ်ကြီး H.E. Mr. Kerem Divanlioglu နှင့် အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် ပြည်နယ်ဝန်ကြီးချုပ် ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

### လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေ

ထိုသို့တွေ့ဆုံစဉ် တူရကီသံအမတ်ကြီးက မိမိတို့အနေဖြင့် ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသော စိန်ခေါ်မှုများအပေါ် ကူညီပေးရန် လာရောက်ခြင်းဖြစ်ကြောင်းနှင့် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများနှင့် ပတ်သက်ပြီး သိရှိလိုကြောင်း ပြောကြားသည်။

### နှစ်နိုင်ငံ သဘောတူညီချက်

ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်၏ လက်ရှိအခြေအနေမှာ ပဋိပက္ခဖြစ်ပွားပြီးနောက်ပိုင်း တစ်ဆက်တစ်စပ်တည်းမှာပင် ပြန်လည်နေရာချထားရေး၊ ပြန်လည်လက်ခံရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်နေကြောင်း၊ ပြန်လည်လက်ခံရေးနှင့် ပတ်သက်ပြီး နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ ညွှန်ကြားမှုနှင့်အညီ လက်ခံရေးစခန်းများကို အဆင်သင့်ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ထို့အပြင် ကြားစခန်းဖြစ်သည့် လှဖိုးခေါင်စခန်းတွင် အိမ်အလုံး ၆၀၀ ကျော်၊ လူဦးရေသုံးသောင်းအတွက် အသင့်ဆောက်လုပ်ထားပြီးဖြစ်ကြောင်း၊ လှဖိုးခေါင်စခန်းတွင် ယာယီနေထိုင်ပြီး နှစ်နိုင်ငံသဘောတူညီချက်နှင့်အတူ မူလနေထိုင်သည့် နေရာသို့မဟုတ် အနီးစပ်ဆုံးနေရာတွင် နေရာချထားပေးသွားမည် ဖြစ်ကြောင်း၊ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မိမိတို့ နေအိမ်များကို ဆောက်လုပ်ခြင်းဖြင့် အလုပ်လုပ်ရင်း ဝင်ငွေလည်းရရှိအောင် ဆောင်ရွက်ထားပါကြောင်း။

### လူမှုဘဝဖွံ့ဖြိုးတိုးတက်ရန်

နိုင်ငံတော်အစိုးရအနေဖြင့်လည်း နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီကို ဖွဲ့စည်းပြီး နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီးကိုယ်တိုင် ရခိုင်ပြည်နယ်တွင် ရုံးထိုင်ပြီး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြန်လည်ဝင်ရောက်လာသူများအတွက် ရေရှည်ရပ်တည်ရန် စီစဉ်ဆောင်ရွက်လျက် ရှိသကဲ့သို့ တိုင်းရင်းသားများအတွက် ရေရှည်ရပ်တည်ရန်နှင့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်း စီစဉ်ထားပါကြောင်း၊ ယခုကဲ့သို့ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ကိုင်ပေးမည်ဆိုလျှင် ပဋိပက္ခများကင်းမဲ့ပြီး နှစ်ဖက်အဖွဲ့အစည်း များအနေဖြင့် ရေရှည်နေထိုင်သွားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**တင်ထွန်း(ပြန်/ဆက်)**



# နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး စစ်တွေမြို့၌ကျင်းပ

**စစ်တွေ မေ ၂**

နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၇ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



ညှိနှိုင်းအစည်းအဝေးတွင် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီ၊ ဒုတိယဥက္ကဋ္ဌ (၂) နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်က ပြန်လည်နေရာချထားရေးအတွက် သတ်မှတ်နေရာများ ရွေးချယ်ထားပြီး ဆောင်ရွက်နေကြောင်း၊ ကော်မတီအဖွဲ့ဝင်များအနေဖြင့် သတ်မှတ်နေရာများတွင် နေရာချထားရေးအတွက် စီစဉ်ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးပေးစေလိုကြောင်း၊ ထို့အပြင် လက်ခံရေးစခန်းများတွင် လမ်းများကောင်းမွန်ရေး၊ ပြန်လည်ဝင်ရောက်လာသူများအား စခန်းများသို့အဆင် ပြေစွာပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး ကော်မတီအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံက ပြည်နယ်အစိုးရအဖွဲ့မှ မောင်တောဒေသ မြေရှင်းလင်းရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းကော်မတီကို ဖွဲ့စည်းပြီး ဆောင်ရွက်နေမှုအားလည်းကောင်း၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်က ပြန်လည်နေရာချထားရေး ဆောင်ရွက်မည့် အခြေအနေများအား လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီ၊ တွဲဖက်အတွင်းရေးမှူး၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတင်မောင်ဆွေက အထောက်အကူပြု ကော်မတီဝင်များအနေဖြင့် မိမိတို့ဌာနမှ လုပ်ဆောင်ရမည့်လုပ်ငန်းများကိုသိရှိပြီး လုပ်ငန်းလိုအပ်ချက်များ၊ အခက်အခဲများကို တင်ပြနိုင်အောင် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ သို့မှသာ မိမိတို့အနေဖြင့် သက်ဆိုင်ရာ အဆုံးအဖြတ်ပေးနိုင်မည့် ဌာနများသို့ ဆက်လက်တင်ပြပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အထောက်အကူပြုကော်မတီဝင်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများက မိမိတို့ဌာနအလိုက် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပေးပြီး နိဂုံးချုပ်စကား ပြန်လည်ပြောကြားသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မောင်တောမြို့နယ်ရှိ တိရစ္ဆာန်များအား ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကျေးရွာများတွင် ယနေ့အထိ နွား ၆၅၅ ကောင်နှင့် ဆိတ် ၉၅၆ ကောင်အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ခုံတိုင်စခန်းအနီးရှိ ရန်အောင်မြေ (တိုင်းရင်းသား)ကျေးရွာရှိ နွား ၂၄ ကောင်အား ထောင့်သန်းရောဂါကာကွယ်ဆေးထိုးနှံခြင်း၊ ဆိတ်အကောင် ၂၀ အား ပေါင်ပုပ်လက်ပုပ်ရောဂါကာကွယ်ဆေးထိုးနှံခြင်း၊ ပန်းတောပြင်၊ ခုံတိုင်နှင့် ငါးခူရစခန်းသုံးခု ပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၆၅၅ ကောင်နှင့် ဆိတ် ၉၅၆ ကောင်တို့အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မြန်မာ-ဂျပန် ပညာတော်သင်ဟောင်းများအသင်း နှစ်ပတ်လည်စည်းဝေး

**ရန်ကုန် မေ ၂**

မြန်မာ-ဂျပန် ပညာတော်သင်ဟောင်းများအသင်း၏ (၁၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို မေ ၁ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့မင်းရဲကျော်စွာလမ်း ကုန်သည်ကြီးများအသင်း UMFCCI ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး ပထမအတွင်းဝန် JACA အဖွဲ့၏ ဌာနကြီးမှူးနှင့် ဂျပန်သံရုံးမှ တာဝန်ရှိသူများ၊ MAJA အသင်း နာယကကြီးများ၊ အမှုဆောင်များ၊ ဖိတ်ကြားထားသူများ၊ အသင်းသားများ စုံညီစွာတက်ရောက်ပြီး နာယက ဦးမြင့်ဝေ၊ ဂျပန်သံရုံးပထမအတွင်းဝန်နှင့် JACA ဌာနမှူးတို့က အမှာစကား ပြောကြားသည်။ ယင်းနောက် MAJA အသင်း အစီရင်ခံစာကို အတွင်းရေးမှူး မိုးမိုးစံကလည်းကောင်း၊ ငွေစာရင်းရှင်းတမ်းကို ဒေါက်တာစန်းစန်းလွင်က လည်းကောင်း၊ စာရင်းစစ်အစီရင်ခံစာကို ဦးအောင်ကြည်သွင်ကလည်းကောင်း ဖတ်ကြားပြီး အတည်ပြုချက်ရယူသည်။ ဆက်လက်၍ အမှုဆောင်သစ်ရွေးချယ်ပွဲကို ကျင်းပရာ ပါမောက္ခ ဒေါက်တာမျိုးခင် ဥက္ကဋ္ဌအဖြစ် ဦးဆောင်သော အမှုဆောင်အဖွဲ့ဝင် ၁၄ ဦးကို ရွေးချယ်ကြောင်း သိရသည်။ **စိန်ရွှေလှိုင်**

### အင်အားအနည်းငယ်ရှိသော မြေငလျင်လှုပ်

**နေပြည်တော် မေ ၂**

မေ ၂ ရက် ညနေ ၆ နာရီ၊ ၁၂ မိနစ်၊ ၁၃ စက္ကန့်တွင် မြစ်ကြီးနား မြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၈၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (တနိုင်းမြို့၏အရှေ့မြောက်ဘက် ၂၂ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၆ ဒသမ ၆၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၉၆ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာခန့်ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**






# ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် လမ်းပန်းဆက်သွယ်ရေးနဲ့ လျှပ်စစ်မီးရရှိဖို့က အဓိကဖြစ်ပါတယ်

ဦးကျော်နိုင်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)



ဦးကျော်ကျော်မင်း



ဦးချစ်တင်



ဒေါ်မြသဇင်နွယ်



ဒေါ်သန်းမြရီ



ဦးကျော်နိုင်ဝင်း



ဦးဇော်မိုး

**ရသေ့တောင်မြို့ ဓာတ်အားစတင်ဖြန့်ဖြူးခြင်းအခမ်းအနားနှင့် ရသေ့တောင် တံတားဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။ ရသေ့တောင်မြို့ လျှပ်စစ်မီးရရှိရေးနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် ဆောင်ရွက်ပေးခဲ့မှုအပေါ် တာဝန်ရှိသူများနှင့် ရသေ့တောင်မြို့သူ မြို့သားများ၏ စကားသံအချို့ကို ရေးသားတင်ပြလိုက်ပါသည်။**

**ဦးကျော်ကျော်မင်း (ရသေ့တောင်မြို့နယ် လျှပ်စစ်မှူး)**

ရသေ့တောင်မြို့တစ်မြို့လုံးကို မတ်လ ၂၆ ရက်နေ့ကစပြီး လျှပ်စစ်မီး ပေးနိုင်ခဲ့ပါတယ်။ ပတ်ဝန်းကျင်ကျေးရွာ ၂၆ ရွာ မီးရရှိဖို့ ထပ်မံလုပ်ဆောင်နေပါတယ်။ ပြည်နယ်ဘတ်ဂျက်နဲ့ ကိုးရွာ၊ ပြည်ထောင်စုဘတ်ဂျက်နဲ့ ၁၇ ရွာ မီးလင်းနိုင်အောင် ဆောင်ရွက်နေပါတယ်။ သကြ္န်မတိုင်ခင် အဲဒီရွာတွေပါ အပြီး မီးလင်းနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ အရင်ကဆို ရသေ့တောင်မြို့ မီးလင်းဖို့အတွက် ဒီဇယ်မီးစက်မောင်းပြီး မီးပေးရပါတယ်။ မီးစက်နဲ့ပေးတုန်းက ယူနစ် ၂၀ အထိကို တစ်ယူနစ်ကို ၃၅ ကျပ်နှုန်း ကောက်ပါတယ်။ ယူနစ် ၂၀ ကျော်ရင် မီးလင်းရေးက တစ်ယူနစ် ၃၀၀ ကျပ်နှုန်း ကောက်ပါတယ်။ အခုဆိုရင် ၂၄ နာရီ လျှပ်စစ်မီးပေးနိုင်ပြီး တစ်ယူနစ် ၃၅ ကျပ်နှုန်းနဲ့ ကောက်ခံသွားမှာဖြစ်ပါတယ်။

**ဦးချစ်တင် (အရှေ့တောင်ရပ်ကွက်၊ ရသေ့တောင်မြို့နယ်)**

ကျွန်တော်တို့မြို့မှာ အရင်တုန်းကဆိုရင် ညနေ ၆ နာရီကနေ ည ၁၁ နာရီ အထိပဲ မီးရခဲ့ပါတယ်။ လျှပ်စစ်မီး ၂၄ နာရီရလာတော့ ထမင်းဟင်းချက်တာ၊ မီးပူတိုက်တာတွေ အချိန်မရွေး လုပ်နိုင်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးကလည်း တံတားဖွင့်ပြီးသွားတော့ စစ်တွေကိုသွားရတာ ပိုအဆင်ပြေသွားပါတယ်။ အရင်က စစ်တွေသွားမယ်ဆို ရေလမ်းကနေသွားလာခဲ့ရတယ်။ စစ်တွေမြို့သွားရင်း စက်လှေနစ်တဲ့ အထဲမှာပါဖူးတယ်။ အခုကုန်းလမ်းပါပေါက်ပြီဆိုတော့ ဒီလိုအခက်အခဲတွေမရှိနိုင်တော့ပါဘူး။ လျှပ်စစ်မီးလည်း ၂၄ နာရီရလာတဲ့အတွက် အသေးစား အလတ်စား စက်မှုလုပ်ငန်းလေးတွေ ပေါ်ပေါက်လာနိုင်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေ ရှိလာနိုင်ပါတယ်။ အခုလိုမျိုး လျှပ်စစ်မီး ၂၄ နာရီရလာဖို့၊ ကုန်းလမ်းကနေ ပြည်မကိုတိုက်ရိုက်သွားလာနိုင်ဖို့ မတွေးဖူးပါဘူး။ ဒီလိုဖြစ်လာတဲ့အတွက် ဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူတွေကို ကျေးဇူးအများကြီး တင်ပါတယ်။

**ဒေါ်မြသဇင်နွယ်(အလယ်တန်းပြဆရာမ၊ ရသေ့တောင်မြို့)**

အရင်က ထမင်းဟင်းချက်မယ်ဆိုရင် မီးသွေးတွေ၊ ထင်းတွေ၊ ဖွဲမီးတွေ သုံးပြီးတော့ ချက်ပြုတ်စားသောက်ခဲ့ရပါတယ်။ အခုပြည်ထောင်စုအစိုးရက မီး ၂၄ နာရီ ရအောင်လုပ်ပေးတဲ့ အတွက် မြို့သူမြို့သားတွေအားလုံး ဝမ်းသာနေကြပါတယ်။ ကျောင်းသားတွေအနေနဲ့ ညဘက်တွေပါ စာပိုကျက်လာပါတယ်။ ပညာရေးအတွက် အများကြီးအထောက်အကူပြုပါတယ်။ လမ်းတွေ၊ တံတားတွေ၊ လျှပ်စစ်မီးတွေအပြင် ဒေသခံပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိအောင် စက်မှုဇုန်တွေပါ ဖွင့်ပေးလာနိုင်မယ်ဆို ဒီဒေသအတွက် အကျိုးကျေးဇူးအများကြီးဖြစ်ထွန်းလာမှာ သေချာပါတယ်။

**ဒေါ်သန်းမြရီ (အရှေ့တောင်ရပ်ကွက်၊ ရသေ့တောင်မြို့)**

လျှပ်စစ်မီး ၂၄ နာရီ ရလို့ အားလုံးကဝမ်းသာနေကြပါတယ်။ အိမ်မှာက မိတ္တူကူးတဲ့လုပ်ငန်းနဲ့ ရွှေပန်းထိမ်လုပ်ငန်း လုပ်ကိုင်ပါတယ်။ တစ်နိုင်တစ်ပိုင် မီးစက်ကလေးနဲ့ လုပ်ခဲ့ရပါတယ်။ အဲဒီလုပ်ငန်း ၂ ခုကို အခုလို လျှပ်စစ်မီးနဲ့လုပ်ကိုင်နိုင်ပြီဆိုတော့ ပိုအဆင်ပြေနေပါပြီ။ အလုပ်အကိုင်အဆင်ပြေမှုကိုလည်း များစွာ အထောက်အကူပြုပါတယ်။ မိသားစုဝင်ငွေတိုးတက်လာပါတယ်။ ဒီမြို့မှာ စက်ရုံ၊ အလုပ်ရုံတွေ ပေါ်ပေါက်လာစေချင်ပါတယ်။ လမ်းတွေ၊ တံတားတွေ၊ လျှပ်စစ်မီးတွေ ရရှိအောင် လုပ်ပေးသလို စက်မှုဇုန်တွေလည်း ဖြစ်ထွန်းပေါ်ပေါက် စေချင်ပါတယ်။

**ဦးကျော်နိုင်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)**

ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် လမ်းပန်းဆက်သွယ်ရေးနဲ့ လျှပ်စစ်မီးရရှိဖို့က အဓိကဖြစ်ပါတယ်။ ဒီစီမံကိန်းကို စတင်ဆောင်ရွက်ခဲ့တာက မိုးတွင်းကာလဖြစ်ခဲ့တာကတစ်ကြောင်း၊ စီမံကိန်းနေရာက ပြည်မကြီးနဲ့အလှမ်းဝေးတော့ ပစ္စည်းသယ်ပို့ရတာကအစ အခက်အခဲလေးတွေ ရှိခဲ့ပါတယ်။ ဘူးသီးတောင်နဲ့ မောင်တောမြို့တွေမှာလည်း ၆၆ ကေဗွီအေ ဓာတ်အားခွဲရုံတွေ တည်ဆောက်သွားမှာဖြစ်ပါတယ်။ ဒီနှစ်အကုန်မှာ မောင်တောမြို့ ၂၄ နာရီ လျှပ်စစ်မီးရရှိအောင် ရည်မှန်းချက်ထား ဆောင်ရွက်နေပါတယ်။



ရသေ့တောင်မြို့ဓာတ်အားခွဲရုံ

**ဦးအောင်ဇော်မင်း၊ လက်ထောက်ညွှန်ကြားရေးမှူး၊ (စက်မှုလျှပ်စစ်)**

ကျွန်တော်က မိတ္ထီလာစီမံကိန်းမန်နေဂျာရုံးကနေ ဒီရသေ့တောင် ဓာတ်အားခွဲရုံကို လာတည်ဆောက်တာပါ။ ဒီဓာတ်အားခွဲရုံကို ဇန်နဝါရီလပထမပတ်က တည်ဆောက်ခဲ့ပြီးတော့ မတ်လမှာပြီးပါတယ်။ ပို့လွှတ်လိုက်တဲ့ ဓာတ်အားကို ရသေ့တောင်မြို့ထဲရောက်အောင် ဖြန့်ဖြူးပေးရပါတယ်။ ရသေ့တောင်မြို့နယ်က ပြည်သူတွေ ၂၄ နာရီဓာတ်အားရရှိပြီး ပျော်နေကြတာမြင်ရတော့ ကျွန်တော်တို့လည်း ထပ်တူဝမ်းသာမိပါတယ်။

**ဦးဇော်မိုး(စစ်တွေခရိုင်လျှပ်စစ်အင်ဂျင်နီယာမှူး)**

ရသေ့တောင်မြို့ပေါ်နဲ့ အနီးအနားပတ်ဝန်းကျင်က ကျေးရွာတွေကို ဓာတ်အား စနစ်ကနေ ဓာတ်အားပေးနိုင်ဖို့ဆောင်ရွက်ခဲ့ပါတယ်။ ပြည်နယ်အစိုးရဘတ်ဂျက်နဲ့ ရွာကိုးရွာ၊ ပြည်ထောင်စုအစိုးရဘတ်ဂျက်နဲ့ ၁၇ ရွာ ဓာတ်အားရရှိအောင် ဆက်လက်ဆောင်ရွက်နေပါတယ်။ လက်ရှိအစိုးရတက်လာတဲ့ အခါမှာ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တော ဒေသတွေ အပါအဝင် မဖွံ့ဖြိုးသေးတဲ့ဒေသတွေ ဖွံ့ဖြိုးအောင် စီမံဆောင်ရွက်နေပါတယ်။ ဆောင်ရွက်တဲ့နေရာမှာ ပုဏ္ဏားကျွန်း- ရသေ့တောင်- ဘူးသီးတောင်- မောင်တော ဓာတ်အားလိုင်းနဲ့ ဓာတ်အားခွဲရုံ ၃ ရုံဆောက်ဖို့ ရည်မှန်းချက်ထားခဲ့ပါတယ်။ အခုရသေ့တောင်မြို့မှာ ပထမဆုံး ပုဏ္ဏားကျွန်း-ရသေ့တောင် ၆၆ ကေဗွီအေ ဓာတ်အားလိုင်း ၂၂ ဒသမ ၂ မိုင်နဲ့ ရသေ့တောင် ဓာတ်အားခွဲရုံ ၅ အမ်ဗွီအေတစ်ရုံကို ပြည်ထောင်စုဘတ်ဂျက်နဲ့ တည်ဆောက်ခဲ့ပါတယ်။ ပြည်နယ်အစိုးရရန်ပုံငွေနဲ့ ရသေ့တောင်မြို့ပေါ်မှာ ဓာတ်အားစနစ်ရအောင်နဲ့ အဆင်သင့်မီးပေးနိုင်အောင် ဓာတ်အားလိုင်းတွေ၊ ထရန်စဖော်မာတွေ ကြိုတင်စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ အခုပြီလအတွင်းမှာ ရသေ့တောင်မြို့နယ်မှာရှိတဲ့ ကျေးရွာတွေကိုလည်း လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်နေပါတယ်။ ပြည်သူတွေကိုလည်း လျှပ်စစ်ကို အန္တရာယ်ကင်းရှင်းစွာ သုံးစွဲနိုင်အောင် အသိပညာပေးမှုတွေ လုပ်နေပါတယ်။

**ဟန်လင်းနိုင်(စစ်တွေကိုယ်ပွား)**

# ကနီမြို့နယ် ကျေးရွာအလှူတစ်ခု၌ လူ ၁၀၀ ကျော် အစာအဆိပ်သင့်မှုဖြစ်ပွား

**ကနီ ဧပြီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် မုဒ္ဒောကျေးရွာအုပ်စု မုဒ္ဒောအရှေ့ကျေးရွာ အလှူတစ်ခုတွင် ဧပြီ ၂ ရက်က အလှူထမင်းစားသုံးသူများ အစာအဆိပ်သင့်မှုဖြစ်ပွားကြောင်း သိရသည်။

**ရွှေ့ပြောင်းကုသလျက်ရှိ**

အဆိုပါအစာအဆိပ်သင့်မှုဖြစ်ပွားသည့် လူနာများကို ကနီမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ နံနက် ၁၁ နာရီခန့်တွင် လူမှုကူညီရေးယာဉ်များ၊ အခြားမော်တော်ယာဉ်များဖြင့် ရောက်ရှိလာပြီး ဆေးကုသမှုများ ဆောင်ရွက်လျက်ရှိသည်။ ကနီမြို့ပြည်သူ့ဆေးရုံသို့ ရောက်ရှိလူနာများမှာ ၁၂၂ ဦးရှိပြီး ဆေးရုံတွင် မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဝေမာနွယ် ဦးစီး၍ ဆရာ ဆရာမများက လိုအပ်သည့် ဆေးကုသမှုများပြုလုပ်ပေးကာ အနည်းငယ်သက်သာသည့် လူနာများကို မြို့နယ်သာသနာ့ဗိမာန်တော်တွင် ရွှေ့ပြောင်းကုသလျက်ရှိသည်။

**ကူညီဆောင်ရွက်**

အဆိုပါ ပြောင်းရွှေ့ကုသရာတွင် မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုကူညီရေးအဖွဲ့များနှင့် ပြည်သူများပူးပေါင်းပါဝင် ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းနောက် ဆေးကုသပြီး၍ စိတ်ချရသောလူနာများကို မြို့နယ်ဆရာဝန်ကြီး ခွင့်ပြုချက်ဖြင့် ညနေ ၄ နာရီခွဲခန့်တွင် ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သည်။ ၎င်းလူနာများကို တာဝန်ရှိသူများက ကျေးရွာများသို့အရောက် ယာဉ်များဖြင့် ပြန်လည်ပို့ဆောင်ပေးခဲ့သည်။

ကနီမြို့ ပြည်သူ့ဆေးရုံတွင် ၁၂၂ ဦးအနက် ၁၅ ဦးမှာ ဆေးရုံတွင် အတွင်းလူနာအဖြစ် ဆက်လက်ဆေး ကုသမှုခံယူလျက်ရှိသည်။ ၎င်းအလှူထမင်းစားပြီး အခြား ကျေးရွာများတွင်လည်းဖြစ်ပွားရာ မုဒ္ဒောကျေးရွာဆေးခန်းတွင် ၅၇ ဦး၊ လက်ပံစုတွင်ခြောက်ဦး၊ သရက်ပင် တိုက်နယ်ဆေးရုံတို့တွင်သုံးဦး စုစုပေါင်း ၁၈၈ ဦး အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။ ယင်းအစာအဆိပ်သင့်မှုဖြစ်ပွားခဲ့သည့် အလှူမှကျွေးမွေးသော ထမင်း၊ ဟင်းနှင့်ချက်ပြုတ်ရာတွင် အသုံးပြုသည့် ပါဝင်သောပစ္စည်း ၁၆ မျိုးကို တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ဓာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်ဆောင်ရွက်နိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကြည့်ရှုအားပေး**

ယင်းအစာအဆိပ်သင့်မှုဖြစ်ပွား၍ ဆေးကုသဆောင်ရွက်ပေးရာသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးထွန်းထွန်းနိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရွှေဒွေး၊ ဦးထွန်းထွန်းဝင်းနှင့် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးသိုက်စိုးထွန်းတို့က လာရောက်ကြည့်ရှုဆောင်ရွက်အားပေးခဲ့ကြောင်း သိရသည်။



**သန်းဌေးအောင်(ကနီ)**

## ထိန်းချုပ်ဓာတုပစ္စည်းများအဖြစ် ဓာတုပစ္စည်းနှစ်မျိုးအား ထပ်မံသတ်မှတ်

**နေပြည်တော် ဧပြီ ၂**

ကျန်းမာရေးဝန်ကြီးဌာနသည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၁၆(ခ) နှင့် ၃၀ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အမိန့်ကြော်ငြာစာ ၁/၂၀၁၂ ဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများထုတ်လုပ်ရာ၌ အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်းများ အမည်စာရင်းကို သတ်မှတ်ခဲ့သည်။

ယခုအခါ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် အမိန့်ကြော်ငြာစာ ၁/၂၀၁၂၊ အပိုဒ် ၁၊ အပိုဒ်ခွဲ (က)၊ ဇယား ၁ ပါ ထိန်းချုပ် ဓာတုပစ္စည်းများစာရင်းတွင် အမှတ်စဉ် ၁၆ အဖြစ် ၄-အနီလီနို-အင်-ဖီနိုင်ပိုင်ပါရီဒင်း (အေအင်ပီပီ) 4-anilino-N-phenethylpiperidine (ANPP) နှင့် အမှတ်စဉ် ၁၇ အဖြစ် အင်-ဖီနိုင်သိုင်းလ်-၄-ပိုက်ပါရီဒင်း (အင်ပီပီ) N-phenethyl-4-piperidine (NPP) တို့ကို ထိန်းချုပ်ဓာတုပစ္စည်းအဖြစ် ဖြည့်စွက်သတ်မှတ်လိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် မတ်လအတွင်း ယာဉ်မတော်တဆမှု ၃၃ မှု ဖြစ်ပွား၍ လေးဦးသေဆုံးပြီး ၆၂ ဦး ဒဏ်ရာရရှိခဲ့

**နေပြည်တော် ဧပြီ ၂**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် မတ်လအတွင်းယာဉ်မတော်တဆမှု ၃၃ မှုဖြစ်ပွားခဲ့ရာ အမျိုးသားသုံးဦးနှင့် အမျိုးသမီးတစ်ဦး ပေါင်းလေးဦးသေဆုံးခဲ့ပြီး အမျိုးသား ၃၅ ဦး၊ အမျိုးသမီး ၂၇ ဦး၊ ပေါင်း ၆၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထို့အတူ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက ယာဉ်မတော်တဆမှု ၄၁ မှုမှ သေဆုံးသူ အမျိုးသားငါးဦး၊ အမျိုးသမီးလေးဦး၊ ပေါင်းကိုးဦးဖြစ်ပြီး အမျိုးသား ၄၇ ဦး၊ အမျိုးသမီး ၃၆ ဦး၊ ပေါင်း ၈၃ ဦး ဒဏ်ရာရရှိခဲ့သည်။ ဖေဖော်ဝါရီလအတွင်း၌ မတော်တဆမှု ၃၆ မှုမှ အမျိုးသားခုနစ်ဦး၊ အမျိုးသမီးလေးဦး၊ ပေါင်း ၁၁ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၃၉ ဦး အမျိုးသမီး ၃၇ ဦး ပေါင်း ၇၆ ဦး ဒဏ်ရာရရှိခဲ့သည်။ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ ၂၀၁၈ ခုနှစ်တွင် သုံးလအတွင်း ယာဉ်မတော်တစ်ဆမှုအကြိမ် ၁၀၀ ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၂၄ ဦးနှင့် ဒဏ်ရာရရှိသူ ၂၂၁ ဦးရှိကြောင်း သိရသည်။

သို့ပါ၍ အမြန်လမ်းပေါ်သို့ တက်ရောက် မောင်းနှင်မည့် အိမ်စီးယာဉ်များ၊ ခရီးသည်တင်ယာဉ်များ၊ ဌာနဆိုင်ရာယာဉ်များ၊ အမြန်လမ်းပေါ်တွင်မောင်းနှင်ခွင့်လက်မှတ်ရ ကုန်တင်ယာဉ်များမှ ယာဉ်မောင်းများအနေဖြင့် မိမိတို့ယာဉ်များ ကြံ့ခိုင်ရေးစစ်ဆေးပြီးမှ အမြန်လမ်းပေါ်တက်ရောက် မောင်းနှင်ကြပါရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို လိုက်နာမောင်းနှင်ကြပါရန် အထူးလိုအပ်ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှသိရသည်။

**သန်းဦး(လေးမျက်နှာ)**

## တာချီလိတ်၌ ထိုင်းနိုင်ငံသားကိုးဦးနှင့် လာအိုနိုင်ငံသူတစ်ဦးတို့အား တရားမဝင် ဝင်ရောက်မှုဖြင့် အရေးယူဆောင်ရွက်

**တာချီလိတ် ဧပြီ ၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်၊ အာခါဈေးလမ်း၌ ထိုင်းနိုင်ငံသား ကိုးဦးနှင့် လာအိုနိုင်ငံသူတစ်ဦးတို့ကို တရားမဝင် ဝင်ရောက်မှုဖြင့် မတ် ၂ ရက်က အရေးယူခဲ့သည်။

ဧပြီ ၁ ရက် နံနက် ၈ နာရီ ၁၀ မိနစ်တွင် တာချီလိတ်မြို့မရဲစခန်းမှ ရဲအုပ်ကျော်မိုးလွင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်တပ်ဖွဲ့စု ၃၀ တာချီလိတ်မှ ရဲအုပ်အောင်သူမိုးနှင့် တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် အာခါဈေးလမ်း အမှတ်(၀က ခ/၂၆၅)ရှိ အခန်းငှား နေအိမ်အား မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေစဉ် နေအိမ်ခန်းများအတွင်း တရားမဝင်နေထိုင်လျက်ရှိသော ချာချိုင်းကျူတောင်း(၁၉ နှစ်)(မူးယစ်) ပထုံဌာနီခရိုင် ထိုင်းနိုင်ငံသား၊ ထာနင်းဝိစေ (ခ) ဖွန်း (၂၉ နှစ်) (မူးယစ်) နခွန်နယုတ်ခရိုင် ထိုင်းနိုင်ငံသား၊ ကင်းစက်ဖွန်းစင် (၂၅ နှစ်) (မူးယစ်)နခွန်နယုတ်ခရိုင် ထိုင်းနိုင်ငံသားသုံးဦးတို့အား မူးယစ်ဆေးဝါးများဖြင့် လည်းကောင်း၊ Mr.Sue (၂၂ နှစ်) ဇန်ကောက်မြို့ ထိုင်းနိုင်ငံ၊ Mr.Wep Lapom (၃၁ နှစ်) ရှံ ထိပ်မဟာနခွန်မြို့ ထိုင်းနိုင်ငံသား၊ Mr.Akachai (၃၀ နှစ်) ပထွန်ထာနီမြို့ ထိုင်းနိုင်ငံသား၊ Mr.Wo Lanat Phat (၂၉ နှစ်) နခွန်လမြို့ ထိုင်းနိုင်ငံသား၊ Mr.Pha Dac (၄၀ နှစ်) ဇန်ကောက်မြို့ ထိုင်းနိုင်ငံသား၊ Mis.Kamanthip (၂၄ နှစ်) အုန်းခလားမြို့ ထိုင်းနိုင်ငံသူ၊ Mis.San (၂၈ နှစ်) ဆူဝမ်ဆအာ ရပ်ကွက် ကိုင်ဆော်မြို့ လာအိုနိုင်ငံသူတို့အား တွေ့ရှိသဖြင့် ဒုလဝကမှူး ဦးမျိုးနိုင်နှင့်အဖွဲ့မှ စစ်ဆေးမေးမြန်းရာ ၎င်းတို့သည် လွန်ခဲ့သော နှစ်ပတ်ခန့်က ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ မယ်ဆိုင်ရေချောင်းအားဖြတ်ကာ တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက်အနီးရှိ ရေချောင်းမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်ဖြတ်သန်းခွင့် လက်မှတ်တစ်စုံတစ်ရာမပါရှိဘဲ တရားမဝင် ဝင်ရောက်လာခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

အမှုမှ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်ဖြတ်သန်းခွင့် လက်မှတ် တစ်စုံတစ်ရာ မပါရှိဘဲ တရားမဝင် ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသား ကိုးဦးနှင့် လာအိုနိုင်ငံသူ တစ်ဦးတို့အား တာချီလိတ်မြို့မရဲစခန်းက (ပ)၉၇/၁၈၊ ၁၉၄၇ ခုနှစ်၊ လဝကအက်ဥပဒေပုဒ်မ ၁၃(၁)/၁၃(၅)ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်ထားရှိပြီး ထွက်ပြေးတိမ်းရှောင်လျက်ရှိသည့် မြန်မာနိုင်ငံသား မောင်ဝှာလေး (၂၅ နှစ်)လိုင်းခန်းငှားတာဝန်ခံအား ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်မိုရ် (တာချီလိတ်)**



## ပဲခူးမြို့တွင် စည်းကမ်းပျက်ယာဉ်၊ ဆိုင်ကယ်များနှင့် မှတ်ပုံတင်မဲ့ယာဉ်ဆိုင်ကယ်များဖမ်းဆီး

**ပဲခူး ဧပြီ ၂**

ပဲခူးမြို့တွင် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ၊ သုံးဘီးယာဉ်များ၊ မြို့တွင်းပြေးဆွဲသော မော်တော်ယာဉ်များနှင့် ဘေးတွဲဆိုင်ကယ်များအား ယာဉ်အန္တရာယ်ကင်းရှင်းစေရေး စည်းကမ်းပျက်ယာဉ်များနှင့် မှတ်ပုံတင်မဲ့ယာဉ်များအား ဧပြီ ၁ ရက်တွင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး စုပေါင်းအဖွဲ့များဖြင့် စတင်အရေးယူဆောင်ရွက်နေပြီဖြစ်သည်။

ထိုသို့အရေးယူဖမ်းဆီးဆောင်ရွက်နေစဉ် ဖမ်းဆီးရမိယာဉ်များသည် မှတ်ပုံတင်မထားရှိသော ဆိုင်ကယ်များဖြစ်ကြောင်း မှန်ကန်စွာပြောပြခဲ့ပါက အများပြည်သူတို့အား ဖြည်လျော့ပေးသည့်အနေဖြင့် မော်တော်ဆိုင်ကယ်များ မှတ်ပုံတင်နိုင်ရေး ဖမ်းဆီးရမိဆိုင်ကယ်နှင့်အတူ ယာဉ်ပိုင်ရှင်တို့အား စနစ်တကျ မှတ်တမ်းဓာတ်ပုံရယူဆောင်ရွက်၍ ဆိုင်ကယ်အား လတ်တလောသိမ်းဆည်းဆောင်ရွက်ထားရှိပြီး မှတ်ပုံတင်ဆောင်ရွက်နိုင်ရန် ၁၄ ရက်အချိန်ပေးထားကြောင်း၊ ထိုရက်အတွင်း ဖမ်းဆီးခံရသည့်ဆိုင်ကယ်အား မှတ်ပုံတင်ခြင်းလာရောက်မပြုပါက အပြီးတိုင်သိမ်းဆည်းပြီး ဆိုင်ကယ်စီးမောင်းသူအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပါသည်။

**ကိုလွင်(ဆွာ)**

## မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းတွင် တံတားအောက်ယာဉ်ထိုးကျ နှစ်ဦးသေဆုံး

**မိတ္ထီလာ ဧပြီ ၂**

မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်း၊ မိုင်တိုင်အမှတ် (၁၂/၅) တွင် ဧပြီ ၁ ရက် က မင်းပြားမြို့မှ မန္တလေးမြို့သို့ ယာဉ်မောင်း ဝင်းစိုး မောင်းနှင်လာသည့် ၁၀ ဘီးယာဉ်သည် သရက်ပင် တံတားအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်ခြမ်း တံတားလက်ရန်းတိုင်အား ဝင်ရောက်တိုက်မိပြီး ၂၅ ပေခန့်ရှိ တံတားအောက်ထိုးကျခဲ့သည်။

ဖြစ်စဉ်တွင် ယာဉ်မောင်း ဝင်းစိုးနှင့် ယာဉ်နောက်လိုက် ပြည့်စုံတို့မှာ နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးသွားပြီး ယာဉ်မှောက်မှုကို ရှမ်းမငယ်ရဲစခန်းမှူး ရဲအုပ်ခင်မောင်စိုးက တရားလိုပြုလုပ်၍ အမှုဖွင့်အရေးယူထားသည်။

**တင်လှိုင်(မိတ္ထီလာ)**

## လူငယ်များစကားများရန်ဖြစ်ရာမှ ဓားဖြင့်ထိုးမှုကြောင့် တစ်ဦးသေဆုံး

**တပ်ကုန်း ဧပြီ ၂**

နေပြည်တော် တပ်ကုန်းမြို့ရန်ကုန်-မန္တလေးလမ်း ဦးရှောင်ဟိုးလမ်းဆုံတွင် မတ် ၃၁ ရက်ညက လူငယ်များ စကားများရန်ဖြစ်ရာမှ ဓားထိုးခံရ၍ ၁၀ တန်းဖြေထားသော လူငယ်တစ်ဦးသေဆုံးမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယင်းည ၉ နာရီခန့်က ဦးရှောင်ဟိုးလမ်းဆုံတွင် ဆရာစံရပ်ကွက်မှ ဖြိုးသီဟပါ လူငယ်အဖွဲ့နှင့် ဘုရင့်နောင်ရပ်ကွက်မှ မျိုးပြည့်စုံပါလူငယ်အဖွဲ့တို့ စကားများရန်ဖြစ်ကြရာ ဖြိုးသီဟ အဖွဲ့မှ လူငယ်တစ်ဦးက ဓားဖြင့်ဝင်ထိုးသဖြင့် မျိုးပြည့်စုံအသက် (၁၆ နှစ်) ၏ ရင်ညွန့်အောက်တွင် ထိုးသွင်းဒဏ်ရာတစ်ချက်ရရှိကာ သွေးများထွက်နေ၍ တပ်ကုန်းခုတင် ၁၀၀ သို့ ပို့ဆောင်သော်လည်း စိုးရိမ်ရသဖြင့် နေပြည်တော် ခုတင် ၁၀၀၀ သို့ ဆက်လက်ပို့ဆောင်ဆေးကုသစေခဲ့သည်။

သို့သော် ဧပြီ ၁ ရက်တွင် ဓားထိုးခံရသူ မျိုးပြည့်စုံသည် ရရှိသောဒဏ်ရာဖြင့် သေဆုံးသွား၍ ဓားထိုးမှုတွင်ပါဝင်ခဲ့ကြသည့် လူငယ်များဖြစ်သော စည်သူကျော် (၂၀ နှစ်)၊ ဖြိုးသူရအောင် (၁၇ နှစ်)၊ ကျော်ထက်အောင် (၁၇ နှစ်)၊ အောင်မြင့်မြတ် (၁၉ နှစ်) နှင့် ကြွက်နီ (၁၈ နှစ်) တို့ ငါးဦးအားဖမ်းဆီး၍ တပ်ကုန်းမြို့မရဲစခန်းမှ ဆက်လက်စစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်းတာ(တပ်ကုန်း)**

## သုဝဏ္ဏဝတီမြို့၌ တရားမဝင်ရောင်းဝယ်သည့် စင်းဂါးဘီယာပါကင်များ ဖမ်းဆီး

**သုဝဏ္ဏဝတီ ဧပြီ ၂**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ကျိုက္ကော်ရပ်ကွက် မြို့မဈေးအနီး၌ ဧပြီ ၁ ရက် ညနေပိုင်းက သင်္ကြန်ကာလအတွင်း မူးယစ်သောက်စားမှုများ လျော့နည်းစေရန်အတွက် တရားမဝင် ရောင်းဝယ်နေသော နိုင်ငံခြားမှ တင်သွင်းလာသော ဘီယာပါကင်များကို ဖမ်းဆီးခဲ့သည်။

သင်္ကြန်ကာလအတွင်း မူးယစ်သောက်စား ရမ်းကားမှုများအား ထိန်းသိမ်းသည့်အနေဖြင့် သထုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ ဒုအုပ်ချုပ်ရေးမှူး ဦးကျော်သက်လွင်နှင့် အဖွဲ့ဝင်များ၊ သိမ်ဆိပ်နယ်မြေရဲစခန်းမှ တာဝန်ရှိသူများ၊ အသိသက်သေများနှင့်အတူ ရှောင်တခင်ဝင်ရောက်စစ်ဆေးရာ ကျိုက္ကော်ရပ်ကွက်ရှိ မဝင်းဝင်းခိုင်၏ နေအိမ် ကုန်စုံဆိုင်အတွင်း ဝင်ရောက်ရှာဖွေရာ စင်းဂါးအမျိုးအစား ၂၄ ဘူးပါ ဘီယာကိုးပါကင် စုစုပေါင်း ၂၁၆ ဘူးအား သိမ်းဆည်းရမိသဖြင့် သိမ်ဆိပ်နယ်မြေရဲစခန်းမှ ယစ်မျိုးဥပဒေအရ မြို့နယ်တရားရုံးသို့ အမှုဖွင့် တရားစွဲဆို တင်ပို့ခဲ့ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

## ရေပူစစ်ဆေးရေးအဖွဲ့ စစ်ဆေးရှာဖွေရာမှအမိုနီယမ် နိုက်ထရိတ်အိတ်များ စစ်ဆေးတွေ့ရှိ

**နေပြည်တော် ဧပြီ ၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဧပြီ ၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၅၆ စီး ၊ သွင်းကုန် ၉၇၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၉ စီး ၊ သွင်းကုန် ၁၄၇ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉ ဒသမ ၅၅ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၄၁၅ သန်းခန့် ၊ စုစုပေါင်းတားဆီးမှု ၁၀ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၅ ဒသမ ၉၆၅ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဧပြီ ၁ ရက်တွင် မန္တလေးမြို့ နှင့်မူဆယ်မြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် သိန်းနီမြို့ တိုးဂိတ်အနီး၌ မသင်္ကာဖွယ် ရပ်တန့်ထားသော CHENGLONG ၂၂ ဘီးယာဉ် တစ်စီးနှင့် မိုင်တိုင်အမှတ် ၂၀၂ မိုင်၊ ၃ ဖာလုံ၊ နမ့်ဟူတောင်ရွာအနီးတွင် တိမ်းမှောက်နေသော CANTER ၆ ဘီး ယာဉ်တစ်စီးတို့အား စစ်ဆေးခဲ့ရာ အမိုနီယမ်နိုက်ထရိတ်ဟုယူဆရသော Ammonium Nitrate စာတန်းပါ (၄၀)ကီလိုဂရမ်အိတ် ၃၄၀၊ Three Wheel Spare Part ၉၀၀ ကီလိုဂရမ်၊ Diaper ၂၅ ဖာ၊ ဖိနပ်တိုက်ဆေး ၁၀ ဖာ၊ Baby Wipes ၁၀၀ ဖာနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်နှစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၆၉ ဒသမ ၃၇၅ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မြန်မာ့ရုပ်မြင်သံကြား

၃ -၄-၂၀၁၈ (အင်္ဂါနေ့)

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၈း၃၅ | **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ (ပြည်ထောင်စုရာထူးဝန်အဖွဲ့၏(၂)နှစ်တာ ဆောင်ရွက်ချက်များ)** |
| ၉း၁၀ | ဥပဒေရေးရာအဖြာဖြာ ကူညီပါသို့သော်... |
| ၉း၃၀ | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၁း၀၀ | ချစ်စရာ့ အတာသင်္ကြန် |
| ၁၄း၄၅ | အတိတ်မန္တလေးသင်္ကြန် ပုံရိပ်များဆီသို့ အောက်မေ့ သတိရတမ်းတခြင်း |

**ညပိုင်း**

| | |
|---|---|
| ၁၆း၃၅ | YTN (Science) အယ်ဂျေးထဲမှ မြင်ရသော အနာဂတ် |
| ၁၇း၅၀ | အေးချမ်းပျော်ရွှင် မဟာသင်္ကြန်တွင် (အပိုင်း-၂) |
| ၁၈း၃၅ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ (အကယ်ဒမီ အိန္ဒြာကျော်ဇင်) |
| ၁၉း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ အစမ်းသပ်ခံအချစ် (အပိုင်း-၃၂)(ဇာတ်သိမ်း) |
| ၂၀း၀၀ | ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ (မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ (၂)နှစ်တာ ဆောင်ရွက်ချက်များ)** |
| - | နိုင်ငံခြားဇာတ်လမ်းတွဲ တရားရှင်နှင့် ဓားဘုရင် (သစ္စာတည်သော စစ်သူကြီး) (အပိုင်း-၄) |
| - | အနုပညာခန်းရိပ်သာ ဒါရိုက်တာ ဦးမိုးသူနှင့် တွေ့ဆုံခြင်း |
| - | နိုင်ငံခြားဇာတ်လမ်းတွဲ အေးအတူပူအမျှ အပိုင်း(၃၂) |

▼ ကျောဖုံးမှ

သွားရောက်ကစားစေမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းကို အာရှဖလားခြေစစ်ပွဲအပြီးတွင် လေ့ကျင့်မှုရပ်နားထားပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် နည်းပြသစ်ခန့်အပ်နိုင်ရေး၊ လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲအတွက် အသင်းများ ဖိတ်ကြားခြင်း၊ နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် စတင်ဆောင်ရွက်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင် အသင်းအတွက် နည်းပြချုပ်သစ် ခန့်အပ်နိုင်ရန် ပထမဦးစားပေးဆောင်ရွက်နေပြီး ပြည်ပနည်းပြများအပြင် ပြည်တွင်းနည်းပြများကိုလည်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ပြည်ပနည်းပြခေါ်ယူရန် ဥရောပနှင့် ဘရာဇီးနိုင်ငံတို့မှ နည်းပြများကို စိတ်ဝင်စားနေပြီး ၎င်းတို့၏ စွမ်းဆောင်မှုများအပေါ် စောင့်ကြည့်လျက်ရှိသည်။ ထို့ပြင် ပြည်တွင်းနည်းပြ ခန့်အပ်နိုင်ရန်လည်း ဆန္ဒရှိနေပြီး နှစ်လယ်ပိုင်းမတိုင်မီ ခန့်အပ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ သို့မှသာ ကစားသမားများ ရွေးချယ်ရန်နှင့် ဆူဇူကီးဖလားပြိုင်ပွဲအကြို ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် စီမံချက်ချဆောင်ရွက်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်းအတွက် ဆူဇူကီးဖလား ပြိုင်ပွဲမတိုင်မီ လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ ကျင်းပရန် စီစဉ်နေပြီး ဩဂုတ် သို့မဟုတ် အောက်တိုဘာတွင် ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲအတွက် အာရှနှင့် အရှေ့တောင်အာရှ အသင်းများအား ဖိတ်ကြားနေပြီး ထိပ်တန်းအသင်းများဖြင့် ကျင်းပမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲအတွက် လိဂ်ပြိုင်ပွဲပြီးဆုံးသည့် အောက်တိုဘာလဆန်းမှသာ စခန်းဝင်လေ့ကျင့်မှု စတင်ပြုလုပ်နိုင်မည်ဖြစ်ပြီး ပြိုင်ပွဲစတင်မည့် နိုဝင်ဘာ ၈ ရက်မတိုင်မီ နိုင်ငံတကာခြေစမ်းပွဲများ၊ ပြည်ပလေ့ကျင့်ရေးခရီးစဉ်များ သွားရောက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။



မြန်မာ့လက်ရွေးစင်အသင်း အာရှဖလားခြေစစ်ပွဲ ယှဉ်ပြိုင်စဉ်က တိုက်စစ်မှူး ကြည်လင်း မကာအိုဂိုးသမားကို ကျော်ဖြတ်စဉ်။ ဓာတ်ပုံ-စိုးညွန့်

အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲကို ၁၉၉၆ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး မြန်မာအသင်းအနေဖြင့် ၂၀၀၄ ပြိုင်ပွဲ နှင့် ၂၀၁၆ ပြိုင်ပွဲတွင်သာ ဆီမီးဖိုင်နယ်သို့ တက်ရောက်ဖူးပြီး ကျန်အကြိမ်များတွင် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ ယခုနှစ် ဆူဇူကီးဖလားပြိုင်ပွဲကို ပြိုင်ပွဲပုံစံပြောင်းလဲ ကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲများအတွက် အိမ်ရှင်နိုင်ငံ မရွေးချယ်တော့ဘဲ အုပ်စုလေးပွဲအား အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်းနှစ်ပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပြိုင်ပွဲကို ငါးသင်းနှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး လက်ရှိချန်ပီယံ ထိုင်းအသင်းအပါအဝင် မြန်မာ၊ ဗီယက်နမ်၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ လာအို၊ အင်ဒိုနီးရှားအသင်းတို့မှာ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရထားပြီး လက်ကျန်တစ်နေရာအတွက် တီမောနှင့် ဘရူနိုင်းအသင်းတို့ Play-Off ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ပြိုင်ပွဲကို နိုဝင်ဘာ ၈ ရက် မှ ဒီဇင်ဘာ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကိုလည်း အိမ်ကွင်း၊ အဝေးကွင်းစနစ်ဖြင့် ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

**ညီမြတ်သော်တာ**

## ဘောလုံးအဖွဲ့ချုပ် ဖိတ်ခေါ်ဖလား ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲသို့ MIC နှင့် VUC အသင်း တက်ရောက်

**ရန်ကုန် ဧပြီ ၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် MFF Open Cup ဖူဆယ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့ မွန်းလွဲပိုင်းက အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ကျင်းပရာ နာမည်ကြီးအသင်းများဖြစ်သည့် MIC အသင်းနှင့် VUC အသင်းတို့ ဗိုလ်လုပွဲတက်ရောက်သွားသည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် MIC အသင်းက RDZ အသင်းကို ၁၂ ဂိုး-နှစ်ဂိုး၊ VUC အသင်းက Titans XII အသင်းကို ပယ်နယ်တီအဆုံးအဖြတ် ခြောက်ဂိုး-ငါးဂိုးဖြင့်အနိုင်ရခဲ့သည်။ MIC အသင်းနှင့် RDZ အသင်းတို့ပွဲတွင် အတွေ့အကြုံချင်းကွာခြားမှုကြောင့် ဂိုးပြတ်သွားခြင်းဖြစ်သည်။ ပြိုင်ပွဲတစ်လျှောက် ပုံစံကောင်းပြသလာသည့် RDZ အသင်းသည် ရလဒ်ကောင်းထပ်မံရရန် ကြိုးပမ်းခဲ့သော်လည်း ပရော်ဖက်ရှင်နယ်ဖူဆယ်လိဂ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်နေသည့် MIC အသင်းက ပွဲကိုထိန်းချုပ်ကာ အနိုင်ရလဒ်ရယူပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ VUC နှင့် Titans XII အသင်းတို့ပွဲမှာ အကြိတ်အနယ်ရှိခဲ့ပြီး သာမန်ပွဲကစားချိန်တွင် သုံးဂိုးစီသရေကျနေ၍ အချိန်ပိုဆက်လက်ယှဉ်ပြိုင်ခဲ့ရပြီး အချိန်ပိုတွင်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိ၍ ပယ်နယ်တီဖြင့် ဆုံးဖြတ်ခဲ့ရသည်။

ပယ်နယ်တီကန်သွင်းရာတွင် VUC အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး စုစုပေါင်း ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရခဲ့သည်။ ဗိုလ်လုပွဲအဖြစ် MIC အသင်းနှင့် VUC အသင်း၊ တတိယနေရာလုပွဲအဖြစ် RDZ အသင်းနှင့် Titans XII အသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဧပြီ ၄ ရက်တွင် ဆက်လက်ကျင်းပမည် ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း**


## ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ ကျင်းပမည့်ရက်ကြေညာခြင်း

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ကြီးမှူးကျင်းပသည့် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲကို ယခုနှစ် ၂၀၁၈ ခုနှစ် (၃၅)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲမှစ၍ နှစ်စဉ် ဧပြီ(၂၅၊ ၂၆၊ ၂၇)ရက်များတွင် ကျင်းပသွားမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန**

## စစ်တက္ကသိုလ်အမှတ်စဉ်(၄၁) ဗိုလ်လောင်းသင်တန်း (၁၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အလှူတော်မင်္ဂလာနှင့် မိတ်ဆုံစားပွဲ ဖိတ်ကြားလွှာ

စစ်တက္ကသိုလ်အမှတ်စဉ်(၄၁) ဗိုလ်လောင်းသင်တန်းသည် အမိစစ်တက္ကသိုလ်တွင် လေးနှစ်တာကာလစာပေပညာ၊ စစ်ပညာများသင်ကြားခဲ့ပြီး တိုင်းပြည်တာဝန်ကို ကျရာအခန်းကဏ္ဍအလိုက် နယ်ပယ်အသီးသီးတွင် ထမ်းဆောင်ခဲ့ရာ ၂၀၁၈ခုနှစ်၊ ဧပြီ ၇ရက်တွင် (၁၈)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ ကျောင်းဆင်းနှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် စတသ (၄၁)မှ သူငယ်ချင်းများစုစည်းကာ အောက်ဖော်ပြပါနေ့ရက်အလိုက် အစီအစဉ်အတိုင်း ကျင်းပပြုလုပ်ကြမည်ဖြစ်ပါ၍ အနယ်နယ်အရပ်ရပ်မှ သူငယ်ချင်းများ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

ရန်ကုန် ၆-၄-၂၀၁၈ရက်၊ နံနက် ၁၀နာရီ၊ ခိုကိုးရာမဲ့ (Homeless လူမှုစောင့်ရှောက်ရေးဂေဟာ၊ မှော်ဘီမြို့)တွင် ဆန်/ဆီ/ဆားနှင့်အလှူငွေများသွားရောက်လှူဒါန်း ခြင်း၊

၇-၄-၂၀၁၈ရက်၊ နံနက် ၆နာရီ၊ တပ်မတော်ဂေါက် ကွင်း(မင်္ဂလာဒုံ)တွင် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပခြင်း၊ နံနက် ၁၀း၃၀နာရီ၊ သစ်တံခါးကျောင်းတိုက် (လှိုင်သာယာ)တွင် သံဃာတော်များအားဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် စတုဒိသာထမင်းကျွေးမွေးလှူဒါန်းခြင်း၊ညနေ ၆း၃၀နာရီမှ ၉း၃၀ နာရီအထိ ကရဝိက်နန်းတော်၊ ဥတ္တရခန်းမတွင် မိတ်ဆုံစားပွဲကျင်းပခြင်း၊

နေပြည်တော် ၇-၄-၂၀၁၈ရက်၊ နံနက်၆နာရီ၊မြို့တော်ဂေါက်ကွင်း(နေပြည်တော်) တွင် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပခြင်း၊နံနက်၉နာရီ၊ တိုင်းရင်းဆေးရုံ(နေပြည်တော်)တွင် အလှူပြုလုပ်ခြ င်း၊ ညနေ ၆း၃၀နာရီမှ ၉း၃၀နာရီအထိ နေပြည်တော်တွင် မိတ်ဆုံစားပွဲကျင်းပခြင်း၊ Sky Palace Hotel, Hotel Zone(1)

ပြင်ဦးလွင် ၇-၄-၂၀၁၈ရက်၊ နံနက် ၈း၃၀နာရီ၊ ပြင်ဦးလွင်မြို့၊ ဇိနမာန်အောင်စေတီရှိ အရံစေတီ(၁၀)ဆူအားရွှေသင်္ကန်းလှူဒါန်းခြင်း၊ ဟသ်ာဖူးစေတီတော်ဝင်းတွင် တံတိုင်းလှူဒါန်းခြင်းစသည့်ဒါနအစုစုအတွက်၊ ပတ္တမြားကျောင်းတိုက်တွင် သံဃာတော်များအားဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့်တရားနာရေစက်ချခြင်း။ ညနေ ၅း၃၀နာရီမှ ၉း၃၀နာရီအထိ ရွှေနန်းထိုက်ဟိုတယ်တွင် မိတ်ဆုံစားပွဲကျင်းပခြင်း၊

**ဆက်သွယ်ရန်-** ရန်ကုန်-သိန်းဇော်ဝေ-ဖုန်း-၀၉-၅၀၅၂၄၆၁၊ နေပြည်တော်-သက်နောင်-ဖုန်း-၀၉-၄၃၀၇၉၂၇၈၊ ပြင်ဦးလွင်-နေလင်းထွန်း-ဖုန်း-၀၉-၇၉၈၂၁၈၉၀၀

## ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဝင်များ သိစေရန်

နိုင်ငံတော်၏အကျိုးစီးပွားနှင့် အသင်းသူ/အသင်းသားရွှေလုပ်ငန်းရှင်များ၏ အကျိုးစီးပွားများ ပိုမိုဖြစ်ထွန်းလာနိုင်စေရန်အတွက် လက်ရှိလည်ပတ်နေသော ဈေးကွက်စနစ်အား ခေတ်နှင့်အညီပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန်အစီအစဉ်များ ရှင်းလင်းတင်ပြလိုပါသဖြင့် အထူးအစည်းအဝေးသို့ အောက်ပါအစီအစဉ်အတိုင်း မပျက်မကွက် ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၄-၄-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)
**နေရာ** - ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံးခန်း
**အချိန်** - နံနက် ၉ နာရီ

**မှတ်ချက်။** ။ နှစ်စဉ်ကြေးပေးသွင်းရန် ကျန်ရှိနေသော အသင်းသူ/အသင်းသားများလည်း အသင်းရုံးခန်းသို့ ဆက်သွယ်ပေးသွင်းကြပါရန်။

**အလုပ်အမှုဆောင်အဖွဲ့**
**ရန်ကုန်တိုင်းဒေသကြီးရွှေလုပ်ငန်းရှင်များအသင်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာနတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် လိုအပ်လျက်ရှိသော အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းများဆောက်လုပ်ခြင်းနှင့် ပစ္စည်းဝယ်ယူခြင်းကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| ကတ္တရာလမ်း | - (၆)လမ်း |
| ကွန်ကရစ်လမ်း | - (၇)လမ်း |
| စက်ရေတွင်း | - (၁)ခု |
| မြေထိန်းနံရံ | - (၁)ခု |
| အုတ်စီရေမြောင်း | - (၃)ခု |
| ကတ္တရာ(၈၀/၁၀၀) | - (၁၅၀၀)တန် |
| ဘိလပ်မြေ | - (၁၀၀၀၀၀)အိတ် |
| မိလ္လာရေစုပ်စုပ်ယာဉ် | - (၁)စီး |
| အမှိုက်သိမ်းယာဉ်(Dump Truck) | - (၁၇)စီး |
| ဖုန်စုပ်အမှိုက်သိမ်းယာဉ် | - (၃)စီး |

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။

(က)တင်ဒါလျှောက်လွှာရယူရန်(၂-၄-၂၀၁၈)မှ (၃၀-၄-၂၀၁၈)ထိ

(ခ)တင်ဒါတင်သွင်းရန် (၃၀-၄-၂၀၁၈) ရက် ၁၆း၀၀ နာရီနောက်ဆုံး

၃။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၊ မုံရွာမြို့၊ ဖုန်း-၀၇၁-၂၃၁၅၂၊ ၀၇၁-၂၂၂၄၈၊ ၀၇၁-၂၂၈၈၆ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၇-၂၀၁၈ ပညာသင်နှစ်၊ (၃)ထပ်ကွမ်း လူရည်ချွန်အဖြစ် အထက(၂) ကမာရွတ်၊ တက္ကသိုလ်ဝင်တန်း(A)မှ မအေးဘုန်းပြည့်ချို ရွေးချယ်ခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

**ကျောင်းအုပ်ဆရာမကြီးနှင့်ဆရာမများ**
**မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်များ**
**အထက(၂)ကမာရွတ်**

## GWH M &E Engineering Co.,Ltd. တွင် ခန့်ထားရန်အတွက် ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

မီးလုပ်ငန်းကျွမ်းကျင် ကျား (၁၀)ဦး
ရေလုပ်ငန်းကျွမ်းကျင် ကျား (၁၀)ဦး

အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

တိုက်(C)၊ အခန်း(၁၁၀၆)၊ ၁၁လွှာ၊ ပုလဲကွန်ဒို၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

**ဖုန်း-၀၉-၄၅၉၁၁၇၃၈၉၊ ၀၉-၂၅၀၄၁၂၂၅၅**

## တစ်ဦးတည်းဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

ဒီးဖော့ဆိုမြို့နယ်၊ ဒေါကော့ကျေးရွာနေ ဒေါ်တာမငယ် ထခွဲ နဝမတန်း(A)တွင် ပညာသင်ကြားနေသော အဖ ဦးဖဲဘူး၏သား မောင်စိုးပိုင် ၂/ဒမဆ(နိုင်)၀၆၉၉၁၅ နှင့် မောင်စိုးရယ်မှာ တစ်ဦးတည်းဖြစ် ကြောင်းနှင့် ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၄-၂၀၀၂ ဖြစ်ပါကြောင်း။ **မောင်စိုးရယ်(ခ)စိုးပိုင်**

## ဥတုရာသီ တောကိုမှီ

## မိခင်အမည်မှန်

တောင်ဥက္ကလာပမြို့နယ်၊ အထက(၁) ဒုတိယတန်း(ခ)မှ မဇင်ဇင်ဇော်မြင့်နှင့် ပထမတန်း(ခ)မှ မောင်အောင်မျိုးဟိန်းတို့၏ မိခင်အမည်မှန်မှာ ဒေါ်သက်သက်ဝေ ၇/သဝတ (နိုင်) ၁၃၄၁၄၁ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ပုသိမ်မြို့၊ (၁)ရပ်ကွက်၊ ကွမ်းခြံရပ်၊ အမှတ် ၃၇၉နေ ဦးထွန်းထွန်းနိုင် ၁၄/ပသန(နိုင်)၂၉၇၅၆၈ ၏သမီး မရွှေရည်ဖူးဖူးနိုင်အစား မခင်ယွန်းစံဟု ပြောင်းလဲခေါ်ပါရန်။

## အမှားပြင်ဆင်ချက်

(၂၄-၃-၂၀၁၈)ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၈)တွင် အများသိစေရန် ကြေညာချက်၌ ဒေါ်နုနုစိန်နေထိုင်သည်မှာ တိုက်A-2၊ အခန်း (၁၀၇) အစား တိုက် A-2၊ အခန်း(၂၀၇)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာခိုင် (LL.B)D.L.P, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၀၉၅)**
**ဖုန်း-၀၉-၄၂၁၀၀၅၈၆၇**

## CLAIMS DAY NOTICE
## M.V MERCURY LEADER VOY:NO(8)

Consignees of cargo carried by M.V MERCURY LRADER VOY:NO(8) are here by notified that the vessel will arrive on about 3-4-18 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါပစ္စည်းများကိုORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

# ကိုစတာရီကာ သမ္မတရွေးကောက်ပြိုင်ပွဲတွင် ကာလို့စ်အယ်ဗာရာဒိုအနိုင်ရရှိ

**ဆန်ဟိုဆေး မေ ၂**

အာဏာရ နိုင်ငံသားလုပ်ရှားမှုပါတီမှ ရွေးချယ်ခံပုဂ္ဂိုလ် ကာလို့စ်အယ်ဗာရာဒိုသည် ကိုစတာရီကာ သမ္မတရွေးကောက်ပြိုင်ပွဲတွင် ထောက်ခံမဲ ၆၀ ဒသမ ၇၄ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့ကြောင်း ရွေးကောက်ပွဲရုံးမှ ထုတ်ပြန်သော နောက်ဆုံးရလဒ်များအရ သိရသည်။

မဲပမာဏ ၉၅ ဒသမ ၅၈ ရာခိုင်နှုန်းရေတွက်ပြီးချိန်တွင် ကာလို့စ်အယ်လ်ဗာရာဒိုမှာ စုစုပေါင်း ၆၀ ဒသမ ၇၄ ရာခိုင်နှုန်းရရှိခဲ့ခြင်းဖြစ်ပြီး ၎င်း၏ပြိုင်ဘက် ပရိုတက်စတင့်အဖွဲ့ဝင် အမျိုးသားပြန်လည်ထူထောင်ရေးပါတီမှ ဖယ်ဘရီစီယိုအယ်လ်ဗာရာဒိုက ထောက်ခံမဲ ၃၉ ဒသမ ၂၆ ရာခိုင်နှုန်းသာ ရရှိခဲ့ကြောင်း သိရသည်။

အမျိုးသားပြန်လည်ထူထောင်ရေးပါတီမှ ဖယ်ဘရီစီယိုအယ်လ်ဗာရာဒိုကၡင်း၏ ထောက်ခံသူများကို ပြောကြားရာတွင် ၎င်းအနေဖြင့်ရှုံးနိမ့်မှုကို ဝန်ခံကြောင်း၊ သို့သော်လည်း “သူ့ရဲ့လှုပ်ရှားဆောင်ရွက်မှုများမှာ ရှုံးနိမ့်သွားမည်မဟုတ်ကြောင်း” ပြောခဲ့သည်။

ထို့အတူ ၎င်း၏ဆောင်ရွက်ချက်များမှာ ကိုစတာရီကာရှိ ပြဿနာများကို ဖြေရှင်းရန် ကူညီဖို့ပင်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ အမျိုးသားပြန်လည်ထူထောင်ရေးပါတီ မှ ဖယ်ဘရီစီယိုအယ်လ်ဗာရာဒိုက လိင်တူလက်ထပ်မှုကို ဆန့်ကျင်ပြီး နိုင်ငံ၏စည်းမျဉ်းများ၊ တန်ဖိုးများကို ကယ်တင်မှုများဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

အာဏာရ နိုင်ငံသားလှုပ်ရှားမှုပါတီမှ ရွေးချယ်ခံပုဂ္ဂိုလ် ကာလို့စ်အယ်ဗာရာဒို (ဝန်ကြီးဟောင်း) က လိင်တူလက်ထပ်ခြင်းကို ဦးစားပေးခဲ့ပြီး အမျိုးသားပြန်လည်ထူထောင်ရေးပါတီမှ ဖယ်ဘရီစီယိုအယ်လ်ဗာရာဒိုကိုလည်း အစိုးရအတွက် ကောင်းမွန်သော အစီအစဉ်မရှိဟု ပြောခဲ့သည်။

**ဆင်ဟွာ**




# မတ်လ လစ်ဗျားပဋိပက္ခအတွင်း အရပ်သားငါးဦးသေဆုံးပြီး ၁၁ ဦး ဒဏ်ရာရ

**ထရီပိုလီ မေ ၂**

လစ်ဗျားနိုင်ငံ ပဋိပက္ခတိုက်ပွဲများကြောင့် မတ်လအတွင်း အရပ်သားငါးဦး သေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ကုလသမဂ္ဂ ကျောထောက်နောက်ခံပြုထားသည့် UNSMIL အဖွဲ့က မေ ၁ ရက်က ပြောခဲ့သည်။

မတ် ၁ ရက်မှ ၃၁ ရက်အထိ လစ်ဗျားနိုင်ငံတစ်ဝန်းဖြစ်ပွားနေသော တိုက်ခိုက်မှုများကြောင့် အရပ်သား ထိခိုက်သေဆုံးစာရင်း ၁၆ ဦး ရှိကြောင်း၊ ၎င်းတို့အနက် ငါးဦးသေဆုံးပြီး ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ လွန်ခဲ့သော နှစ်လက သေဆုံးဒဏ်ရာရစာရင်းဖြင့် နှိုင်းယှဉ်ပါက ကိန်းဂဏန်း လျော့နည်း သွားကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ပစ်ခတ်မှု၊ ကားဗုံးခွဲတိုက်ခိုက်မှု၊ ဗုံးပေါက်ကွဲမှုများကြောင့် အရပ်သား ထိခိုက်သေဆုံးမှုများ ဖြစ်ပေါ်ခဲ့ရကြောင်း UNSMILအဖွဲ့အစီရင်ခံစာတွင် ရေးသား ဖော်ပြထားသည်။ **ဆင်ဟွာ**




# မြောက်ကိုရီးယားက ဂျပန်နိုင်ငံသားများအား ပြန်ပေးဆွဲမှု ရှင်ဇိုအာဘေးက ဒေါ်နယ်ထရန့်အား အကူအညီတောင်း

**တိုကျို မေ ၂**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အား ဂျပန်နိုင်ငံသားများကို မြောက်ကိုရီးယားနိုင်ငံက ပြန်ပေးဆွဲမှုအား ကူညီပေးရန် တောင်းဆိုလိုက်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးအနေဖြင့် လာမည့် မေ ၁၇ ရက်မှ ၂၀ ရက်အထိ အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါသို့ အလည်အပတ်သွားရန် မျှော်မှန်းထားကြောင်း ပြောခဲ့သည်။ ပြန်ပေးဆွဲသည့် ကိစ္စအား အမေရိကန်သမ္မတဒေါ်နယ်ထရန့်နှင့် တွေ့ဆုံစဉ် နှစ်ရက်ကြာခန့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် မြောက်ကိုရီးယားနှင့် ပတ်သက်သော မူဝါဒများကိုလည်း ထည့်သွင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း အဆိုပါကိစ္စမှာ နှစ်နိုင်ငံအတွက် အရေးကြီးသော ကိစ္စလည်းဖြစ်ကြောင်း အာဘေးက ပြောကြားခဲ့သည်။

မြောက်ကိုရီးယားက ဂျပန်နိုင်ငံသားများကို ပြန်ပေးဆွဲခဲ့သည့် ကိစ္စအား အမေရိကန်-မြောက်ကိုရီးယား ဆွေးနွေးပွဲတွင် အမေရိကန်သမ္မတအနေဖြင့် ကူညီနိုင်ရန် ဂျပန်ဝန်ကြီးချုပ် အာဘေးက တောင်းဆိုထားကြောင်းသိရသည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နျူကလီးယားလက်နက်ကို မစွန့်လွှတ်မချင်း ဂျပန်ဝန်ကြီးချုပ် အာဘေးက သူ့အနေဖြင့် ဆက်လက်ပြီး လေးလေးနက်နက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ဒုတိယကမ္ဘာစစ်က နစ်မြုပ်ခဲ့သော ဗြိတိသျှစစ်သင်္ဘောကို သီရိလင်္ကာရေတပ်က ဆယ်ယူနိုင်ခဲ့

**ကိုလံဘို မေ ၂**

သီရိလင်္ကာရေတပ် ရေငုပ်အဖွဲ့တစ်ခုမှ ဒုတိယကမ္ဘာစစ်အတွင်းက သီရိလင်္ကာနိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်း ထရင်ကိုမာလီဆိပ်ကမ်း၌ နစ်မြုပ်ခဲ့သော ဗြိတိသျှစစ်သင်္ဘော အက်စ်အက်စ်စစ်ကိုင်းကို ဆယ်ယူနိုင်ခဲ့ကြောင်း သီရိလင်္ကာရေတပ်က မေ ၁ ရက်တွင် ကြေညာချက်တစ်စောင် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါသင်္ဘောသည် ဆိပ်ကမ်း၌ ကျောက်ချထားစဉ် ၁၉၄၂ခုနှစ် ဧပြီ ၉ ရက်က ဂျပန်စစ်တပ်၏ ဗုံးကြဲတိုက်ခိုက်ခြင်းခံရပြီး မီးလောင်ကျွမ်းသွားကြောင်း၊ ထိုအချိန်မှစကာ အသုံးပြုခြင်းမရှိတော့ကြောင်း သိရသည်။

ရေတပ်သင်္ဘောသားများအတွက် ဆိပ်ခံထောက်တိုင်အဖြစ် အသုံးပြုနေစဉ် ၁၉၄၃ခုနှစ် ဩဂုတ် ၂၄ ရက်က အဆိုပါသင်္ဘောမှာ ရေအောက်သို့ နစ်မြုပ်သွားခဲ့ခြင်းဖြစ်သည်။

သင်္ဘောပျက်ဆယ်ယူရေးလုပ်ငန်းစဉ်ကို သီရိလင်္ကာရေတပ်က ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ သင်္ဘောဆယ်ယူရေးနှင့် အပျက်အစီးပုံရှင်းလင်းရေးအတွက် အရှေ့ပိုင်းတိုင်း ရေတပ်ဌာနချုပ်ကို တာဝန်ပေးထားကြောင်း သီရိလင်္ကာရေတပ် တာဝန်ရှိသူများက ပြောခဲ့သည်။ သင်္ဘောဆယ်ယူရေးလုပ်ငန်းစဉ်ကို လပေါင်းများစွာ လုပ်ဆောင်ခဲ့ရကြောင်း သိရသည်။ **ဆင်ဟွာ**



## နိုင်ငံတကာ သတင်းတိုထွာ

### အင်အားကြီးတိုင်ဖွန်းမုန်တိုင်း တိုက်ခတ်ပါက တိုကျိုမြို့ သုံးပုံတစ်ပုံခန့် ရေမြုပ်နိုင်

**တိုကျို ဧပြီ ၂**

အကယ်၍ အင်အားကြီးတိုင်ဖွန်းမုန်တိုင်း တိုက်ခတ်ပါက တိုကျိုအလယ်ပိုင်း သုံးပုံတစ်ပုံသည် ရေအောက်သို့ ရောက်ရှိနိုင်ကြောင်းနှင့် လူလေးသန်းထက်မနည်း ဘေးဒုက္ခကြုံတွေ့နိုင်ကြောင်း လေ့လာမှုစစ်တမ်းသစ်တစ်ခုက ဆိုထားသည်ဟု ဒေသဆိုင်ရာအာဏာပိုင်များက သတိပေးခဲ့သည်။

တိုကျိုအစိုးရသည် အမြင့်ဆုံး ဒီရေလှိုင်းများအပါအဝင် တိုင်ဖွန်းကြောင့် ပျက်စီးနိုင်သည့် ဂျပန်မြို့တော်အကြောင်းကို ပထမဆုံးခန့်မှန်းမှုပြုခဲ့ခြင်းဖြစ်သည်။

လေ့လာမှုစစ်တမ်းအရ ဂျပန်နိုင်ငံမြို့တော် အလယ်ပိုင်း ၂၁၂ စတုရန်းကီလိုမီတာ (၈၅ စတုရန်းမိုင်) သို့မဟုတ် သုံးပုံတစ်ပုံသည် အကယ်၍ အင်အားပြင်းတိုင်ဖွန်းမုန်တိုင်းတိုက်ခတ်ခဲ့ပါက အမြင့်ဆုံးဒီရေလှိုင်းမှာ ၁၀ မီတာ (၃၃ ပေ) အထိ ရောက်ရှိနိုင်ကြောင်း သိရသည်။

အကယ်၍ ဒီရေလှိုင်းအမြင့်ပေ ဖော်ပြခဲ့သည့် ပမာဏလောက် ရောက်ရှိခဲ့မည်ဆိုပါက လူပေါင်း ၃ ဒသမ ၉၅ သန်းခန့်ဘေးဒုက္ခကြုံတွေ့နိုင်ကြောင်း၊ စီးပွားရေးနှင့် ဖျော်ဖြေရေးဆိုင်ရာ နေရာများ၊ အဓိကဘူတာရုံများလည်း ရေလွှမ်းမိုးနိုင်ကြောင်း သိရသည်။ တိုကျိုတွင် စုစုပေါင်း လူဦးရေ ၁၃ ဒသမ ၇ သန်းခန့် နေထိုင်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

### စတီဗင်ဟော့ကင်းစျာပန ကြေကွဲမှုထောင်သောင်းမကရှိ

**ကိန်းဘရစ် ဧပြီ ၂**

ကိန်းဘရစ် စိန့်မေရီဘုရားရှိခိုးကျောင်း ပြင်ပ၌ ထောင်သောင်းမကသောသူများ မတ် ၃၁ ရက်က စုစည်းခဲ့ကြပြီး တစ်ခေတ်တစ်ခါ လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့သော သိပ္ပံဂုရုကြီးတစ်ဦးဖြစ်သူ စတီဗင်ဟော့ကင်း စျာပနအတွက် ဝမ်းနည်းခဲ့ကြကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

စတီဗင်ဟော့ကင်း၏ ရုပ်ကလာပ်အား ကိန်းဘရစ် ကင်းပရိတ်လမ်းမှ ဘုရားရှိခိုးကျောင်းထဲသို့ ဝမ်းနည်းပူဆွေးမှုပေါင်းများစွာဖြင့် သယ်ဆောင်ခဲ့သည်။ စတီဗင်ဟော့ကင်း စျာပနနှင့် ပတ်သက်ပြီး ဟော့ကင်းပညာရေးစံအိမ်၊ ဂွန်ဗီလီနှင့် ကိုင်းယုက်ကောလိပ် နာယက ဒေါက်တာ ကယ်လီဟမ်မွန့်ဒ်က မမြဲသော ဖြစ်တည်မှုအကြောင်း ဖော်ပြခဲ့သည်။

ပါမောက္ခ ဟော့ကင်းကဲ့သို့သော လူမျိုးကို ဘဝမှာ တစ်ခါမှမတွေ့ဖူးသေးကြောင်း၊ ဟော့ကင်းသည် ဉာဏ်ပညာနှင့် ကရုဏာတရားပြည့်ဝသော လူတစ်ဦးဖြစ်ကြောင်း ကိန်းဘရစ်ကျောင်းသားဟောင်းတစ်ဦးဖြစ်သူ ကာရန်စမတ်က ပြောခဲ့သည်။

အသက် ၇၆ နှစ်ရှိ စတီဗင်ဟော့ကင်းသည် ၎င်း၏ နေအိမ်၌ မတ် ၁၄ ရက်က ကွယ်လွန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ပါလက်စတိုင်းပြည်သူတွေ အထိနာလာတဲ့ အစ္စရေး-ပါလက်စတိုင်းအရေး

**ကလျာမိုးမြင့်**



“အစ္စရေးတပ်ဖွဲ့ဝင်တွေဟာ ရုန်းရင်းဆန်ခတ်ဖြစ်ပွားမှုတွေကို ဖြိုခွင်းဖို့အတွက် အဓိကလှုံ့ဆော်သူတွေဆီကို သေနတ်တွေနဲ့ ပစ်ခတ်ခဲ့ကြပါတယ်၊ ခြံစည်းရိုးဆီကို ဗုံးတွေ၊ ကျောက်တုံးတွေနဲ့လည်း ပစ်ခတ်ခဲ့ကြပါတယ်၊ နယ်စပ်ခြံစည်းရိုးကို ချိုးဖျက်ဖို့ ဒါမှမဟုတ် ထိခိုက်ပျက်စီးအောင်လုပ်ဖို့ ကြိုးစားသူမှန်သမျှ သေကုန်ကြတာပဲ”

ဂါဇာကမ်းမြောင်ဒေသအတွင်းမှာ ရှိနေတဲ့ အကြမ်းဖက်အုပ်စုပစ်မှတ်တွေကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်မယ်လို့အစ္စရေးတပ်မတော်က သတိပေးထားပါတယ်။ ဂါဇာကို ထိန်းချုပ်နေတဲ့ ဟားမားစ်စစ်သွေးကြွအုပ်စုဟာ ပါလက်စတိုင်းပဋိပက္ခနဲ့ အစ္စရေးကို တိုက်ခိုက်မှုတွေလုပ်ဖို့ အကာအကွယ်တစ်ခုလို အသုံးချနေတာလို့ အစ္စရေးကာကွယ်ရေး အင်အားစုရဲ့ ဗိုလ်မှူးချုပ် ဘရစ်ဂန်ရိုနန်မနီလစ်က ဂျာနယ်လစ်တွေကို ပြောကြားခဲ့ပါတယ်။

ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အာဘတ်စ်က သောကြာနေ့မှာ ဖြစ်ပွားခဲ့တဲ့ သွေးထွက်သံယိုဖြစ်ပွားမှုတွေအတွက် အစ္စရေးမှာ အပြည့်အဝတာဝန်ရှိတယ်လို့ ဆိုပါတယ်။ ဂါဇာနယ်စပ်မှာ အစ္စရေးတပ်ဖွဲ့ဝင်တွေရဲ့ သတ်ဖြတ်မှုကြောင့် ပါလက်စတိုင်း ၁၆ ဦး သေဆုံးသွားခဲ့ပါတယ်။ ဒီသေဆုံးမှုဟာဆိုရင် ၂၀၁၄ ခုနှစ် ဂါဇာစစ်ပွဲဖြစ်ပွားပြီးချိန်ကစပြီး အစ္စရေးနဲ့ ပါလက်စတိုင်းပဋိပက္ခအတွင်းမှာ အသေအပျောက်အများဆုံးနေ့တစ်နေ့လို့ ဆိုနိုင်ပါတယ်။ အရေးပေါ်အစည်းအဝေးတစ်ရပ် ခေါ်ယူပြီးနောက် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဒီကိစ္စကို အကြမ်းဖက်မှုတစ်ခုအဖြစ် ဝေဖန်ရှုတ်ချခဲ့ပါတယ်။

**ပါလက်စတိုင်းပြည်သူတွေ ဆန္ဒပြကြ**

ရက်သတ္တပတ် ခြောက်ပတ်ကြာအောင် ဖြစ်ပွားတဲ့ ဆန္ဒပြမှုတွေရဲ့ အစမှာ ထောင်နဲ့ချီတဲ့ ပါလက်စတိုင်းသားတွေဟာ နယ်စပ်ဆီကို စုဝေးချီတက်ခဲ့ကြပြီး အဲဒီစုဝေးချီတက်မှုကို The Great March of Return လို့ အမည်ပေးခဲ့ကြပါတယ်။ အစ္စရေးကို တည်ထောင်တဲ့ နှစ် ၇၀ ပြည့် နှစ်ပတ်လည်နေ့မတိုင်မီမှာ ဆန္ဒပြမှုတွေ ပေါ်ထွက်လာတာ ဖြစ်ပါတယ်။ အဓိကရုဏ်းစဖြစ်ပြီးနောက် တပ်ဖွဲ့ဝင်တွေက သေနတ်နဲ့ ပစ်ခတ်ခဲ့ကြတယ်လို့ အစ္စရေးအာဏာပိုင်တွေက ပြောပါတယ်။ ကုလသမဂ္ဂရဲ့ ပြောပြချက်အရ ဒဏ်ရာရရှိသူ တစ်ရာကျော်လောက်ရှိတယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့ စနေနေ့တုန်းက အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုဟာ အစ္စရေးနယ်စပ်ကို စောင့်ကြပ်ခဲ့ကြတဲ့ တပ်မတော်သားတွေကို ချီးမွမ်းခဲ့ပြီး အားလပ်ရက်ကို ငြိမ်းချမ်းစွာ ဆင်နွှဲစေခဲ့ပါတယ်။ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က သောကြာနေ့မှာ ဖြစ်ပွားခဲ့တဲ့ ရုန်းရင်းဆန်ခတ်ဖြစ်ပွားမှုတွေကို လွတ်လပ်စွာ စုံစမ်းစစ်ဆေးဖို့ တိုက်တွန်းခဲ့ပါတယ်။

**ဟားမားစ်အဖွဲ့ရဲ့ အကြမ်းဖက်လုပ်ရပ်တစ်ခုလား**

ကုလသမဂ္ဂ မူဝါဒရေးရာ ဒုတိယအကြီးအကဲ တာရီဘရှတ်ဇီရီဟွန်က အစ္စရေးဟာ နိုင်ငံတကာလူ့အခွင့်အရေးနဲ့ လူသားချင်းစာနာထောက်ထားမှုဥပဒေတွေရဲ့ အောက်မှာ တာဝန်ရှိတဲ့အတိုင်း ဆောင်ရွက်ရလိမ့်မယ်လို့ လုံခြုံရေးကောင်စီကို ပြောကြားခဲ့ပါတယ်။ အစ္စရေးနိုင်ငံဆိုင်ရာ ကုလသမဂ္ဂသံတမန် ဒန်နီဒါနွန်က သွေးထွက်သံယိုဖြစ်ရမှုတွေဟာ ဟားမားစ်အဖွဲ့ကြောင့်သာ ဖြစ်တယ်လို့ အပြစ်တင်ပါတယ်။ နောက်ပိုင်းမှာ ဂန်ရိုနန်မနီလစ်က သောကြာနေ့က အဖြစ်အပျက်တွေဟာ ဆန္ဒပြဖော်ထုတ်မှုမဟုတ်ဘူး။ ဒါပေမယ့် အစီအစဉ်ချထားတဲ့ ဟားမားစ်အဖွဲ့ရဲ့ အကြမ်းဖက်လုပ်ရပ် ဖြစ်တယ်လို့ ဖွင့်ဟခဲ့ပါတယ်။

ဒီကိစ္စ ဆက်ဖြစ်နေဦးမယ်ဆိုရင် မိမိတို့မှာ ရွေးချယ်စရာမရှိတော့ဘူး။ ဒီကိစ္စရဲ့ နောက်ကွယ်မှာရှိနေတယ်လို့ မိမိတို့ သိနားလည်ထားတဲ့ ဂါဇာဒေသအတွင်းက အကြမ်းဖက်ပစ်မှတ်တွေကို တုံ့ပြန်သွားဖို့ လုပ်ရလိမ့်မယ်လို့ ၎င်းက သတိပေးလာပါတယ်။ စနေနေ့မှာ ပါလက်စတိုင်းနိုင်ငံသားတွေဟာ သေဆုံးသွားတဲ့ ပါလက်စတိုင်းပြည်သူတွေအတွက် ဝမ်းနည်းပူဆွေးခဲ့ကြပြီး ထောင်နဲ့ချီတဲ့ပြည်သူတွေ စျာပနအခမ်းအနား တက်ရောက်ခဲ့ကြပါတယ်။

ရာပေါင်းများစွာသော ဆန္ဒပြပြည်သူတွေဟာ ဆန္ဒထုတ်ဖော်မှုတွေ ပြန်လည်စတင်ဖို့ ပြင်ဆင်တဲ့အနေနဲ့ နယ်စပ်အနီးမှာရှိတဲ့ မြို့ကြီးတစ်မြို့ဆီကို ပြန်သွားနေကြတယ်လို့ အေအက်ဖ်ပီသတင်းအရ သိရပါတယ်။ ဂါဇာကမ်းခြေတစ်လျှောက်မှာ စနေနေ့ကပဲ လတ်လတ်ဆတ်ဆတ် ဖြစ်ပွားလိုက်တဲ့ ရုန်းရင်းဆန်ခတ်မှုတွေအတွင်းမှာ လူ ၁၅ ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။

**ပဋိပက္ခအတွင်းမှာ ဘယ်သူတွေ အသက်ခံလိုက်ရသလဲ**

ပထမဆုံး သေဆုံးသွားတဲ့သူက အိုမာဆာမော (အသက် ၂၇) ဖြစ်ပြီး အစ္စရေးတို့ရဲ့ လက်နက်ကြီးပစ်ခတ်မှုအတွင်းမှာ သေဆုံးသွားတဲ့ ပါလက်စတိုင်းလယ်သမားတစ်ဦးပါ။ ဆန္ဒပြပွဲမစတင်မီ သောကြာနေ့ အစောပိုင်းမှာ ခန်ယိုးနစ်အနီးက ၎င်းရဲ့မြေယာမှာ အလုပ်လုပ်နေခဲ့တဲ့အချိန်မှာ လက်နက်ထိမှန်သေဆုံးသွားခဲ့ပါတယ်။ တခြားသေဆုံးသူတွေ အများစုဟာ အသက် ၄၀ အောက် အမျိုးသားတွေဖြစ်ကြပြီး မြောက်ပိုင်းရှိ ဂျာဗာလီယာကနေ တောင်ပိုင်းရှိ ရာဖာအထိ ၆၅ ကီလိုမီတာရှည်လျားတဲ့ နယ်စပ်ခြံစည်းရိုးတစ်လျှောက်မှာ သေနတ်နဲ့ ပစ်ခတ်ခံရပြီး သေဆုံးခဲ့ကြပါတယ်။ ဟားမားစ်အဖွဲ့က သေဆုံးသူတွေထဲက ငါးဦးဟာ အစ်ဇီဒင်းအယ်လ်ကွာဆမ် တပ်မဟာအဖွဲ့ရဲ့အဖွဲ့ဝင်တွေဖြစ်တယ်လို့ ပြောကြားခဲ့တယ်လို့ အစ္စရေးမီဒီယာက ဖော်ပြပါတယ်။

ရက်သတ္တပတ် ခြောက်ပတ်ကြာမြင့်တဲ့ ဆန္ဒဖော်ထုတ်မှုရဲ့အစမှာ ထောင်နဲ့ချီတဲ့ ပါလက်စတိုင်းပြည်သူတွေဟာ နယ်စပ်ဆီကို စုဝေးချီတက်လာခဲ့ကြပါတယ်။ ရည်ရွယ်ချက်ကတော့ ဆန္ဒပြသူတွေဟာ ၁၉၄၈ ခုနှစ်မှာ အစ္စရေးနိုင်ငံကို တည်ထောင်ခဲ့ချိန်က ၎င်းတို့ရဲ့မိသားစုဝင်တွေကို နှင်ထုတ်ခဲ့ကြတဲ့ မြို့ငယ်တွေနဲ့ ကျေးရွာတွေဆီကိုပြန်သွားဖို့အခွင့်အရေးကို အခိုင်အမာတောင်းဆိုဖို့ ဖြစ်ပါတယ်။

ဟားမားစ်အဖွဲ့ကတော့ အစ္စရေးကို အသိအမှတ်မပြုပါဘူး။ ဒါပေမယ့် ပြီးခဲ့တဲ့နှစ်ကတော့ ဂါဇာနဲ့ အနောက်ဘက်ကမ်းကို ပိုင်းခြားထားတဲ့ ကြားနိုင်ငံတစ်ခုအနေနဲ့ ပါလက်စတိုင်းကို အသိအမှတ်ပြုလက်ခံမယ်လို့ အဖွဲ့က ပြောထားခဲ့တာ ရှိပါတယ်။ ပါလက်စတိုင်းပြည်သူတွေဟာ ဆန္ဒပြဖို့အတွက် မြောက်ပိုင်းရှိ Beit Hanoun ကနေ အီဂျစ်နယ်စပ်အနီး ရာဖာအထိ နယ်စပ်တစ်လျှောက်အနီးမှာ စခန်းငါးခုစိုက်ထူခဲ့တယ်။ ဒီတော့ ဂါဇာနယ်စပ်အနီးမှာ အင်အားဖြည့်တင်းနေတဲ့ အစ္စရေးကာကွယ်ရေးအင်အားစု (IDF) က ဆန္ဒပြမှုတွေကို ထိန်းချုပ်ဖို့ ချထားတဲ့ တပ်ဖွဲ့ဝင်အရေအတွက်ကို နှစ်ဆလောက် တိုးမြှင့်လိုက်ပါတယ်။

**နှစ်ဖက်စလုံးရဲ့ ဖော်ပြချက်များ**

နယ်စပ်ခြံစည်းရိုးအနီးက တည်နေရာခြောက်ခုမှာ ပါလက်စတိုင်းပြည်သူ ၁၇၀၀၀ လောက်ရှိတယ်လို့ အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က ပြောပါတယ်။ ဂါဇာအနီးတဝိုက်ဧရိယာထဲမှာ သီးသန့်စစ်ဇုန်တစ်ခုကို ထားရှိဖို့ လုပ်ဆောင်ခဲ့တယ်လို့လည်း ဆိုပါတယ်။ ဆန္ဒပြသူအများစုက စခန်းချထားတဲ့ နေရာတွေမှာ မနေကြပေမယ့် တချို့လူငယ်အုပ်စုတွေကတော့ ခြံစည်းရိုးကနေ ခပ်ဝေးဝေးနေကြဖို့ ဆန္ဒပြပွဲစီစဉ်သူတွေရဲ့ တိုက်တွန်းမှုကို အရေးမစိုက်ဘဲ အစ္စရေးတို့ရှိနေတဲ့ နေရာတွေနဲ့ နီးရာကို ဦးတည်ထွက်ခွာလာခဲ့ကြပါတယ်။

အစ္စရေးတပ်ဖွဲ့ဝင်တွေဟာ ရုန်းရင်းဆန်ခတ်ဖြစ်ပွားမှုတွေကို ဖြိုခွင်းဖို့အတွက် အဓိကလှုံ့ဆော်သူတွေဆီကို သေနတ်တွေနဲ့ ပစ်ခတ်ခဲ့ကြပါတယ်။ ခြံစည်းရိုးဆီကို ဗုံးတွေ၊ ကျောက်တုံးတွေနဲ့လည်း ပစ်ခတ်ခဲ့ကြပါတယ်။ နယ်စပ်ခြံစည်းရိုးကို ချိုးဖျက်ဖို့ ဒါမှမဟုတ် ထိခိုက်ပျက်စီးအောင်လုပ်ဖို့ ကြိုးစားသူမှန်သမျှ သေကုန်ကြတာပဲလို့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးရဲ့ ပြောကြားချက်ကို ဂျေရုဆလင်သတင်းပို့စ်တစ်ခုမှာ ဖော်ပြထားပါတယ်။

ပါလက်စတိုင်းဘက်ကတော့ အစ္စရေးဟာ အချိုးမကျတဲ့ အင်အားကို သုံးတယ်လို့ စွပ်စွဲထားပါတယ်။ သံချပ်ကာကားတွေနဲ့ စနိုက်ပါသေနတ်သမားတွေကိုလည်း ချထားတယ်။ ပြီးတော့ နေရာတစ်ခုမှာဆိုရင် မျက်ရည်ယိုဗုံးတွေချဖို့အတွက် ဒရုန်းယာဉ်တစ်စီးကို အသုံးပြုခဲ့တယ်လို့ မျက်မြင်သက်သေတစ်ဦးက ဆိုပါတယ်။ ပဋိပက္ခအတွင်းမှာ ပါလက်စတိုင်းပြည်သူ အယောက် ၁၄၀၀ ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။ ။

**ကိုးကား- အေအက်ဖ်ပီ၊ ဘီဘီစီ**

# ၂၀၁၈ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှ အဆက်*

(စ) နိုင်ငံတော်အတွင်း ဆောက်လုပ်ပြီးရောင်းချသည့် အဆောက်အအုံ ဆောက်လုပ်ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင် သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်။ အဆောက်အအုံဆောက်လုပ်ရောင်းချသူသည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများပါ တာဝန်ကိုလိုက်နာရမည်ဖြစ်ပြီး အခွင့်အရေးများ အားလုံးကိုလည်း ခံစားခွင့်ရှိစေရမည်။

(ဆ) ရွှေထည်လက်ဝတ်ရတနာများရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင် တစ်ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

၁၅။ (က) ပြည်တွင်းပြည်ပအဖွဲ့အစည်းများက လှူဒါန်းငွေ၊ ထောက်ပံ့ငွေ၊ ချေးငွေဖြင့်ဆောင်ရွက်သည့်လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ကုန်သွယ်လုပ်ငန်းခွန်ကိစ္စအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်။

(ခ) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် အောက်ဖော်ပြပါရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ ထက်မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန်စည်းကြပ်ခြင်းမပြုရ-

(၁) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေစုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၂) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေစုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၃) ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်းရောင်းရငွေစုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၄) အကောက်ခွန်လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များနှင့်အညီ အလျင်အမြန် ပေးပို့ထုတ်ယူလိုသည့် ကုန်စည်များအပေါ် အခွန်အခများ ကင်းလွတ်ခွင့်ပြုနိုင်သည့် အကောက်ခွန် ဦးစီးဌာန၏ အနိမ့်ဆုံးတန်ဖိုးသတ်မှတ်ချက် (Deminimis Value Threshold)။

၁၆။ မည်သူမဆို ဤဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်တစ်မျိုးမျိုးကို ထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် ဝန်ဆောင်မှုတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ခြင်းတို့မှ နိုင်ငံခြားငွေရရှိလျှင် အဆိုပါနိုင်ငံခြားငွေဖြင့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကို ဤဥပဒေပါသက်ဆိုင်ရာအခွန်နှုန်းများအတိုင်း တွက်ချက်၍ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများနှင့်အညီ ကျပ်ငွေဖြင့် ပေးဆောင်ရမည်။

၁၇။ (က) ပြည်ပသို့တင်ပို့ရောင်းချသည့် လျှပ်စစ်ဓာတ်အားအပေါ် ရှစ်ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံစိမ်းများအပေါ် ငါးရာခိုင်နှုန်းဖြင့်လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ကုန်စည်များမှအပ ကျန်ကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ်တွင် သုညရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်။ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကို ဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီ ခုနှိမ်နိုင်သည်။ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများတွင် မည်သို့ဆိုစေကာမူ ပြည်ပပို့ကုန်များနှင့် စပ်လျဉ်း၍ ပြည်ပသို့တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်သည် ကုန်စည်ကိုဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန် အောက်လျော့နည်းနေပါက ပြန်အမ်းငွေတောင်းခံနိုင်သည်။ သို့ရာတွင် ကိုယ်တိုင်သုံးစွဲရန်အလို့ငှာ ပြည်တွင်း၌ ဝယ်ယူပြီး ပြည်ပသို့ယူဆောင်သွားသည့် ကုန်စည်များနှင့် မသက်ဆိုင်စေရ။

(ဂ) ဤပုဒ်မပါပြဋ္ဌာန်းချက်များသည် မစည်းကြပ်ထိုက်သည့်ရောင်းရငွေ၊ ဝန်ဆောင်မှုရငွေ ပမာဏသတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၁၈။ ဤဥပဒေ၏အခန်း(၆) တွင်ဖော်ပြပါရှိသောစကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဤဥပဒေ၏ ပုဒ်မ ၁၊ ပုဒ်မခွဲ (ဂ)ပါစကားရပ်များမှအပ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်းဖြစ်စေရမည်။

## အခန်း (၇)
## ဝင်ငွေခွန်

၁၉။ (က) လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်း အထိရရှိသူဖြစ်လျှင် မည်သူ့ကိုမျှ ဝင်ငွေခွန်စည်းကြပ်ခြင်း မပြုရ။ ထိုသို့စည်းကြပ်ခြင်း မပြုသဖြင့် ကင်းလွတ်ခွင့်ရသည့်လစာဝင်ငွေဆိုင်ရာ သက်သေခံ အထောက်အထားကို တောင်းခံလာပါက သတ်မှတ်ချက်များနှင့်အညီ ပြည်တွင်းအခွန်များ ဦးစီးဌာနက ထုတ်ပေးရမည်။

(ခ) သို့ရာတွင် လစာမှနှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်း အထက်ရရှိသူဖြစ်လျှင် ရရှိသည့် လစာဝင်ငွေစုစုပေါင်းအပေါ်တွင် ဝင်ငွေခွန်ထမ်းဆောင်ရမည်။

(ဂ) လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်း အထက် ရရှိသူဖြစ်လျှင် သို့မဟုတ် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းနှင့် အခြားရလမ်းများမှ ဝင်ငွေဖြစ်လျှင် မည်သူ့ကိုမဆို စုစုပေါင်းဝင်ငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ ခုနှိမ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဝင်ငွေအလွှာအလိုက် စည်းကြပ်ရမည့် ဝင်ငွေခွန်နှုန်းထားများကို အောက်ပါအတိုင်းသတ်မှတ်သည်-

| အမှတ်စဉ် | ဝင်ငွေခွန်စည်းကြပ်ရန်ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| ၁ | ၁ | ၂၀၀၀၀၀၀ | ၀ ရာခိုင်နှုန်း |
| ၂ | ၂၀၀၀၀၀၁ | ၅၀၀၀၀၀၀ | ၅ ရာခိုင်နှုန်း |
| ၃ | ၅၀၀၀၀၀၁ | ၁၀၀၀၀၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၄ | ၁၀၀၀၀၀၀၁ | ၂၀၀၀၀၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၅ | ၂၀၀၀၀၀၀၁ | ၃၀၀၀၀၀၀၀ | ၂၀ ရာခိုင်နှုန်း |
| ၆ | ၃၀၀၀၀၀၀၁ နှင့် အထက် | | ၂၅ ရာခိုင်နှုန်း |

(ဃ) ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ မည်သူမဆို မြေငှားရမ်းခြင်း၊ အဆောက်အအုံငှားရမ်းခြင်းနှင့်အခန်းငှားရမ်းခြင်းတို့မှရရှိသော စုစုပေါင်းငှားရမ်းခရငွေအပေါ် ပုဒ်မ ၆အရ သက်သာခွင့်များ နုတ်ပယ်ပြီး ကျန်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်သီးခြားစည်းကြပ်ရမည်။ အခြားဝင်ငွေများနှင့်ပူးပေါင်း၍ ထပ်မံစည်းကြပ်ခြင်း မပြုရ။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့်ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်းများ၊ ကုမ္ပဏီများ၊ သမဝါယမအသင်းများဖြစ်ပါက အခွန်ထမ်းအမျိုးအစားအလိုက် သီးခြားသတ်မှတ်ပေးထားသော ဝင်ငွေခွန်နှုန်းများအတိုင်း ထမ်းဆောင်ရမည်။

(င) အစုစပ်လုပ်ငန်းများဖြစ်ပါက ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့် နုတ်ပယ်ပြီးနောက် ပုဒ်မခွဲ (ဂ) ဇယားပါ ဝင်ငွေခွန်နှုန်းထားများအတိုင်း ထမ်းဆောင်ရမည်။

(စ) ဤပုဒ်မပါဝင်ငွေခွန်နှုန်းများသည် ဝင်ငွေရရှိသူတစ်ဦးဦး သို့မဟုတ် ဝင်ငွေအမျိုးအစားတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ သီးခြားဝင်ငွေခွန်နှုန်းသတ်မှတ်ထားသည့် အခွန်ထမ်းများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂၀။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁) နှင့် (၂) တို့အရ အခြေခံသက်သာခွင့် ခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစားတစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့် ညီမျှသော ငွေဖြစ်ရမည်။ သို့ရာတွင်နှစ်တစ်နှစ်အတွက် အခြေခံသက်သာခွင့် ခွင့်ပြုငွေစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုစေရ။

၂၁။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့အရ အောက်ပါသက်သာခွင့် ခွင့်ပြုငွေကို ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ် (၂)ပါ တစ်ဦးချင်းပုဂ္ဂိုလ်၏ စုစုပေါင်းဝင်ငွေမှနုတ်ပယ်၍ ကျန်ငွေအပေါ်တွင်ဝင်ငွေခွန်စည်းကြပ်ရမည်-

(က) အတူနေမိဘတစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ၊

(ခ) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၁၀ သိန်း၊

(ဂ) သားသမီးတစ်ဦးလျှင် ကျပ် ၅ သိန်းစီ။

၂၂။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆နှင့် ၆-က တို့ အရ သက်သာခွင့်များမနုတ်မီ ပြည်ပနေနိုင်ငံသား၏ ကင်းလွတ်ခွင့်ရရှိသည့် ဝင်ငွေခေါင်းစဉ်မှတစ်ပါး နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်း ဝင်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၃။ (က) အောက်ဖော်ပြပါ အခွန်ထမ်းအမျိုးအစားများနှင့်ပတ်သက်၍ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရသက်သာခွင့်များ မနုတ်ပယ်မီ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်-

(၁) မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရဖြစ်စေ၊ ၁၉၅၀ပြည့်နှစ်အထူးကုမ္ပဏီအက်ဥပဒေ အရဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီ၊

(၂) ပြည်ပနေနိုင်ငံခြားသား၏ လစာခေါင်းစဉ်မှတစ်ပါး အခြားဝင်ငွေ၊

(၃) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်း၊

(၄) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ။

(ခ) အခြေခံသမဝါယမအသင်းမှအပဖြစ်သော သမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှဝင်ငွေခွန်ဥပဒေပုဒ်မ ၆အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၄။ ပြည်ပနေနိုင်ငံခြားသားဖြစ်လျှင် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုရ။ ယင်း၏စုစုပေါင်းဝင်ငွေအပေါ် လစာခေါင်းစဉ်မှ ဝင်ငွေဖြစ်ပါက ဤဥပဒေ ပုဒ်မ ၁၉၊ပုဒ်မခွဲ(ဂ)ပါအခွန်နှုန်းများအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၅။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရသက်သာခွင့်များ မနုတ်မီစည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ သို့ရာတွင် နိုင်ငံသားမည်သူမဆို အခြေပစ္စည်းတစ်ရပ်ရပ်ကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းနှင့် လုပ်ငန်းအသစ်တည်ထောင်ခြင်း၊ လုပ်ငန်းထပ်မံတိုးချဲ့ဆောင်ရွက်ခြင်းတို့အတွက် အသုံးပြုသည့်ဝင်ငွေမှ ဝင်ငွေရလမ်းတင်ပြနိုင်သည့် ဝင်ငွေရှိပါက ယင်းဝင်ငွေအား နုတ်ပယ်ပြီး ကျန်စည်းကြပ်မှုမှလွတ်ကင်းနေသောဝင်ငွေအပေါ်တွင်လည်းကောင်း၊ ဝင်ငွေရလမ်းတင်ပြနိုင်ခြင်းမရှိပါက အသုံးပြုသည့် ဝင်ငွေအပေါ်တွင် လည်းကောင်း အောက်ဖော်ပြပါအခွန်နှုန်းထားအတိုင်းဝင်ငွေခွန်စည်းကြပ်ရမည်။ အသုံးပြုသည့်ဝင်ငွေအားလုံးအပေါ် ဝင်ငွေရလမ်း အတိအကျတင်ပြနိုင်ပါက ဝင်ငွေခွန်ထမ်းဆောင်ရန် မလိုပါ။ ဤပုဒ်မအရ အခွန်စည်းကြပ်ခြင်းသည် တရားမဝင်ရရှိသည့်ပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့် လည်းကောင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူသည့်ကိစ္စရပ်များနှင့် လည်းကောင်း သက်ဆိုင်ခြင်း မရှိစေရ-

| စဉ် | ဝင်ငွေ(ကျပ်) | ဝင်ငွေခွန်နှုန်း |
|---|---|---|
| (က) | ၁-၃၀၀၀၀၀၀၀ | ၁၅% |
| (ခ) | ၃၀၀၀၀၀၀၁-၁၀၀၀၀၀၀၀၀ | ၂၀% |
| (ဂ) | ၁၀၀၀၀၀၀၀၁ နှင့်အထက် | ၃၀% |

၂၆။ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့် အခြေခံသမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ဤဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)ပါ ဝင်ငွေခွန်နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၇။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမှ မြတ်စွန်းငွေရရှိလျှင် ထိုသို့မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာ ခွင့်များမနုတ်မီ-

(က) မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ကုမ္ပဏီဖြစ်ပါက အောက်တွင် မြတ်စွန်းငွေနှင့် ယှဉ်တွဲဖော်ပြထားသော အခွန်နှုန်းများအတိုင်း ရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်-

| မြတ်စွန်းငွေ | | ပေးဆောင်ရမည့်ဝင်ငွေခွန်နှုန်း |
|---|---|---|
| (၁) | ညီမျှကျပ် သန်းပေါင်း (၁၀၀၀၀၀) အထိ | ၄၀% |
| (၂) | ညီမျှကျပ် သန်းပေါင်း (၁၀၀၀၀၁)မှ (၁၅၀၀၀၀) အထိ | ၄၅% |
| (၃) | ညီမျှကျပ် သန်းပေါင်း (၁၅၀၀၀၁) နှင့် အထက် | ၅၀% |

(ခ) မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သော ကုမ္ပဏီမှအပဖြစ်သည့် ပုဂ္ဂိုလ်စုများ သို့မဟုတ် တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ကျသင့်အခွန်ကိုရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။

၂၈။ နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း ပြုလုပ်သည့် အခြေပစ္စည်း၏ တန်ဖိုးစုစုပေါင်းသည်ကျပ်သိန်း ၁၀၀ ထက်မပိုလျှင် အခြေပစ္စည်းမှ မြတ်စွန်းငွေပေါ်ပေါက်စေကာမူ ဝင်ငွေခွန်စည်းကြပ်ခြင်း မပြုရ။

၂၉။ အသစ်ထူထောင်သော စက်မှုလက်မှုကို အခြေခံသည့်အသေးစား၊ အလတ်စားလုပ်ငန်းများအတွက် လုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်းသုံးနှစ်ကာလအတွင်း နှစ်တစ်နှစ် စုစုပေါင်းအသားတင်အမြတ်ဝင်ငွေကျပ်သိန်း ၁၀၀ ထိ ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုသည်။ ဖော်ပြပါ ဝင်ငွေထက်ပိုမိုရရှိပါက ပိုမိုရရှိသည့် ဝင်ငွေအပေါ်တွင်သာ ဝင်ငွေခွန်စည်းကြပ်ရမည်။

၃၀။ အခြေပစ္စည်းမှမြတ်စွန်းငွေခေါင်းစဉ်မှအပ ကျန်ဝင်ငွေခေါင်းစဉ်များအတွက် နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိလျှင် ယင်းဝင်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းမျဉ်းများ စည်းမျဉ်း ၈ပါ ပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားဖြစ်ပါက ကျပ်ငွေဖြင့်လည်းကောင်း၊ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ရရှိသည့်ငွေကြေးအမျိုးအစားဖြင့်လည်းကောင်း ဝင်ငွေခွန်ပေးဆောင်ရမည်။

၃၁။ (က) အောက်ဖော်ပြပါ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစားတစ်ရပ်ရပ် အပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုသည်-

(၁) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်းအစီအစဉ်အရ နှစ်တစ်နှစ်အတွင်းဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့်စုစုပေါင်း ဝင်ငွေ၏ ကျပ်သိန်း ၁၀၀ အထိ၊

(၂) တရားမဝင်ပစ္စည်းများ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်းအစီအစဉ်အရနှစ်တစ်နှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့်စုစုပေါင်းဝင်ငွေ၏ ကျပ်သိန်း ၁၀၀ အထိ၊

(၃) နိုင်ငံတော်မှ ချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးတံဆိပ်များနှင့်အတူ ရရှိသည့် ချီးမြှင့်ငွေများ၊

(၄) ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင်နိုင်ငံခြားငွေဖြင့် ရရှိသော လစာခေါင်းစဉ်မှ ဝင်ငွေ၊

(၅) အစိုးရအောင်ဘာလေသိန်းဆုဆုမဲမှ ထုတ်ယူရရှိငွေ၊

(၆) နိုင်ငံ့ဝန်ထမ်း အငြိမ်းစားယူသည့်အခါရရှိသည့် ပင်စင်နှင့် ကရုဏာကြေး၊

*(ဆက်လက်ဖော်ပြပါမည်)*

# အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှု ဥပဒေကြမ်း

*ယမန်နေ့မှအဆက်*

(ဃ) ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် အခွင့်အာဏာ လွှဲအပ်ခြင်းခံရသည့် ဝန်ထမ်းသည် ဤပုဒ်မအရ လက်ဝယ်ထိန်းသိမ်းခဲ့သော စာတမ်းအမှတ်အသားများ၊ မှတ်တမ်းမှတ်ရာများ သို့မဟုတ် အခြားအရာများအားလုံးအတွက် လက်မှတ်ရေးထိုးပြီး စုံစမ်းစစ်ဆေးမှု သို့မဟုတ် သက်ဆိုင်ရာ အမှုကိစ္စဆောင်ရွက်ပြီးသည့်နေ့မှ ၁၄ ရက်အတွင်း ယင်းတို့ကိုပိုင်ရှင်ထံ ပြန်လည်ပေးအပ်ရမည်။

(ဒ) ညွှန်ကြားရေးမှူးချုပ်သည် အခွန်ကောက်ခံရေးအတွက် မည်သည့်မြေအမျိုးအစားကိုမဆို သွားရောက်စစ်ဆေးတိုင်းတာခြင်းကို လည်းကောင်း၊ ယင်းမြေနှင့်သက်ဆိုင်သော စာတမ်း အမှတ်အသားတစ်စုံတစ်ရာကို လက်ဝယ်ရှိသူ သို့မဟုတ် ထိန်းသိမ်းထားသူက ပေးအပ်ရန် ဆင့်ဆိုခြင်းကို လည်းကောင်း ဆောင်ရွက်နိုင်သည်။

(ပ) ညွှန်ကြားရေးမှူးချုပ်သည် ဤအခန်းပါ အခွင့်အာဏာများကို ကျင့်သုံးရာတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ သို့မဟုတ် သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်စေလွှတ်ပေးရန် သက်ဆိုင်ရာဌာနသို့ တောင်းဆိုနိုင်သည်။

ရှင်းလင်းချက်။ ဤပုဒ်မနှင့်ပုဒ်မ ၂၆ ပါ **အခွင့်အာဏာအပ်နှင်းထားသည့် ရည်ရွယ်ချက်** ဆိုသည်မှာ -

(၁) ပုဂ္ဂိုလ်တစ်ဦးဦး၏ ပေးဆောင်ရမည့် အခွန်ပမာဏကိုဆုံးဖြတ်နိုင်စေရန်ရည်ရွယ်ချက်ဖြင့် သတင်းအချက်အလက်စုဆောင်းခြင်း၊

(၂) ပုဂ္ဂိုလ်တစ်ဦးဦးထံမှ အခွန်ကောက်ခံရန် ရည်ရွယ်ချက်ဖြင့် သတင်းအချက်အလက်စုဆောင်းခြင်းနှင့်

(၃) ပုဂ္ဂိုလ်တစ်ဦးဦးနှင့် စပ်လျဉ်းသည့် အခွန်ဆိုင်ရာစုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တရားစွဲဆိုခြင်းနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်စုဆောင်းခြင်းတို့ကို ဆိုသည်။

**သတင်းအချက်အလက်ရယူရန် အကြောင်းကြားခြင်း**

၂၆။(က) အခွင့်အာဏာအပ်နှင်းထားသည့် ရည်ရွယ်ချက်အလို့ငှာ ညွှန်ကြားရေးမှူးချုပ်သည် အခွန်ထမ်း သို့မဟုတ် အခွန်ထမ်းမဟုတ်သည့်ပုဂ္ဂိုလ်တစ်ဦးထံသင့်လျော်သော အကြောင်းကြားစာပေးပို့၍ -

(၁) အခြားပုဂ္ဂိုလ်တစ်ဦးနှင့် သက်ဆိုင်သည့် သတင်းအချက်အလက် အပါအဝင် အကြောင်းကြားစာဖြင့်တောင်းခံသည့် သတင်းအချက်အလက်တစ်စုံတစ်ရာကို ပေးအပ်ရန် သို့မဟုတ်

(၂) စစ်ဆေးခံရန် သို့မဟုတ် အကြောင်းကြားစာတွင် ဖော်ပြထားသည့် ယင်းပုဂ္ဂိုလ်ထိန်းချုပ်ထားသည့် စာတမ်းအမှတ်အသားများ သို့မဟုတ် အခြားသက်သေခံအထောက်အထားများကို ပေးအပ်ရန်အလို့ငှာ အကြောင်းကြားစာတွင် သတ်မှတ်ထားသည့်အချိန်နှင့် နေရာသို့လာရောက်ရန် ဆင့်ဆိုနိုင်သည်။

(ခ) စာတမ်းအမှတ်အသားများ သို့မဟုတ် အခြားသက်သေခံ အထောက်အထားများအား ထုတ်ပေးခြင်း သို့မဟုတ် ကြည့်ရှုမှတ်သားခြင်းတို့နှင့် စပ်လျဉ်းသည့်ဘဏ်များ၏ လျှို့ဝှက်ချက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်နှင့် လျှို့ဝှက်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်းသည့် စာချုပ်ပါတာဝန်တစ်ရပ်ရပ်တို့အပါအဝင် လျှို့ဝှက်ထိန်းသိမ်းခြင်းဆိုင်ရာ၊ အထူးအခွင့်အရေးဆိုင်ရာ သို့မဟုတ် သက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ပုဒ်မ ၂၅ နှင့် ဤပုဒ်မပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခွင့်ရှိစေရမည်။

**အခန်း (၄)**
**စည်းကြပ်ခြင်းများ**

**စည်းကြပ်ခြင်း**

၂၇။(က) အခွန်ထမ်းပေးဆောင်ရမည့် အခွန်ဆိုင်ရာစည်းကြပ်မှုကို ဤဥပဒေတွင်လည်းကောင်း၊ ဤဥပဒေနှင့်သက်ဆိုင်သည့် အခွန်ဥပဒေတစ်ရပ်ရပ်တွင်လည်းကောင်း သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ဆောင်ရွက်ရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်က ဆောင်ရွက်သည့် စည်းကြပ်မှုကို အခွန်ကြေညာလွှာတွင်ပါရှိသော သတင်းအချက်အလက်များနှင့် ညွှန်ကြားရေးမှူးချုပ်မှရရှိနိုင်သော အခြားသက်ဆိုင်ရာသတင်းအချက်အလက်များပေါ်တွင် အခြေပြု၍ ဆောင်ရွက်နိုင်သည်။

(ဂ) အခွန်ထမ်းတစ်ဦးက အခွန်ကြေညာလွှာကို သတ်မှတ်ထားသည့်အတိုင်းတင်သွင်းရန် ပျက်ကွက်ခြင်း သို့မဟုတ် ပြည့်စုံအောင်ဆောင်ရွက်ခြင်းမရှိပါက ညွှန်ကြားရေးမှူးချုပ်အနေဖြင့် အကောင်းဆုံးချင့်ချိန်ဆုံးဖြတ်ချက်နှင့် ရရှိနိုင်သည့်သတင်းအချက်အလက် အထောက်အထားများအပေါ်တွင်အခြေခံလျက် ပေးဆောင်ရမည့် အခွန်ပမာဏကို စည်းကြပ်နိုင်သည်။

(ဃ) ညွှန်ကြားရေးမှူးချုပ်အနေဖြင့် အခွန်ထမ်းတင်သွင်းသည့် အခွန်ကြေညာလွှာပါအချက်အလက်များကို အခြေမခံဘဲ အခြားသတင်းအချက်အလက်ပေါ်တွင် အလုံးစုံသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသသော်လည်းကောင်းအခြေခံ၍ စည်းကြပ်မှုပြုပါက အခြေခံအဖြစ်အသုံးပြုခဲ့သည့် သတင်းအချက်အလက်၏ သဘောသဘာဝကို ဖော်ပြရမည်။

(င) ဤဥပဒေနှင့်သက်ဆိုင်သည့် အခွန်တစ်ရပ်ရပ်အတွက် အခွန်ထမ်းက ပေးဆောင်ရမည့် အခွန်ပမာဏကို တွက်ချက်တင်သွင်းသော အခွန်ကြေညာလွှာသည် ညွှန်ကြားရေးမှူးချုပ်က ယင်းပမာဏဖြင့် စည်းကြပ်မှုပြုသကဲ့သို့ သက်ရောက်မှုရှိစေရမည်။ သို့ရာတွင် ညွှန်ကြားရေးမှူးချုပ်က စည်းကြပ်မှုအသစ် သို့မဟုတ် ပြင်ဆင်စည်းကြပ်မှုပြုလုပ်ခြင်းအတွက် အဟန့်အတားမဖြစ်စေရ။

(စ) ညွှန်ကြားရေးမှူးချုပ်အနေဖြင့် အခွန်ထမ်းသည် ဤဥပဒေနှင့် သက်ဆိုင်သည့် ဥပဒေတစ်ရပ်ရပ်အရ အခွန်ပေးဆောင်ရမည့် သတ်မှတ်ရက်မတိုင်မီ နိုင်ငံတော်မှထွက်ခွာသွားနိုင်သည်ဟု ယုံကြည်ရန် ခိုင်လုံသောအကြောင်းရှိပါက ညွှန်ကြားရေးမှူးချုပ်မှ ယင်းပုဂ္ဂိုလ်အား စာဖြင့်ရေးသားပေးအပ်ထားသည့်အကြောင်းကြားစာတွင် ဖော်ပြထားသည့် ရက်စွဲသည်ယင်းအခွန်ကိုပေးဆောင်ရန် သတ်မှတ်သည့်နေ့ဖြစ်သည်။

**စည်းကြပ်မှုအသစ်သို့မဟုတ် ပြင်ဆင်စည်းကြပ်မှုပြုလုပ်ခြင်း**

၂၈။(က) ညွှန်ကြားရေးမှူးချုပ်သည် မူလစည်းကြပ်မှုတစ်ရပ်ကို မှန်ကန်ခြင်းမရှိဟု ထင်မြင်ယူဆပါက ပုဒ်မ ၂၉ ပါ ကာလစည်းကမ်းသတ်အတွင်း သတ်မှတ်ချက်များနှင့်အညီ စည်းကြပ်မှုအသစ် သို့မဟုတ် ပြင်ဆင်စည်းကြပ်မှုပြုနိုင်သည်။

(ခ) အခွန်ထမ်းက စာရင်းများနှင့် မှတ်တမ်းများထိန်းသိမ်းထားရှိရန် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် သော်လည်းကောင်း၊ မမှန်ကန်သော သတင်းအချက်အလက်များ တင်ပြခဲ့လျှင်သော် လည်းကောင်း ညွှန်ကြားရေးမှူးချုပ်သည် ရရှိနိုင်သော သတင်းအချက်အလက်နှင့် အထောက်အထားများကို အခြေပြု၍အကောင်းဆုံးချင့်ချိန်ဆုံးဖြတ်မှုဖြင့် စည်းကြပ်မှုအသစ် သို့မဟုတ် ပြင်ဆင်စည်းကြပ်မှုပြုနိုင်သည်။

(ဂ) အခွန်ထမ်းသည်ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) အရ ပြင်ဆင်ထားသော အခွန်ကြေညာလွှာတစ်ရပ်ကိုတင်သွင်းပါက မူလစည်းကြပ်မှုမှာ မမှန်ကန်သော သတင်းအချက်အလက်အပေါ် အခြေခံကြောင်း ညွှန်ကြားရေးမှူးချုပ်က ယုံကြည်ကျေနပ်လျှင် ညွှန်ကြားရေးမှူးချုပ်သည် မူလစည်းကြပ်မှုကို ပယ်ဖျက်၍ စည်းကြပ်မှုအသစ် သို့မဟုတ် ပြင်ဆင်စည်းကြပ်မှုကို ဆောင်ရွက်ရမည်။

**စည်းကြပ်မှု သို့မဟုတ် ပြင်ဆင်စည်းကြပ်မှုများအတွက် ကာလစည်းကမ်းသတ်များ**

၂၉။(က) ညွှန်ကြားရေးမှူးချုပ်သည် စည်းကြပ်မှုအသစ်ကိုဖြစ်စေ၊ ပြင်ဆင်စည်းကြပ်မှုကိုဖြစ်စေ သက်ဆိုင်ရာစည်းကြပ်နှစ်ကုန်ဆုံးပြီး ခြောက်နှစ်အတွင်း ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ(က) တွင် မည်သို့ပင်ပါရှိစေကာမူ သက်ဆိုင်ရာ စည်းကြပ်နှစ်ကုန်ဆုံးပြီး ၁၂ နှစ်အတွင်း စည်းကြပ်မှုအသစ် သို့မဟုတ် ပြင်ဆင်စည်းကြပ်မှုပြုနိုင်သည် -

(၁) ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ဂ)အရ စည်းကြပ်မှုဖြစ်ခြင်း၊

(၂) ပုဒ်မ ၂၈၊ပုဒ်မခွဲ(က)အရ မူလစည်းကြပ်မှုသည် အခွန်ထမ်း၏ လိမ်လည်လှည့်ဖြားမှုကြောင့် သို့မဟုတ် တမင်တကာလျစ်လျူရှုမှုကြောင့် မမှန်ကန်သော သတင်းအချက်အလက် သို့မဟုတ် မှားယွင်းသော သတင်းအချက်အလက်အပေါ် အခြေခံ၍ ပြုလုပ်ခဲ့ရခြင်းဖြစ်ကြောင်း ပေါ်ပေါက်ခြင်း။

(ဂ) ဤပုဒ်မတွင်ဖော်ပြထားသည့် ကာလစည်းကမ်းသတ်အတွင်း စည်းကြပ်မှုပြုလုပ်ခဲ့ခြင်းမရှိသည့်အပြင် ပုဒ်မ ၂၇၊ပုဒ်မခွဲ (င)အရစည်းကြပ်ခဲ့မှုလည်းမရှိပါက အခွန်ကာလတစ်ခုအတွက်စည်းကြပ်မှုတစ်ခုသည် ဖြတ်တောက်နုတ်ယူထားသည့် အခွန်ပမာဏတစ်ခုရှိလျှင် ယင်းပမာဏအရ စည်းကြပ်မှုပြုသည်ဟု မှတ်ယူရမည်ဖြစ်ပြီး ဖြတ်တောက်နုတ်ယူထားသည့် အခွန်မရှိပါက အခွန်ပေးဆောင်ရခြင်းမရှိစေရ။

(ဃ) ဤပုဒ်မရှိ မည်သည့်ပြဋ္ဌာန်းအချက်ကမျှ အခွန်အယူခံခုံအဖွဲ့ သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့်အရ ပြင်ဆင်စည်းကြပ်မှုအပေါ် ဟန့်တားခြင်း မရှိစေရ။

**ဆုံးရှုံးနိုင်ခြေအရ ကြိုတင်စည်းကြပ်ခြင်း**

၃၀။(က) ညွှန်ကြားရေးမှူးချုပ်သည် အခွန်ကောက်ခံရရှိနိုင်ရေးအတွက်သေချာစွာဆောင်ရွက်ရန်လိုအပ်ပါက ရရှိနိုင်သမျှ သတင်းအချက်လက်များကိုအခြေခံ၍ အကောင်းဆုံးချင့်ချိန်ဆုံးဖြတ်ပြီး အခွန်ပေးဆောင်ရန်ပုံမှန်သတ်မှတ်ထားသည့်ကာလမတိုင်မီ စည်းကြပ်မှု ပြုလုပ်နိုင်သည်။

(ခ) အခန်း (၅) တွင်ဖော်ပြထားသည့် အယူခံပိုင်ခွင့်အပြင် ဤပုဒ်မအရ စည်းကြပ်မှုကို အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်လျှင် အခွန်အယူခံခုံအဖွဲ့သို့ အယူခံတင်သွင်းနိုင်သည် -

(၁) ပမာဏများလွန်းခြင်း၊

(၂) ကြိုတင်စည်းကြပ်မှုတစ်ရပ် မပေါ်ပေါက်ကြောင်း ဖော်ပြနေသည့် ခိုင်လုံသောအခြေအနေရှိခြင်း။

**စည်းကြပ်မှုအကြောင်းကြားစာ**

၃၁။ ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ခ)သို့မဟုတ်ပုဒ်မခွဲ(ဂ) တို့အရ စည်းကြပ်မှုကိုသော်လည်းကောင်း၊ ပုဒ်မ ၂၈ အရ စည်းကြပ်မှုအသစ် သို့မဟုတ် ပြင်ဆင်စည်းကြပ်မှုကိုသော်လည်းကောင်း၊ ပုဒ်မ ၃၀ အရ စည်းကြပ်မှုကို သော်လည်းကောင်း ဆောင်ရွက်ရာတွင် ညွှန်ကြားရေးမှူးချုပ်အနေဖြင့် စည်းကြပ်ခံရသူထံပေးအပ်ရမည့် စည်းကြပ်မှုအကြောင်းကြားစာကို အောက်ပါအချက်များပါဝင်စေလျက် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် တာဝန်ခံဝန်ထမ်းမှ လက်မှတ်ရေးထိုးပေးပို့ရမည်-

(က) အခွန်ထမ်းအမည်၊

(ခ) အကယ်၍ အခွန်ထမ်းအား ထုတ်ပေးထားပါက အခွန်ထမ်းမှတ်ပုံတင်အမှတ်၊

(ဂ) အကြောင်းကြားစာထုတ်ပေးသည့်ရက်စွဲ၊

(ဃ) အကြောင်းကြားစာနှင့် စပ်လျဉ်းသည့်ကိစ္စရပ်၊

(င) ပေးဆောင်ရမည့် အခွန်ပမာဏ၊

(စ) မည်သည့် နေ့ရက်နောက်ဆုံးထား၍ အခွန်ပေးဆောင်ရန် ဖော်ပြတောင်းခံချက် သို့မဟုတ် ကျသင့်သောအခွန်ကို ပေးဆောင်ပြီးကြောင်း ဖော်ပြချက်၊

(ဆ) အခွန်ပေးဆောင်ရမည့်နေရာ၊

(ဇ) စည်းကြပ်မှုကိုမကျေနပ်ပါက ဆောင်ရွက်နိုင်မည့်အချိန်၊ နေရာနှင့် နည်းလမ်း။

**အခွန်ရှောင်ရှားမှုကိုဟန့်တားခြင်း** (Anti-avoidance)

၃၂။ ညွှန်ကြားရေးမှူးချုပ်သည် စည်းကြပ်မှုပြုရာတွင် အခွန်လျှော့နည်းစေရန် ရည်ရွယ်ချက်ဖြင့် အတုပြုလုပ်ထားသော သို့မဟုတ် လုပ်ကြံဖန်တီးထားသော လုပ်ဆောင်ချက်တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော လုပ်ဆောင်ချက်အစဉ်အဆက်ကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ နေနိုင်သည် သို့မဟုတ် လွဲမှားစွာသတ်မှတ်ဖော်ပြထားသောလုပ်ဆောင်ချက်တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော လုပ်ဆောင်ချက်အစဉ်အဆက်ကို ယင်း၏ ပကတိစီးပွားရေးအခြေအနေမှန် (Economic Substance) အပေါ်မူတည်၍ စည်းကြပ်မှုပြုနိုင်သည်။

**အခန်း (၅)**
**စီမံအုပ်ချုပ်မှုနည်းလမ်းအရပြန်လည်သုံးသပ်ခြင်းနှင့် အယူခံခြင်း**

**အခွန်ဆိုင်ရာဆုံးဖြတ်ချက်များ**

၃၃။ ဤအခန်းရှိ ဆောင်ရွက်ခြင်းများမှအပ မည်သည့်အခွန်ဆိုင်ရာဆုံးဖြတ်ချက်ကိုမျှ အခွန်အယူခံခုံအဖွဲ့တွင်ဖြစ်စေ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ဖြစ်စေ အငြင်းပွားခြင်းမပြုရ။ ထို့ပြင် အခြားအကြောင်းအရာတစ်ရပ်ရပ်ကို အခြေခံ၍အခြားသော တရားစီရင်မှုဆိုင်ရာ မည်သည့်ဆောင်ရွက်ချက်ကိုမျှ မပြုရ။

**စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ခြင်း**

၃၄။(က) အခွန်ထမ်းသည် ဦးစီးဌာန၏စည်းကြပ်မှု သို့မဟုတ် အခြားဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက ပြန်လည်သုံးသပ်ပေးရန် ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားနိုင်သည်။

(ခ) အခွန်ထမ်းသည်ဆုံးဖြတ်ချက်နှင့် စပ်လျဉ်းသည့်အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အသေးစိတ်အချက်အလက်များ ဖော်ပြလျက် စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးနိုင်ရန် ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားရမည်။

(ဂ) ညွှန်ကြားရေးမှူးချုပ်အနေဖြင့် အခွန်ထမ်း၏ လျှောက်ထားချက်ကို စဉ်းစားသုံးသပ်ရမည်ဖြစ်ပြီး ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်နှင့် ယင်းဆုံးဖြတ်ချက်အတွက် အကြောင်းပြချက်ကို အခွန်ထမ်းအားစာဖြင့် အသိပေးရမည်။

**စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ခြင်းအပေါ်အယူခံခြင်း**

၃၅။(က) အခွန်ထမ်းသည် ပုဒ်မ ၃၄၊ပုဒ်မခွဲ (ဂ) အရ စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ခြင်းကို ကျေနပ်မှုမရှိပါက အခွန်အယူခံခုံအဖွဲ့သို့ အယူခံဝင်နိုင်သည်။

(ခ) ညွှန်ကြားရေးမှူးချုပ်ထံသို့ စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးရန် ဦးစွာလျှောက်ထားခြင်းမပြုဘဲ အခွန်အယူခံခုံအဖွဲ့သို့ အယူခံဝင်ခြင်းမပြုနိုင်။ ထို့အပြင် အောက်ပါအခြေအနေတစ်ရပ်ရပ်နှင့် ကိုက်ညီမှသာလျှင် အခွန်အယူခံခုံအဖွဲ့သို့ အယူခံဝင်နိုင်သည်-

(၁) ညွှန်ကြားရေးမှူးချုပ်ထံမှ ဆုံးဖြတ်ချက် တစ်စုံတစ်ရာရရှိခြင်း၊

(၂) စီမံအုပ်ချုပ်မှု နည်းလမ်းအရ ပြန်လည်သုံးသပ်ခြင်းကို လျှောက်ထားခဲ့သည်မှာ ရက်ပေါင်း ၉၀ ကျော်လွန်ပြီးဖြစ်ခြင်း၊

(ဂ) အယူခံမှုတွင် အယူခံတရားလိုနှင့် အယူခံတရားပြိုင်အားကြားနာရမည်။

(ဃ) အခွန်အယူခံခုံအဖွဲ့သည် အယူခံလျှောက်ထားသူအနေဖြင့် ပိုမိုစည်းကြပ်ခြင်းခံရသည်ဟု ကျေနပ်လက်ခံပါကစည်းကြပ်ထားသည့် ပမာဏမှ ပိုမိုစည်းကြပ်ထားသည့် ပမာဏကို လျှော့ချခြင်းပြုနိုင်ပြီး အယူခံလျှောက်ထားသူသည်လျှော့ နည်းစည်းကြပ်ခံရသည်ဟု ကျေနပ်လက်ခံပါက စည်းကြပ်ထားသည့်ပမာဏအပေါ် လျှော့နည်းစည်းကြပ်ထားသည့် ပမာဏကို တိုးမြှင့်ခြင်း ပြုနိုင်သည်။

(င) အခန်း (၈)တွင် မည်သို့ပင်ပါရှိစေကာမူ အခွန်အယူခံခုံအဖွဲ့သည် အယူခံလျှောက်ထားသူအပေါ် မိမိ၏ဆုံးဖြတ်ချက်အရ သတ်မှတ်သည့် အခွန်ပမာဏကို အရကောက်ခံနိုင်မည် မဟုတ်ဟု ယူဆပါလျှင်သင့်လျော်သည်ဟု ထင်မြင်သည့်အတိုင်း အယူခံလျှောက်ထားသူက ပေးရန်ရှိသည့် အခွန်ပမာဏအတွက် အာမခံပေးအပ်ရန် အယူခံလျှောက်ထားသူထံ တောင်းဆိုနိုင်သည်။

(စ) ဤပုဒ်မအရ အယူခံအကြောင်းကြားစာကို ပုဒ်မခွဲ (ခ) တွင် ဖော်ပြထားသည့်အခြေအနေကုန်ဆုံးပြီးနောက် ရက်ပေါင်း ၉၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံစာဖြင့် ရေးသားပေးပို့ရမည်။

(ဆ) ပုဒ်မခွဲ (စ)တွင် မည်သို့ပင်ဆိုစေကာမူ နိုင်ငံတော်အတွင်းရှိမနေခြင်းကြောင့်သော်လည်းကောင်း၊ နာမကျန်းဖြစ်နေ၍ သော်လည်းကောင်း၊ အခြားအကြောင်းတစ်ခုခုကြောင့် သော်လည်းကောင်း အယူခံလျှောက်ထားသူအနေဖြင့်ပုဒ်မခွဲ (ခ) တွင်ဖော်ပြထားသည့် အခြေအနေကုန်ဆုံးပြီးနောက် ရက်ပေါင်း ၉၀ အတွင်း အယူခံအကြောင်းကြားစာပေးအပ်ခြင်းကို မဆောင်ရွက်နိုင်ဘဲရှိနေပြီး အယူခံဝင်သူဘက်မှ ခိုင်လုံသော အကြောင်းပြချက်ရှိသည့် နှောင့်နှေးမှုတစ်စုံတစ်ရာမရှိဟု အခွန်အယူခံ ခုံအဖွဲ့မှ ကျေနပ်လက်ခံပါက အယူခံလျှောက်ထားသူသည် အယူခံဝင်နိုင် သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်းကို တောင်သူများ စိတ်ပါဝင်စားလာ



**ရေဦး ဧပြီ ၂**
ရေဦးမြို့အမှတ်(၂၁)စက်မှုလယ်ယာစခန်းက ဦးစီး၍ တောင်သူများအတွက် ကုန်ကျစရိတ်နည်းပါးပြီး အကျိုးဖြစ်ထွန်းစေမည့် ကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးခြင်းကို မတ် ၃၀ ရက်က မြင်းပေါက်ကျေးရွာ၌ လက်တွေ့သရုပ်ပြ စိုက်ပျိုးခဲ့ရာ ပတ်ဝန်းကျင်ကျေးရွာများမှ တောင်သူ ၇၅ ဦးခန့် လာရောက်ကြည့်ရှုလေ့လာခဲ့ပြီး တောင်သူအများစုအနေဖြင့် စက်ဖြင့်စပါးစိုက်ပျိုးခြင်းကို စိတ်ပါဝင်စားမှုရှိကြောင်း သိရသည်။

"ကောက်စိုက်စက်အသုံးပြု စပါးစိုက်ရာမှာ ပျိုးနုတ်စရာမလိုအပ်သလို လုပ်အားခလည်း သက်သာစေတယ်၊ ပျိုးထောင်ရာမှာလည်း စက်မှုလယ်ယာရုံးဝန်ထမ်းများက ကွင်းဆင်း ပျိုးထောင်ပေးတယ်၊ တစ်ဧကကို မျိုးစပါး ၁၂ ပြည်ခွဲနဲ့ မိမိအိမ်ညီညာတဲ့မြေပြင်မှာ ပျိုးထောင် ရေလောင်း ပြုလုပ်နိုင်တယ်၊ ပျိုးခင်းအတွက် စိတ်ပူစရာမရှိဘူး၊ ပျိုးပင်သက်တမ်း ၁၄ ရက်ပြည့်တဲ့အခါ ကောက်စိုက်စက်ဖြင့် စိုက်နိုင်ပါတယ်၊ ပျိုးပင်သက်တမ်းငယ်ခြင်း၊ သန္ဓေကျန်နေခြင်းက စိုက်ပျိုးရာမှာ အပင်ကို အထောက်အကူပြုပြီး ပင်ပွားနှုန်း ကောင်းမွန်လို့ အထွက်နှုန်းလည်း တိုးပါတယ်၊ စိုက်ပြီးအပင် ရှစ်လက်မခန့်အရွယ်မှာ ပေါင်းသတ်ဆေးဖျန်းရန်မလိုဘဲ ဌာနပိုင် ဝီဒါ နှစ်တန်းသွား စက်စွမ်းအားသုံး ပေါင်းလိုက်ကိရိယာနဲ့ အခမဲ့ပေါင်းရှင်းပေးတဲ့အတွက် ဆေးဖိုးလည်းသက်သာပြီး လုပ်သားငှားရမ်းစိုက်ပျိုးကုန်ကျမယ့်ငွေကို လိုအပ်မယ့် ဓာတ်မြေဩဇာနဲ့ မြေဆီများ ဝယ်ယူအသုံးပြုခြင်းဖြင့် တောင်သူများ အကျိုးဖြစ်ထွန်းမှာဖြစ်ပါတယ်"ဟု စက်မှုလယ်ယာဦးစီးဌာန ကွင်းတာဝန်ခံ ဒေါ်သီတာက ရှင်းပြသည်။

ကောက်စိုက်စက်အသုံးပြု၍ စပါးစိုက်ခဲ့သော တောင်သူ ဦးစည်သူထွန်းက "စပါးစိုက်ဖို့ လုပ်သားရှာဖွေရတာ မလွယ်တော့ဘူး၊ ရွှေဘို၊ ရေဦး၊ တန့်ဆည်မြို့နယ်တွေမှာ ကောက်စိုက်စက်နဲ့စိုက်ခဲ့တဲ့ တောင်သူများထံ လေ့လာပြီးမှ စိုက်ခဲ့တယ်၊ ကုန်ကျစရိတ်က သုံးပုံတစ်ပုံပဲ ကုန်ကျတယ်၊ ကြဲစပါးဆိုရင် မျိုးက တစ်တင်းနီးပါးကုန်တယ်၊ ကောက်စိုက်လုပ်သားငှားရမ်းဖို့ ပူစရာမလိုသလို ပျိုးနုတ်စရာမလိုအပ်ဘူး၊ ယခင်က နွေစပါးကို မိရိုးဖလာအတိုင်း သမားရိုးကျစိုက်ခဲ့ရာမှာ ကောက်စိုက်ပျိုးနုတ်ခ ကျပ်တစ်သိန်းကုန်ခဲ့ပြီး အကျိုးအမြတ်နည်းခဲ့တယ်၊ အခုပထမအကြိမ် စစိုက်ခြင်းဖြစ်ပေမယ့် စရိတ်သက်သာတယ်၊ စိုက်ခ နှစ်သောင်းခွဲပဲ ကုန်တယ်၊ လာရောက်လေ့လာကြတဲ့ တောင်သူအားလုံးက စိုက်ပျိုးမှုစနစ်ကို လက်တွေ့မြင်ရလို့ သဘောကျနှစ်သက်ကြတယ်၊ ကုန်ကျစရိတ်သက်သာစေမယ့် စက်မှုလယ်ယာဌာနပိုင် ကောက်စိုက်စက်နဲ့ တစ်ရွာလုံးက စိုက်ပျိုးလိုတဲ့ဆန္ဒ ပေါ်ပေါက်သွားကြတယ်၊ မြို့နယ်မှာ လုံလုံလောက်လောက် ကောက်စိုက်စက်တွေ ထားရှိမယ်ဆိုရင် တောင်သူတွေအသုံးပြုလာမှာ သေချာပါတယ်" ဟု ပြောသည်။

"ကောက်စိုက်စက်က စစ်ကိုင်းတိုင်းဒေသကြီးမှာ တစ်လုံးပဲရှိတယ်၊ ခရိုင်နှင့်မြို့နယ်တွေမှာ လှည့်လည်အသုံးပြုနေရတယ်၊ ဌာနအနေဖြင့် စိုက်ပျိုးပေးနိုင်တာက တစ်ရက် ငါးဧကပဲ စိုက်ပေးနိုင်တယ်၊ စက်လုံလောက်မှုရှိမယ်ဆိုရင် တောင်သူတွေ ဆန္ဒအတိုင်း ဆောင်ရွက်ပေးနိုင်တယ်"ဟု ကွင်းတာဝန်ခံက ပြောသည်။ တောင်သူများထံတွင် စက်ရှိခဲ့လျှင် လိုအပ်ပါက စက်မှုပိုင်းဆိုင်ရာနည်းပညာများကိုလည်း ဌာနက မျှဝေပေးမည်ဖြစ်ကြောင်း ကွင်းတာဝန်ခံက ဆက်လက်ပြောကြားသည်။

စိုက်ပျိုးရေးလုပ်ငန်းတွင် စက်မှုစွမ်းအားအသုံးပြုခြင်းဖြင့် တောင်သူများ၏ အကျိုးစီးပွား အဆင်ပြေလာကြသည့်အတွက် လယ်ယာသုံးစက်ကိရိယာများကို အသုံးပြုရန် တောင်သူများ အနေဖြင့် စိတ်ဝင်စားလာသော်လည်း ဌာနမှ လုံလောက်စွာ မဖြည့်ဆည်းပေးနိုင်သေးသည့် အခြေအနေဖြစ်နေကာ တောင်သူအချို့ကလည်း ကောက်စိုက်စက်ကို အရစ်ကျစနစ်ဖြင့် ဝယ်ယူလိုသောဆန္ဒများ ရှိနေကြသည်။

ရေဦးမြို့နယ်အတွင်း လယ်ယာစိုက်ပျိုးရေးတွင် လယ်မြေများကို စက်နှင့်ထွန်ယက်ခြင်း၊ စပါးများကို စက်နှင့်ရိတ်သိမ်းခြင်းတို့ကို လုပ်ကိုင်နေပြီဖြစ်သော်လည်း စက်နှင့်စိုက်ပျိုးရန် လိုအပ်နေသေးသည့်အတွက် စက်မှုလယ်ယာရည်မှန်းချက်ပြည့်စုံရန် လိုအပ်နေသည့် ကောက်စိုက်စက်များအတွက် နည်းလမ်းရှာဖွေပေးမှသာ စက်မှုလယ်ယာစနစ်သို့ အလုံးစုံကူးပြောင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**

# ချင်းပြည်နယ်မှ ရန်ကုန်မြို့သို့ အဆင့်မြင့်ယာဉ်လိုင်းများပြေးဆွဲ၍ ခရီးသွားပြည်သူများအဆင်ပြေ

**တီးတိန် ဧပြီ ၂**
ချင်းပြည်နယ် ဟားခါးမြို့နှင့် တီးတိန်မြို့တို့မှ ရန်ကုန်မြို့သို့ အဲယားကွန်းလေအိတ်ပါ အဆင့်မြင့်ခရီးသည်တင်ယာဉ်လိုင်းများဖြစ်သည့် ဟားခါးမန်း၊ ချင်းတောင်တန်းနှင့် Hight Class မော်တော်ယာဉ်လိုင်းများ ပြေးဆွဲနေ၍ ခရီးသွားပြည်သူများအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ဟားခါး-ရန်ကုန် ခရီးစဉ်ကို ဟားခါးမန်းနှင့် High Class ယာဉ်လိုင်းတို့ကလည်းကောင်း၊ တီးတိန်-ရန်ကုန် ခရီးစဉ်ကို ချင်းတောင်တန်းယာဉ်လိုင်းကလည်းကောင်း တစ်ပတ်လျှင် သုံးကြိမ် ပြေးဆွဲလျက်ရှိကြောင်း သိရသည်။ ချင်းတောင်တန်းကားအသင်းမှာ မိုးတွင်းလမ်းပျက်စီးသည့် ကာလများတွင် ရပ်နားကာ ခရီးသည်နည်းပါးသည့်ရက်များတွင် ကလေးမြို့မှ အဆင့်မြင့်ဇိမ်ခံကားလေးများဖြင့် လိုက်ပါစီးနင်းစေကြောင်း ချင်းတောင်တန်းဂိတ်ပိုင်ရှင် ဦးဆောမ်းပူက ပြောသည်။




"အခုလို ချင်းတောင်နဲ့ မြေပြန့်ရန်ကုန်ကို တိုက်ရိုက်ယာဉ်လိုင်းရှိနေတော့ ကျွန်တော်တို့ ခရီးသည်တွေအနေနဲ့ ခရီးမထောက်တော့ဘဲ သက်သောင့်သက်သာနဲ့ လိုရာခရီးပေါက်ရောက်တော့ အများကြီးသက်သာပြီး ရန်ကုန်ကို တစ်ရက်ခရီးနဲ့ရောက်သွားသလို ခံစားရပါတယ်၊ ထန်တလန်၊ ဖလမ်း၊ တွန်းဇံ၊ ကျီခါးမြို့နဲ့ ကျေးလက်ဒေသမှာရှိတဲ့ ခရီးသွားပြည်သူတွေအတွက်ပါ အများကြီး အကျိုးပြုသွားတာပါ"ဟု တီးတိန်မြို့မှ ရန်ကုန်မြို့သို့သွားမည့် ခရီးသွားပြည်သူတစ်ဦးက ပြောသည်။

ချင်းပြည်နယ်မှာ တောင်ပေါ်လမ်းများဖြစ်သဖြင့် ယခင်က သွားလာရေး အထူးခက်ခဲမှုရှိခဲ့ရာမှ ယခုအခါ ပြည်နယ်ဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်ရေးကို နိုင်ငံတော်အစိုးရက ပထမဦးစားပေး လုပ်ငန်းများအဖြစ် သတ်မှတ်အကောင်အထည်ဖော်ပေးနေသဖြင့် လမ်းများကျယ်လာခြင်း၊ ကတ္တရာလမ်းမကြီးများ အကောင်အထည်ဖော်ပြီးစီးခြင်း စသည်တို့ကြောင့် သွားလာရေးတိုးတက်ကောင်းမွန်လာပြီး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ချင်းပြည်နယ်မှ မြေပြန့်ဒေသသို့ သွားလာသူ များပြားလာရာ ကလေး၊ ဂန့်ဂေါ၊ မန္တလေး မြို့များသာမက ရန်ကုန်မြို့ကိုပါ တိုက်ရိုက်ခရီးသည်တင် မော်တော်ယာဉ်လိုင်းသစ်များ တိုးချဲ့ပြေးဆွဲခြင်းဖြစ်ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

# သံဃာတော်များဦးဆောင်၍ ဆောက်လုပ်လှူဒါန်းမည့် အင်းတော်မြို့နယ်ပြည်သူ့ဆေးရုံသစ် ပန္နက်တင်

**အင်းတော် ဧပြီ ၂**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်၌ မြို့နယ်ပြည်သူ့ဆေးရုံ အဆောက်အအုံသစ်ကြီးကို သံဃာတော်များဦးဆောင်၍ ဆရာဒကာ ပေါင်းစည်းကာ အဆင့်မြင့်ခေတ်မီစွာ ဆောက်လုပ်လှူဒါန်းကြမည်ဖြစ်ကာ ဆေးရုံဆောက်လုပ်ရန် ပန္နက်တင်ပွဲကို မတ် ၂၆ ရက်က ဆေးရုံသစ်ဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပခဲ့သည်။

ပန္နက်တင်ပွဲတွင် မြို့နယ်သံဃနာယကဉက္ကဋ္ဌ နန်းကင်ကျောင်းတိုက်ဆရာတော် ဦးဝါယမိန္ဒ၊ အတွင်းရေးမှူး အောင်ဇေယျကျောင်းတိုက်ဆရာတော် ဦးဥတ္တမနှင့် စစ်ကိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဘိုးသန်းညွန့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြတ်ကိုထွေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပန္နက်များတင်ပေးခဲ့သည်။

အဆိုပါ ဆေးရုံအဆောက်အအုံ ဆောက်လုပ်ခြင်းအတွက် အလှူရှင်များအနေဖြင့် အလှူငွေများ ထည့်ဝင်နိုင်ကြပြီး လှူဒါန်းလိုပါက အောင်ဇေယျကျောင်းဆရာတော် ဖုန်း-၀၉၇၉၉၀၀၂၈၅၇၊ မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော်(နန်းကင်ကျောင်း) ဖုန်း-၀၉၂၅၆၁၆၅၅၇၅၊ ရွှေသင်းကျောင်းတိုက်ဆရာတော်(မန္တလေး) ဖုန်း-၀၉-၂၀၄၄၀၂၈ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်း၊ အလှူတော်ငွေကျပ်ငါးသောင်းနှင့်အထက် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပြီး ဆေးရုံသစ်ကြီးတွင် ကမ္ပည်းမှတ်တမ်းတင်ပေးမည်ဖြစ်၍ တစ်ဦးတည်းဖြစ်စေ စုပေါင်း၍ဖြစ်စေ လှူဒါန်းနိုင်ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# လွိုင်လင်မြို့၌ ဖွား/သေစာရင်း မှတ်ပုံတင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်

**လွိုင်လင် ဧပြီ ၂**
ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့၌ မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်း ၁၀၀ရာခိုင်နှုန်း လွှမ်းခြုံမှုရှိရေးအတွက် ပြည်သူလူထုအား အသိပညာမြှင့်တင်ပေးရန်၊ ပိုမိုတိကျပြည့်စုံသော ဖွား/သေစာရင်းအင်း အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီရရှိရန် ရည်ရွယ်ချက်များဖြင့် Bloomberg Data For Health Initiative အဖွဲ့၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဗဟိုစာရင်းအင်းအဖွဲ့တို့ ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲကို မတ် ၃၁ က ကျင်းပခဲ့သည်။

လွိုင်လင်မြို့ မွေး မင်္ဂလာခန်းမ၌ ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးစိန်က မွေးဖွားမှုနှင့်ပတ်သက်၍ ဆေးရုံတွင် တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် မွေးဖွားနှုန်းစာရင်းအင်းများကို တိကျစွာ မှတ်သားပေးကြရန်နှင့် ပေးပို့ရမည့်ဌာနများသို့ စနစ်တကျ ပေးပို့သွားကြရန် မှာကြားဆွေးနွေးခဲ့ပြီး ပြည်နယ်ဗဟိုစာရင်းအင်းဌာနမှ ဦးစီးမှူး ဒေါ်နီနီမြင့်က သေဆုံးမှုနှင့်ပတ်သက်၍ အသက်အပိုင်းအခြားအလိုက် မှတ်သားထားကြရန်၊ မည်သည့်အသက်အရွယ်များမှ သေဆုံးမှု ပိုများသည်ကိုလည်း တင်ပြသွားကြရန် စသည့်တို့ကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်းကြကာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ လွိုင်လင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်၊ လွိုင်လင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဇေယျ၊ သူနာပြုဆရာမများ၊ ဖိတ်ကြားထားသောဌာနဆိုင်ရာများနှင့် ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# ဟားခါးမြို့၌ လူငယ်နှင့်ယာဉ်အန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ဟားခါး ဧပြီ ၂**
ချင်းပြည်နယ် ဟားခါးမြို့၌ လူငယ်နှင့်ယာဉ်အန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မတ် ၃၁ ရက်က ဟားခါးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးခမ်းလျန်ဆုမ်းက ပြည်သူ့စကားဝိုင်း ကျင်းပခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဗန်ထောင်းနှင့် ဒေါက်တာမှုထန်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးအုန်းခင်၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ရဲမှူးဘင်နီဗိုင်းနှင့် ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှူး ဦးလှထွန်းတို့က လူငယ်နှင့်ယာဉ်အန္တရာယ် ခေါင်းစဉ်အပေါ် ပါဝင်ဆွေးနွေးခဲ့ကြသည်။

စကားဝိုင်းဆွေးနွေးပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံလူငယ်များ တက်ရောက်ကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားပေးခဲ့သည်။ ထို့အပြင် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ရဲမှူးဘင်နီဗိုင်းက တက်ရောက်လာကြသူများအား အမှတ်တရလက်ဆောင် တီရှပ်အင်္ကျီများ မဲဖောက်ပေးခဲ့ပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့ကလည်း ယာဉ်မောင်းသူများ လက်စွဲစာအုပ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# နှစ် ၁၃၀ ပြည့် ပခုက္ကူ

မောင်သာ(ရှေးဟောင်းသုတေသန)

ဧရာဝတီမြစ် အနောက်ဘက်ကမ်းမြို့တော်ဟု တင်စားခေါ်ဆိုကြသည့် ပခုက္ကူမြို့သည် ဗုဒ္ဓစာပေ သင်ကြားပို့ချမှုတွင် ပရိယတ္တိ မြို့တော်တစ်ခုအဖြစ် ရှေးအစဉ်အဆက်က ပင် ထင်ရှားခဲ့သည်။ မြန်မာနိုင်ငံ နေရာဒေသအသီးသီးမှ ရဟန်းသံဃာများသည် ဗုဒ္ဓစာပေ ပိဋကတ်ကျမ်းစာများကို ပခုက္ကူမြို့ရှိ ခေတ်အဆက်ဆက် ထင်ရှားခဲ့သည့် စာသင်တိုက်ကြီးများတွင် သွားရောက်သင်ယူခဲ့ကြရာမှ ပခုက္ကူသာသနာ ထွန်းကားခဲ့သည်။

ပခုက္ကူမြို့နယ်အတွင်း၌ ၂၀၁၇ ခုနှစ် မတ်လအထိ ပရိယတ္တိစာသင်တိုက်များနှင့် ဗုဒ္ဓဘာသာ သာသနိကအဆောက်အအုံများအဖြစ် ဘုရားစေတီ ၁၆၃၉ ဆူ၊ ဘုန်းကြီးကျောင်း ၄၆၁ ကျောင်း၊ သီလရှင်ကျောင်း ၃၉ ကျောင်းနှင့် ဓမ္မာရုံ ၁၄၅ ရုံရှိကာ ရဟန်း၊ သံဃာ ၃၀၂၃ ပါးနှင့် သီလရှင် ၄၈၄ ပါး သီတင်းသုံးနေထိုင်လျက်ရှိသည်။ ထိုအတူ သီဟိုဠ်ရှင်၊ ရွှေကူကြီး၊ ဖောင်တော်ဦး စသည့် ထင်ရှားသော စေတီပုထိုးကိုးဆူနှင့် ဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်းရှိကြောင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက မှတ်တမ်းပြုစုခဲ့သည်။ အခြားဘာသာရေး အဆောက်အအုံ ၁၁ ခုသည်လည်း ပခုက္ကူမြို့နယ်အတွင်း၌ တည်ရှိနေသည်။

ပခုက္ကူမြို့နယ်သည် အရှေ့ဘက်တွင် ဧရာဝတီမြစ်နှင့် တောင်သာမြို့နယ်၊ အနောက်ဘက်တွင် ပေါက်မြို့နယ်နှင့် ဆိပ်ဖြူမြို့နယ်၊ တောင်ဘက်တွင် ဧရာဝတီမြစ်နှင့် ညောင်ဦးမြို့နယ်၊ မြောက်ဘက်တွင် မြိုင်မြို့နယ်တို့နှင့် ထိစပ်နေကာ အရှေ့မှ အနောက်သို့ ၃၄ မိုင်နှင့် တောင်မှမြောက်သို့ ၁၁ မိုင် ကျယ်ဝန်းသည်။ ပခုက္ကူမြို့နယ်ကို မြို့နှစ်မြို့(ပခုက္ကူနှင့်ကမ္မ)၊ ရပ်ကွက် ၂၇ ခု၊ ကျေးရွာအုပ်စု ၅၄ အုပ်စုဖြင့် ဖွဲ့စည်းကာ မြို့နယ်အကျယ်အဝန်းသည် ၄၈၅ ဒသမ ၈၃၉ စတုရန်းမိုင် ဖြစ်သည်။

မြေပုံအညွှန်းအရ ပခုက္ကူမြို့နယ်၏ တည်နေရာသည် မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၅၄ မိနစ်နှင့် ၂၁ ဒီဂရီ ၂၉ မိနစ်အကြား၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၄ မိနစ်နှင့် ၉၅ ဒီဂရီ ၂၁ မိနစ်အကြား ဖြစ်ပေသည်။ ပခုက္ကူမြို့သည် ဧရာဝတီမြစ်ကမ်းဘေး မြေပြန့်လွင်ပြင်၌ ပင်လယ်ရေမျက်နှာပြင်အထက် ၂၁၁ ဒသမ ၆၉ ပေအမြင့်တွင် တည်ရှိနေပြီး အနောက်ဘက်တွင် ပေ ၁၀၄၀ မြင့်သည့် တန့်ကြည့်တောင်နှင့် ၁၁၂၇ ပေမြင့်သည့် တက်မတောင်တန်းတို့က ကာရံထားသည်။

## သမိုင်းထဲမှ ပခုက္ကူ

အစဉ်အဆက် လက်ခံခဲ့မှုများအရ မြန်မာသက္ကရာဇ် ၄၅၄ ခုနှစ်တွင် ပုဂံဘုရင် အလောင်းစည်သူသည် ယခု ပခုက္ကူမြို့ တည်ရှိသည့်နေရာသို့ ဖောင်စကြာဖြင့် ရောက်ရှိလာခဲ့သည်။ ဘုရင်နှင့်အတူလိုက်ပါလာသည့် မောင်းမမိဿံများအနက် ကိုယ်ဝန်ဆောင်မိဖုရားငယ် မောင်းမ မယ်ညိုစိမ့်သည် ပေါက်အင်းအနီးသို့ ရောက်ရှိချိန်တွင် တံငါသည်လုလင်တို့ကို မြင်တွေ့၍ တပ်မက်သည့်အသွင်ဖြင့် ရယ်သွမ်းခဲ့သည်။ အလောင်းစည်သူသည် မိဖုရားငယ် မယ်ညိုစိမ့်၏ အပြုအမူကို ဒေါသထွက်သဖြင့် ကြိမ်ဖြင့်ရိုက်ရာမှ သေဆုံးသွားခဲ့သည်။

အလောင်းစည်သူမင်းသည် မယ်ညိုစိမ့်၏အလောင်းကို ဖောင်ပေါ်၌ ခွဲခဲ့ရာ သားငယ်အလောင်းကို ဝမ်းတွင်းမှ တွေ့ရှိရသဖြင့် အလောင်းကို ဝမ်းမှထုတ်၍ ရွှေကူဘုရားတည်မည့်နေရာတွင် အုတ်ဂူသွင်းခဲ့သည်။ ယင်းဂူကို သားထုတ်ဂူဟု ခေါ်ဆိုရာမှ ပခုက္ကူဟု ပြောင်းလဲခဲ့ကြောင်း အစဉ်အဆက် လက်ခံခဲ့ကြသည်။

အလောင်းစည်သူမင်း ဂူပြုလုပ်ခဲ့သည့်နေရာသည် ပခန်းနယ်တွင် ရှိခဲ့သဖြင့် ယင်းဂူကို ပခန်းအုတ်ဂူဟု ခေါ်ဆိုခဲ့ကြရာမှ ဂူအနီးရှိရွာသည် ပခန်းအုတ်ဂူရွာ ဖြစ်လာခဲ့သည်။ ကာလရွေ့လျောလာချိန်တွင် ပခန်းအုတ်ဂူမှ ပခုက္ကူဟု ပြောင်းလဲလာခဲ့ကြောင်းလည်း အဆိုရှိခဲ့သည်။

## မြို့သက်တမ်း နှစ် ၁၃၀ ကျော်

မြန်မာနိုင်ငံကို ဗြိတိသျှတို့ သိမ်းယူခဲ့ပြီးနောက် ခရစ်နှစ် ၁၈၈၇ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် မြူနီစီပယ်နှင့် ဒေသန္တရဝန်ကြီးဌာနက ပခုက္ကူမြူနီစီပယ်ကို ဖွဲ့စည်းခဲ့သဖြင့် ယင်းသက္ကရာဇ်ကို ပခုက္ကူမြို့တည်နှစ်ဟု သတ်မှတ်ခဲ့ကြရာ ယခုအခါ မြို့သက်တမ်း နှစ် ၁၃၀ ကျော်ခဲ့ပြီဖြစ်သည်။

မြန်မာ့စွယ်စုံကျမ်းတွင်မူ မြန်မာမင်းများလက်ထက်တွင် ပခုက္ကူခရိုင်သည် ပခန်းကြီးခရိုင် ဖြစ်ခဲ့ကြောင်းနှင့် ပခန်းကြီးခရိုင်ကို ပခန်းကြီးမြို့ဝန်၊ ယောလေးမြို့ဝန်နှင့် ဇန့်ကျီတိုက်မြို့ဝန်တို့က ခန့်ခွဲအုပ်ချုပ်ခဲ့ကြောင်း ရေးသားထားသည်။ မြန်မာနိုင်ငံကို ဗြိတိသျှတို့ မသိမ်းပိုက်မီက ပခုက္ကူသည် တံငါရွာငယ်တစ်ခုသာ ဖြစ်ခဲ့ပြီး ပုဂံမြို့ဝန်၏ အုပ်ချုပ်မှုအောက်တွင် ရှိခဲ့သည်။ ထိုစဉ်က ပခုက္ကူနှင့် ဧရာဝတီမြစ်အကြားတွင် ကျယ်ပြန့်သောသဲသောင်ပြင်ကြီး ရှိခဲ့သော်လည်း မြစ်ကြောင်းပြောင်းလဲမှုများကြောင့် ဧရာဝတီမြစ်သည် ပခုက္ကူရွာအနီးသို့ ရောက်ရှိခဲ့ကာ ၁၈၈၅ ခုနှစ်တွင် ပခုက္ကူသည် ဆိပ်ကမ်းမြို့ ဖြစ်လာခဲ့သည်ဟု ဆိုပေသည်။ ဧရာဝတီမြစ်ကြောင်းအတိုင်း တိုင်းထွာလျှင် ပခုက္ကူမြို့သည် ရန်ကုန်မြို့မှ ၄၉၄ မိုင်နှင့် မန္တလေးမြို့မှ ၁၀၃ မိုင်ကွာဝေးလျက် အထက်မြန်မာနိုင်ငံတွင် မန္တလေးပြီးလျှင် ဒုတိယအကြီးဆုံးမြို့အဖြစ် တည်ရှိနေပေသည်။

## ပခုက္ကူမှ သမိုင်းဝင်ဘုရားများ

ပခုက္ကူသို့ရောက်ရှိလာကြသည့် ပြည်တွင်းပြည်ပ ခရီးသည်များသည် သီဟိုဠ်ရှင်မြတ်စွာဘုရားနှင့် ရွှေကူမြတ်စွာဘုရား အပါအဝင် သမိုင်းဝင် စေတီပုထိုးများကို ဖူးမြော်လေ့ရှိကြသည်။ သီဟိုဠ်ရှင်မြတ်စွာဘုရားသည် ပခုက္ကူမြို့မြစ်ကိုင်းရပ်ရှိ ငါးဧကကျယ်ဝန်းသည့် ပရိဝုဏ်အတွင်း၌ တည်ရှိသည်။ ဂန္ဓကုဋိတိုက်အတွင်း သီတင်းသုံးနေသည့် ရုပ်ပွားဆင်းတုတော်၏ ဘွဲ့အမည်သည် သိဃ်ိုဠ်ရ၊ သိဃ်ိုဠ်ရှင်၊ သီဟိုဠ်ရှင်ဟု အမည်သုံးမျိုး တွင်ခဲ့သော်လည်း သီဟိုဠ်ရှင်မြတ်စွာဘုရားဟု ထင်ရှားခဲ့သည်။ သီဟိုဠ်ရှင်ဆင်းတုတော်သည် ဉာဏ်တော် သံတောင် ၃ တောင် ၂မိုက်(၅ပေ ၉ လက်မ)မြင့်ကာ လက်ဝဲဘက်လက်တော်ကို ပက်လက်လှန်ထား၍ လက်ယာဘက်လက်ကို ထောင်ထားသည်။

ခရစ်နှစ် ၁၁၁၇ ခုနှစ်တွင် အလောင်းစည်သူမင်းသည် အသောကရာမမင်းက သီဟိုဠ်ဘုရင် ဒေဝါနံပိယတိဿအား ပေးခဲ့သည့် ဒက္ခိဏသာခါ မဟာဗောဓိသစ်တော်ဖြင့် ရုပ်ပွားတော်ကို ထုလုပ်လှူဒါန်းခဲ့သဖြင့် သီဟိုဠ်ရှင်ဘုရားဟု ဘွဲ့မည်တွင်ခဲ့သည်။ ၁၁၈၅ ခုနှစ်တွင် မြင်သာရွာအုပ်ကြီးသည် သီဟိုဠ်ရှင်ဘုရား ဆင်းတုတော်ဝဲယာနှစ်ဘက်တွင် ဆင်းတုတော်တစ်ဆူစီကို ထုလုပ်ပူဇော်ခဲ့ရာ လက်ဝဲဘက်ဆင်းတုတော်သည် ရွှေချိန် ၃၅ ပိဿာရှိ၍ လက်ယာဘက် ဆင်းတုတော်သည် ရွှေချိန် ၄၃ ပိဿာ ၂၅ ကျပ်သားရှိသည်။

သီဟိုဠ်ရှင်ဘုရားပွဲကို နှစ်စဉ် သင်္ကြန်ရက်များတွင် တစ်ကြိမ်၊ နတ်တော်လဆန်း ၇ ရက်မှ နတ်တော်လဆုတ် ၃ ရက်အထိ တစ်ကြိမ်နှင့် သီတင်းကျွတ်လပြည့်တွင် တစ်ကြိမ် စုစုပေါင်းသုံးကြိမ် ကျင်းပလေ့ရှိသည်။

ပခုက္ကူမြို့ပေါ်ရှိ ထင်ရှားသော ဘုန်းတော်ကြီးကျောင်းတစ်ခုဖြစ်သည့် မဟာဝိဇယာရာမ စာသင်တိုက်၏ အရှေ့တောင်ဘက်ရှိ ဖောင်တော်ဦးဘုရား၏ မူလရုပ်ပွားတော်သည် မဟာဝိဇယာရာမ အာသောကာရုံကျောင်းတော်တွင် သီတင်းသုံးလျက်ရှိသည်။ ဘုရားသမိုင်းများအလိုအရ သက္ကရာဇ် ၄၅၄ ခုနှစ်တွင် အလောင်းစည်သူမင်းသည် သီဟိုဠ်ကျွန်းသို့ရောက်ရှိခဲ့စဉ် သီဟိုဠ်ဘုရင်က သစ်ကနက်လှေတော်ကို ဆက်သခဲ့သည်ဟုဆိုသည်။ နရပတိစည်သူမင်းသည် ယင်းသစ်ကနက်သား ဖောင်တော်ဦးစကားတိုင်ကို ဆင်းတုတော်ကိုးဆူ ထုလုပ်ပူဇော်ခဲ့ရာ ဖောင်တော်ဦးရုပ်ပွားတော်သည် တစ်ဆူအပါအဝင်ဖြစ်သည်။ မူလက ယင်းဆင်းတုတော်၏ အောက်ခံ စမ္မခဏ်တော် နောက်တွင် "ပုဂံပြည် နရပတိစည်သူမင်းကောင်းမှုတော် သင်္ကန်းသား ဖောင်တော်ဦးဘုရား ဓာတ်တော်အစစ် ဌာပနာလျက်ရှိသည်"ဟု ရေးသားထားသည့် ရွှေပြားရှိခဲ့ပြီး ယခုအခါတွင် ရုပ်ပွားတော်ကိုချခဲ့သည့် ရွှေများက ဖုံးအုပ်နေပြီဟု ဆိုပေသည်။

ဖောင်တော်ဦးရုပ်ပွားတော်ကို ပုပ္ပားမြို့စား နေမျိုးသူရက ပခုက္ကူသို့ပင့်ဆောင်လာကာ ဦးမေဓာနှင့် ဦးဇာဂရ ရဟန်းညီနောင်ထံ အပ်နှံခဲ့သည်။ ဆရာတော် နှစ်ပါးသည် ငါ့သရောက်၊ အင်းဝတောကျောင်းသို့ ပြောင်းရွှေ့သီတင်းသုံးချိန်တွင် ဖောင်တော်ဦးရုပ်ပွားတော်ကို ပင့်ဆောင်သွားခဲ့ကြသည်။ မြန်မာသက္ကရာဇ် ၁၂၃၇ ခုနှစ် သီတင်းကျွတ်လတွင် ဖောင်တော်ဦးရုပ်ပွားတော်ကို ပခုက္ကူမြို့ ပေါင်လောင်ရှင်ရပ်တွင် ဦးရန်ကင်းနှင့် ဒေါ်ရွှန်းတို့ ဆောက်လုပ်လှူဒါန်းသည့် ဂန္ဓကုဋိကျောင်းတိုက်သို့ ပင့်ဆောင်ပူဇော်ခဲ့ကြသည်။ မြန်မာသက္ကရာဇ် ၁၂၇၇ ခုနှစ်တွင် ပခုက္ကူ မီးဘေးသင့်ပြီးနောက် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂ ရက်တွင် လက်ရှိ မဟာဝိဇယာရာမကျောင်းတိုက်သို့ ပင့်ဆောင်ခဲ့သည်။

ထို့အတူ သရက္ခန်ရုပ်ပွားတော် ပူဇော်ထားရှိသည့် ရွှေတန့်တစ် သရက္ခန်ဘုရားနှင့် ပုဂံဘုရင်အနော်ရထာမင်း၏ စွယ်တော်လေးဆူတွင် တစ်ဆူအပါအဝင်ဖြစ်သော တန့်ကြည့်တောင် စွယ်တော်ဘုရားတို့သည် ပခုက္ကူမြို့နယ်ရှိ ထင်ရှားသည့် ရုပ်ပွားနှင့် စေတီပုထိုးတို့ ဖြစ်ကြသည်။ ရွှေတန့်တစ်ဘုရားသည် ပခုက္ကူမြို့မှ အရှေ့ဘက် သုံးမိုင်အကွာ ရွှေတန့်တစ်ရွာတွင် တည်ရှိပြီး ဂန္ဓကုဋိတိုက်တွင် သရက္ခန်ရုပ်ပွားတော်ကို ဆင် ၁၄ ကောင်ခံထားသည့် ပလ္လင်ပေါ်တွင် ပူဇော်ထားရှိသည်။ ဆင်ခံ သရက္ခန်ရုပ်ပွားတော်ခြောက်ဆူအနက် ရွှေတန့်တစ် သရက္ခန်သည် တစ်ဆူအပါအဝင်ဖြစ်သည်။

## ရွှေကူဘုရားနှင့် တံကဲတော်

ပခုက္ကူသို့ ရောက်ရှိလာသူတိုင်း တအံ့တဩ သွားရောက်ကြည့်ရှုကြရသည့် ကမ္ဘာကျော် သစ်သားတံကဲကြီးရှိသည့် ရွှေကူကြီးဘုရားသမိုင်း အဆိုအရ အလောင်းစည်သူမင်းတည်ခဲ့သည့် ဂူအနီးတွင် အလောင်းစည်သူမင်းပင် တည်ခဲ့သည်ဟု ယူဆရသည့် စေတီငယ်တစ်ဆူရှိခဲ့သည်။ လေ့သူကြီးတစ်ဦးက ယင်းစေတီကို ပုံတူယူကာ လိုဏ်ဘုရားကို တည်ထားခဲ့ရာမှ ရွှေကူဘုရားဟု ထင်ရှားခဲ့သည်။ ရွှေကူဘုရားအနီးရှိ ရွှေကူကျောင်းတိုက်တွင်သီတင်းသုံးခဲ့သည့် ဘုန်းကြီးဦးဗျား၊ ဘုန်းကြီးဦးသံတိုင်နှင့် ဘုန်းကြီး ဦးပဒုမတို့သည် ရှမ်းပြည်မှ ဗုဒ္ဓဆင်းတုတော် သုံးဆူကို ပင့်ဆောင်ခဲ့သည်။ ယင်းတို့အနက် တစ်ဆူသည် ရွှေကူကြီးဘုရားတွင် ရှိနေသည့် ရွှေကူမြတ်စွာဘုရား ဆင်းတုတော်ဖြစ်သည်။

ယင်းဆင်းတုတော်၏ ကျောဘက်ရှိ ကမ္ဘာကျော် မြန်မာ့လက်မှုပညာ လက်ရာတစ်ခုဖြစ်သည့် တံကဲတော်မှာ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်လာ ဇာတ်ကွက်များကို ပန်းကနုတ်များဖြင့် ခြံရံထွင်းထုထားကာ ရွှေကူကြီးဘုရား ဂန္ဓကုဋိတိုက်ရှိ မှန်သေတ္တာတွင် ထိန်းသိမ်းပြသထားသည်။

ဉာဏ်တော် ၅ ပေ ၂ လက်မမြင့်သည့် ဗုဒ္ဓရုပ်ပွားတော်၏ ကျောဘက်ရှိ တံကဲတော်သည် အလျား ၅ ပေ ၁၀လက်မ ၊ အမြင့် ၁၂ ပေ ၁၀ လက်မခန့်နှင့် ထု ခြောက်လက်မရှိသည့် ယမနေသစ်သားပြားဖြစ်သည်။ ယင်းသစ်သားပြား ငါးချပ်ကို တွဲစပ်လျက် အလွှာရှစ်လွှာထွင်း၍ အရုပ်များနှင့် ကနုတ်များကို ထုလုပ်ထားရာ လူရုပ် ၁၃၆ ရုပ်နှင့် တိရစ္ဆာန်ရုပ် ၁၈ ရုပ် ပါဝင်သည်။

ခရစ်နှစ် ၁၉၀၄ ခုနှစ်တွင် စတင်ထုလုပ်ခဲ့သည့် ရွှေကူတံကဲတော်ကြီးသည် ၁၉၀၈ ခုနှစ်တွင် ပြီးစီးခဲ့သည်။ ရွှေတစ်ကျပ်သားသည် ငွေကျပ်နှစ်ဆယ် တန်ဖိုးရှိသည့် ထိုအချိန်တွင် ပန်းပုထုလုပ်အားခသည် ငွေကျပ် ၄၀၀၀ ဖြစ်သောကြောင့် ရွှေသား နှစ်ပိဿာ တန်ဖိုးနှင့်ညီမျှခဲ့သည်။

ရွှေကူတံကဲတော်အနီးတွင် မြန်မာသက္ကရာဇ် ၁၂၆၉ ခုနှစ် တပေါင်းလပြည့်ကျော် ၃ ရက်နေ့က လက်ခငွေ ငွေဒင်္ဂါးပြား ၄၀၀၀ နှင့် လေးနှစ်ကျော် ထုလုပ်ရခြင်း၊ တံကဲ၏ထု ရှစ်လက်မ၊ ရှစ်ထပ်နှင့် သစ်တုံး ငါးတုံးဖြင့် ပန်းရုပ်လုံးများဖော်ပြထားခြင်း အစရှိသည့် တံကဲတော်နှင့် ပတ်သက်၍ ရှင်းလင်းချက်များကို ကမ္ဘာ့အံ့ဖွယ်ရာ ရွှေကူတံကဲတော် အမည်ဖြင့် ရေးသားထားကာ ရွှေကူတံကဲကို ထုလုပ်ခဲ့သူ သားအဖနှစ်ဦး၏ ဓာတ်ပုံကို ချိတ်ဆွဲထားသည်။

တံကဲ အလှူရှင်များသည် ပခုက္ကူမြို့ ဈေးဟောင်းရပ် ကျောင်းတော်ရာလမ်း တိုက်နံပါတ် ၅၇၅ နေ ဦးဟင်းငါးနှင့် ဇနီးဒေါ်ဗီးဇံ၊ သမီး မယ်သစ်၊ မယ်မြစ်တို့ ဖြစ်ကြပြီး ပန်းပုပညာရှင်များမှာ မြိုင်မြို့နယ် သစ်ကြီးတော လေးတန်းရွာမှ ဦးကံကြီးနှင့် သား မောင်တေ ဖြစ်သည်။ ရွှေကူ တံကဲတော်ကြီး၏ မှတ်တမ်းအထောက်အထားအဖြစ် တံကဲ၏ ဘယ်ဘက် ပန်းကနုတ်ပေါ်တွင် ဆြာဦးကံကြီး၊ သား မောင်တေ၊ ညာဘက်တွင် မဆီးဆံ၊ကိုဟင်းငါး၊မမယ်သင်ကောင်းမှုဟု ထွင်းထုခဲ့သည်။

ဦးကံကြီးနှင့်သားဖြစ်သူတို့သည် ရွှေကူတံကဲတော်ကြီးကို သမားရိုးကျ ထုလုပ်လေ့ရှိသော ပန်းကနုတ်ပုံစံ မဟုတ်ဘဲ အထပ် ရှစ်ထပ်တွင် ရုပ်လုံးရုပ်ကြွများဖြင့်



ရွှေတန့်တစ် သရက္ခန် ရုပ်ပွားတော်

ထုလုပ်နိုင်ရန် စူးဆောက် တန်ဆာပလာများကို မိမိတို့စိတ်တိုင်းကျ ပြုလုပ်ခဲ့ကြရာ အချို့သော စူးဆောက်များကို နှစ်ဆစ်ချိုး သုံးဆစ်ချိုး ပြုလုပ်ထားပြီး အမျိုးပေါင်း ၅၀ ကျော် ရှိခဲ့သည်ဟု ဆိုပေသည်။ ပန်းပုပညာရှင်နှစ်ဦးသည် တံကဲပေါ်တွင် ဒေဝါရောဟဏဇာတ်၊ နေမိဇာတ်၊ သာမဏဇာတ်နှင့် ဗိမ္ဗိသာရဇာတ်များမှ ဇာတ်ဝင်ခန်း ၁၂ ခန်းကို တစ်ဆက်တစ်စပ်တည်း ပုံဖော်ထွင်းထုခဲ့သည်။

တံကဲတော်၏ အပေါ်ဆုံးအလွှာတွင် ဒေဝါရောဟဏဇာတ်တွင် ပါရှိသည့် မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်၌ မယ်တော် မိနတ်သားနှင့် နတ်ဗြဟ္မာအပေါင်းအား အဘိဓမ္မာတရားတော်များကို ဝါတွင်းသုံးလ ဟောကြားတော်မူအပြီး လူ့ပြည်သို့ ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းတို့မှ ပြန်လည်ကြွမြန်းလာပုံကို ရုပ်ထုပေါင်း ၂၁ ခု ဖြင့် ပုံဖော်ထားသည်။ အလယ်ပတ္တမြားစောင်းတန်းမှ သင်္ကဿနဂိုရ်ပြည် တောင်တံခါးဆီသို့ ကြွမြန်း ဆင်းသက်လာသည့် မြတ်စွာဘုရားရှင်အား လိုက်ပါပို့ဆောင်ကြသော မာတလိ၊ဝိသကြုံနတ်သားနှင့် ဗြဟ္မာကြီးများကို လက်ရာမြောက်စွာ ထုလုပ်ထားပြီး ခရုသင်းမှုတ်သူ၊ ထီးတော်မိုးသူ၊ သားမြီးယပ်ခတ်သူ၊ တူရိယာများ တီးခတ် လိုက်ပါလာကြသူများသည် ပန်းပုရုပ်များဟုပင် မထင်ရအောင် အသက်ဝင်ခဲ့သည်။

တံကဲတော်၏ လက်ယာဘက် အထက်ပိုင်းတွင် နေမိဇာတ်တော်နှင့် လက်ဝဲဘက် အထက်ပိုင်းတွင် သာမိနဇာတ်တော်မှ ဇာတ်ကွက်များကို ထုလုပ်ထားသည်။ မာတလိနတ်သားက နေမိမင်းသားနှင့် သာမိနမင်းကြီးတို့ကို နတ်ပြည်သို့ မြင်းသုံးကောင်ကသောရထားဖြင့် တောမြိုင်အတွင်းမှ ခေါ်ဆောင်သွားပုံသည် ပန်းရှစ်ထပ်အတွင်းမှ ရထားထွက်လာတော့မည့်အလား ထင်မှတ်ရပေသည်။ တောတွင်း၌ ငှက်ငယ်လေးများ တစ်ကောင်နှင့် တစ်ကောင် အစာခွံ့နေပုံ၊ မြူးတူးပျော်ပါးနေပုံများနှင့် တောတောင်ရှုခင်းများကို ဘုရားရှင်နှင့်တကွ နတ်ဗြဟ္မာများ၊ ရှင်ဘုရင်၊ ဝန်ကြီးဝန်လေး၊ ကချေသည်၊ ပြည်သူ ပြည်သား ရုပ်ထုများနှင့်အတူ လေးဘက် ပတ်လည် ကြည့်နိုင်ရန် ထွင်းထုထားသည်။

ဒေဝဒတ်က အဇာတသတ်မင်းသားအား ဖခင်ကိုသတ်ပြီး မင်းပြုရန် အကြံပေးနေပုံ၊ အဇာတသတ်မင်းသားက ဖခင်အား နန်းချ၍အကျဉ်းချထားပုံ၊ အစာရေစာ ငတ်မွတ်နေသော ဗိမ္ဗိသာရမင်းကြီးအား ဝေဒေဟီမိဖုရားကြီးက စတုမဓုသုတ်လိမ်းထားသော မြတဘက်ကို ဆက်သနေပုံ၊ ပါးကွက်သားများက မင်းကြီး၏ ခြေဖဝါးကို ဓားဖြင့်ခွဲနေပုံတို့မှာ အသက်ဝင်လှသည်။

ပခုက္ကူမြို့မှ သီဟိုဠ်ရှင်ဘုရား၊ ရွှေတန့်တစ်ဘုရားများတွင်လည်း တံကဲတော်ကြီးများရှိခဲ့ပြီး သီဟိုဠ်ရှင်ဘုရား၏ မူလတံကဲတော်ကြီးသည် မီးလောင်ပျက်စီးခဲ့ကာ မီးမလောင်မီက ရိုက်ကူးထားခဲ့သော အဖြူ အမည်း ဓာတ်ပုံတစ်ပုံကို သီဟိုဠ်ရှင်မြတ်စွာဘုရား အဝင်မုခ်ဦးရှိ မှန်ပုံးထဲတွင် ပြထားသည်။ သီဟိုဠ်ရှင်တံကဲသည် ရွှေကူတံကဲတော်ကဲ့သို့ ပန်းရှစ်ထပ် မဟုတ်ဘဲ ရုပ်လုံးမပါသည့် ကနုတ်ပန်း တံကဲဖြစ်သည်။

ဆရာဦးကံကြီးသည် ရွှေကူတံကဲတော်ကြီးကို ထုလုပ်ပြီး စူး၊ ဆောက်၊ တန်ဆာပလာ လက်နက်များအားလုံးကို ဧရာဝတီမြစ်ထဲသို့ စွန့်ပစ်ခဲ့ကာ မိမိ၏ ပညာ၊ စေတနာ၊ သဒ္ဓါ အားလုံးတို့ကို ရွှေကူကြီးတံကဲတော်တွင် မြှုပ်နှံ၍ လက်ကုန် ပညာကုန်ဖွင့်ခဲ့ကြောင်း မှတ်တမ်းပြုခဲ့ကြသည်။

သက်တမ်း နှစ် ၁၀၀ ကျော်ခဲ့ပြီဖြစ်သည့် ရွှေကူတံကဲတော်ကြီးကို မူလက အမိုးအကာမရှိဘဲ ဟင်းလင်းပြင်တွင် ထားရှိခဲ့သဖြင့် ပျက်စီးမှုအနည်းငယ်ရှိခဲ့သည်။ သို့သော် ၁၉၄၆ ခုနှစ်တွင် မူလတံကဲအလှူရှင် ဒေါ်ဗီးဇံ၏ သမီး ဒေါ်မြစ်က တံကဲတော်ကြီးကို ဆေးခြယ်သကာ ပြန်လည်မွမ်းမံခဲ့ပြီး တန်ဆောင်းအတွင်း အမိုးအကာအောက်တွင် ထိန်းသိမ်းထားရှိခဲ့သည်။ ရွှေကူတံကဲတော်ကို နှစ်ပေါင်း ၁၀၀ ကျော်ကြာ တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့သဖြင့် မြန်မာပန်းပုပညာရှင် သားအဖနှစ်ဦး၏ အနုလက်ရာစွမ်းရည်ကို လေ့လာနိုင်ကြပေသည်။

သမိုင်းဝင် ရှေးဟောင်းစေတီပုထိုး၊ ရုပ်ပွားဆင်းတုများအပါအဝင် သာသနိကအဆောက်အအုံများကို ထိန်းသိမ်းထားရှိခဲ့သည့် ပခုက္ကူမြို့သည် သက်တမ်းနှစ် ၁၃၀ ကျော်လွန်လာသည့်တိုင် နှောင်းလူများ လေ့လာကြည်ညိုဖွယ်များစွာ ကျန်ရှိနေသဖြင့် လာရောက်လည်ပတ်လေ့လာကြသူများဖြင့် စည်ကားလျက်ရှိနေပေသည်။

**ကိုးကား**
**(၁)မြန်မာ့စွယ်စုံကျမ်း အတွဲ(၆)**
**(၂)ပခုက္ကူသာသနာဝင် (အရှင်ကေလာသ)**
**(၃)ပခုက္ကူဒေသဆိုင်ရာ အချက်အလက်များ(အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)**

# ဝိုင်းမော်မြို့နယ်အတွင်းရှိ တောင်သူများ၏ သိမ်းဆည်းခံလယ်ယာမြေများကို ပြန်လည်လွှဲပြောင်းပေးအပ်

**မြစ်ကြီးနား ဧပြီ ၂**

မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ်အတွင်းရှိ တပ်မတော် တပ်ရင်းနှစ်ခုက သိမ်းဆည်းထားသော တောင်သူများ၏ သိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်ပေးအပ်သည့် အခမ်းအနားကို မတ် ၃၀ ရက်က မြစ်ကြီးနားမြို့ရှိ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်း အတွင်း ကျင်းပခဲ့သည်။

"ကချင်ပြည်နယ်ဟာ စိုက်ပျိုးရေးကို အခြေခံတာဖြစ်တဲ့အတွက် နှစ်ပေါင်းမြောက်များစွာ မြေလွတ်မြေရိုင်းနဲ့ လယ်ယာမြေနဲ့ပတ်သက်ပြီး အရှုပ်အထွေးတွေ ပြဿနာပေါင်းစုံဖြစ်လာတယ်၊ အခု ကျွန်တော်တာဝန်ယူတဲ့ အစိုးရသက်တမ်း နှစ်နှစ်အတွင်းမှာ ၂၀၁၈ မကုန်ခင် ဒီပြဿနာကို မြန်မြန်ဆန်ဆန် ဖြေရှင်းကြရအောင်လို့ ပြောနေတဲ့အချိန်မှာပဲ ဒုတိယဝန်ကြီးကိုယ်တိုင် လာရောက်ဖြေရှင်းပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်"ဟု ကချင်ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ပြောသည်။

မြစ်ကြီးနားခရိုင်အတွင်းရှိ အမှုတွဲပေါင်း ခုနစ်တွဲတွင် တောင်သူဦးရေ ၁၃ ဦး၏ မြေဧရိယာ ၇၁ ဒသမ ၆၉ ဧက၊ မိုးညှင်းခရိုင်အတွင်း အမှုတွဲပေါင်း ၁၅တွဲတွင် တောင်သူဦးရေ ၃၅ ဦး၏ မြေဧရိယာ ၂၉၉ ဒသမ ၇ ဧက၊ ဗန်းမော်ခရိုင်အတွင်း အမှုတွဲပေါင်း သုံးတွဲတွင် တောင်သူဦးရေ ၁၆ ဦး၏ မြေဧရိယာ ၁၀၉ ဒသမ ၉၁ ဧက၊ စုစုပေါင်း အမှုတွဲ ၂၅ တွဲမှ တောင်သူဦးရေ ၆၄ ဦး၏ မြေဧရိယာ ၄၈၁ ဒသမ ၃ ဧကကို လွှဲအပ်ပေးခဲ့ကြောင်း သိရသည်။

"သိမ်းဆည်းခံလိုက်ရတဲ့မြေ ၁၂ ဧကလုံး ဒီနေ့ ပြန်ရပါတယ်၊ မြေပြန်မရခင်က သူများလယ်မှာ လက်ခစားနဲ့ စပါးစိုက်၊ ပျိုးနုတ်၊ စပါးရိတ်၊ လယ်အငှားထွန်ပြီး မိသားစုကို တစ်နေ့လုပ် တစ်နေ့စားဘဝနဲ့ ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း လုပ်ကျွေးခဲ့ရပါတယ်၊



ပြန်ရလို့ အရမ်းဝမ်းသာပါတယ်၊ တာဝန်ရှိတဲ့သူတွေကိုလည်း အရမ်းကျေးဇူးတင်ပါတယ်"ဟု လယ်ယာမြေ အသိမ်းခံထားရပြီး ယခု ပြန်လည်ရရှိခဲ့သည့် ဝိုင်းမော်မြို့နယ် အောင်မြေ(၂)ကျေးရွာမှ တောင်သူ ဦးလှိုင်ဝင်းက ပြောသည်။

သိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်ပေးအပ်ပွဲသို့ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းမြေဆိုင်ရာ လုပ်ငန်းစိစစ်ရေးအဖွဲ့(၄) ဒုတိယအဖွဲ့ခေါင်းဆောင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဝိုင်းမော်မြို့နယ်အတွင်းရှိ အောင်မြေ(၂)ကျေးရွာ၊ ရွှေညောင်ပင်ကျေးရွာနှင့် နောင်စိပေါကျေးရွာတို့မှ လယ်ယာမြေသိမ်းဆည်းခံရသည့် တောင်သူများ တက်ရောက်ခဲ့သည်။

**မင်းမင်းဦး**

# ကလေးစာပေပွဲတော်(ဟသ်ာတ) နှစ်ရက်ကြာ စည်ကားစွာကျင်းပ

**ဟသ်ာတ ဧပြီ ၂**

ဧရာဝတီတိုင်းဒေသကြီးအစိုးရ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော်(ဟသ်ာတ)ကို မတ် ၃၀ နှင့် ၃၁ ရက်က ဟသ်ာတမြို့၌ ကျင်းပရာ ပွဲတော်ရက်အတွင်း ကျောင်းသား ကျောင်းသူများ၊ ကလေးများနှင့် လူငယ်များ စည်ကားစွာ လာရောက်ခဲ့ကြကြောင်း သိရသည်။



ကလေးစာပေပွဲတော်(ဟသ်ာတ)ကို ဟသ်ာတမြို့ ရွှေစေတီလမ်းရှိ အထက(၃)ကျောင်း၌ ကျင်းပပြီး ပင်မကျောင်းဆောင်(အောက်ထပ်)တွင် စာပေဟောပြောပွဲ၊ ကလေးစာဖတ်ခန်းနှင့် ဆရာကြီးမင်းသုဝဏ် ပြခန်းများကိုလည်းကောင်း၊ ကျောင်းဆောင်အပေါ်ထပ်တွင် ပန်းချီ၊ ဆေးရောင်ခြယ်၊ ကဗျာရွတ်ပြိုင်ပွဲ၊ မူလတန်းပုံပြောပြိုင်ပွဲ၊ အလယ်တန်းပုံပြောပြိုင်ပွဲနှင့် စကားပုံဆက်၊ အရုပ်ဆက်နှင့် အရုပ်ဆက်အိမ်ဆောက်ကစားနည်းများကိုလည်းကောင်း ပွဲတော်ကျင်းပရေးတာဝန်ရှိသူများနှင့်အတူ ကဏ္ဍအလိုက် သက်ဆိုင်ရာဌာနများ၊ ပညာရေးအဖွဲ့များနှင့် လူမှုရေးအဖွဲ့များက ပျော်ပျော်ပါးပါး ကျင်းပပေးခဲ့ရာ ပွဲတော်လာ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ကလေးစာပေပွဲတော်ကျင်းပသည့် အထက(၃) ကျောင်းရှိ ပင်မကျောင်းဆောင်၊ အပေါ်ထပ်ဆောင်၊ နဝဒေးဆောင်၊ မြဝတီဆောင်၊ ကျောင်းဘေးဝဲယာနှင့် ကျောင်းအနောက် ဘောလုံးအားကစားကွင်းများတွင်လည်း အားကစားပွဲများ၊ ဂိမ်းပြိုင်ပွဲများ ကျင်းပသလို ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၏ အသိပညာပေးပြခန်းများ၊ ကိုယ်ပိုင်ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၏ ပြခန်းများ၊ ကရင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုပြခန်းများနှင့် စာအုပ်ဈေးရောင်းပွဲတော်များကိုလည်း ဖွင့်လှစ်ပြသထားရာ လေ့လာကြည့်ရှုသူ၊ ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်သူနှင့် ပွဲတော်လာပရိသတ်များအား စတုဒိသာကျွေးမွေးသူများဖြင့် ပွဲတော်ပိတ်သိမ်းချိန်အထိ အထူးစည်ကားခဲ့သည်ကို တွေ့ရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# သင်္ကြန်ပွဲတော်ကို ယင်းမာပင်မြို့နယ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

**ယင်းမာပင် ဧပြီ ၂**

၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကို ယင်းမာပင်မြို့နယ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး မြို့နယ်သင်္ကြန်မဏ္ဍပ်၌ မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုဓလေ့များ၊ ယိမ်းအကပြိုင်ပွဲများနှင့်အတူ ခေတ်ပေါ်တေးဂီတ သံစုံတီးဝိုင်းများဖြင့် ဖျော်ဖြေရေးအစီအစဉ်များ စသည်တို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့်အညီ ရေသဘင်ပွဲတော်တွင် ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရေးနှင့် ရိုးရာယဉ်ကျေးမှုအနှစ်သာရများကို အစဉ်အလာမပျက် ထိန်းသိမ်းစောင့်ရှောက်တတ်စေရေးအတွက် ရည်ရွယ်ပြီး အစီအစဉ်များ ပြုလုပ်ခြင်းဖြစ်ကြောင်း မတ် ၂၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက ပြောကြားခဲ့သည်။

အတာသင်္ကြန်ပွဲတော်တွင် ယင်းမာပင်မြို့နယ်ရှိ လူအများစည်ကားရာ နေရာဖြစ်သည့် (ဂ)ရပ်ကွက် ရွှေစေတီမြတ်စွာဘုရားဝန်းရှေ့ မုံရွာ-ယင်းမာပင်-ပုလဲ-ဂန့်ဂေါလမ်းမကြီးဘေး၌ ရေကစားမဏ္ဍပ် တည်ဆောက်ပြီး သင်္ကြန်အကြိုမှ အတက်အထိ လေးရက်လုံးတွင် ယင်းမာပင်မြို့နယ်အတွင်းရှိ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်/ကျေးရွာများအလိုက် ဒေသခံပြည်သူများ ပါဝင်သည့် ဖျော်ဖြေရေးယိမ်းအဖွဲ့ ၁၅ ဖွဲ့နှင့် ယင်းမာပင်မြို့မအဖွဲ့၊ သင်္ဂဟ လူမှုကူညီရေးအသင်းတို့မှ လူငယ်လေးများ ပူးပေါင်းပါဝင်သည့် ခေတ်ပေါ် သံစုံတီးဝိုင်းများက တေးသီချင်းများဖြင့် ဩဘာခံဖျော်ဖြေသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပူးပေါင်းပြီး သင်္ကြန်ရက်များတွင် အလှည့်ကျ တာဝန်ယူ၍ မြန်မာ့ရိုးရာအစားအစာများ စတုဒိသာကျွေးမည်ဖြစ်ကြောင်း၊ ထို့အတူ နှစ်ဆန်းတစ်ရက်နေ့တွင်လည်း မြို့နယ်အတွင်းရှိ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲနှင့် သံဃာတော်များအား ပင့်ဖိတ်ကာ ယင်းမာပင်မြို့ပေါ်ရှိ ဌာနဆိုင်ရာများနှင့် (က)၊(ခ)၊(ဂ)နှင့်(ဃ)ရပ်ကွက်တို့တွင် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ခြင်းတို့ကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်မြို့နယ်တွင် သင်္ကြန်ပွဲတော် စည်ကားစွာ ကျင်းပနိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ ပါဝင်သည့် သင်္ကြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများ ဖွဲ့စည်းထားကာ တာဝန်များ ခွဲဝေသတ်မှတ်၍ အစီအစဉ်များကို ကြိုတင်ညှိနှိုင်း ဆောင်ရွက်ထားကြောင်း၊ မြို့နယ်အတွင်း သင်္ကြန်ပွဲတော် စည်ကားစွာ ကျင်းပနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က မတည်အလှူငွေ ကျပ်သိန်း ၂၀ နှင့် ဒေသခံပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေ ကျပ် ၁၂ သိန်း စုစုပေါင်း ငွေကျပ် ၃၃ သိန်းဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်းလည်း မြို့နယ်အုပ်ချုပ်ရေးမှူး၏ ပြောကြားချက်အရ သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

# နမ့်ဆန်မြို့၌ တအာင်းစာပေ သင်တန်းဆင်းပွဲကျင်းပ

**နမ့်ဆန် ဧပြီ ၂**

ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် တအာင်းစာပေနှင့်ယဉ်ကျေးမှုကော်မတီက ကြီးမှူးဖွင့်လှစ်ခဲ့သည့် တအာင်းစာပေ သင်တန်း အမှတ်စဉ်(၁/၂၀၁၈) ဆင်းပွဲကို မတ် ၃၁ ရက်က အထက(၁) ရွှေဖီဦးခန်းမဆောင်၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် သင်တန်းသား သင်တန်းသူများက တအာင်းသီချင်းများ သီဆိုကာ အခမ်းအနားကို ဖွင့်လှစ်ပြီး ဒေသဦးစီးအဖွဲ့အတွင်းရေးမှူး ဦးဉာဏ်မျိုးက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ တအာင်းစာပေနှင့်ယဉ်ကျေးမှု ဗဟိုကော်မတီ နာယက ဦးမောင်ကျော်က တအာင်းမျိုးဆက်သစ် လူငယ်များအနေဖြင့် တအာင်းဘာသာ၊ စကား၊ ဝတ်စားဆင်ယင်မှုများ မပျောက်ပျက်အောင် အစဉ်ထိန်းသိမ်းလျက် တအာင်းစာပေကိုလည်း တတ်ကျွမ်းအောင် သင်ကြားစေလိုကြောင်း လမ်းညွှန်မှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံ တအာင်းစာပေနှင့်ယဉ်ကျေးမှု ဗဟိုကော်မတီဥက္ကဋ္ဌ ဦးစောလွင်က သင်တန်းသားများအနေဖြင့် မိမိတို့တတ်ကျွမ်းသည့် တအာင်းဘာသာ စာပေ ပြန့်ပွားအောင် ကျေးရွာများတွင် ဆင့်ပွားသင်တန်းများ ပြန်လည်သင်ကြား ပို့ချပေးစေလိုကြောင်း မှာကြားပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းအမှတ်စဉ် (၁/၂၀၁၈) သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ကာ သင်တန်းနည်းပြ သံဃာတော်နှင့် ဆရာ ဆရာမများအား အမှတ်တရပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့သည်။ တအာင်းစာပေ တိုးတက်ပြန့်ပွားလာစေရန်အတွက် နမ့်ဆန်မြို့နယ် တအာင်းစာပေနှင့်ယဉ်ကျေးမှုကော်မတီအနေဖြင့် နောက်နှစ်များတွင်လည်း တအာင်းစာပေ သင်တန်းများကို အလျဉ်းသင့်သလို စီစဉ်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## သတင်းတိုများ

### ကျောက်ထုမြို့ကျောင်းကြီးရှင်ချစ်စေတီတော် ဗုဒ္ဓပူဇနိယပွဲကျင်းပ

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ကျောက်ထုမြို့နယ် ယောမြို့ဒေသ၏ ရှေးဟောင်းသမိုင်းဝင် ကျောင်းကြီးရှင်ချစ်စေတီတော်၏ ဗုဒ္ဓပူဇနိယပွဲတော်ကို မတ် ၂၉ ရက်မှ ဧပြီ ၁ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။ ဗုဒ္ဓပူဇနိယပွဲတော်တွင် သံဃာ့ဒါနဆွမ်းလောင်းလှူပွဲကို မတ် ၃၁ ရက် နံနက်က စေတီတော်အနီး၌ ကျင်းပခဲ့ပြီး သံဃာတော် အပါး ၁၅၀ တို့ အလှူတော်ခံ ကြွရောက်တော်မူကြကြောင်း၊ ပွဲတော်ကာလအတွင်း ဗုဒ္ဓရုပ်ပွားတော်များအား လှည့်လည် အပူဇော်ခံကြကာ ဓမ္မသဘင်များလည်း ကျင်းပပြီး ပျော်ပွဲရွှင်ပွဲ၊ ဇာတ်ပွဲများလည်း ပါဝင်ကာ ပွဲတော်လာ ဧည့်ပရိသတ်အပေါင်းအား စေတနာရှင်များက ထမင်း၊ မုန့်ဟင်းခါး၊ အသုတ် စသည်ဖြင့် စတုဒိသာများ ကျွေးမွေးလှူဒါန်းခဲ့ကြကြောင်းလည်း သိရသည်။

**(၁၀၁)**

### သုံးခွမြို့၌ အစိုးရပါဠိပထမပြန်စာမေးပွဲကျင်းပ

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့၌ ၂၀၁၈ ခုနှစ်အတွက် အစိုးရပါဠိပထမပြန်စာမေးပွဲကို မဟာအတုလဝေယံ သာသနာ့ဗိမာန်တော်တွင် မတ် ၂၈ ရက်က ကျင်းပခဲ့ရာ သုံးခွမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တပညာနန္ဒနှင့် ဆရာတော် သံဃာတော်များက ကြီးကြပ်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူများ၊ မြို့နယ်သာသနာရေး ဦးစီးဌာနမှူး ဦးသိန်းဝင်းနှင့် ဝန်ထမ်းများက ကူညီဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ အဆိုပါ အစိုးရပါဠိပထမပြန် စာမေးပွဲတွင် သံဃာတော် အပါး ၃၀ ဝင်ရောက်ဖြေဆိုခဲ့ကြပြီး မတ် ၂၈ ရက်မှ ဧပြီ ၁ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**ကြည်စိုးလွင်(သုံးခွ)**

### အိမ်မဲမြို့မှ အခြေခံသမဝါယမအသင်း အမှုဆောင်အဖွဲ့များအား စရိတ်ငွေပေးအပ်

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်အတွင်းရှိ သမဝါယမအသင်းများ၏ ဥက္ကဋ္ဌများနှင့် အမှုဆောင်အဖွဲ့များအား စရိတ်ငွေပေးအပ်ပွဲကို မတ် ၃၁ ရက်က မြို့နယ်သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့ရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မြင့်ရွှေက သမဝါယမအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့များအား သမဝါယမ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်၊ လယ်ယာလုပ်ငန်းသုံးနှင့် ရေလုပ်ငန်းသုံး စက်ပစ္စည်းများ အရစ်ကျရောင်းချပေးသည့်စနစ်၊ သမဝါယမအသင်းများ အဆင့်မြှင့်တင်ရန် အသက်မွေးဝမ်းကျောင်းပညာများ တိုးမြှင့်သင်ကြားခြင်း၊ နည်းပညာသွင်းအားစုနှင့် သတင်းအချက်အလက်အရင်းအမြစ် (Technology Material and Information Network) တည်ဆောက်ခြင်း၊ အခြားဆက်စပ်သောကဏ္ဍ (Component)များ တည်ဆောက်ခြင်း အစရှိသည့် လုပ်ငန်းစဉ်များအကြောင်းကို ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေး သမဝါယမအသင်းပေါင်း ၁၉၀ မှ ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့များအား စရိတ် ကျပ် ၁၃၈ သိန်းကို ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

### ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအရ ဆောင်ရွက်ခဲ့သည့် ကျောက်ချောလမ်းဖွင့်

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)အရ သံရွာကျေးရွာ၌ ကျေးရွာအဝင် ကျောက်ချောလမ်း အရှည် ၁၄၀၀ ပေကို ဌာနရန်ပုံငွေ ကျပ်သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေ ကျပ်သိန်း ၄၀၊ စုစုပေါင်း ကျပ်သိန်း ၁၄၀ ဖြင့် ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများပြီးစီးသဖြင့် ဖွင့်ပွဲကို မတ် ၃၀ ရက်က ကျင်းပခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် ကျေးရွာရပ်မိရပ်ဖ တစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါ ကျောက်ချောလမ်း ခင်းပြီးသဖြင့် ကျေးရွာရှိ အိမ်ခြေ ၂၂၂ အိမ်မှ လူဦးရေ ၈၆၂ ဦးအား နေ့စဉ် သွားလာရေး လွယ်ကူစေရန် အကျိုးပြုမည် ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ဇဖဲ)**

# တနင်္သာရီတိုင်းဒေသကြီး ကမ္ဘာလှတောင်ပေါ်မှ ပါဒစက်တော်ရာဘုရား ဗုဒ္ဓပူဇနီယပွဲတော်

**သတင်းဆောင်းပါး - မြင့်ဦး(မြိတ်)**

ကမ်းရိုးတန်းဒေသတစ်ခုဖြစ်သော တနင်္သာရီတိုင်းဒေသကြီး၏ အထူးခြားဆုံးနှင့် အထင်ရှားဆုံး ပွဲတော်တစ်ခုဖြစ်သည့် ပုလောမြို့နယ် ကြဲကျေးရွာအုပ်စု ကမ္ဘာလှတောင်ပေါ်ရှိ သမိုင်းဝင် ပါဒစက်တော်ရာဘုရားကြီး၏ (၁၄၉)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို မဟာသင်္ကြန်ကာလ အပြီး (မြန်မာနှစ်ဆန်း ၂ ရက်) ဧပြီ ၁၈ ရက်မှ စတင်ကာ မေ ၂ ရက်အထိ ၁၅ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ဝင်များထံမှ သိရသည်။

ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၄၂၈၀ တွင် ရှိနေသည့် ပါဒစက်တော်ရာဘုရားကြီးသို့ လူသွားလမ်းနှင့် ကားလမ်းတို့ဖြင့် တက်ရောက်နိုင်ပြီး လူသွားလမ်းမှာ ၁ မိုင် ၄ ဖာလုံရှိကာ ကားလမ်းမှာ ပေ ၁၄၈၀၀ အရှည် ဖောက်လုပ်ထားကြောင်း သိရသည်။

**ကမ္ဘာလှတောင်**

ရှေးအခါက ကမ္ဘာလှတောင်ကို ရသေ့တောင်ဟု အမည်တွင်ခဲ့ကာ မြတ်ဗုဒ္ဓ၏ ဝဲဘက်ခြေတော်ရာကို စတင်တွေ့ရှိခဲ့သည့်အချိန်တွင် ဒေသခံများက စက်တော်ရာတောင်ဟုလည်းကောင်း၊ ဘုရားတောင်ဟုလည်းကောင်း၊ တောင်ခြေအနီးတွင် နေထိုင်ကြသော ကရင်တိုင်းရင်းသားများက (တောင်နှင့်မြောက်စီးဆင်းနေသည့်ချောင်းကို အစွဲပြု၍) ကမ္ဗလာတောင်ဟုလည်းကောင်း ခေါ်ဆိုခဲ့ရာမှ ယခုအခါ ကမ္ဘာလှတောင်ဟု အမည်တွင်လာခဲ့ကြောင်း သိရသည်။

ကမ္ဘာလှတောင်ပေါ်ရှိ ခြေတော်ရာကို ကောဇာသက္ကရာဇ် ၁၁၉၀ ခုနှစ်တွင် တောင်အနီး တပို့ချောင်းဖျားမှ စံသာရွာသား စောဖိုးထူးအမည်ရှိ ကရင်တိုင်းရင်းသားကြီးက တွေ့ရှိခဲ့ကြောင်း ဗုဒ္ဓပါဒစက်တော်ရာ ကမ္ဗည်းမော်ကွန်းကျောက်စာတွင် ဖော်ပြထားသည်။ ကမ္ဘာလှတောင်ပေါ်ရှိ ခြေတော်ရာကို အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြကာ တောင်ပေါ်တွင် ခြေတော်ရာအပြင် ထူးခြားသော အထင်ကရနေရာများဖြစ်သည့် ဘီလူးမင်း၏ ဒူးတုပ်ရာ၊ ကျောက်ရေတွင်း၊ တရားဒေသနာ ဟောကြားရာ ပလ္လင်တော်ပုံ၊ နဂါးမောက်တောင်ပုံ၊ ဘီလူးခြေရာ၊ ကျောက်ဆင်စခန်း စသည့်နေရာများလည်းရှိကြောင်း သိရသည်။

**ပါဒစက်တော်ရာ ဘုရားပွဲတော်ကြီး**

ပါဒစက်တော်ရာ ဘုရားပွဲတော်ကြီး ကျင်းပရန်အတွက် ပွဲတော်မစတင်မီ တစ်လအလိုကပင် ကြိုတင်ပြင်ဆင်မှုများကို ပါဒစက်တော်ရာဘုရားဂေါပကအဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိသည်။ ပါဒစက်တော်ရာ ဘုရားပွဲတော် အထိမ်းအမှတ်ပစ္စည်းများနှင့်အတူ ဒေသထွက် လက်မှုဖြင့်ပြုလုပ်ထားသည့် ထန်းရွက်ခမောက်နှင့် ဝါးဖြင့်ရက်လုပ်ထားသည့်ဖျာ စသည့် အမှတ်တရပစ္စည်း အရောင်းဆိုင်များအပြင် နေပြည်တော်၊ ရန်ကုန်၊ မော်လမြိုင်တို့မှ အဝတ်အထည်၊ လျှပ်စစ်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ အလှကုန်ပစ္စည်း၊ မီးဖိုချောင်သုံးပစ္စည်း စသည်တို့ကို ဈေးသည်များက အရောင်းဆိုင်များ လာရောက်ဖွင့်လှစ်ရောင်းချကြပြီး ဘုရားဖူးလာသည့် အနယ်နယ်အရပ်ရပ်မှ ဧည့်သည်များနှင့် ခရီးသွားဧည့်သည်များဖြင့် ပွဲတော်မစတင်မီ ကာလကပင် စည်ကားနေလေ့ရှိကြောင်း ဒေသခံဈေးသည်များထံမှ သိရသည်။

"ဒီနှစ်က အရင်နှစ်ကနဲ့မတူအောင် ပြင်ဆင်မှုတွေ တစ်လလောက် ကြိုပြီးဆောင်ရွက်နေပါတယ်၊ ပွဲတော်ကာလအတွင်း မြန်မာပြည်အနှံ့အပြား အနယ်နယ်အရပ်ရပ်က လာရောက်တဲ့ ဘုရားဖူးဧည့်သည်တွေ အဆင်ပြေပြေသွားလာနိုင်အောင် မုခ်ပေါက် နှစ်ပေါက်ကနေ တောင်ခြေလှေကားအထိ ကွန်ကရစ်လမ်းခင်းခြင်းများ ဆောင်ရွက်နေပါတယ်၊ တောင်ပေါ်ဘုရားမှာလည်း ရောင်စုံမီးအလှများ တပ်ဆင်ထားပါတယ်၊ သံဃာများအဆောင်နှင့် တောင်ပေါ် တောင်အောက်တွေမှာ ဘုရားဖူး နားနေဆောင်များ တိုးချဲ့ဆောက်လုပ်ထားပါတယ်၊ တောင်ခြေမှာလည်း ရေအိမ်များကို တိုးချဲ့ဆောက်လုပ်ထားတဲ့အပြင် ကျန်းမာရေးနဲ့ ပွဲတော်လုံခြုံရေးအတွက်လည်း ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားပါတယ်။ ရေ၊ မီးကအစ အကုန်အဆင်ပြေအောင် ဆောင်ရွက်ထားပါတယ်၊ မနှစ်က ပွဲတော်ကာလအတွင်းမှာ အနယ်နယ်အရပ်ရပ်က ဘုရားဖူးကားများနဲ့ ဒေသအတွင်း ခရီးသွားကားတွေကြောင့် ယာဉ်ကြောပိတ်ဆို့မှု ရှိခဲ့တယ်၊ ဒီနှစ်ကတော့ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်အောင် ယာဉ်ရပ်နားစခန်းများ၊ ဆိုင်ကယ်ရပ်နားစခန်းများကို စနစ်တကျ တိုးချဲ့စီစဉ်ထားပါတယ်၊ ပွဲတော်ကာလအတွင်းမှာ ညဘက် တောင်ပေါ်ကို ပြင်ပကား၊ ဆိုင်ကယ်များ တက်ရောက်ခွင့်မပြုဘဲ ဘုရားဂေါပကအစီအစဉ်နဲ့ ဘုရားဖူးဧည့်သည်များ လုံခြုံမှုရှိစေဖို့ စီစဉ်ပေးထားတဲ့ ကား ၃၅ စီးနဲ့ အလွယ်တကူ တက်ရောက်နိုင်ပါတယ်၊ ကားခကိုတော့ အသက်သာဆုံးနှုန်းထားနဲ့ လူတစ်ဦး အတက် ၁၅၀၀ ကျပ်၊ အဆင်း ၁၅၀၀ ကျပ် သတ်မှတ်ထားပါတယ်"ဟု ပါဒစက်တော်ရာဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်ညိုနှင့် အဖွဲ့ဝင်များက ပြောသည်။



ဘုရားပွဲဈေးတန်းမှာ တောင်ခြေတွင် ရှိမည်ဖြစ်ပြီး ယခုနှစ်တွင် ထူးခြားမှုအဖြစ် ဇာတ်သဘင်အဖွဲ့ သုံးဖွဲ့က တစ်ဖွဲ့လျှင် ငါးညစီ အခမဲ့ ကပြဖျော်ဖြေမည်ဖြစ်၍ ၁၅ ရက်လုံး ရုံဝင်ကြေးပေးစရာမလိုဘဲ အခမဲ့ကြည့်ရှုနိုင်သည့်အပြင် နိုင်ငံကျော် စက္ကော မျက်လှည့်အဖွဲ့ကလည်း လာရောက်ပြသမည် ဖြစ်ကြောင်း၊ ဘုရားပွဲတော်ဖွင့်ပွဲကို ဧပြီ ၁၈ ရက် (မြန်မာနှစ်ဆန်း ၂ ရက်နေ့) နံနက် ၇ နာရီတွင် ကျင်းပမည်ဖြစ်ပြီး ပွဲတော်ဖွင့်ပွဲနှင့်အတူ ဆရာတော်၊ သံဃာတော် အပါး ၁၀၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

မြန်မာနိုင်ငံ အနှံ့အပြားမှ ဘုရားဖူးများအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ အထင်ရှားဆုံး ဘုရားပွဲတော်ကြီးဖြစ်သည့် ပါဒစက်တော်ရာ ဘုရားပွဲတော်ကြီးသို့ မဟာသင်္ကြန်ပွဲတော် အပြီးတွင် လာရောက်ဖူးမြော် ကြည်ညိုနိုင်မည့်အပြင် ဘုရားပွဲသို့လာရင်း တနင်္သာရီတိုင်းဒေသကြီး၏ ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း ကြည့်ရှုလေ့လာနိုင်ကြရန်အတွက် ဘုရားပွဲတော်သို့ လာရောက်ကြပါရန် ဖိတ်ခေါ်အပ်ပါကြောင်း။ ။

# မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၊ နတ်မောက်မြို့နယ်အတွက် ဓာတ်အားခွဲရုံသစ် မီးအားဖြန့်ဖြူးမီးလင်းတော့မည်

**မြို့သစ် ဧပြီ ၂**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် တလုပ်ပင်ကျေးရွာအုပ်စု ကံကြီးရွာအနီး 66/11 KV 5 MVA ဓာတ်အားခွဲရုံ (၁)ခု တည်ဆောက်လျက်ရှိကြောင်း လက်ရှိ မြို့သစ်မြို့နယ်နှင့် နတ်မောက်မြို့နယ်များတွင် တောင်တွင်းကြီးမြို့ ဓာတ်အားခွဲရုံမှ 11 KV ဓာတ်အားလိုင်း (၂၈) မိုင် တည်ဆောက်လျက် ဓာတ်အားရယူ သုံးစွဲလျက်ရှိပြီး တောင်တွင်းကြီးမြို့၊ မြို့သစ်မြို့၊ နတ်မောက်မြို့သို့ ဓာတ်အားဖြန့်ဖြူးထားသော 66/11 KV 10 MVA ထရန်စဖော်မာသည် ဝန်အားမနိုင်နင်းတော့သည့်အပြင် 11 KV ဓာတ်အားလိုင်း ရှည်လျားမှုကြောင့် ဗို့အားကျဆင်းမှုများ ဖြစ်ပေါ်နေပြီး အချို့နေရာများတွင် 70V , 80V ခန့်အထိ ကျဆင်းနေပါကြောင်း၊ ထိုသို့အခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် မြို့သစ်မြို့တွင် ဓာတ်အားခွဲရုံအသစ်တစ်ခု စီစဉ်တည်ဆောက်ရခြင်းဖြစ်ပြီး ယခုနှစ် ဧပြီလကုန်တွင် စတင်မီးလင်းဖြန့်ဖြူးနိုင်တော့မည်ဟု မြို့သစ်မြို့နယ်လျှပ်စစ်မှူး ဦးမောင်မောင်ဦးက ပြောသည်။



ထိုသို့ဓာတ်အားခွဲရုံအသစ် တည်ဆောက်ရာတွင် တောင်တွင်းကြီး ဓာတ်အားခွဲရုံမှ 66 KV လိုင်း (၁၇ ဒသမ ၅) မိုင် တည်ဆောက်၍ မြို့သစ်မြို့နယ် ကံကြီးကျေးရွာအနီး မြို့သစ်-နတ်မောက်ကားလမ်း မိုင်တိုင်အမှတ် (၁၇ ဒသမ ၆) တွင် 66/11 KV 5 MVA ဓာတ်အားခွဲရုံအသစ်တစ်ခု တည်ဆောက်ပြီး ၎င်းခွဲရုံအသစ်မှ 11 KV လိုင်းဖြင့် မြို့သစ်မြို့ (၁) ဖီဒါနှင့် နတ်မောက်မြို့ (၁) ဖီဒါအတွက် (၂) ဖီဒါခွဲရုံဓာတ်အားဖြင့် ဖြန့်ဖြူးသွားမည်ဖြစ်သည်။

မြို့သစ်မြို့နယ်တွင် ဓာတ်အားခွဲရုံအသစ်ပြီးစီးပါက လက်ရှိ မြို့သစ်မြို့နယ်-နတ်မောက်မြို့နယ် ကျေးရွာပေါင်း (၂၂) ရွာအပြင် N.E.P အစီအစဉ်အရ မီးလင်းမည့်ကျေးရွာများသို့လည်း ဓာတ်အားလုံလောက်စွာ ဖြန့်ဖြူးနိုင်မည် ဖြစ်ပါသည်။ မြို့သစ်မြို့နယ် တစ်မြို့တည်းအတွင်းမှာပင် N.E.P စီမံချက်အရ 11 KV လိုင်း (၂) မိုင်အတွင်း (၄၄) ရွာ အိမ်ထောင်စုပေါင်း (၈၅၄၅) စု၊ (၅) မိုင်အတွင်း ရွာ (၁၈) ရွာ အိမ်ထောင်စုပေါင်း (၃၄၅၈) စု စုစုပေါင်း (၆၂) ရွာ အိမ်ထောင်စုပေါင်း (၁၅၄၅၃) စုထိ တိုးချဲ့ဓာတ်အားပေးနိုင်ရုံသာမက နတ်မောက်မြို့နယ်အတွင်းရှိ N.E.P စီမံချက်ပါ ကျေးရွာများသို့လည်း တိုးချဲ့ဓာတ်အား ဖြန့်ဖြူးသွားနိုင်မည် ဖြစ်သည်။

မြို့သစ်မြို့နယ် ဓာတ်အားခွဲရုံအသစ် တည်ဆောက်ရာတွင် (၄ ဒသမ ၆၉) ဧကအကျယ်အဝန်း မြေနေရာအားဝယ်ယူပြီး တည်ဆောက်ရေးကို ၂၀၁၈ ခုနှစ် ဧပြီလကုန်တွင် ပြီးစီးအောင်ဓာတ်အား ဖြန့်ဖြူးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ဇော်ဇော် (မြို့သစ်)

# ဝန်းသိုမြို့နယ်၌ ကျေးရွာရေရရှိရေးအတွက် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**ဝန်းသို ဧပြီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် တောင်ဘို့လှကျေးရွာအုပ်စု ထန်းပင်ကုန်းကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ထောက်ပံ့ငွေ ကျပ် ၁၀ သန်းနှင့် ပြည်သူထည့်ဝင်ငွေ ကျပ် ၁ ဒသမ ၉၃ သန်းဖြင့် ကျေးရွာရေရရှိရေးအတွက် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း အရှည်နှစ်မိုင်ကို ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများပြီးစီးသဖြင့် ဖွင့်ပွဲကို မတ် ၂၉ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း မှတ်တမ်း ကို အမှတ် ၂ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်ဝင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးနေမျိုးထွန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌက ရေစုကန်မြေနေရာ အလှူရှင် ဦးခင်မောင်ဆွေအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။ ရေရရှိရေးလုပ်ငန်းဖွင့်ပွဲကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းဦးနှင့် ဒေါ်ခိုင်ခိုင်ဝင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးနေမျိုးထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)




# မလှိုင်မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာများအနီး၌ လောင်စာဆီဆိုင်များ ရှိနေခြင်းကြောင့် မီးဘေးစိုးရိမ်ရ

**မလှိုင် ဧပြီ ၂**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်အတွင်း လူနေရပ်ကွက်များထဲနှင့် ကျေးရွာများတွင် တရားမဝင် လောင်စာဆီဆိုင်များ ပေါများစွာတည်ရှိနေခြင်းကြောင့် မီးဘေးအန္တရာယ်ဖြစ်ပွားမည်ကို စိုးရိမ်နေရကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

"မလှိုင်မြို့နယ်မှာ တရားဝင် ဖွင့်လှစ်ရောင်းချနေတဲ့ လောင်စာဆီဆိုင်ဟာ အများဆုံး ၁၀ ဆိုင်လောက်သာ ရှိတာပါ၊ တရားမဝင်ဖွင့်လှစ်ရောင်းချနေတဲ့ လောင်စာဆီဆိုင်က တစ်မြို့နယ်လုံးမှာ ဆိုင်ပေါင်း ၂၀၀ လောက် ရှိပါတယ်၊ ပိုဆိုးတာက မလှိုင်မြို့ရဲ့ နယ်နိမိတ်ထဲမှာပါ စီးပွားရေးလုပ်ငန်းရှင်တချို့က ဆီဆိုင်တွေ ဖွင့်လှစ်ရောင်းချနေတာလည်း တွေ့မြင်နေရပါတယ်၊ အခုဆိုရင် နွေရာသီရောက်နေတော့ မီးဘေးအန္တရာယ်တွေ မဖြစ်ပွားရလေအောင် သက်ဆိုင်ရာတာဝန်ရှိသူများအနေနဲ့ စိစစ်ဆောင်ရွက်ပေးစေလိုပါတယ်၊ တချို့လောင်စာဆီဆိုင်အကြီးတွေက မြို့အတွင်းကို လောင်စာဆီတင်ထားတဲ့ ကားတွေနဲ့လှည့်ပြီး ကျေးရွာတွေက လောင်စာဆီရောင်းချတဲ့ ဆိုင်ငယ်တွေကို လိုက်ပို့နေတာဟာလည်း မဖြစ်သင့်ပါဘူး၊ မလှိုင်မြို့မှာ ဒီလို လောင်စာဆီလိုက်ပို့ရင်း ကားပါမီးလောင်သွားတဲ့ဖြစ်စဉ်လည်း မကြာသေးတဲ့ လပိုင်းက ဖြစ်ပွားဖူးပါတယ်၊ အလားတူ မီးလောင်မှုတွေလည်း မကြာသေးတဲ့လတွေမှာ ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် တာဝန်ရှိသူများအနေနဲ့ လောင်စာဆီ၊ ဓာတ်ဆီဆိုင်များကို စိစစ်ပြီး မီးဘေးအန္တရာယ်ကင်းဝေးအောင် ဆောင်ရွက်ပေးစေချင်ပါတယ်"ဟု မြို့ခံပြည်သူတစ်ဦးက ပြောသည်။

ကျော်ကျော်(မလှိုင်)

# တိုက်ကြီးမြို့၌ မြေတိုင်းတာခြင်းနှင့် မြေစာရင်း သင်တန်းဆင်း

**တိုက်ကြီး ဧပြီ ၂**

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန အလုပ်ရုံဆွေးနွေးပွဲ အမှတ်စဉ် ၅၊ တန်းမြင့်မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်း အမှတ်စဉ် ၂၈ နှင့် လုပ်ငန်းခွင် မြေတိုင်းတာခြင်း မြေစာရင်းသင်တန်း အမှတ်စဉ် ၄၅ သင်တန်းဆင်းပွဲကို မတ် ၃၁ ရက်က ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ရေးသင်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက အမှာစကားပြောကြားပြီး သင်တန်းဆင်းပွဲသို့ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား ၃၇၄ ဦး တက်ရောက်ကြသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းများတွင် ကြေးတိုင်လုပ်ငန်းများ၊ ကွင်းမြေပုံပြင်ဆင်ခြင်း၊ လူမှုစီးပွားရေးစစ်တမ်းကောက်ယူခြင်း၊ အောက်မြန်မာပြည် မြို့နှင့် ကျေးရွာအက်ဥပဒေ၊ ဌာနတွင်အသုံးပြုလျက်ရှိသော ဥပဒေများ၊ ဆွေးနွေးချက်၊ အကြံပြုချက်များဆောင်ရွက်ခြင်း၊ တန်းမြင့်မြေတိုင်းဘာသာရပ်၊ မြေစာရင်းဘာသာရပ်များ၊ ဝန်ထမ်း စည်းမျဉ်းစည်းကမ်းများနှင့် ငွေစာရင်းဘာသာရပ်များကို စာတွေ့လက်တွေ့ ပို့ချခဲ့ပြီး သင်တန်းကာလ သုံးလကြာမြင့်ကြောင်း သိရသည်။

ထွန်းလှိုင်(မြိုင်)

# တောရိုင်းတိရစ္ဆာန် ရောင်းဝယ်ခြင်းနှင့် ဆင်များအား တရားမဝင် ဖမ်းဆီးခြင်း မရှိစေရေးဆွေးနွေး

**ထားဝယ် ဧပြီ ၂**

တိရစ္ဆာန်များနှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင်ရောင်းချနေမှုများကို နယ်စပ်ဂိတ်များတွင်သာ စစ်ဆေးနိုင်ပြီး အခြားနေရာများတွင် စစ်ဆေးရန် အခက်အခဲရှိသောကြောင့် ပြည်သူလူထုပါဝင်နိုင်ရန် တာဝန်ရှိသူများက ဆွေးနွေးပေးရန် လိုအပ်နေကြောင်း တိုင်းဒေသကြီး သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးနှင့် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်သော်က မတ် ၂၉ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ ထားဝယ်ဟိုတယ်၌ ကျင်းပသည့် မြန်မာနိုင်ငံအတွင်း သားငှက်တိရစ္ဆာန်များ တရားမဝင်ကုန်သွယ် မှု တိုက်ဖျက်ရေးနှင့် သားငှက်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ စိုးမိုးရေး မိတ်ဆက်သင်တန်းဖွင့်ပွဲ၌ ပြောကြားခဲ့သည်။



တိရစ္ဆာန်များနှင့် ယင်းတို့၏ အစိတ်အပိုင်းများ ရောင်းဝယ်ဖောက်ကားမှုတွင် ကြံ့၊ ဆင်၊ ကျား၊ ကျားသစ်၊ ဝက်ဝံ၊ လိပ်မျိုးစုံနှင့် မြွေမျိုးစုံတို့မှာ ပြည်ပနိုင်ငံများမှ ဝယ်လိုအားအများဆုံး ဖြစ်နေကြောင်း သိရသည်။

ထိုသို့သော တောရိုင်းတိရစ္ဆာန်များ တရားမဝင် ရောင်းဝယ်မှုလျှော့ချနိုင်ရေးအတွက် အထောက်အကူဖြစ်စေရန် WWF Myanmar မှ ဦးဆောင်၍ မြန်မာနိုင်ငံအတွင်း သားငှက်တိရစ္ဆာန်များ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးနှင့် သားငှက်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေစိုးမိုးရေး မိတ်ဆက်သင်တန်းကို ထားဝယ်မြို့၌ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အခမ်းအနားတွင် WWF Myanmar မှ ဒေါက်တာ စပယ်မင်းက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံအတွင်း သားငှက်တိရစ္ဆာန်ကုန်သွယ်မှု၊ စီမံကိန်းအစီအစဉ်များအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းအတွင်း တောရိုင်းတိရစ္ဆာန် ရောင်းဝယ်ခြင်းနှင့် ဆင်များအား တရားမဝင် ဖမ်းဆီးခြင်း မရှိစေရေး ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါသင်တန်းသို့ WWF Myanmar မှ ဒေါက်တာစပယ်မင်းနှင့် အဖွဲ့ဝင်များ၊ WCS Myanmar မှ ဦးအောင်ကျော်နှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးနှင့် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်သော်နှင့် ဝန်ထမ်းများ၊ တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဇေယျ၊ ရန်ကုန်တက္ကသိုလ်မှ ဒေါက်တာ စုစုနိုင်၊ ထားဝယ်တက္ကသိုလ်မှ တွဲဖက်ပါမောက္ခ ဒေါက်တာ စုစုလှိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး သင်တန်းကို မတ် ၃၀ ရက်အထိ ပို့ချဆွေးနွေးခဲ့သည်။

ယခုကဲ့သို့ သင်တန်းများအား ရှမ်းပြည်နယ် တာချီလိတ်နှင့် ကျိုင်းတုံမြို့များတွင်လည်း ဖွင့်လှစ်ခဲ့ပြီးဖြစ်ကာ ရဲတပ်ဖွဲ့၊ အကောက်ခွန်နှင့် သစ်တောဦးစီးဌာန စသည့်ဌာနဆိုင်ရာများမှ သင်တန်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပြည်သူများ လျှပ်စစ်မီးပိုမိုသုံးစွဲနိုင်ရေး ၃၃ ကေဗွီလိုင်းအသစ် တပ်ဆင်ပေး

**ကျောက်ဆည် ဧပြီ ၂**

ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ရန်အောင်မြင်ရပ်ကွက်အတွင်းရှိ လျှပ်စစ်ခွဲရုံ၌ မတ် ၂၉ ရက်က မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ စဉ့်ကိုင်မြို့နယ် တာဝန်ခံများသည် အဆိုပါ လျှပ်စစ်ခွဲရုံမှ လျှပ်စစ်မီးသုံးစွဲနေသော ပြည်သူများ လျှပ်စစ်မီးပိုမိုပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ၃၃ ကေဗွီလိုင်း



Sectionalizer အသစ်တစ်လုံး တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းကို စဉ့်ကိုင်မြို့အား တာဝန်ယူဓာတ်အားဖြန့်ဖြူးပေးနေသည့် နယူးအဲလ်ဗားလိုက်ကုမ္ပဏီ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စတုတ္ထသုံးလပတ် ရင်းနှီးမြှုပ်နှံမှုဖြစ်ပြီး စုစုပေါင်းကုန်ကျငွေမှာ ငွေကျပ် သန်း ၂၀ ခန့်ဖြစ်ကာ ယခုအခါလုပ်ငန်းများ ပြီးစီးပြီဖြစ်သဖြင့် ယခင်က ၃၃ ကေဗွီလိုင်းပေါ်မှအတူသုံးစွဲနေသည့် ပလိပ်မြို့နယ်နှင့်တံတားဦးမြို့နယ်များ လိုင်းအပြစ်ဖြစ်ပါက ၃၃ ကေဗွီလိုင်း Sectionalizer ၌သာ Trip ဖြစ်ပြီး Sim Card အသုံးပြုကာ လျှပ်စစ်ဓာတ်အား အဖွင့်အပိတ်ပြုလုပ်နိုင်သဖြင့် ဓာတ်အားပြတ်တောက်ချိန် နည်းပါးသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# နိုင်ငံခြားဆရာဝန်ကြီးများအဖွဲ့ သီတဂူစက္ခုဒါနဆေးရုံ၌ အခမဲ့ဆေးဝါးကုသပေးခြင်း ဆောင်ရွက်

**ပြွန်တန်ဆာ ဧပြီ ၂**

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ တည်ထောင်တော်မူသော ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ သီတဂူစက္ခုဒါနဆေးရုံ၌ မတ် ၃၀ ရက်မှစတင်ကာ ပြည်ပဆရာဝန်ကြီးများကိုယ်တိုင် ကျန်းမာရေးအခမဲ့ဆေးဝါးကုသပေးခဲ့ကြောင်း သိရသည်။

သီတဂူဆရာတော်ကြီး၏သြဝါဒကိုခံယူကာ ဇမ္ဗူအေး တောရ(အင်းဝိုင်း) ဆရာတော်၏ ဦးဆောင်မှုဖြင့် သီတဂူစက္ခုဒါနဆေးရုံအုပ်ချုပ်မှု ကော်မတီနှင့် စင်ကာပူ၊ မလေးရှား၊ ဩစတြေးလျနှင့်ပြင်သစ်နိုင်ငံတို့မှ ဆရာဝန်ကြီးများနှင့် သူနာပြုများ ပါဝင်သော Humanitarian With Love လူသားဆန်သော ချစ်ခြင်းများဖြင့် အဖွဲ့တို့ပူးပေါင်း၍ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆေးဝါးကုသခြင်းကို မတ် ၃၀ ရက်မှ စတင်ကာ ဧပြီ ၁ ရက်အထိ လူနာရှင်များစာရင်းပေးသွင်းထားသည့်အတိုင်း ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ပခုက္ကူမြို့၌ စွန့်လွှတ်မြေ ဧက ၈၀၀ ကျော်ကို နိုင်ငံတော်သို့ပြန်လည်အပ်နှံ

**ပခုက္ကူ ဧပြီ ၂**

ကာကွယ်ရေးဝန်ကြီးဌာနက သိမ်းဆည်းထားခဲ့ပြီး သုံးစွဲခြင်းမရှိသည့် စွန့်လွှတ်မြေများကို နိုင်ငံတော်သို့ ပြန်လည်အပ်နှံသည့် အခမ်းအနားကို ပခုက္ကူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြရော(၂)ခန်းမ၌ မတ် ၃၁ ရက်က ကျင်းပခဲ့သည်။

ရှေးဦးစွာ ပခုက္ကူခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်က စွန့်လွှတ်မြေများကို နိုင်ငံတော်သို့ပြန်လည်အပ်နှံမှုများအကြောင်း ရှင်းလင်းပြောကြားပြီး ပခုက္ကူခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှူး ဦးအောင်ကျော်မြင့်က ကာကွယ်ရေးဝန်ကြီးဌာနမှ နိုင်ငံတော်သို့ ပြန်လည်အပ်နှံသည့် စွန့်လွှတ်မြေများစာရင်းကို ရှင်းလင်းဖတ်ကြားသည်။ ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ ပြန်လည်စွန့်လွှတ်သည့် ပခုက္ကူမြို့နယ်အတွင်းမှ မြေ ၈၀၈ ဒသမ ၈၇၅ ဧကနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက ပခုက္ကူခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်ထံ လက်ရောက် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ဆလိုင်းကိုကီး**

# မျက်မမြင်ပညာသင်ကျောင်းသို့ ငွေများလှူဒါန်း

**ပြင်ဦးလွင် ဧပြီ ၂**

ပြင်ဦးလွင်မြို့ဆရာတော် ဦး ဥေယျဦးစီးတည်ထောင်ဖွင့်လှစ်သော ပရဟိတ မျက်မမြင်ဘက်စုံပညာသင်ကျောင်း၏ (၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ်ပွဲတော်ကို မတ် ၂၈ ရက်မှ ၃၁ ရက်အထိ လေးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သိရသည်။

ပြင်ဦးလွင်မြို့နယ် ခုနစ်မိုင်ကမ်းခြေမှ ဦးကျော်ထွန်းမောင်နှင့် ဝန်ထမ်းမိသားစုများက ငွေရတုပွဲတော်အတွက် အလှူငွေကျပ် ခုနစ်သိန်းကို လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# ကျိုင်းတုံ၌ ဝန်ထမ်းသစ်များ အခြေခံရုံးလုပ်ငန်းခွင် သင်တန်းဆင်းပွဲကျင်းပ

**ကျိုင်းတုံ ဧပြီ ၂**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ၊ ဒုတိယပြည်နယ်ဦးစီးမှူးရုံး၊ ရှမ်းပြည်နယ်အရှေ့ပိုင်းကျိုင်းတုံမြို့က ကြီးမှူးဖွင့်လှစ်သည့် ဝန်ထမ်းသစ်များ အခြေခံရုံးလုပ်ငန်းခွင် သင်တန်းဆင်းပွဲကို မတ် ၃၀ ရက်ညနေပိုင်းက မြို့တော်ခန်းမတွင် ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးဗိုလ်ချုပ် အောင်ဇော်အေးက သင်တန်းဆင်းအမှာစကားပြောကြားပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရှမ်းပြည်နယ်အရှေ့ပိုင်း ဒုတိယပြည်နယ်ဦးစီးမှူး ဦးရဲရင့်ထွန်းက ဝန်ထမ်းများ တတ်မြောက်ရမည့် ဥပဒေ၊ အက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ရုံးစာရေးသားနည်း၊ ဟိုတယ်၊ မိုတယ်၊ ဂိတ်ကင်းစခန်း စစ်ဆေးခြင်းများကို လက်တွေ့သရုပ်ပြ လေ့ကျင့်မှုများအပြင် ဘာသာရပ်အလိုက် စာတွေ့၊ လက်တွေ့ စစ်ဆေးခြင်း၊ ခေါင်းဆောင်မှုစွမ်းရည် အကဲဖြတ်ခြင်း၊ စည်းကမ်းပိုင်း၊ စိတ်ဓာတ်ပိုင်းနှင့် အပြောအဆို အပြုအမူစသည့် ကျင့်ဝတ်ပိုင်းဆိုင်ရာများကို ပြည့်စုံအောင် လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း၊ သင်တန်းမှရရှိသည့် အသိပညာများ၊ နည်းစနစ်များကို တာဝန်ကျသည့်ဒေသရုံးတွင် ဝန်ထမ်းကောင်းတွေဖြစ်အောင် လက်တွေ့ပြုမူကျင့်ကြံ နေထိုင်ဆောင်ရွက်ရန်နှင့် လုပ်ငန်းနှင့် ပတ်သက်သည်များအား စဉ်ဆက်မပြတ် လေ့လာဆည်းပူးပြီး ကြိုးစားထမ်းဆောင်သွားရန် သင်တန်းသားများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းတွင် သင်တန်းသားစံပြဆု၊ စာပေထူးချွန် ပထမဆု၊ စာပေထူးချွန် ဒုတိယဆု၊ စစ်ရေးပြအကောင်းဆုံးဆုများကို ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲနိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းသိန်းနှင့် တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

အဆိုပါ သင်တန်းအား မတ် ၁၅ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်ရာ ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ ခရိုင်နှင့်မြို့နယ်ဦးစီးမှူးရုံးများတွင် ရွေးချယ်ခန့်အပ်ခဲ့သည့် ဝန်ထမ်းသစ် ၄၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**



# နောင်ချိုမြို့နယ်၌ ယာဉ်အန္တရာယ် ကင်းဝေးစေရေး အသိပညာပေး

**နောင်ချို ဧပြီ ၂**

နောင်ချိုမြို့နယ်၌ သင်္ကြန်စက်များသို့ ကြံများအား နေ့စဉ် မော်တော်ယာဉ်များ၊ လေးလုံးထိုး ထော်လာဂျီယာဉ်များဖြင့် တင်ပို့လျက်ရှိရာ မကြာခဏ ယာဉ်တိုက်မှုများဖြစ်ပွားကာ လူများသေဆုံးခြင်း၊ ဒဏ်ရာရရှိခြင်း၊ ယာဉ်၊ ထော်လာဂျီများ အရှိန်မြင့်မောင်းနှင်လာပြီး တစ်စီးနှင့်တစ်စီးရှောင်ရာတွင် တိမ်းမှောက်မှုများဖြစ်ပေါ်နေသည်။ မတ် ၂၈ ရက်က သဖန်းကိုင်းကျေးရွာအနီး မန္တလေး၊ လားရှိုးကားလမ်းဘေးရှိ သကြားစက်ရုံရှေ့သို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင်ထွေး၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး စိုးနိုင်၊ အမှတ် ၁၂၀ ယာဉ်ထိန်း ရဲတပ်ဖွဲ့စုမှ ရဲအုပ်ခင်မောင်မြင့်တို့က ကြံများ သယ်ယူပို့ဆောင်နေသော ယာဉ်မောင်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာရေးနှင့် ယာဉ်တိုက်မှုအန္တရာယ်ကင်းဝေးစေရေးအတွက် အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# ခရုမှတစ်ဆင့် ကူးစက်တတ်သည့်ရောဂါအကြောင်း

**တွေ့ဆုံမေးမြန်းသူ - လေးဝတီထွန်းစောခိုင်**

**လူမှုကွန်ရက်စာမျက်နှာများတွင် ပျံ့နှံ့နေသော ရခိုင်ပြည်နယ်စစ်တွေတွင် ခရုမှတစ်ဆင့်ကူးစက်တတ်သည့် Schistosomiasis ရောဂါဖြစ်ပွားနေသူများရှိနေကြောင်း၊ ဤကိစ္စနှင့် ပတ်သက်၍ အရှေ့တောင်အာရှဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ထံ သတင်းပို့အကြောင်းကြား၍ အကြံဉာဏ်နှင့် နည်းပညာများရယူရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ညွှန်ကြားထားကြောင်း ရေးသားထားသည့်သတင်းကြောင့် ပြည်သူ့ကျန်းမာရေးသတင်းတစ်ခုကို ပြည်သူသို့ ပွင့်လင်းမြင်သာစွာ တင်ပြနိုင်ရန်အတွက် စာရေးသူအနေဖြင့် ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာကြည်လွင်အား သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။**



ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးမှူး ဒေါက်တာကြည်လွင်

**မေး။ ။ မင်္ဂလာပါ ဆရာကြီး။ ခုတစ်လော Facebook တွေမှာ ပျံ့နှံ့နေတဲ့ စစ်တွေမှာ ခရုကတစ်ဆင့် ကူးစက်တတ်တဲ့ Schistosomiasis ရောဂါတစ်မျိုးတွေ့နေရတယ်၊ အဲဒီရောဂါနဲ့ပတ်သက်ပြီး အရှေ့တောင်အာရှဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့တင်ပြပြီး အကြံဉာဏ်နဲ့ နည်းပညာတွေရယူဖို့ ပြည်ထောင်စုဝန်ကြီးက ညွှန်ကြားထားတယ်လို့ သိရပါတယ်။ ဒါတွေနဲ့ ပတ်သက်ပြီးတော့ သိပါရစေ။**

ဖြေ။ ။ ဒါကတော့ ကျွန်တော်တို့ဆီက အစီရင်ခံထားတဲ့ အချက်တွေကို အခြေခံပြီးတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတာ ဖြစ်နိုင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ၂၀၁၇ ခုနှစ် အတွင်းမှာ Schistosomiasis ဖြစ်နေပြီဆိုတာ သိခဲ့ရပါတယ်။ ဒါကလည်း စစ်တွေဆေးရုံကြီးက ကလေးအထူးကုဆရာဝန် ကြီး ဒေါက်တာလှမူက သူကုသနေတဲ့လူနာတွေမှာ Schistosomiasis ရောဂါလက္ခဏာတွေလို သံသယဖြစ်မိတာတွေကို တွေ့ရပါတယ်ဆိုပြီးတော့ တင်ပြလာပါတယ်။ ဒါကြောင့် သံသယဖြစ်နေတဲ့ လူနာတွေရဲ့ဆီး၊ မစင်တွေကို အမျိုးသားဓာတ်ခွဲခန်းကို ပို့ပြီး စစ်ဆေးမှုတွေ လုပ်တာမှာ Schistosomiasis ရောဂါတွေ့ရတယ်ဆိုပြီးတော့ အကြောင်းပြန်ကြားလာပါတယ်။ ဒါတွေကို ကျွန်တော်တို့အနေနဲ့ ဗဟိုအဖွဲ့အစည်းတွေဆီ အစီရင်ခံစာရေးပြီး တင်ပြလိုက်ပါတယ်။ ဒါက ကျွန်တော်တို့ တွေ့ရှိချက်တွေပါ။

**မေး။ ။ ခရုကတစ်ဆင့် ကူးစက်တတ်တယ်ဆိုတာက ဘယ်လိုပါလဲ။**

ဖြေ။ ။ Schistosomiasis (ဆီစတို ဆိုမီယက်ဆစ်စ်) ရောဂါ (မျိုးစိတ်) တွေရဲ့ ဥတွေက ရေချိုကန်တွေ၊ စမ်းချောင်းတွေ၊ ရေလှောင်တမံတွေထဲကို ရောက်ရှိသွားပါတယ်။ တစ်ခါတစ်ခါကို ပတ်ဝန်းကျင်သန့်ရှင်းမှု မရှိတဲ့နေရာတွေမှာ ရောက်ရှိသွားတာပေါ့။ အဲဒီဥတွေက ပေါက်ဖွားလာတဲ့ ဥပေါက်သားကောင်လေးတွေ (Miracida) က ခရုတွေရဲ့ကိုယ်ထဲကို ထိုးဖောက်ဝင်သွားပြီး တွယ်ကပ်နေတယ်။ အဲဒီကူးစက်ခံခရုကတစ်ဆင့် စွန့်ထုတ်လိုက်တဲ့ သားလောင်း (Cercariae) လေးတွေက ရေချိုရှိတဲ့ နေရာတွေ၊ ပတ်ဝန်းကျင်မသန့်ရှင်းတဲ့နေရာတွေဆီ မှီခိုနေတာပေါ့။ အဲဒီနေရာတွေဆီ လူတွေထိမိရင်တော့ လူရဲ့အရေပြားကို ထိုးဖောက်ဝင်ရောက်သွားတယ်၊ ယင်းမှတစ်ဆင့် သွေးကြောမကြီးတွေထဲကို ရောက်သွားပြီး အရွယ်ရောက်သားကောင် (Adult) အဆင့်ဖြစ်ပြီးတော့ လူတွေကို ဒုက္ခပေးတာပါပဲ။

**မေး။ ။ ဘယ်လိုနေရာတွေမှာ အဓိက ဖြစ်နိုင်ပါသလဲ။ သိပါရစေ။**

ဖြေ။ ။ လူတွေရဲ့ သွေးကြောမကြီးတွေဆီ ရောက်သွားတဲ့ အရွယ်ရောက်အကောင် (Adult) ကနေ အသည်းလမ်းကြောင်း၊ အစာအိမ်နဲ့ အူလမ်းကြောင်း၊ ဆီးလမ်းကြောင်း အသီးသီးမှာ မျိုးပွားကာ Schistosomiasis ရောဂါအဆင့်ဆင့်ကို ဖြစ်ပေါ်စေပါတယ်။ အစာအိမ်၊ အူလမ်းကြောင်းနဲ့ အသည်းမှာဖြစ်လာရင် နုံးချည့်ခြင်း၊ ဗိုက်အောင့်ခြင်း၊ ဝမ်းပျက် / ဝမ်းလျှောခြင်း၊ ဝမ်းကိုက်ခြင်း၊ သွေးဝမ်းသွားခြင်း၊ အသည်းနဲ့ ဘေလုံးကြီးခြင်း၊ အသည်းပျက်စီးခြင်းတွေ ဖြစ်တတ်ပါတယ်။

ဆီးလမ်းကြောင်း Schistosomiasis ရောဂါဖြစ်လာရင် ဆီးထဲသွေးပါခြင်း၊ မကြာခဏဆီးသွားခြင်း၊ ဆီးပူဆီအောင့်ခြင်း၊ ဆီးပိုပြွန်လမ်းကြောင်း ကျဉ်းမြောင်း ပျက်စီးခြင်းတွေ ဖြစ်တတ်ပါတယ်။ မိန်းမကိုယ်မှာ အဲဒီရောဂါဖြစ်လာရင်တော့ လိင်ဆက်ဆံပြီး မိန်းမကိုယ်မှ သွေးထွက်ခြင်း၊ မိန်းမကိုယ်၌ အနာဖြစ်ခြင်း၊ ရာသီမမှန်ခြင်း၊ ကိုယ်တွင်းနာကျင်ကိုက်ခဲခြင်းတွေ ဖြစ်တတ်ပါတယ်။ နှလုံးနဲ့ အဆုတ်တွေမှာ ဖြစ်လာရင်တော့ ရင်တုန်ခြင်း၊ လှုပ်ရှားမှုတွေမှာ မောပန်းလွယ်ခြင်း၊ ချောင်းဆိုးခြင်း၊ ချောင်းဆိုးသွေးပါခြင်း၊ အဆုတ်ရောင်ခြင်းတွေ ဖြစ်တတ်ပါတယ်။

ဦးနှောက်နဲ့အာရုံကြောတွေဆီမှာ အဲဒီရောဂါဖြစ်လာရင်တော့ ခေါင်းကိုက်ခြင်း၊ တက်ခြင်း၊ အာရုံကြော ထုံကျဉ်ခြင်း၊ ခြေထောက်အောက်ပိုင်းအားနည်းခြင်း၊ ခါးနာခြင်း၊ အကြောသေခြင်း၊ အမြင်အာရုံတွေမှာ ပြိုးပြိုးပြက်ပြက် ဖြစ်ခြင်းတွေဖြစ်တတ်ပါတယ်။ ပြောရမယ်ဆိုရင် ခန္ဓာကိုယ်နေရာအနှံ့ဖြစ်နိုင်တဲ့ သဘောရှိတာပေါ့။




Schistosomiasis ရောဂါကူးစက်ပြန့်ပွားပုံ

**မေး။ ။ Schistosomiasis ရောဂါကို ရခိုင်ဒေသမှာ စတွေ့တာပါလား၊ ရခိုင်မှာပဲဖြစ်နိုင်ပါသလား။**

ဖြေ။ ။ Schistosomiasis ရောဂါက ရခိုင်ဒေသတစ်ခုတည်းမှာမှ ဖြစ်နိုင်တာမဟုတ်ပါဘူး။ ရခိုင်မှာ တွေ့ရတယ်ဆိုတာကလည်း ဒီလိုရောဂါတွေများလာလို့ လူနာတွေကို သံသယဖြစ်လာလို့ စစ်ဆေးချက်အရသိရတာပေါ့။ ကျွန်တော်တို့ မစစ်ဆေးခင်ကလည်း ရှိချင်ရှိမှာပေါ့လေ။ မြန်မာနိုင်ငံမှာ တခြားနေရာတွေလည်း ဖြစ်နိုင်တာပါ။ ကမ္ဘာမှာတော့ အာဖရိကနိုင်ငံတွေမှာ တော်တော်အဖြစ်များပါတယ်။ အာရှတိုက်အနေနဲ့တော့ မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံတွေအားလုံးမှာ ဖြစ်တာပါပဲ။ အထူးသဖြင့်တော့ ရေချိုဒေသတွေမှာ အဖြစ်များ ပါတယ်။ ခရုတွေပေါများတဲ့ မိုးရာသီလိုရာသီတွေမှာ ကူးစက်မှုများတတ်ပါတယ်။ ရေငန်ဒေသတွေကတော့ ကူးစက်မှုနည်းနိုင်ပါတယ်။

**မေး။ ။ အဲဒီရောဂါကြောင့် ရခိုင်မှာ လူတွေသေဆုံးမှုများရှိခဲ့ပါသလား။ ရောဂါဖြစ်နှုန်းတွေကို သိပါရစေ။**

ဖြေ။ ။ ရခိုင်မှာ လူသေဆုံးမှုမရှိခဲ့ပါ။ ၂၀၁၇ ခုနှစ်ကနေ ၂၀၁၈ ခုနှစ်ထိ ကျွန်တော်တို့ စစ်ဆေးတာကတော့ အသက် ၁၂ နှစ်အောက်တွေက များပါတယ်။ မြို့နယ်အလိုက်ကတော့ မြောက်ဦးမှာ ၁၃ ဦး၊ ပေါက်တောမှာ ၁၂ဦး၊ ရသေ့တောင်မှာ ခုနစ်ဦး၊ စစ်တွေမှာ ငါးဦး၊ ကျောက်တော်မှာ သုံးဦး၊ မင်းပြားမှာ သုံးဦး၊ ပလက်ဝမှာ နှစ်ဦး၊ ဘူးသီးတောင်မှာ နှစ်ဦး၊ မောင်တောမှာ နှစ်ဦး၊ မြေပုံမှာ တစ်ဦး၊ ပုဏ္ဏားကျွန်းမှာ တစ်ဦးတို့ ဖြစ်ပါတယ်။ ဒါတွေ အားလုံးဟာ စစ်တွေဆေးရုံကြီးကို ရောက်လာတဲ့သူတွေပါ။ ကျွန်တော်တို့အနေနဲ့ ၂၀၁၆ခုနှစ် အောက်တိုဘာကနေ ၂၀၁၈ ခု ဇန်နဝါရီလအထိ သံသယလူနာ ၁၀၅ ဦးကို စစ်ဆေးရာ ၅၉ ဦးမှာ အဲဒီရောဂါရှိတာတွေ့ရပါတယ်။

**မေး။ ။ Schistosomiasis ရောဂါကိုကုသလို့ရတဲ့ ဆေးတွေ ရှိပါသလားဆရာကြီး။**

ဖြေ။ ။ ရှိပါတယ်။ Praziquanten (ပါရာဇီကွန်တန်) ဆေးပြားကို တစ်နေ့တည်းနဲ့သောက်လိုက်ရင်ပြီးတာပါပဲ။ အဲဒီဆေးတွေကတော့ အပြင်မှာတော့ ရှာလို့ရမှာမဟုတ်ပါဘူး။ ကျွန်တော်တို့ဆီမှာတော့ လူနာတွေအတွက် ထိုင်းနိုင်ငံကတစ်ဆင့် ဝယ်ထားပါတယ်။ ဆေးတစ်နေ့တည်းနဲ့ သောက်ရင် လုံလောက်တယ်ဆိုတာကလည်း Schistosomiasis ရောဂါကိုဖြစ်စေတဲ့ Parasit (ပါရာဆိုဒ်ကပ်ပါးကောင်)ဟာ သံပြားကောင်အမျိုးအစားအုပ်စုမှာ ပါဝင်နေလို့ပါပဲ။



Schistosomiasis ရောဂါကို ဖြစ်စေတတ်သော ကြားခံကောင် ခရု

**မေး။ ။ Schistosomiasis ရောဂါက လူမှလူကို ကူးစက်တတ်ပါသလား။ ဘယ်လိုအနေအထားမျိုးမှာ ကူးစက်မှုလွယ်ကူနိုင်ပါသလဲဆရာကြီး။**

ဖြေ။ ။ လူမှလူကိုတော့ အဲဒီ ရောဂါတိုက်ရိုက်မကူးစက်ပါဘူး။ ရောဂါဖြစ်နိုင်ခြေအများဆုံးအုပ်စုတွေ (Risk Groups)ကတော့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူတွေ၊ ရေလုပ်ငန်းလုပ်ကိုင်သူတွေ၊ စမ်းချောင်းရေအိုင်တွေတွင် ဆော့ကစားတဲ့ ကလေးငယ်တွေနဲ့ ရေချိုးသူတွေ၊ စမ်းချောင်းရေကန်တွေမှာ အဝတ်လျှော်သူတွေ ဖြစ်ကြပါတယ်။ ရောဂါသိုမှီးလက်ခံရာ ဇာစ်မြစ်ကတော့ ခရု(ကြားလက်ခံကောင်)၊ အိမ်မွေး ကျွဲ၊ နွားတိရစ္ဆာန်တွေ ဖြစ်ပါတယ်။ ဒါကြောင့် ခရုပေါများတဲ့ နေရာတွေ၊ ကျွဲ ချေး၊ နွားချေး စတဲ့ တိရစ္ဆာန်တွေရဲ့ မစင်တွေကို သတိထားပြီး ကိုင်တွယ်သင့်ပါတယ်။

**မေး။ ။ ကပ်ရောဂါအသွင်တွေလို ဖြစ်နိုင်ပါသလား။ ကာကွယ်ရမယ့် ပုံစံတွေကိုလည်း ပြည်သူတွေ သိအောင်ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ ကပ်ရောဂါအသွင်တော့မဖြစ်နိုင်ပါဘူး။ ကာကွယ်ရမယ့်ပုံစံကတော့ သန့်ရှင်းရေးဟာအဓိကပါပဲ။ Schistosomiasis ကလည်း အများအားဖြင့် နေထိုင်စားသောက်မှုပုံစံ ကျန်းမာရေးအဆင့်အတန်း ညံ့တဲ့နေရာတွေမှာ အဖြစ်များတယ်။ဒါ့ကြောင့်ယင်လုံအိမ်သာတွေသုံးပါ။ ကျွဲချေး၊ နွားချေးတွေကို စနစ်တကျစုပုံပြီးတော့ ထားပါ။ တစကိုယ်ရေသန့်ရှင်းမှုတွေဆောင်ရွက်ပါလို့ ပြောလိုပါတယ်။ ခရုပေါတဲ့ မိုးရာသီမှာဆိုရင်လည်း ခရုတွေကိုစားလိုရင် ကျက်အောင်ချက်ပြီးမှ စားသင့်ပါတယ်။ အထူးသဖြင့်တော့ လယ်ယာစိုက်ပျိုးရေးနဲ့ရေချိုဒေသတွေမှာ ရေလုပ်ငန်းလုပ်ကိုင်သူတွေဂရုစိုက်ပြီး နေထိုင်လုပ်ကိုင်ကြဖို့ လိုပါတယ်။

## တံတားဆောက်လုပ်ရာ ပါဝင်သောလယ်မြေများအတွက် လျော်ကြေးငွေ ပေးအပ်

**နောင်ချို ဧပြီ ၂**

နောင်ချိုမြို့ရှောင်လမ်းနှင့် ဂုတ်တွင်းတံတားသစ်စီမံကိန်းလုပ်ငန်း၌ ပါဝင်သော လယ်ယာမြေနစ်ရှည်၊ အခြားသီးနှံ၊ အဆောက်အအုံ လျော်ကြေးငွေပေးအပ်ပွဲ အခမ်းအနားကို မတ် ၃၁ ရက်က နောင်ချိုမြို့နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်လျော်ကြေးငွေ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ကျောက်မဲခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးဦးက အမှာစကားပြောကြားပြီး ခရိုင် လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်သူလင်းက စီမံကိန်းတွင်ပါဝင်သော တောင်သူများအား လျော်ကြေးငွေပေးအပ်မှုအပေါ် ရှင်းလင်းပြောကြားသည်။

စီမံကိန်းတွင်ပါဝင်သော တောင်သူများ၏ လယ်တစ်ဧကေ ငွေကျပ် သိန်း ၁၅၀၊ ယာမြေတစ်ဧက ငွေကျပ် သိန်း ၁၀၀၊ တောင်သူ ၄၆ ဦး လျော်ကြေးငွေကျပ် ၆၅၁၁၅၁၀၉၀ အား တာဝန်ရှိသူများက တောင်သူလက်ဝယ် အရောက် တစ်ဦးချင်းပေးအပ်ခဲ့ကြကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

## နေပြည်တော် ရှမ်းကန်၌ လမ်းလျှောက်သင်္ကြန် ကျင်းပမည်

**နေပြည်တော် ဧပြီ ၂**

၂၀၁၈ ခုနှစ် နေပြည်တော်မဟာသင်္ကြန်အား ယခင်နှစ်များနှင့်မတူ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။ နေပြည်တော်မဟာသင်္ကြန်အား နေပြည်တော် မြို့တော်ခန်းမကြီး၏ရှေ့တွင် မြို့တော်ဝန် မဏ္ဍပ်၊ ရာဇသင်္ဂဟလမ်းအနီး ကျောက်စိမ်းဥယျာဉ်အနီး၌ ရခိုင်တိုင်းရင်းသားရိုးရာမဏ္ဍပ်၊ ရာဇသင်္ဂဟလမ်းမကြီး၊ ရွှေညော်သည် ဟိုတယ်ရှေ့၌ ရွှေသံလွင်မိသားစု၏ Sky Net မဏ္ဍပ်တို့ တည်ဆောက်ကာ နေပြည်တော်တွင် အဓိကမဏ္ဍပ်ကြီး သုံးခုဖြင့် စည်ကားစွာကျင်းပမည်ဖြစ်ကြောင်း၊ မဏ္ဍပ်များတွင် ရေပြတ်လပ်မှု မဖြစ်ပေါ်စေရန် နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ အင်ဂျင်နီယာဌာန၊ ရေနှင့်သန့်ရှင်းမှုမှ တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ နေပြည်တော်ဧရိယာ ရှစ်မြို့နယ်တွင်လည်း မြို့နယ်အလိုက် ရေကစားမဏ္ဍပ်များပြုလုပ်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ယခုနှစ် ပျဉ်းမနားမြို့တွင် အစီအစဉ်သစ် တစ်ခုအဖြစ် မင်္ဂလာရှမ်းကန်၌ လမ်းလျှောက်သင်္ကြန် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



## နိုင်ငံတော်မှစွန့်လွှတ်သည့်မြေအား မူလပိုင်ရှင်သို့ ပြန်လည်ပေးအပ်

**ပုလဲ ဧပြီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် မင်းတိုင်ပင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း ကင်းဝန်ခန်းမ၌ မတ် ၂၉ရက်က နိုင်ငံတော်မှ စွန့်လွှတ်သည့်မြေအား မူလပိုင်ရှင်သို့ ပြန်လည်ပေးအပ်ခြင်း အခမ်းအနားကို ကျင်းပခဲ့ရာ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က အမှာစကားပြောကြားခဲ့သည်။

ပုလဲမြို့နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးဝင်းက ပုလဲမြို့နယ် မင်းတိုင်ပင် ကျေးရွာရှိ ကွင်းအမှတ် ၉၇၉ ကျောက်ဖျာကန်အနောက်ကွင်း ဦးပိုင်အမှတ် ၇၃၊ မြေ ဧရိယာ ၀ ဒသမ ၉၅ ဧကကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံခဲ့ပြီးဖြစ်၍ မူလလုပ်ပိုင်ခွင့်ရ ဦးမိုးဇော်လင်းထံသို့ ပုံစံ( ၃ )ပြန်လည်ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးက မူလပိုင်ရှင်သို့ ပြန်လည်အပ်နှံနိုင်ရေးပုံစံ ( ၃ )ကို ပေးအပ်ရာ ဦးမိုးဇော်လင်းက လက်ခံရယူ၍ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စစ်ကိုင်းတောင်ရိုး၌ သင်္ကြန် ၁၀ ရက်တရားစခန်း ဖွင့်လှစ်မည်

**စစ်ကိုင်း ဧပြီ ၂**

စစ်ကိုင်းတောင်ရိုးသီတဂူဆေးရုံအလွန် ဂေါသိတာဝံချောင်ရှိ ဓမ္မစွမ်းရည်မဟာစည်သာသနာ့ရိပ်သာကြီး၌ နှစ်စဉ်ကျင်းပပြုလုပ်မြဲဖြစ်သော သင်္ကြန် ၁၀ ရက်တရားစခန်းကို ဧပြီ ၈ရက်မှ ၁၇ ရက်နေ့အထိ မဟာစည်ဆရာတော်ကြီး၏ နည်းနှင့်အညီဖွင့်လှစ်မည်ဖြစ်သည်။ အဆိုပါတရားစခန်းသို့ လာရောက်တရားအားထုတ်လိုသူ ယောဂီများအနေဖြင့် ဧပြီ ၇ရက်နောက်ဆုံးအရောက်လာရောက်ကြရန်နှင့် စစ်ကိုင်းတောင်ရိုးဓမ္မစွမ်းရည် နာယကဆရာတော် ဘဒ္ဒန္တသီရိန္ဒ ဖုန်း ၀၉-၂၁၇၃၃၆၂၊ ၀၉-၂၀၀၂၅၉၅ နှင့် ၀၂-၆၀၅၆၉၊ ၀၂-၇၁၄၁၇ (မန္တလေး)တို့သို့ ကြိုတင်စာရင်းပေးနိုင်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



မတ် ၂၉ ရက်က မွန်ပြည်နယ်ရဲမှူးကြီး ဘိုဘိုဦး၏ ဦးဆောင်မှုဖြင့် မူခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် ပြည်နယ်ရဲအကူတပ်ဖွဲ့မှ ဒုရဲမှူးဝင်းနိုင်ဦးစီး(၁+၂)ဖြင့် မလမမုတစ်ဆင့် မုဒုံမြို့နယ် မြို့မ(၁)ရပ်ကွက် သဘော်ာဦးရပ်ရှိ အလက ကျောင်းခန်းမ၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်မင်းစန်းနှင့် ကျောင်းသား ကျောင်းသူများအား ရဲမှူးမြအောင်၊ စခန်းမှူး ဒုရဲမှူးခင်မောင်ထွန်း၊ ရဲအုပ်သိန်းဇော်မြင့်နှင့် ဒုရဲအုပ်အေးမင်းသန်း(မုဒုံ)တို့က မူခင်းအသိပညာပေးဟောပြောစဉ်။

**မော်လမြိုင်(ကိုယ်ပွား)**

## ကျောက်ပန်းတောင်းမြို့နယ်၌ သောက်သုံးရေဖူလုံစွာရရှိရေး မြေသားမိုးရေလှောင်ကန်များတူးဖော်

**ကျောက်ပန်းတောင်း ဧပြီ ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာ ရရှိစေရေးနှင့်ရေရှားပါးမှုပြဿနာများ ပြေလည်စေရေးတို့အတွက် နိုင်ငံတော်နှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ ခွင့်ပြုရန်ပုံငွေဖြင့် မိုးရေလှောင်ကန် ခြောက်ကန်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူအကောင် အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ မြေသားမိုးရေလှောင်ကန်တူးဖော်မှုလုပ်ငန်းများ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်၌ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေများ လုံလောက်စွာရရှိနိုင်စေရေးနှင့် နွေရာသီရေရှားပါးပြတ်လပ်မှုပြေလည်စေရေးတို့အတွက် နိုင်ငံတော်၏ ထောက်ပံ့ ငွေကျပ် ၈ ဒသမ ၅သန်းဖြင့် နှစ်ကန်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေကျပ် ၈ ဒသမ ၅ သန်းဖြင့် လေးကန် စုစုပေါင်း မြေသားမိုးရေလှောင်ကန် ခြောက်ကန်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ မိုးရေလှောင်ကန်များ၏ အကျယ်မှာ (၁၀၀ × ၁၀၀ × ၆)ပေ ဖြစ်ပြီး တူးဖော်မှုလုပ်ငန်းများအပြင် ကန်ပတ်လည် ခြံစည်းရိုးကာရံခြင်းနှင့် ရေတံကင် လေးလုံးတပ်ဆင်ခြင်းများ ပါဝင်ကြောင်း သိရသည်။ နိုင်ငံတော် ထောက်ပံ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခွင့်ရရှိခဲ့သည့် အောင်ချမ်းသာကျေးရွာနှင့် သီးပင်ကျေးရွာများကို ၈.၁၁.၂၀၁၇ ရက်နေ့က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပြီး ၅.၃.၂၀၁၈ ရက်နေ့တွင် တူးဖော်မှုလုပ်ငန်းပြီးစီးခဲ့ကြောင်းနှင့် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခွင့်ရရှိခဲ့သည့် ဆားကျင်းရွာ၊ ကျင်းခေါင်းရွာ၊ တည်ချောင်းရွာနှင့် တွင်းဖြူကျေးရွာများကို ၈.၂.၂၀၁၈ ရက်နေ့က လုပ်ငန်းစတင်ခဲ့ပြီး၊ ၂၅.၃.၂၀၁၈ ရက်နေ့တွင် တူးဖော်မှုလုပ်ငန်းများ ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါ မြေသားမိုးရေလှောင်ကန်များကို ကျေးရွာနေပြည်သူများ သန့်ရှင်းစွာသောက်သုံးနိုင်စေရန်အတွက် ကန်ပတ်လည်တွင် ခြံစည်းရိုးကာရံခြင်း၊ ရေတံကင်များ စနစ်တကျတပ်ဆင်ပေးခြင်းများ ဆောင်ရွက်ထားရှိသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ကျေးရွာ ခြောက်ရွာတွင် မှီတင်းနေထိုင်ကြသည့် အိမ်ထောင်စု ၇၅၁ စုမှ လူဦးရေ ၃၀၂၅ ဦးတို့မှာ လာမည့် မိုးရာသီတွင် မိုးရေများ သိုလှောင် သိမ်းဆည်းထားနိုင်မည်ဖြစ်ပြီး သောက်သုံးရေအတွက် လုံလောက်စွာသုံးစွဲသွားနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**



## ရိုးရာယဉ်ကျေးမှုသင်္ကြန်ယိမ်းအကများဖြင့် မင်္ဂလာတောင်ညွန့်သင်္ကြန်ဆင်နွှဲမည်

**ရန်ကုန် ဧပြီ ၂**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း စည်ကားသိုက်မြိုက်စွာကျင်းပရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး LS. Automotive Group နှင့် GAC MOTOR လုပ်ငန်းကော်မတီတို့ ပံ့ပိုးကူညီမှုဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်ဖျော်ဖြေရေးမဏ္ဍပ်နှင့် ရေကစားခြင်းကို စံပြဖဆပလရပ်ကွက် အထက်ပန်းဆိုးတန်းလမ်းရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးရှေ့၌ အလျားပေ ၁၀၀၊ အနံပေ ၃၀ ဆောက်လုပ်ပြီး ရိုးရာအစဉ်အလာမပျက် သင်္ကြန်ပွဲတော်ဆင်နွှဲမည်ဖြစ်သည်။ သင်္ကြန်ပွဲတော်ရက်များအတွင်း အထက်ပန်းဆိုးတန်းလမ်းကို ယာဉ်ကြောမပိတ်ဆို့စေရေးအတွက် မြောက်ဘက်မှ တောင်ဘက်သို့ တစ်လမ်းမောင်းသတ်မှတ်ပေးမည်ဖြစ်ပြီး ရေကစားချိန်နှင့် ဖျော်ဖြေရေးအစီအစဉ်များကို နံနက် ၈နာရီမှ မွန်းလွဲ ၁ နာရီအထိနှင့် မွန်းလွဲ ၃နာရီမှ ညနေ ၆နာရီအထိ နှစ်ပိုင်းခွဲကာ လုံခြုံရေးအတွက် CCTV ကင်မရာတပ်ဆင်ထားရှိမည်ဖြစ်သည်။ ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် လုံခြုံရေးတို့အတွက်လည်း လုပ်ငန်းကော်မတီများ အသီးသီးဖွဲ့စည်းတာဝန်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်တွင် မြို့နယ်ကိုယ်စားပြုပြိုင်ပွဲဝင်ရန်နှင့် မြို့နယ်မဏ္ဍပ်တွင် ဖျော်ဖြေရန် အမျိုးသမီး ၂၀ ၊ ယိမ်းအဖွဲ့ ၁၆ ဦးဖြစ်ရာ ယိမ်းအဖွဲ့တို့ကို မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံးမှ ယိမ်းအကနည်းပြဒေါ်သီတာစိန်နှင့်အဖွဲ့က သင်ကြားလေ့ကျင့်ပေးနေကြောင်း သိရသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

## သန်လျင်မြို့၌ ကျန်းမာရေးနှင့်ညီညွတ်သော စားသုံးဆီသုံးစွဲမှုအသိပညာပေးဟောပြော

**ရန်ကုန် ဧပြီ ၂**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပသည့် ကျန်းမာရေးနှင့်ညီညွတ်သော စားသုံးဆီသုံးစွဲမှု အသိပညာပေး ဟောပြောပွဲကို မတ် ၃၁ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အမှတ် ၂ အခြေခံပညာ အထက်တန်းကျောင်း ဘိုးရာဇာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအခြင်းပွားမှု ဖြေရှင်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက အမှာစကားပြောကြားသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာ့စားသုံးသူများ သမဂ္ဂ၊ မြန်မာအစာ အာဟာရသိပ္ပံ နည်းပညာအသင်းတို့မှ တာဝန်ရှိသူများနှင့် ပညာရှင်များက ကျန်းမာရေးနှင့် ညီညွတ်သော စားသုံးဆီသုံးစွဲမှုနှင့် စပ်လျဉ်း၍ အသိပညာပေး ဟောပြောခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## ချောက်မြို့နယ် ပြည်သူ့ဆေးရုံ၌ ခုတင် ၅၀ ဆံ့ ဆေးရုံဆောင်သစ်ဖွင့်

**ချောက် ဧပြီ ၂**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အမှတ် ၁၀ ရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ဆေးရုံ၌ မတ် ၃၁ ရက်က ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံဆောင်သစ် ဖွင့်လှစ်ပွဲအခမ်းအနားကျင်းပခဲ့သည်။

ဆေးရုံဆောင်သစ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာလှ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပြည်သူ့ဆေးရုံဆရာဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက စက်ခလုတ်နှိပ်၍ ခုတင် ၅၀ ပြည်သူ့ဆေးရုံဆောင်သစ်ကြီးအား ဖွင့်လှစ်ပေးခဲ့သည်။

**ကျော်မိုး(ပြန်/ဆက်)**



# ကွမ်းခြံကုန်းမြို့နယ်၌ GAP စိုက်ပျိုးနည်းစနစ်သစ်ကို တောင်သူများ အထူးစိတ်ဝင်စားလာ

**ရန်ကုန် ဧပြီ ၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၇-၂၀၁၈ ခုနှစ် မိုးစပါးစိုက်ပျိုးအချိန်မှစတင်၍ ခရိုင်တစ်ခုလျှင် တစ်ရွာနှုန်းအဆင့်မြင့် ဘက်စုံနည်းပညာသုံးပြီး တောင်သူ ဦးကြီးများ၏ လယ်ယာကဏ္ဍ အကျိုးစီပွားဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ကာ လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ စံပြစက်မှုလယ်ယာမြေကွက်များရှိသည့် ကွမ်းခြံကုန်းမြို့နယ် ကံကြီး၊ မကျီးကျေးရွာအုပ်စု ကွင်းအမှတ်(၃၇၂)တွင် နွေရာသီအတွင်း နွေစပါးသီးနှံစိုက်ပျိုးမှု အောင်မြင်နေသော နွေစပါး စိုက်ခင်းများတွင် မတ် ၃၁ ရက်က ရွေးနှံ့သာ ပေါ်ဆန်းမျိုး ၀ ဒသမ ၁ ဧက ကွက် သုံးကွက်ကို စပါးရိတ်သိမ်း ခြွေလှေ့စက်ကြီးဖြင့် ရိတ်သိမ်းရာတွင် တစ်ဧက လျှင် စပါးအစို ၁၃၁ ဒသမ ၅၅ တင်း ထွက်ရှိပြီး စပါးအခြောက် ၁၂၀ ဒသမ ၀၀ တင်းခန့် ထွက်ရှိကြောင်း သိရသည်။

နွေစပါးသီးနှံ စံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်စိုက်ပျိုး ရေးကြီးကြပ်မှုကော်မတီ၊ မြို့နယ်စိုက်ပျိုး ရေးကြီးကြပ်မှုကော်မတီ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူဦးကြီးများ တက်ရောက်ကြကြောင်း သိရသည်။



ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်များအလိုက် စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများရရှိစေရေး၊ စက်မှုလယ်ယာစနစ်သစ် GAP စနစ်ဖြင့် စိုက်ပျိုးဆောင်ရွက်လာပြီဖြစ်ရာ တောင်သူဦးကြီးများအနေဖြင့် စမ်းသပ်စိုက်ပျိုး အောင်မြင်မှုရလဒ်ကောင်းများ ရရှိလာခြင်းကြောင့် GAP စနစ်၊ ဘက်စုံနည်းပညာသုံး၍ စိုက်ပျိုးထုတ်လုပ်မှုကို အထူးစိတ်ဝင်စားလာခဲ့ကြောင်း သိရသည်။

ကွမ်းခြံကုန်းမြို့နယ်၌ လယ်ယာမြေ စိုက်ပျိုးဧကပေါင်း ၁၀၂၅၁၂ ဧကရှိပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အဆင့်မြင့် ဘက်စုံနည်းပညာအသုံးပြု၍ စံပြလယ်ယာမြေ စိုက်ပျိုးဧကပေါင်း ၃၀၀ ကျော်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းနေကြသော ဒေသခံတောင်သူဦးကြီးများအနေဖြင့် လာမည့်နှစ်တွင် နွေစပါးသီးနှံအတွက် အဆင့်မြင့် ဘက်စုံနည်းပညာသုံး၍ GAP စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရန် အထူးစိတ်ဝင်စားလျက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**နိုင်လင်းကျော် (ဒလ)**

# မန္တလေး၌ အရပ်ဘက်အဖွဲ့အစည်းများဆိုင်ရာ ဆွေးနွေး

**မန္တလေး ဧပြီ ၂**

အရပ်ဘက်အဖွဲ့အစည်းများနှင့် မိတ်ဖက်ဆောင်ရွက်မှု တိုးတက်ကောင်းမွန်စေရေးအတွက် ဥရောပသမဂ္ဂမှ ကြီးမှူး၍ အရပ်ဘက်အဖွဲ့အစည်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မန္တလေးမြို့ သိပ္ပံလမ်းနှင့် ၅၉ လမ်းထောင့်ရှိ Perfect Hotel အစည်းအဝေးခန်းမ၌ မတ် ၃၀ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးမြို့မှ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တရားလွှတ်တော်ရှေ့နေများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ဥရောပသမဂ္ဂမှ တာဝန်ရှိသူများနှင့် လက်တွဲဆောင်ရွက်ရန် လုပ်ငန်းစဉ်များ၊ ဗျူဟာများ၊ မိမိဒေသလိုအပ်ချက်များ ပိုမိုဖြည့်ဆည်းနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါအခမ်းအနား၌ ဥရောပသမဂ္ဂမှ အစီအစဉ်အရာရှိ U Augustine Htisan မှ ကြိုဆိုနှုတ်ဆက်စကားနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် မိတ်ဖက်ဆောင်ရွက်မှု တိုးတက်ကောင်းမွန်စေရေး ဥရောပသမဂ္ဂ နည်းဗျူဟာများ၊ ရည်ရွယ်ချက်များ၊ EU Road Map အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် တိုးတက်မှုဖြစ်စဉ်တို့ကို ပြောကြားသည်။

ဆက်လက်၍ နိဗ္ဗာန်ရွှေပြည်လူမှုရေးအသင်းဥက္ကဋ္ဌ ဦးခင်မောင်ညို (ရှေ့နေ) က အမှာစကားပြောကြားပြီး အကြံပေး ဦးသူရထွန်းက ဥရောပသမဂ္ဂ၏ (၂၀၁၈-၂၀၂၀) နည်းဗျူဟာများ၊ ရည်ရွယ်ချက်များအား ရှင်းလင်းပြီး တက်ရောက်လာသူများက အပြန်အလှန် ဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# အရှိုချင်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုသင်တန်းဖွင့်

**ဇီးကုန်း ဧပြီ ၂**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် မီးကောက်ပင်အုပ်စု ဒိုးနွယ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ မတ်လနောက်ဆုံးပတ်က ဒေသခံတိုင်းရင်းသား ညီအစ်ကိုသွေးချင်းများဖြစ်သည့် အရှိုချင်းတိုင်းရင်းသားများရိုးရာစာပေကို ရာနှုန်းပြည့်သင်ကြားတတ်မြောက်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး၏ ညွှန်ကြားမှုဖြင့် မြို့နယ်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီက ဦးဆောင်ကာ စာပေနှင့် ယဉ်ကျေးမှုသင်တန်းကို ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး အရှိုချင်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဆလိုင်းအေးပိုင်၊ မြို့နယ်ပညာရေးမှူးတို့က အမှာစကားပြောကြားပြီး အဆိုပါသင်တန်းကို ငါးရက်ကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

# ကျက်သရေဆောင် ဝေဟင်ဓာတုစေတီနှင့် သာသနာ့ဗိမာန်တော်ကြီး မုခ်ဦးနှင့် ဓာတ်လှေကားအတွက် အလှူငွေများပေးအပ်

**သီပေါ ဧပြီ ၂**

လွန်ခဲ့သောနှစ်ပေါင်း ၁၅၀ ကျော်က တည်ထားကိုးကွယ်ခဲ့သည့် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်၏ ကျက်သရေဆောင် မြို့လယ်ဓမ္မာရုံကြီးမှာ ကြံ့ခိုင်မှုအားနည်းယိုယွင်းနေသဖြင့် ဓမ္မာရုံဂေါပကများနှင့် မြို့မိမြို့ဖများက မြို့နယ်သံဃနာယက ဆရာတော်ကြီးများထံ ဩဝါဒခံယူ၍ မိုးကုတ်ဝိပဿနာရိပ်သာကြီး၏ ပဓာန နာယကဆရာတော် ဘဒ္ဒန္တသုနန္ဒ အရှင်သူမြတ်၏ ဦးဆောင်မှုဖြင့် ဝေဟင်ဓာတု ဓမ္မာ့ရာဇာစေတီတော်နှင့် မဟာသာသနာ့ဗိမာန်တော်ကြီး၏ တည်ဆောက်မှုလုပ်ငန်းများ ပြီးစီးမှုကို မတ် ၃၁ ရက်က တွေ့ရ သည်။

ဆက်လက်၍ မြို့လယ် ဓမ္မာရုံသာသနာ့ဗိမာန်တော် မုခ်ဦးများအတွက် စေတနာရှင် အလှူရှင်များ၏ စုစုပေါင်းလှူဒါန်းငွေကျပ် သိန်း ၄၆၀ ကျော် လှူဒါန်းထားကြောင်း သိရသည်။

ကြည်ညိုသဒ္ဓါစိတ်များ ပိုမိုပွားများနိုင်ရန် ဝေဟင်ဓာတုစေတီတော် ကြီးအား မျက်ကွယ်ဖြစ်နေသော ဈေးဆိုင်ခန်းများကိုလည်း ဖျက်သိမ်း၍ တောင်ဘက်နှင့် မြောက်ဘက်အဝင် /အထွက် မုခ်ဦးများ၊ ဓာတ်လှေကားများကို ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်း ဓမ္မာရုံဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ပြောသည်။

အဆိုပါ သာသနိကလုပ်ငန်းများအတွက် လှူဒါန်းလိုကြသော သဒ္ဓါကြည်လင် ပါရမီရှင်များအနေဖြင့် နာယက ဦးအောင်ခင်နှင့် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းတို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**စိုင်း (သီပေါ)**

**သစ်ပင်စိုက်မှ အရိပ်ရ၏။ ၊ ရိပ်ခိုနားနေ အပန်းဖြေ၏။**












## လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ် ကတ္တရာအိတ်ဖွင့်တင်ဒါအမှတ်စဉ်(၁/၂၀၁၈)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အတွင်းရှိ လမ်းဦးစီးဌာန၏ ခရိုင်/အထူးအဖွဲ့များမှ ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ပထမ(၆)လ ရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် ကတ္တရာများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(က) **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၁၉-၄-၂၀၁၈ ရက်မှ ၃၀-၄-၂၀၁၈ရက်အထိ၊ နံနက် ၉း၀၀ နာရီမှ ၁၆း၀၀ နာရီ (ရုံးချိန်အတွင်း)

(ခ) **တင်ဒါပုံစံ ရောင်းချမည့်နေရာ** - ပြည်နယ်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ တောင်ကြီးမြို့

(ဂ) **တင်ဒါလျှောက်လွှာပိတ်ရက်** - ၂-၅-၂၀၁၈ ရက် မွန်းတည့် ၁၂း၀၀ နာရီ

(ဃ) **တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၃-၅-၂၀၁၈ ရက် ၁၄း၃၀ နာရီ

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးသို့ ရုံးချိန်အတွင်း ဖုန်း-၀၈၁-၂၁၂၁၀၁၆၊ ၀၈၁-၂၁၂၁၁၆၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကတ္တရာတင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## မုံရွာ စီးပွားရေးတက္ကသိုလ် စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့(MBA) နှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု မဟာဘွဲ့(MPA) သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ မုံရွာ စီးပွားရေးတက္ကသိုလ် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုပညာမဟာဘွဲ့(MBA)နှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု မဟာဘွဲ့ (MPA)သင်တန်းများကို ၂၀၁၈ ခုနှစ် ဇွန်လတွင် ဖွင့်လှစ်မည်ဖြစ်ရာ အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်လွှာဝယ်ယူတင်သွင်းနိုင်ပါသည်။

(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီး လုပ်ငန်းအတွေ့အကြုံ (၂)နှစ်ရှိသူ ဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုခုတက်ရောက်နေသူ မဖြစ်စေရ။

(ဂ) သတ်မှတ်ထားသော သင်ရိုးအတိုင်း အချိန်ပြည့်မီစွာ တက်ရောက်နိုင်သူဖြစ်ရမည်။

(ဃ) MBA သင်တန်းအတွက် စီးပွားရေးလုပ်ငန်းများတွင် စီမံခန့်ခွဲမှုအဆင့်အလိုက် လုပ်ကိုင်နေသူများနှင့် MPA သင်တန်းအတွက် ဌာနဆိုင်ရာနှင့် လူမှု/စီးပွားရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ခံ နိုင်ငံတကာအဖွဲ့အစည်းများမှ ဝန်ထမ်းများကို ဦးစားပေးမည်။

(င) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ သင်တန်းသို့ တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာပါရှိရမည်။

၂။ MBA သင်တန်း MPA သင်တန်းတို့နှင့် သက်ဆိုင်သော စာရွက်စာတမ်းများ၊ သတ်မှတ်ထားသော လျှောက်လွှာပုံစံများကို မုံရွာ စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာနနှင့် ဘောဂဗေဒဌာနတို့တွင် MBA သင်တန်းအတွက် ၂၃-၄-၂၀၁၈ရက်မှ စတင်၍ လျှောက်လွှာဝယ်ယူနိုင်ပြီး ၁၅-၅-၂၀၁၈ရက် နောက်ဆုံးထား၍ လျှောက်လွှာတင်သွင်းရန်ဖြစ်ပါသည်။ MPA သင်တန်းအတွက် ၂၃-၄-၂၀၁၈ ရက်မှစတင်၍ လျှောက်လွှာဝယ်ယူနိုင်ပြီး ၁၅-၅-၂၀၁၈ ရက် နောက်ဆုံးထား၍ လျှောက်လွှာတင်သွင်းရမည်ဖြစ်ပါသည်။

၃။ MBA သင်တန်းအတွက် ဝင်ခွင့်ရေးဖြေစာမေးပွဲကို ၁၇-၅-၂၀၁၈ ရက်နှင့် နှုတ်ဖြေစာမေးပွဲကို ၂၄-၅-၂၀၁၈ ရက်တို့တွင်လည်းကောင်း၊ MPA သင်တန်းအတွက် ဝင်ခွင့်ရေးဖြေစာမေးပွဲကို ၁၈-၅-၂၀၁၈ ရက်နှင့် နှုတ်ဖြေစာမေးပွဲကို ၂၅-၅-၂၀၁၈ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။ သင်တန်းသားဦးရေ ကန့်သတ်လက်ခံမည်။

၄။ သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက မုံရွာစီးပွားရေးတက္ကသိုလ် သင်တန်းရေးရာဌာန ရုံးချိန်အတွင်း အောက်ပါဖုန်းနံပါတ်များသို့ စုံစမ်းနိုင်ပါသည်။

သင်တန်းရေးရာဌာန - ဖုန်း-၀၉-၇၉၅၂၁၉၁၅၁
စီမံခန့်ခွဲမှုပညာဌာန(MBA) - ဖုန်း-၀၉-၄၄၂၉၃၄၂၂၅
ဘောဂဗေဒဌာန(MPA) - ဖုန်း-၀၉-၇၈၉၉၅၁၀၁၉

**ဌာနမှူး၊ သင်တန်းရေးရာဌာန**
**မုံရွာစီးပွားရေးတက္ကသိုလ်**

## ဦးကျော်ကျော်ထွေး ပညာပန်းတိုင်ဘော်ဒါနှင့် နေ့အထူးသင်တန်း မိတ္ထီလာမြို့နေသူနှင့် အများသိစေရန် ကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးကောင်းထက်အောင် ၉/မထလ(နိုင်)၁၆၉၁၇၅ သည်နေပြည်တော်၊ ပျဉ်းမနားမြို့၊ရွာကောက်ရပ်တွင် **ပညာပန်းတိုင်** ကိုယ်ပိုင်အထက်တန်းကျောင်းအမည်ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ပညာရေးဝန်ကြီးဌာန၏ ၇-၈-၂၀၁၇ရက်စွဲပါ မှတ်ပုံတင်အမှတ် ကကယ-၁၈/၀၁/၀၀၂ဖြင့် မှတ်ပုံတင်ထားခဲ့ပြီး **ပညာပန်းတိုင်** ကိုယ်ပိုင်အထက်တန်းကျောင်းအမည်၊ တံဆိပ်အမှတ်အသားများကို နေပြည်တော်၊ ပျဉ်းမနားမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၁၂-၁၀-၂၀၁၇ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၇၁/၂၀၁၇)ဖြင့် တရားဝင်မှတ်ပုံတင်သွင်းခဲ့ပြီးလည်း ဖြစ်ပါသည်။ **ပညာပန်းတိုင်** ကိုယ်ပိုင်အထက်တန်းကျောင်း အမည်ကိုလည်းကောင်း၊ တံဆိပ်အမှတ်အသားများကိုလည်းကောင်း၊ အားလုံးကိုလည်းကောင်း၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ပုံတူပုံမှား၊ ဆင်တူယိုးမှားပြုလုပ်ခြင်း မပြုလုပ်ရန် တားမြစ်ကြောင်းနှင့် ဦးကောင်းထက်အောင်က ယင်းအမည်ကို သုံးစွဲ၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကျောင်းခွဲများဖွင့်လှစ်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာခဲ့ပြီးလည်း ဖြစ်ပါသည်။

ယခုအခါ ဦးကောင်းထက်အောင် ဦးစီးတည်ထောင်သော ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်တရားဝင်ရရှိထားသည့် **ပညာပန်းတိုင်** အမည်အတိုင်းပင် လူကြီးမင်း ဦးကျော်ကျော်ထွေးသည် ရွှေစစ်သည်လမ်း၊ ကျောက်ဖူးရပ်ကွက်၊ အောင်ဆန်းနယ်မြေ၊ မိတ္ထီလာမြို့တွင် နေ့အထူးသင်တန်းကျောင်း ဖွင့်လှစ်ဆောင်ရွက်နေကြောင်း သိရှိရသဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၀ရက်ပြည့်မြောက်သောနေ့၌ဖြစ်စေ၊ ထို့ထက်စော၍ဖြစ်စေ နောက်ဆုံးသတ်မှတ်ထားရှိပြီး **ပညာပန်းတိုင်** အမည်နှင့် တံဆိပ်များသုံးစွဲခြင်းကို ပယ်ဖျက်ပေးပါရန် အသိပေးအကြောင်းကြားလိုက်ပါသည်။ မလိုက်နာပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်လိမ့်မည်ဖြစ်ကြောင်း သတိပေးအကြောင်းကြားလိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးစောမြင့်ကို (LL.B)** **Notary Public** **တရားလွှတ်တော်ရှေ့နေ** **စဉ်-၄၂၃၂**

**ဒေါ်သီမာစိုး(LL.B,D.B.L)** **စဉ်-၄၂၄၆၂**

**ဦးပြေငြိမ်း(LL.B)** **စဉ်-၄၆၄၆၉**

**ဒေါ်နန်းဝေစိုး(LL.B)** **စဉ်-၄၆၆၉၁**

**ဒေါ်သက်သက်(LL.B)** **စဉ်-၄၆၉၂၈**

**အထက်တန်းရှေ့နေများ**

**အမှတ်(၁၂/၃၃)၊ မကျီးတော၊ ရန်အောင်(၁)ရပ်၊ မြသီတာလမ်း၊ နေပြည်တော်၊ပျဉ်းမနားမြို့**

## ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် လိုအပ်လျက်ရှိသော အောက်ဖော်ပြပါ ယာဉ်စက်ယန္တရားနှင့် လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| | | | |
|---|---|---|---|
| (က) | Grader (Any Brand) | (၁) | စီး |
| (ခ) | Sheep Foot Roller(Any Brand) | (၁) | စီး |
| (ဂ) | 7m³ရေသယ်ယာဉ် (Any Brand)(Country of Origin-China) | (၁၂) | စီး |
| (ဃ) | Dump Truck (ခေါင်းတို)(Any Brand) (Country of Origin-China) | (၁၁) | စီး |
| (င) | သုံးဘီးဆိုင်ကယ် (Any Brand)(Country of Origin-China) | (၄၀) | စီး |
| (စ) | (100 Watt) LED မီးလုံး | (၂၃၃၆) | လုံး |
| (ဆ) | (၆၆၀)လီတာဆံ့ အမှိုက်ပုံး | (၁၀၄) | လုံး |

၂။ ရောင်းချလိုသူများအနေဖြင့် တင်ဒါအာမခံကြေးပေးသွင်းပြီး ၃-၅-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀နာရီတွင် တင်ဒါဖွင့်ဖောက်စစ်ဆေးမည်ဖြစ်သဖြင့် ၃-၅-၂၀၁၈ရက် နံနက်၉း၀၀နာရီ နောက်ဆုံးထား၍ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၁)ရပ်ကွက်၊ ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရုံးသို့ လာရောက်၍ တင်ဒါတင်သွင်းနိုင်ပါကြောင်းနှင့် အသေးစိတ်သိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

ဆက်သွယ်ရန်ဖုန်း-၀၉-၇၇၈၁၁၆၆၃၀၊ ၀၉-၄၂၀၁၁၀၅၃၈၊ ၀၉-၉၇၉၇၆၃၃၈၀

**တင်ဒါကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့**

## ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊မီးသတ်ဦးစီးဌာနအတွက်လိုအပ်သော တည်ဆောက်ရေးလုပ်ငန်းများ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် (မရမ်းကုန်း)၊ မန္တလေးတိုင်းဒေသကြီး(ပြင်ဦးလွင်)၊ နေပြည်တော်(သာဝတ္တိ၊ ဇမ္ဗူသီရိ)နှင့် စက်နှင့် စက်ပစ္စည်းဝယ်ယူခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် ပြည်တွင်းနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါပစ္စည်းများ တင်သွင်းလိုသော ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာများကို ၃-၄-၂၀၁၈ရက်မှစ၍ မီးသတ်ဦးစီးဌာန(နေပြည်တော်)၊ ဗဟိုမီးသတ်တပ်ဖွဲ့စခန်း၊ ဇမ္ဗူသီရိမြို့နယ်တွင်ဝယ်ယူနိုင်ပြီး၂၂-၄-၂၀၁၈ရက် ညနေ၁၆း၀၀နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာများနှင့်အတူ ကုမ္ပဏီမှတ်ပုံတင်နှင့် ကုမ္ပဏီ Profile စသည်တို့ကို တင်ဒါစည်းကမ်းများနှင့်အညီ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါဖွင့်လှစ်မည့်ရက်အား နိုင်ငံပိုင်သတင်းစာများမှ ထပ်မံကြော်ငြာမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၁-၆၆၁၅၄၄၊ ၀၁-၆၆၄၇၅၄ များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ မအူတောကျေးရွာအုပ်စု၊ စိမ်းစားပင်ကျေးရွာရှိ ညီမ အရင်းဖြစ်သူ ဒေါ်ရီရီဝင်း ၉/ပမန(နိုင်)၀၅၉၃၆၈ နေထိုင်သည့် မိဘကျန်အမွေပိုင်အိမ်နှင့်ခြံမြေမှာ မောင်နှမအရင်းများဖြစ်ကြသော ကျွန်တော် ဦးကိုကိုနှင့် ဦးအောင်ငြိမ်းတို့မှ အမွေမခွဲရသေးပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **အစ်ကိုများ-ဦးကိုကို ၇/တငန(နိုင်)၀၅၈၈၃၉**
**ဦးအောင်ငြိမ်း ၉/ကဆန(နိုင်)၀၁၄၈၅၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄) လူနေရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်-၄၅၆/က၊ အကျယ်အဝန်းပေ(၂၀×၆၀)၊ ဦးချစ်မြိုင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေနှင့် မြေပေါ်ရှိ ဥပစာအပါအဝင် အကျိုးခံစားခွင့်များကို ဦးချစ်မြိုင်နှင့်ဒေါ်ညို(ခ)ဒေါ်မြရှင်တို့ ကွယ်လွန်သွားပြီးဖြစ်၍ သားသမီးများဖြစ်ကြသော (၁)ဒေါ်ကြည်ကြည်ဦး (၂) ဒေါ်ခင်လှကြည် (၃)ဒေါ်ခင်နွဲ့ရီ (၄)ဦးမြင့်ဦး၊ (၅)ဒေါ်ကြည်ကြည်လွင်၊ (၆) ဒေါ်ယဉ်ယဉ်လှဲ့တို့ထံမှ ဦးမျိုးလှိုင်ထွန်း-ဒေါ်ယဉ်ယဉ်ချိုတို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ဖော်ပြပါ အိမ်မြေဥပစာရောင်းချခြင်းနှင့်စပ်လျဉ်း၍ ပိုင်ရေးပိုင်ခွင့် တစ်စုံတစ်ရာရှိပါက ကျွန်ုပ်တို့ထံ ၁၄ရက်အတွင်း ခိုင်လုံသောအထောက်အထားဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤအိမ်မြေဥပစာ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးမော်B.Sc, P.G.D.L, D.B.L,D.I.L,D.M.L**
**စဉ်-၁၀၆၇၄၊ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ဖြူစင်ဝင်း LL.B စဉ်-၄၆၀၀၃ ဒေါ်ခိုင်ဇင်သက် LL.M စဉ်-၄၅၃၃၉**
**အထက်တန်းရှေ့နေများ**
**Hlaing International Law Firm**
**အမှတ်-၅၅၊ အခန်း(၂၅)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၃၈၉၉၇၁၊ ၀၁-၅၂၅၈၇၆၊ ၀၉-၄၃၀၈၄၅၁၀၊ ၀၉-၅၁၅၈၆၄၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ရပ်ကွက်အမှတ်(၂)၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၁၁၈)၊ အလျား ၄၅ပေ၊ အနံပေ၆၀ မူရင်းဂရန်မြေကွက်မှ အမှတ်၁၁၈(A) ဟုခေါ်တွင်သည့် အလျား ၂၅ပေ၊ အနံပေ ၆၀ မြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အား မိမိတစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင်ပြီး လိုအပ်သလို စီမံခန့်ခွဲရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ယဉ်ယဉ်နု ၁၂/ဥကမ(နိုင်)၁၃၁၇၀၄ မှ အဆိုပါမြေကွက်အား ပြန်လည်ရောင်းချလိုကြောင်း ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကျော့ယဉ်ဦး ၁၂/သကတ(နိုင်)၀၄၁၆၃၃အား ကမ်းလှမ်းလာသဖြင့် သဘောတူလက်ခံ၍ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်သည်။ အဆိုပါမြေကွက်နှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုမာအောင်**
**အထက်တန်းရှေ့နေ**
**(စဉ်-၄၈၉၄၆)**
**အမှတ်(၉၄၂/ခ)၊ ဏ/၁၄ရပ်ကွက်၊ ဇီယာ(၃)လမ်း၊ ပန်းခြံ(၂၇)၊**
**ရွှေပြည်သာ၊ ရန်ကုန်တိုင်းဒေသကြီး**

## မြောက်ဦးယဉ်ကျေးမှုအမွေအနှစ် စေတီပုထိုးများပြုပြင်ရန် အလှူငွေထည့်ဝင်လှူဒါန်းနိုင်

မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းစေတီ၊ ပုထိုးများသည် နှစ်စဉ်ရာသီဥတု သဘာဝဘေးဒဏ်ကြောင့် ပျက်စီးယိုယွင်းလျက်ရှိပြီး အများပြည်သူ ကြည်ညိုသဒ္ဓါများစွာ ဖူးမြော်နိုင်ရေးနှင့် ရှေးမူလက်ရာမပျက် ပြန်လည်ထိန်းသိမ်းနိုင်ရန်အတွက် အလှူငွေများ လိုအပ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ ရှေးဟောင်းစေတီ၊ ပုထိုးများကို နှစ်စဉ်ဘဏ္ဍာနှစ်အလိုက် ပြုပြင်ထိန်းသိမ်းသွားမည်ဖြစ်ပါ၍ အများပြည်သူများမှ မိမိတို့တတ်စွမ်းရှိသရွေ့ ပါဝင်လှူဒါန်းကုသိုလ်ပြုနိုင်ရေးအတွက် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

| စဉ် | ပြုပြင်ထိန်းသိမ်းမည့် စေတီ၊ ပုထိုး၏ဘွဲ့အမည် | တည်ထားသည့် မင်း၏ဘွဲ့အမည် | ခန့်မှန်း ကုန်ကျငွေ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ရသေ့တောင်စေတီ | | ၂၅၀ သိန်း | |
| ၂ | ကိုးတန်စေ့စေတီ (၁) | မင်းဗာကြီး | ၁၅၀ သိန်း | |
| ၃ | ကိုးတန်စေ့စေတီ (၂) | မင်းဗာကြီး | ၁၅၀ သိန်း | |
| ၄ | ကိုးတန်စေ့စေတီ (၅) | မင်းဗာကြီး | ၁၅၀ သိန်း | |
| ၅ | ကိုးတန်စေ့စေတီ (၆) | မင်းဗာကြီး | ၁၅၀ သိန်း | |
| ၆ | ကိုးတန်စေ့စေတီ (၇) | မင်းဗာကြီး | ၁၅၀ သိန်း | |
| ၇ | ကိုးတန်စေ့စေတီ(၈) | မင်းဗာကြီး | ၁၅၀ သိန်း | |
| ၈ | ကိုးတန်စေ့စေတီ (၉) | မင်းဗာကြီး | ၁၅၀ သိန်း | |
| ၉ | မျှော်တော်မူပေါင်းကူးဂိတ် | ဖုန်ဒတ်စစ်သူကြီးသီဟပတိ | ၅၀ သိန်း | |
| ၁၀ | သင်္ချိုတောင်စေတီထိန်းသိမ်းရေး | စန္ဒသုမန | ၁၅၀ သိန်း | |
| ၁၁ | တေဇရာမစေတီ | စလက်ာသူစောမွန် | ၃၆၀ သိန်း | |
| ၁၂ | တောင်သုံးကျစ်တစ်ဆူ | နရနူစောမွန် | ၁၀၀ သိန်း | |
| ၁၃ | စံကားတောင်စေတီ (၁) | မင်းစောမွန် | ၂၀၀ သိန်း | |
| ၁၄ | စံကားတောင်စေတီ (၂) | မင်းစောမွန် | ၂၀၀ သိန်း | |

**ဆက်သွယ်လှူဒါန်းနိုင်သော ဌာနများ**

- ပြည်နယ်ယဉ်ကျေးမှုတာဝန်ခံ
- ပြည်နယ်ဝန်ကြီး၊ ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန၊ စစ်တွေမြို့၊ ဖုန်း-၀၄၃-၂၂၆၅၁
- ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြောက်ဦးမြို့၊ ဖုန်း-၀၄၃-၅၀၂၈၉၊ ၀၄၃-၅၀၂၉၀၊ ၀၄၃-၅၀၂၉၁
- ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မြောက်ဦးဌာနခွဲ၊ မြောက်ဦးမြို့ ညွှန်ကြားရေးမှူး ဖုန်း-၀၉-၇၈၅၀၇၁၂၅၄
- ဒုတိယညွှန်ကြားရေးမှူး ဖုန်း-၀၉-၄၂၉၆၆၀၅၀၆၊ ၀၉-၇၈၉၆၃၂၄၄၂
- လက်ထောက်ညွှန်ကြားရေးမှူး ဖုန်း-၀၉-၄၂၁၇၃၄၀၀၇

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းဦးစီးရုံးမှ ၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့် အောက်ဖော်ပြပါ ရုံးသုံးစက်ကိရိယာများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**ရုံးသုံးစက်ကိရိယာများဝယ်ယူခြင်း**

| | | | |
|---|---|---|---|
| Lot(1) | (၁) Laptop(i3) | ၃၆ | လုံး |
| | (၂) Copier (Canon 2002L) | ၁ | လုံး |
| | (၃) Computer (i5) | ၁၀ | စုံ |

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရမည်ဖြစ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရယူရန်** - ၆-၄-၂၀၁၈ ရက်မှ ၂၀-၄-၂၀၁၈ ရက်အထိ

(ခ) **တင်ဒါတင်သွင်းရန်** - ၂၃-၄-၂၀၁၈ ရက် ၁၆း၀၀နာရီ

(ဂ) **တင်ဒါဖွင့်မည့်ရက်** - ၂၇-၄-၂၀၁၈ ရက်

(ဃ) **တင်ဒါဖွင့်မည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ(၂)

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး ဖုန်း-၀၇၁-၂၃၆၂၃၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးရုံးခန်း ၀၇၁-၂၀၃၂၃၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်၊ နယ်မြေ(၉)၊ အမှတ် ၆၅နေ ဦးတင်မျိုးဝင်း(ဘ)ဦးဝင်းဗိုလ် ၉/ပမန(နိုင်)၂၁၉၄၆၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်၊ နယ်မြေ(၉)၊ အမှတ် ၆၅ (ယခင်တောက်ထိန်ရွာ)ရှိ ဒေါ်အေးကြူအမည်ပေါက် မြေကွက်အမှတ် ၆၅၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေ ဦးတင်မျိုးဝင်းမှ အမည်ပြောင်းဆောင်ရွက်မည်ဖြစ်၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်ပါရန်နှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဦးတင်မျိုးဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သက်နွယ် အထက်တန်းရှေ့နေ(စဉ်-၄၅၉၂၅)**
**အမှတ် ၁၆၁၊ ကံ့ကော် ၁ လမ်း၊ သပြေကုန်းရပ်ကွက်၊ ဇမ္ဗူသီရိမြို့၊**
**ဖုန်း-၀၉-၄၃၀၄၇၈၃၆**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2J/3716 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၈/ဒက္ခိဏသီရိအလယ်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၀၆၄၁)၊ ဧရိယာ ၀ဒသမ ၁၄၆ဧက၊ ဒေါ်သန်းသန်းစိုး ၇/တငန(နိုင်)၀၈၁၄၆၉ အမည်ပေါက် မြေငှားစာချုပ်မြေကွက်အား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၀၈၆/၂၀၁၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အမာတင် ၉/မထလ(နိုင်)၀၆၉၈၁မ မြေငှားစာချုပ်မူရင်း၊ အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့် မူရင်းများတင်ပြ၍ ဦးစိုးမင်းလတ် ၉/မထလ(နိုင်)၀၀၁၁၁၇ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၄)ရပ်ကွက်၊ ပန်းဆက်ရပ်ကွက်၊လမ်းသွယ်(၁၉)လမ်းရှိ အကွက်အမှတ်(၇၅)၊ သပြုချောင်း အနောက်အကွက်၊ ဦးပိုင်အမှတ်(E-၁၆၂၊ E-၁၆၃)၊ ဧရိယာ ၀ ဒသမ ၁၃၈ ဧကရှိ အစိုးရမြေအား ဦးငြိမ်းချမ်းကျော်အမည်ဖြင့် မြေနေရာချထားမိန့် ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁ᵏ/ဥတ္တရာသီရိတောင်ရပ်၊ ဉာဏဒီပရပ်ကွက်၊ မြေဧရိယာ ၀ ဒသမ ၂၂၉ ဧက၊ မြေကွက်အမှတ် (ဉ-၅၇၇၉)၊ ဒေါ်ခိုင်သက်မွန် ၁/မညန(နိုင်)၁၁၁၇၅၅ (ဘ)ဦးစိန်မောင် အမည်ပေါက် ပါမစ်မြေကွက်ကို ဦးဇော်ဝင်းနိုင် ၁၃/ကတန(နိုင်)၀၁၉၆၉၈ (ဘ)ဦးခင်မောင်မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မှုရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက် ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင် ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၄)ရပ်ကွက်၊ ဥမ္မာဒန္တီ(၅)လမ်း၊ အကွက်အမှတ်(၇၆)၊ ဥမ္မာဒန္တီအကွက်၊ ဦးပိုင်အမှတ်(A-၇၆၊ A-၇၇၊ A-၇၈)၊ ဧရိယာ ၀ ဒသမ ၁၆၅ ဧကရှိ အစိုးရမြေကို ဦးဘဟန်အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာသည့်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့်ဤရုံးသို့ကာယကံရှင် ကိုယ်တိုင်လာရောက်ဆက်သွယ်ကန့်ကွက် နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

**သဒ္ဓမ္မပါလ ရွှေမြို့တိုက်သစ်ကျောင်း (၅၉) ကြိမ်မြောက် တရားစခန်းဖွင့်မည်။**

တောင်ဥက္ကလာပမြို့နယ် (၁၄/၂) ရပ်ကွက်၊ ဇင်ယော်လမ်း၊ သဒ္ဓမ္မပါလ ရွှေမြို့တိုက်သစ်ကျောင်း၌ (မဟာသကြံန်) ဝိပဿနာ(၇) ရက် တရားစခန်းကို (၁၁-၄-၂၀၁၈) မှ (၁၇-၄-၂၀၁၈) ထိ သစ္စာဓိပတိ ဆရာကြီးဦးကြည် ၏ နည်းနာနိဿယအတိုင်း ကျောင်းတိုက်၏ ပဓာနနာယကကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသာသန (သာသနဓဇဓမ္မာစရိယ) ဆရာတော်ကိုယ်တိုင် ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ဟောကြားပြသမည်ဖြစ်ပါ၍ စခန်းဝင်မည့်ယောဂီများ (၁၀-၄-၂၀၁၈) ညနေ(၅)နာရီအရောက် ကြွရောက်ပါရန် နိုးဆော်အပ်ပါသည်။

အကျိုးဆောင်အဖွဲ့ 09-73008262, 09-262000210, 01-563141


## အမည်ပြောင်း

လယ်ဝေးမြို့၊ မင်းပြင်အုပ်စု၊ လယ်မကျေးရွာနေ ဦးမြင့်လှိုင်၏သမီး မသင်းသင်းလှိုင် ၉/လဝန(နိုင်) ၂၃၃၉၉၇ အား မဇာခြည်ဝင်းဟု ပြောင်းလဲခေါ်ပါရန်နှင့် မွေးသက္ကရာဇ်မှာ ၃-၅-၁၉၉၅ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝရပ်ကွက်၊ စကားဝါလမ်းနေ ဦးသိန်းလွင်-ဒေါ်ချိုချိုတို့၏သား မောင်မင်းမင်းမြတ်အား မောင်စိုးမင်းမြတ်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

## ချစ်သမီးလေး မေဦးစီး(ခ)ဖြိုးပြည့်ပြည့်စံ အတွက်

# မွေးနေ့မင်္ဂလာဆုမွန်လွှာ

တစ်ဦးတည်းသော ချစ်သမီးရတနာလေး မေဦးစီး(ခ)ဖြိုးပြည့်ပြည့်စံ နဝမတန်း(က)၊ အထက(၄)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၏ ၃-၄-၂၀၁၈ ရက်တွင် ကျရောက်သော (၁၅)နှစ်ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှစပြီး အသက်(၁၂၀)တိုင် သံသရာဝဋ်ဆင်းရဲအမျိုးမျိုးမှ ကင်းလွတ်ဝေးကာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာ၊ ဘေးဘယာဝေးကွာစွာဖြင့် ကင်းထောက်မယ်လေးပီသစွာ ဖေဖေ မေမေတို့နှင့်အတူ တိုင်းပြည်၊ ဘာသာ၊ သာသနာ၊ မိသားစုအကျိုး ဆတက်တိုးပြီး ထမ်းဆောင်နိုင်သော နိုင်ငံ့သမီးကောင်းရတနာလေးဖြစ်ပါစေရန် အစဉ်ဆုမွန်ကောင်းတောင်းလျက်-

သမီးလေး မွေးနေ့ကုသိုလ်အထိမ်းအမှတ် ရန်ကုန်မြို့ ရွှေတိဂုံဘုရား ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ခြင်း၊ ဘက်စုံပြုပြင်မွမ်းမံရန် လှူဒါန်းခြင်းနှင့် ဇီဝိတဒါန သံဃာ့ဆေးရုံကြီး၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ လှိုင်မြို့နယ်(သမိုင်းလမ်းဆုံ) အောင်ဓမ္မရိပ်သာကျောင်းတိုက်ကြီးတို့တွင် ထာဝရ ဆွမ်းဆေးပဒေသာပင်များ လှူဒါန်းခြင်းတို့အတွက် နတ်လူသာခုခေါ်စေသော်···· သာဓု၊ သာဓု၊ သာဓု

**ချစ်ဖေဖေကြီး ဦးကိုကိုကြီး-ချစ်မေမေကြီး ဒေါ်စံပယ်လှ**
**လေးလေး-ဒေါ်နီနီလှ၊ မမ-သီတာအေး**




## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5E/6830 Mitsubishi Canter Truck C90 J/R ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမင်းစိုး ၉/မတရ(နိုင်)၁၁၀၁၅၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7H/6929 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၈၇၀၉၁ Honda Wave 100 D ဆိုင်ကယ်ယာဉ် လက်ဝယ်ရှိသူ AFXB (Fraincoia-Xavier Bagnoud) Myanmar က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊မန္တလေးလမ်း(ခ)မဟာဗန္ဓုလလမ်း၊ အမှတ် ၇၀၀ ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၂၉၊ မြေကွက်အမှတ် ၇၀၀၊ မြေဧရိယာ (ဝဒသမ ဝ၆၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးပါမောက် ၁၂/ကမတ(နိုင်)၀၁၀၅၅၁ (အမ်ဝိုင်အေ-၀၄၃၈၀၄)ထံမှ ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် ပြုလုပ်သည့် 'အထူးကိုယ်စားလှယ်လွှဲစာ'နှင့် 'အရောင်းအဝယ်စာချုပ်'အရ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်နွယ်နွယ်မိုး ၁၁/ကတန(နိုင်)၀၇၄၅၄၈မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး အကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးအေးရီ (LL.B)** — **တရားလွှတ်တော်ရှေ့နေ (၄၃၇၃)**
**ဒေါ်လှလှခိုင် (LL.B)** — **တရားလွှတ်တော်ရှေ့နေ (၅၄၁၀)**

**အမှတ်(၉/၁၁)၊ အခန်းအမှတ်(၂၀၁A)၊ ဒုတိယထပ်၊ ၃၆လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ဦးလော်ဆန်းနှင့် အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၁၉)၊ ဟူးမွန်ဆည်လမ်း၊ အမှတ်-၆၉၅နေ ကျွန်မ ဒေါ်ရှောက်တန် ၁၃/လရန(နိုင်)၀၉၀၃၈၂ သည် ဦးလော်ဆန်း ၁၃/လရန(နိုင်)၀၅၉၃၃၄ နှင့် လွန်ခဲ့သော နှစ်(၃၀)ခန့်မှ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ရာ ခင်ပွန်းဖြစ်သူ ဦးလော်ဆန်းသည် ကျွန်မနှင့် သားအပေါ် လင့်ဝတ္တရား၊ ဖခင်ဝတ္တရားများပျက်ကွက်ခဲ့ပြီး ၂၀၀၅ ခုနှစ်မှစ၍ ၎င်း၏ဆန္ဒအတိုင်း နေအိမ်မှဆင်းသွားပြီး ယနေ့အချိန်ထိ မိသားစုအား ဆက်သွယ်ထောက်ပံ့ခဲ့ခြင်းမရှိသလို နောက်အိမ်ထောင် ထပ်မံပြုထားသဖြင့် ဦးလော်ဆန်းသည် ကျွန်မတို့၏မိသားစုနှင့် သက်ဆိုင်မှုမရှိတော့ပါကြောင်းနှင့် ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ခဲ့ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကိုလည်း တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

**ရှောက်တန်**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ မြေနီကုန်းရပ်ကွက်၊ မင်းကြီးလမ်း၊ အမှတ်(၁၀/B)နေ ဦးကျော်ရင် ၁၀/မလမ(နိုင်)၀၄၅၇၈၅၊ ဒေါ်ခင်စန်း ၁၀/မလမ(နိုင်)၀၄၅၇၈၆ တို့၏သမီးကြီး မခင်မိုးချောသည် မိဘများကို အကြိမ်ကြိမ်စိတ်ဆင်းရဲ၊ ဂုဏ်သိက္ခာညှိုးနွမ်းအောင် ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဦးကျော်ရင်-ဒေါ်ခင်စန်း**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၅ယ/၆၃၂၉၆ ဟွန်ဒါဒရင်းမ် 125 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးထန် ၁၀/ရမန(နိုင်)၁၄၈၈၅၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ မီးချောင်းထိုးကျေးရွာအုပ်စုရှိ ကွင်းအမှတ်(၈၉)၊ ဦးပိုင်အမှတ်(၁၈/၂)၊ ဧရိယာ ၂ဒသမ ၃၅ဧက၊ လယ်မြေနှင့် ကွင်းအမှတ်(၈၉)၊ ဦးပိုင်အမှတ်(၁၈/N-၄)၊ ဧရိယာ ၁ဒသမ ၀၄ဧက၊ ဥယျာဉ်မြေတို့အား တောင်ကုတ်မြို့နယ်၊ ကိုင်းရှည်ကျေးရွာ၊ အောင်သိဒ္ဓိလမ်း၊ အမှတ်(၆၇)နေ ဦးငွေထွန်းအောင် ၁၁/တကန(နိုင်)၀၀၇၇၇၈ နှင့် ဒေါ်အေးငွေ ၁၁/တကန(နိုင်)၀၀၇၆၀၇ တို့က တောင်ကုတ်မြို့နယ်၊ မီးချောင်းထိုးကျေးရွာနေ ဦးဝင်းမြင့်သို့ ၂၉-၄-၂၀၁၈ရက်တွင် အပြီးအပိုင် လွှဲပြောင်းရောင်းချသွားမည်ဖြစ်သဖြင့် တစ်စုံတစ်ရာကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် အထောက်အထားများကို တင်ပြ၍ ၇-၄-၂၀၁၈ ရက် နောက်ဆုံးထားပြီး ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးငွေထွန်းအောင်** ၁၁/တကန(နိုင်)၀၀၇၇၇၈
**ဒေါ်အေးငွေ** ၁၁/တကန(နိုင်)၀၀၇၆၀၇

**ဦးဘမော်** တရားလွှတ်တော်ရှေ့နေ မှတ်ပုံတင်အမှတ်-၁၄၁၁၆
**ဦးအောင်နိုင်ဖြိုး** အထက်တန်းရှေ့နေ (စဉ်-၂၇၉၇၀) ဖုန်း-၀၉-၄၅၀၀၁၀၇၁၉

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဗိုလ်မှူးချုပ် မျိုးအောင်(ငြိမ်း)
**သံအမတ်ကြီး(ငြိမ်း)**
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဆယ်သိန်းရပ်ကွက်၊ တော်စတာဥယျာဉ်အိမ်ရာ၊ အမှတ် ၃၃၊ သစ္စာလမ်းနေ ဒေါ်ခင်မြထူး၏ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးချုပ်မျိုးအောင်(ငြိမ်း)သည် ၁-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့) ည ၇:၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ**

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဗိုလ်မှူးချုပ် မျိုးအောင်(ငြိမ်း)
**သံအမတ်ကြီး(ငြိမ်း)**
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဆယ်သိန်းရပ်ကွက်၊ တော်စတာဥယျာဉ်အိမ်ရာ၊ အမှတ် ၃၃၊ သစ္စာလမ်းနေ ဒေါ်ခင်မြထူး၏ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးချုပ်မျိုးအောင်(ငြိမ်း)သည် ၁-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့) ည ၇:၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစု**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဦးသက်လွင်(ခ)ဦးပေါခင်
**အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမဲဆန္ဒနယ်**
**အသက်(၇၂)နှစ်**

ပြည်သူ့လွှတ်တော်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်လွင်(ခ)ဦးပေါခင် အသက်(၇၂)နှစ်သည် ၃၁-၃-၂၀၁၈ရက် (စနေနေ့) နံနက် ၁၀:၃၀နာရီတွင် မန္တလေးဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ**
**(အင်ဂျင်နီယာများအဖွဲ့)**

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးမျိုးချစ် အသက်(၆၇)နှစ်
**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ကက-ငွေ (ငွေစာရင်းရုံး)**
**B.Sc (Chem), D.A, D.M.A**

ရွှေတောင်မြို့၊ အလယ်သဲတန်းလမ်း၊ အမှတ် ၂၆နေ (ဦးအောင်ကွန်း-ဒေါ်အေးမြင့်)တို့၏သား၊ ဒေါ်သောင်းသောင်းကြည်၏မောင်၊ ဒေါ်ရင်ရင်တင့်၊ ဒေါ်ကြည်ကြည်စန်း၊ ဦးသန်းဇော်-ဒေါ်သူဇာ(အထက-ကျီးသဲ)တို့၏အစ်ကို၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ပြည်တော်အေးလမ်း၊ အမှတ် ၁၀၈နေ ဦးမျိုးမင်းသူ၊ ဒေါ်ကော်ရတီ၊ ဦးဟိန်းသူဝင်း-ဒေါ်ဇာဇာချစ်၊ မောင်မျိုးကျော်စွာတို့၏ဖခင်၊ မထက်သဇင်အေး၏အဘိုး၊ ဒေါ်အေးအေးမြင့်၏ခင်ပွန်းသည် ၂-၄-၂၀၁၈ရက် နံနက် ၁:၁၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၁၈ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၁၅နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးစိုးဝင်း
**ရဲအရာခံ(ငြိမ်း)၊ (ပြည်ခိုင်ဖြိုးရုံးချုပ်)**
**အသက်(၆၂)နှစ်**

ရန်ကုန်မြို့နေ (ဦးစုရ-ဒေါ်မြအေး)တို့၏သား၊ (ဦးစိန်ရိုး-ဒေါ်တင်မြင့်)တို့၏သားသမက်၊ ဦးထွန်းအောင်ကျော်-ဒေါ်ခင်သန်းဝင်း၊ ဦးမြင့်ဇင်-ဒေါ်စန်းစန်းမြင့်တို့၏ညီ/မောင်၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ် ၆လမ်း၊ အပိုင်း(၃)၊ တိုက် ၃၄၂၊ လေးလွှာ(ဘီ)နေ ဒေါ်အေးအေးမူ(ရဲမှူး၊ ငြိမ်း)၏ခင်ပွန်း၊ ဒေါက်တာနွယ်ဦး(လက်ထောက်ကထိက၊ ရက္ခဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ မဆုသက်မွန်(ULS/SSC)၊ မောင်စိုးကိုကို(Panorama Hotel)တို့၏ဖခင်သည် ၂-၄-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ဝဝ:၃၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၁၈ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၄-၂၀၁၈ရက် နံနက် ၁၀နာရီတွင် နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**
## ဗိုလ်မှူးအောင်သူရိန်လင်း
**ကြည်း-၃၆၁၃၀**
**(DSA-45)**
**အသက်(၃၆)နှစ်**

ဒေါ်သက်မာစိုး၏ချစ်လှစွာသောခင်ပွန်း၊ မထက်သီရိလင်း၊ မောင်စိုးသီဟလင်းတို့၏ဖခင်ဖြစ်သူ သူငယ်ချင်း ဗိုလ်မှူးအောင်သူရိန်လင်းသည် ၂၈-၃-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်(၄၅)မိသားစုများ**

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဗိုလ်မှူးချုပ် မျိုးအောင်(ငြိမ်း)
**သံအမတ်ကြီး(ငြိမ်း)**
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဆယ်သိန်းရပ်ကွက်၊ တော်စတာဥယျာဉ်အိမ်ရာ၊ သစ္စာလမ်း၊ အမှတ် ၃၃နေ (ဦးတင်မောင်-ဒေါ်သန်းခင်)တို့၏သား၊ (ဦးစဝ်မြသီး-ဒေါ်အေးရင်-ဒေါ်နန်းရင်)တို့၏သားသမက်၊ ဒေါ်ခင်မြထူး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်မြင့်ထွန်း(C/O M.O.W)-ဒေါ်ခင်မျိုးမြင့်၊ (ဗိုလ်မှူးစိုးလင်းကျော်)-ဒေါ်ခင်မျိုးသန့်၊ ဦးအောင်ဇော်သင်းတို့၏ ချစ်လှစွာသောဖခင်၊ မြေးရှစ်ယောက်၊ မြစ်ငါးယောက်တို့၏ အဘေးသည် ၁-၄-၂၀၁၈ရက် ည ၇:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၁၈ရက် နံနက် ၁၁နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဗိုလ်မှူးချုပ်မျိုးအောင် (ငြိမ်း)
**အငြိမ်းစားသံအမတ်ကြီး**
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့နေ ဒေါ်ခင်မြထူး၏ ချစ်လှစွာသောခင်ပွန်း အငြိမ်းစားသံအမတ်ကြီး ဗိုလ်မှူးချုပ်မျိုးအောင် အသက်(၈၂)နှစ်သည် ၁-၄-၂၀၁၈ရက် ည ၇:၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ကြီးခင်ညို(ငြိမ်း)-ဒေါ်ခင်ခင်အေး**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးသန်းကြွယ်
**(လူမှုထူးချွန်တတိယဆင့်)**
**(ကျွန်းစုမြို့နယ်)**
**အသက်(၈၂)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့၊ (၁)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ (ဦးစစ်ပေါင်-ဒေါ်အေးမြရင်)တို့၏သား၊ (ဦးကျန်သာ-ဒေါ်အေးထိန်)တို့၏သားသမက်၊ (ဒေါ်ငွေရှင်)၏ခင်ပွန်း၊ ဦးအောင်သန်းဦး-ဒေါ်အေးအေးဝင်း၊ ဦးအောင်ကျော်မိုး-ဒေါ်စီစီသန်း၊ ဦးကျော်မင်းထွန်း-ဒေါ်ခိုင်မာဝေတို့၏ဖခင်သည် ၁-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့) ညနေ ၄:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၈ရက် (ကြာသပတေးနေ့)တွင် ကျွန်းစုမြို့သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးတင်စော
**အသက်(၈၀)**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ် ၇၆၄/၇၆၅/၇၆၆နေ (ဦးမှို-ဒေါ်သင်း)တို့၏သား၊ (ဦးမောင်တင်-ဒေါ်သန်းရှင်)တို့၏သားသမက်၊ ဒေါ်မြမြ၏ခင်ပွန်း၊ ဦးသန့်စင်-ဒေါ်ကြူကြူမြသောင်း၊ ဦးဉာဏ်ခင်-ဒေါ်အေးစန္ဒာတင်၊ ဒေါ်စောစန္ဒာအောင်တို့၏ဖခင်၊ ဒေါက်တာမေသူခင်၊ မအေးသီသီတင်၊ မမြတ်သစ်သစ်မွန်(အထက-၁၊ ဒဂုံ)တို့၏အဘိုးသည် ၂-၄-၂၀၁၈ရက် နံနက် ၅:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးကျော်ဝင်းမော်
**ဒုတိယအထွေထွေမန်နေဂျာ**
**ကုန်သွယ်/လယ်ယာ၊ စားထွေ**
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၄)ရပ်ကွက်၊ ရန်နိုင်လမ်းသွယ်(၇)၊ တိုက် ၂၁၁၊ အခန်း ၁၀နေ(ဦးကျော်ဖြိုး-ဒေါ်မိမိ)တို့၏သား၊ (ဦးသာထွန်း-ဒေါ်ခင်သိန်း)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်ဦး၏ချစ်လှစွာသောခင်ပွန်း၊ (ဦးကျော်ကျော်ဦး)၊ ဦးဝင်းမြင့်မိုး-ဒေါ်ခင်သူဇာမော်တို့၏ဖခင်၊ ဦးအောင်မော်ဦး၏အဘိုးသည် ၂-၄-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၄:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်မေရီအောင်
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့နေ(ဦးတင်အောင်)-ဒေါ်မြင့်မြင့်တို့၏သမီး၊ ဦးခင်မောင်သန်း၏ဇနီး၊ ဦးကျော်ကျော်ချိုလတ်-ဒေါ်နွယ်နွယ်ဦး၊ ဒေါ်ထိုက်ထိုက်ချိုလတ်၊ ဦးလှနိုင်စိုး-ဒေါ်မြတ်မွန်ချိုလတ်တို့၏ချစ်လှစွာသောမိခင်၊ မောင်ဟိန်းထက်စိုး၊ မကြည်စင်သန့်၊ မကြယ်စင်သန့်၊ မဒီလင်းစိုး၊ မောင်စကိုင်လာစိုးတို့၏အဘွား New Jersey, USAနေ ဒေါ်မေရီအောင်သည် ၁-၄-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဘဒ္ဒန္တပညာစက္က
**မြသလွန်စေတီတော်ဩဝါဒါစရိယ**
**သက်တော်(၈၃)နှစ်၊ သိက္ခာတော်(၆၃)ဝါ**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ပညာစက္ကာရာမစာသင်တိုက်ကြီး၏ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာစက္က ဆရာတော်ကြီးသည် (၁၃၇၉ခုနှစ် တန်ခူးလပြည့်ကျော် ၁ရက်) ၁-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၁:၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို (တန်ခူးလပြည့်ကျော် ၅ရက်) ၅-၄-၂၀၁၈ရက်(ကြာသပတေးနေ့)တွင် အန္တိမစျာပနသာခုကီဌန ပူဇာသဘင် ဆင်ယင်ကျင်းပပြီး မွန်းလွဲ ၂နာရီတွင် မြသလွန်ဘုရားကုန်းမြေ(ဝေဠုဝန်)၌ ရုပ်ကလာပ်တော်အား အန္တိမအဂ္ဂိစျာပန ပြုလုပ်မည်ဖြစ်ပါကြောင်း တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးထွန်းရှိန်(ခ)ဘိုးတော်
**(ထက်အောင်သာဆားစက်)**
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ဆန်း ABC၊ မင်္ဂလာဩဘာလမ်း၊ အမှတ် ၆၈၀/စီနေ ဦးနေလင်း-ဒေါ်ယဉ်ထွေး၊ ဦးကြည်ဝင်း-ဒေါ်ဝင်းညွန့်၊ ဦးအောင်လွင်-ဒေါ်စန်းနွဲ့၊ ဦးသန်းလွင်-(ဒေါ်သီတာလင်း)၊(ဦးဝင်းညွန့်)-ဒေါ်ခင်ဝင်းကြည်၊ ဒေါ်ကြူကြူလှိုင်၊ ဦးအောင်မျိုးနိုင် - ဒေါ်ဇင်မာဝင်းတို့၏ဖခင်၊ မြေး ၁၅ယောက်မြစ်တစ်ယောက်တို့၏အဘိုးသည် ၂-၄-၂၀၁၈ရက် ညနေ ၃:၂၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၄-၄-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးသိန်းဌေး(ခ)ဦးအုန်းကူ
**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ယင်းမာလမ်း၊အမှတ် (၁၈၂/၂)နေ (ဦးတင်ရွှေ)-ဒေါ်တင်ရွှေတို့၏တစ်ဦးတည်းသောသား၊ ဒေါ်ဆွေဇင်ဦး၏ခင်ပွန်း၊ ဦးလှဘုန်းဆွေ-ဒေါ်ဇာလီစိုးတို့၏ညီ/မောင်၊ မောင်ရဲတေဇ-မနိုင်သဥ္ဇာဝေချို၊ မောင်မင်းခန့်ကိုကိုတို့၏ဖခင်သည် ၁-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့) ညနေ ၆:၀၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၄-၂၀၁၈ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ရဲမှူးမြင့်ဝေ (ရဲ-၂၃၄၉)
**ဒုခရိုင်ရဲတပ်ဖွဲ့မှူး၊ မိုးညှင်း**
**တပ်တွင်း ဒုရဲအုပ်လောင်း**
**သင်တန်းအမှတ်စဉ်(၁၂/၈၈)**
**အသက်(၅၅)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နေ ဦးအောင်သိန်း-ဒေါ်ခင်သိန်းတို့၏ သား၊ ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အောက်မင်္ဂလာဒုံ (၃)လမ်း၊ အမှတ် ၁၂၃/၅နေ (ဦးသိန်းလွင်)-ဒေါ်မြအေးတို့၏သားသမက်၊ မဆုနှင်းဝေ (BE.EC)၊ မောင်ညီမင်းဝေ (3rd yr Dental)တို့၏ဖခင်၊ ဒေါ်ဝင်းဝင်းခိုင်၏ခင်ပွန်းသည် ၂-၄-၂၀၁၈ရက်(တနင်္လာနေ့)နံနက် ၃:၃၅နာရီတွင် SAKURA ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၄-၄-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်သိန်းညွန့် (ကုက္ကိုင်း)
**လှယဉ်ကျေး အထည်ဆိုင်၊ သိမ်ကြီးဈေး(ဘီ)ရုံ**
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ် (27.B)နေ (ဦးရင်ကြည်-ဒေါ်မြရင်)တို့၏သမီး၊ ဦးဝင်းထိန်(မြန်မာ့ကုန်တိုက်၊ ငြိမ်း)-ဒေါ်တင်သန်း(နယ်စပ်ကုန်သွယ်ရေး၊ ငြိမ်း)၊ [ဦးသန်းဆွေ(ခ)ဦးပေါစံ]တို့၏အစ်မ၊ ဦးဝင်းမော်-ဒေါ်ကျော့မီမီသွယ်၊ မကေခိုင်၊ မောင်ကျော်လင်း-မခင်ခင်လေးတို့၏ကြီးမေ၊ မောင်လင်းထွဋ်အောင်၏ ဘွားဘွားကြီးသည် ၁-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ဆွေဆွေ
**ကြီးကြပ်ရေးမှူး(ငြိမ်း)**
**အမှတ်(၁)စက်မှုဝန်ကြီးဌာန**
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ ယုဇနဥယျာဉ်မြို့တော်၊ စီ(၁၁)လမ်း၊ တိုက် ၃၅၊ အခန်း ၃၀၃နေ [ဗိုလ်မှူးသန်းမောင်(မော်ကွန်းဝင်ပဆင့်၊ နိုင်ငံ့ဂုဏ်ရည်ပဆင့်)-ဒေါ်ခင်ဆွေထား]တို့၏သမီး၊ (ဦးတင်မောင်ဝင်း)၏ဇနီး၊ ကိုလင်းမင်းဦး၊ ကိုအောင်မိတ်(ခ)အောင်အောင်၊ ကိုမင်းစိုး(အလင်းသစ် ဆိုင်းဘုတ်လုပ်ငန်း)-ဒေါ်စန္ဒာဝင်း၊ ကိုအောင်သူ(ခ)တုတ်တုတ်၊ [မခင်သီတာအေး(ခ)ရှမ်းပုတ်မ]တို့၏မိခင်သည် ၂-၄-၂၀၁၈ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**
## ဗိုလ်မှူးဝင်းမော် (ငြိမ်း)
**(ကူမဲမြို့)**
**အသက်(၆၈)နှစ်**

မော်ဘီမြို့၊ သီရိမင်္ဂလာရပ်၊ ဂျီအီးလမ်းနေ ဗိုလ်မှူးဝင်းမော်(ငြိမ်း)သည် ၁-၄-၂၀၁၈ရက်တွင် (မင်္ဂလာဒုံ) တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၁၅)ဗိုလ်လောင်းသင်တန်းမှ**
**သူငယ်ချင်းများနှင့်မိသားစုများ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်နီ (ဥက္ကံ)
**(ကေကေခိုင် ခေါက်ထီးဆိုင်၊ ယုဇနပလာဇာနှင့် အဆင့်မြင့် မင်္ဂလာဈေး)**
**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ ဦးစံညွန့်လမ်း၊ အမှတ် ၁၃နေ (ဦးထွန်း-ဒေါ်ကျင်မြင့်)တို့၏ ချစ်လှစွာသောတစ်ဦးတည်းသောသမီး၊ (ဦးစံ-ဒေါ်ကြည်)တို့၏သမီးချွေးမ၊ ဦးခင်စိုး(ခ)ဦးခင်ဦး၏ချစ်လှစွာသောဇနီး၊ မခင်ရတနာလှိုင်၊ ကိုဇေမင်းစိုး-မဘောဂီပြည့်တို့၏ချစ်လှစွာသောမိခင်သည် ၂-၄-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇:၅၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးသော်ဇင် အသက်(၆၆)နှစ်
**အငယ်တန်းအင်ဂျင်နီယာ(၄)(ငြိမ်း)**
**(ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာ ၁၁လမ်း၊ အမှတ် ၈၉၄နေ (ဦးမောင်ချစ်-ဒေါ်ခင်ညွန့်)တို့၏သား၊ (ဦးချစ်သန်း-ဒေါ်ရီ)တို့၏သားသမက်၊ ဒေါ်မာမာနွယ်၏ခင်ပွန်း၊ ဦးအေးမင်း-ဒေါ်ဖြူမင်းသော်၊ ဦးအေးချမ်းမောင်-ဒေါ်မီမီဇင်၊ ဦးကျော်ဟန်(ရွှေနန်းတော်ရွှေဆိုင်)တို့၏ဖခင်သည် ၁-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့) ညနေ ၆:၃၈နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၁၈ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၄-၂၀၁၈ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ တောင်ဥက္ကလာပနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးမြင့်ဆွေ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် (၁၆) ကြိမ်မြောက် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက် စီးပွားရေးလုပ်ငန်းရှင်များ၏ ကြုံတွေ့နေရသည့် အခက်အခဲများအပေါ် ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေး စီစဉ်ထားရှိ




ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ၏ (၁၆)ကြိမ်မြောက် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**ရန်ကုန် ဧပြီ ၂**

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ၏ (၁၆)ကြိမ်မြောက် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ထူးနှင့် ဦးဝင်းမော်ထွန်း၊ ရန်ကုန်တိုင်း

*စာမျက်နှာ ၅ ကော်လံ ၁* ❁

# မြန်မာနိုင်ငံအစိုးရနှင့် ကမ္ဘာ့ဘဏ်တို့ ပူးတွဲပြုစုသည့် အစီရင်ခံစာ ထုတ်ပြန်

## နိုင်ငံ့ဝန်ထမ်း လစာ၊ စရိတ်၊ ချီးမြှင့်ငွေနှင့် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲခြင်းစနစ်များ၏ အားသာချက်နှင့် အားနည်းချက်များအကြောင်း စုံလင်စွာဖော်ပြထား

**နေပြည်တော် ဧပြီ ၂**

မြန်မာနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းလစာပမာဏသည် ဝင်ငွေ အလယ်အလတ် (အနိမ့်) အဆင့်နိုင်ငံများထက် ပို၍အခြေအနေ ကောင်းမွန်လျက်ရှိကြောင်း ယနေ့ထုတ်ပြန်သော အစီရင်ခံစာက ဆိုသည်။ မြန်မာနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်း လစာ၊ စရိတ်၊ ချီးမြှင့်ငွေစနစ်နှင့် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲခြင်း သုံးသပ်မှု အစီရင်ခံစာကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘာ့ဘဏ်တို့က ပူးတွဲဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလှူရှင်ပေါင်းစုံထည့်ဝင်သောရန်ပုံငွေ (Myanmar Multi Donor Trust Fund) မှတစ်ဆင့် ဒိန်းမတ်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ နှင့် ဗြိတိန်နိုင်ငံတကာဖွံ့ဖြိုးရေးဌာနတို့က ပံ့ပိုးသော အဆိုပါအစီရင် ခံစာတွင် မြန်မာနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းလစာ၊ စရိတ်၊ ချီးမြှင့်ငွေနှင့် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲ ခြင်းစနစ်များ အကြောင်း၊ ၎င်းတို့၏အားသာချက်နှင့် အားနည်းချက်များအကြောင်း စုံလင်စွာ ဖော်ပြထားသည်။

"မြန်မာနိုင်ငံရဲ့ နိုင်ငံ့ဝန်ထမ်းလစာပမာဏဟာ ကောင်းမွန်တဲ့အနေအထားမှာရှိပြီး လစာ၊ စရိတ်၊ ချီးမြှင့်ငွေရဲ့အဆင့်ဟာ ဝန်ထမ်းများကို ရေရှည်ဆွဲဆောင်နိုင်ဖို့ *စာမျက်နှာ ၅ ကော်လံ ၁* ❑

# အမေရိကန်တွင်ကျင်းပသည့် လူငယ်အမျိုးသမီး ဂေါက်သီးရိုက်ပြိုင်ပွဲ မြန်မာအမျိုးသမီး သင်းဝေခိုင် ချန်ပီယံပထမဆုဖလားရရှိ

**ရန်ကုန် ဧပြီ ၂**

အမေရိကန်နိုင်ငံ ဖလော်ရီဒါရှိ PGA National Resort & Spa- Fazio Course Palm Beach Gardens ဂေါက်ကွင်းတွင် ၂၀၁၈ ခုနှစ် မတ် ၂၉ ရက်မှ ဧပြီ ၁ ရက်အထိ ကျင်းပခဲ့သော Teens Giv.org Girls Junior Championship ပြိုင်ပွဲသို့ မြန်မာလူငယ် အမျိုးသမီး ဂေါက်သီးအားကစားသမား သင်းဝေခိုင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ပြိုင်ပွဲတွင် သင်းဝေခိုင်သည် သုံးရက်ပေါင်းရိုက်ချက် ၆၈+၆၉+၇၀=၂၀၇ ချက် (သတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျှော့ရိုက်ပြီး) မြန်မာလူငယ်များအတွက် ၂၀၁၈ ခုနှစ် မြန်မာနှစ်သစ်ကူးအကြိုချန်ပီယံ ဆုဖလားတစ်ခုကို ဆွတ်ခူးပေးနိုင်ခဲ့သည်။

၎င်းပြိုင်ပွဲသည် American Junior Golf Association (AJGA) မှဦးစီးကျင်းပသည့် ပွဲစဉ်တစ်ခုဖြစ်ကြောင်းနှင့် သူမသည် အမေရိကန်နိုင်ငံရှိ Gary Gilchrist Golf Academy (GGGA) တွင် Golf Academy တက်ရောက်ပြီး ပြိုင်ပွဲမျိုးစုံ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသော မြန်မာလူငယ် အမျိုးသမီးကစားသမားတစ်ဦးဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




# ဆူဇူကီးဖလားပြိုင်ပွဲအတွက် မြန်မာအသင်း ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်မည်

**ရန်ကုန် ဧပြီ ၂**

မြန်မာ့လက်ရွေးစင်အသင်းသည် ယခုနှစ်အတွင်း အဓိက နိုင်ငံတကာပြိုင်ပွဲအဖြစ် ၂၀၁၈ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အာဆီယံဒေသတွင်း အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သောကြောင့် အောင်မြင်မှုရရန် လိုအပ်နေသည်။ ထို့ကြောင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်း၏ ပြိုင်ပွဲအကြို ပြင်ဆင်မှုများ စတင်ပြုလုပ်နေပြီဖြစ်ပြီး နိုင်ငံတကာခြေစမ်းပွဲများ၊ ဖိတ်ခေါ် ပြိုင်ပွဲများ၊ ပြည်ပလေ့ကျင့်ရေး ခရီးစဉ်များ *စာမျက်နှာ ၁၃ ကော်လံ ၃* ▼

KBZ Bank Women' League ပြိုင်ပွဲ ပွဲစဉ် (၉) ယနေ့ စတင်ကျင်းပမည် စာ-၉

ကနီမြို့နယ် ကျေးရွာအလှူတစ်ခု၌ လူ ၁၀၀ ကျော် အစာအဆိပ်သင့်မှုဖြစ်ပွား စာ - ၁၁

ထိန်းချုပ်ဓာတုပစ္စည်းများအဖြစ် ဓာတုပစ္စည်း နှစ်မျိုးအား ထပ်မံသတ်မှတ် စာ-၁၂



မြန်မာ့အလင်း
အင်္ဂါ၊ မေ ၁၊ ၂၀၁၈

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ နှစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ နှစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ဒုတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

# ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ

■ မွှေးကြူဟန်၊ ဓာတ်ပုံ-ထိန်နန်နော်

**ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ "ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်"ဟူသော အဖွဲ့၏ ဆောင်ပုဒ်နှင့်အညီ ဝန်ထမ်းများအား ထိရောက်စွာ ရွေးချယ်လေ့ကျင့်ပျိုးထောင်ပေးမှုအပါအဝင် လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့မှုများ၊ထိုသို့ ဆောင်ရွက်ခဲ့မှုများအပေါ် ကဏ္ဍစုံမှအမြင်သဘောထားများကို တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းထားပါသည် -**



ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း

**ဒေါက်တာဝင်းသိမ်း**

**ဥက္ကဋ္ဌ**

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာမှာ နိုင်ငံ့ဝန်ထမ်းများရဲ့ အခန်းကဏ္ဍဟာ အဓိက အခန်းကဏ္ဍအဖြစ် ပါဝင်ပါတယ်။ ဒါကြောင့် နိုင်ငံ့ဝန်ထမ်းများအနေနဲ့ နိုင်ငံတော်ရဲ့ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းတွေမှာ စွမ်းစွမ်းတမံပါဝင်ကူညီဆောင်ရွက်ပေးနိုင်ဖို့၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေတွေပါ ပြဋ္ဌာန်းချက်တွေနဲ့အညီ အရည်အချင်းပြည့်ဝပြီး စွမ်းဆောင်ရည်ပြည့်ဝတဲ့ နိုင်ငံ့ဝန်ထမ်းများ ရွေးချယ်ရေး၊ လေ့ကျင့်ရေး၊ နိုင်ငံ့ဝန်ထမ်း စည်းမျဉ်း စည်းကမ်း သတ်မှတ်ရေးစတာတွေကို ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေနဲ့ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့ကြောင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ အဓိကရည်မှန်းထားရှိချက်ကတော့ "ပြည်သူလူထုပါဝင်ဆောင်ရွက်မှုကို အားပေးမြှင့်တင်ခြင်းနဲ့ ပြည်သူလူထုရဲ့ ယုံကြည်မှုကို ပိုမိုအားကောင်းစေမယ့် ကျင့်ဝတ်သိက္ခာနဲ့ညီသော၊ အရည်အချင်းအလိုက် ချီးမြှင့်မြှောက်စားမှုကို အခြေခံသော၊ အားလုံးပါဝင်ကာ မဆိုင်းမတွ တုံ့ပြန်ဖြည့်ဆည်းပေးသော နိုင်ငံ့ဝန်ထမ်းကဏ္ဍပေါ်ထွန်းလာစေဖို့" ဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ ပြန်တမ်းဝင်အရာရှိအဆင့် ဝင်ပေါက်ရာထူးတွေအတွက် ဝင်ခွင့်ရေးဖြေစာမေးပွဲတွင် နိုင်ငံ့တာဝန်ကို ထမ်းဆောင်လိုသော လှုံ့ဆော်စိတ် (Civil Service Motivation) ကို အခြေခံဖော်ထုတ်ပေးတဲ့ မေးခွန်းပုံစံတွေ ပြောင်းလဲစစ်ဆေးခဲ့ပါတယ်။ ဒါ့အပြင် Multiple Choice Question (MCQ) Type နဲ့ ပဏာမစစ်ဆေးခြင်း Screening Test ကို ထည့်သွင်းစစ်ဆေးတဲ့စနစ်ကို စတင်ကျင့်သုံးလျက်ရှိပါတယ်။

လေ့ကျင့်ရေးဆိုင်ရာဆောင်ရွက်မှုများအနေနဲ့ အရင်ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အမည်ကို ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ဟု ပြောင်းလဲပြင်ဆင်ခဲ့ပါတယ်။ သင်တန်းသား၊ သင်တန်းသူတွေ မိမိတို့ရဲ့ သက်ဆိုင်ရာ ရုံး/ ဌာနအလိုက် သတ်မှတ်ယူနီဖောင်းတွေ ပြောင်းလဲဝတ်ဆင်စေခဲ့ပါတယ်။

ဗဟိုဝန်ထမ်းတက္ကသိုလ်တွေရဲ့ ဆောင်ပုဒ်ကို "နိုင်ငံတော်တည်ထောင်မှု ပြည်သူနဲ့ ဝန်ထမ်းလက်တွဲပြု" "Cooperation of the Civil Service and Public Creates a Nation" လို့ ပြင်ဆင်သတ်မှတ်ခဲ့ပါတယ်။

ဗဟိုဝန်ထမ်းတက္ကသိုလ်တွေရဲ့ အောက်မှာ Education and Competency Training Approach ကိုအခြေခံတဲ့ ပြည်သူ့ဝန်ထမ်းအကယ်ဒမီ (Civil Services Academy-CSA) တစ်ခုစီကို တည်ထောင်ပြီး ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်းနဲ့ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့်ဒီပလိုမာ သင်တန်းတွေ ဖွင့်လှစ်လျက်ရှိပါတယ်။ သင်တန်းအလိုက် အရည်အချင်းအကဲဖြတ်စနစ်တွေနဲ့ သင်တန်းကာလတွေ ပြင်ဆင်ပြောင်းလဲ သတ်မှတ်ခဲ့ပါတယ်။




ဗဟိုဝန်ထမ်းတက္ကသိုလ်တွေမှာ ဖွင့်လှစ်လျက်ရှိတဲ့ သင်တန်းတွေရဲ့ သင်ရိုးညွှန်းတမ်း၊ သင်ရိုးဇယားများ (Curriculum Syllabus)တွေ ပြင်ဆင်ပြီး နိုင်ငံတကာအဖွဲ့အစည်း၊ တက္ကသိုလ်တွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့အတွက် နားလည်မှုစာချွန်လွှာများ (MoU) တွေ လက်မှတ်ရေးထိုးခဲ့ပါတယ်။

ဗဟိုဝန်ထမ်းတက္ကသိုလ်တွေမှာ ဖွင့်လှစ်တဲ့ "Senior Level Officials Management Course နဲ့ Management Course for Executive Level Officials" သင်တန်းတွေမှာ နိုင်ငံတကာအဖွဲ့အစည်း၊ တက္ကသိုလ်တွေမှ သင်ခန်းစာတွေပို့ချနိုင်ဖို့ ဆောင်ရွက်စီမံပေးပါတယ်။ နယူးဇီလန်နိုင်ငံ Victoria University က မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းတွေအတွက် English Language Training (ELT) သင်တန်းတွေကို ဝန်ကြီးဌာန၊ အဖွဲ့အစည်းတွေက အရာထမ်းတွေအတွက် ဖွင့်လှစ်ခဲ့ပါတယ်။

UNDP နဲ့ ပူးပေါင်းပြီး မြန်မာနိုင်ငံ၊ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်(၂၀၁၇-၂၀၂၀) ထုတ်ပြန်ကြေညာနိုင်ခဲ့ပါတယ်။ ရာထူးဝန်အဖွဲ့က ဝန်ထမ်းတွေရဲ့ အင်္ဂလိပ်စာအရည်အသွေး တိုးတက်မြင့်မားစေဖို့အတွက် US Department of State မှ English Language Follower ဖြင့် Advanced နဲ့ Intermediate သင်တန်းဖွင့်လှစ်ပေးခဲ့ပါတယ်။ Master in Public

*အချပ်ပို(ခ)သို့*

**ပြည်ထောင်စု ရာထူးဝန်အဖွဲ့ရဲ့ အဓိက ရည်မှန်းထားရှိ ချက်ကတော့ "ပြည်သူလူထု ပါဝင်ဆောင်ရွက်မှုကို အားပေးမြှင့်တင်ခြင်းနဲ့ ပြည်သူလူထုရဲ့ ယုံကြည်မှုကို ပိုမိုအားကောင်းစေမယ့် ကျင့်ဝတ်သိက္ခာနဲ့ ညီသော၊ အရည်အချင်းအလိုက် ချီးမြှင့်မြှောက်စားမှုကို အခြေခံသော၊ အားလုံးပါဝင်ကာ မဆိုင်းမတွ တုံ့ပြန်ဖြည့်ဆည်းပေးသော နိုင်ငံ့ဝန်ထမ်းကဏ္ဍ ပေါ်ထွန်းလာစေဖို့"ဖြစ်**



ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် သင်တန်းသားအရာရှိ ၅၀ ဆံ့ အိပ်ဆောင် (ကနောင်ဆောင်)ဖွင့်ပွဲကို ၁၂-၃-၂၀၁၈ ရက်က ကျင်းပရာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဝင်းသိမ်း စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်



မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်အား ထုတ်ပြန်ကြေညာသည့် အခမ်းအနားကျင်းပရာ တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ ဓာတ်ပုံ-သတင်းစဉ်

*အချပ်ပို (က) မှ*

Administration -MPA သင်တန်းကို မလေးရှားနိုင်ငံ EDSBusiness School နဲ့ အမေရိကန်နိုင်ငံ ဟာဝိုင်ရီရှိ Akamai University က ဆရာ ဆရာမတွေနဲ့ ပြည်တွင်းမှာပင် ပို့ချပေးလျက်ရှိပါတယ်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့နဲ့ UNDP တို့ ပူးပေါင်းပါဝင်မှုနဲ့ နေပြည်တော်၊ Park Royal ဟိုတယ်မှာ အစိုးရယန္တရားနဲ့ မူဝါဒချမှတ်တဲ့ လုပ်ငန်းစဉ်တွေ ပိုမိုတိုးတက်ကောင်းမွန်လာစေဖို့ အဆင့်မြင့်အရာရှိကြီးတွေရဲ့ လုပ်ငန်းခွင်ကျွမ်းကျင်မှုမြှင့်တင်ရေးသင်တန်းတွေ ဖွင့်လှစ်ခဲ့ပါတယ်။ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်းတွေနဲ့ အခြားသင်တန်းတွေမှာ Blended e-Learning Lecture ပို့ချနိုင်ဖို့ ဆောင်ရွက်ပါတယ်။

နိုင်ငံ့ဝန်ထမ်းလေ့ကျင့်ရေးမူဝါဒ (Civil Service Training Policy) နဲ့ နိုင်ငံ့ဝန်ထမ်းလေ့ကျင့်ရေးအစီအစဉ် (Civil Service Training Scheme) တို့ကို ထုတ်ပြန်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ခဲ့ပါတယ်။ ဂျပန်နိုင်ငံ JICA အထောက်အပံ့နဲ့ ပြည်သူ့ဝန်ထမ်း အကယ်ဒမီလေ့ကျင့်ရေးဗဟိုဌာန(နေပြည်တော်) Civil Services Academy Training Centre (Nay Pyi Taw) တည်ဆောက်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ခဲ့ပါတယ်။

နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေတွေနဲ့ပတ်သက်ပြီး ဆောင်ရွက်ချက်တွေအနေနဲ့ ပြည်ထောင်စုရာထူးဝန်အဖွဲ့နဲ့ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေ၊ အမိန့်ညွှန်ကြားချက်တွေ ပြင်ဆင်ထုတ်ပြန်ခဲ့ပါတယ်။ ဝန်ထမ်းကျင့်ဝတ်စာစောင် (၂၀၁၇) ကို ထုတ်ဝေကာ နိုင်ငံ့ဝန်ထမ်းတွေကို အခမဲ့ဖြန့်ဝေခဲ့ပါတယ်။

ဝန်ထမ်းတွေအတွက် အကဲဖြတ်အမှတ်ပေးရာမှာ တစ်ပြေးညီ လိုက်နာကျင့်သုံးနိုင်ရေးအတွက် အရည်အချင်းသတ်မှတ်ချက် တစ်ခုစီအလိုက် အသေးစိတ်အချက်အလက်တွေ ထုတ်ပြန်ခဲ့ပါတယ်။ ဒုတိယညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးအဆင့်တွေ တစ်ဆင့်မြင့်ရာထူးနေရာ အသီးသီးမှာ ရာထူးတိုးမြှင့်ပေးနိုင်ဖို့ အကဲဖြတ်မှတ်တမ်းတွေ၊ ဒီမှတ်တမ်းအပေါ် မူတည်ပြီး ရေးဆွဲထားတဲ့ တန်းစီဇယားတွေ လက်ခံထားရှိခဲ့ပါတယ်။

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးတွေအနေနဲ့ သက်ပြည့်အငြိမ်းစားယူမယ့် အချိန်ကာလမှာ နိုင်ငံတော်နဲ့ အများပြည်သူအကျိုးငှာ ဆက်လက်တာဝန်ပေးအပ်ဖို့ လိုအပ်ပါက အသက် ၆၀ ပြည့်ပြီး တစ်ဆက်တည်း တစ်နှစ်ထက်မပိုသော ကာလအတွက် ညွှန်ကြားချက်ထုတ်ပြန်နိုင်ဖို့ နိုင်ငံတော်သမ္မတရုံးကို အထောက်အကူပြုပေးခဲ့ပါတယ်။

နိုင်ငံ့ဝန်ထမ်းအငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် ခံစားကာလအတွင်း အခြား ဝန်ထမ်းတစ်ဦးအား ဖြည့်စွက်ခန့်ထားနိုင်ရေးအဖွဲ့ရဲ့အမိန့်ကြော်ငြာစာ အမှတ် ၅၈/၂၀၁၇ နဲ့ ထုတ်ပြန်ခဲ့ပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေ ရာထူးတိုးမြှင့်ခန့်ထားရာမှာ အနည်းဆုံးလိုအပ်တဲ့ ပညာအရည်အချင်း၊ ကျွမ်းကျင်မှုအရည်အချင်း- Q-Sheet သတ်မှတ်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနမှ ညွှန်ကြားချက်ထုတ်ပြန်နိုင်ဖို့ အထောက်အကူပြုခဲ့ပါတယ်။

ဗဟိုဝန်ထမ်းတက္ကသိုလ်တွေရဲ့ ပြည်သူ့ဝန်ထမ်းအကယ်ဒမီတွေမှာ အရာထမ်းလောင်းအခြေခံ၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း (Post Graduate Diploma in Civil Service Management (PGD-CSM)) ဖွင့်လှစ်ပြီး ဘွဲ့လွန်ဒီပလိုမာပေးအပ်ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူ့ဝန်ထမ်းအကယ်ဒမီတွေမှာ စီမံခန့်ခွဲမှုဘာသာ၊ စီးပွားရေးဘာသာ၊ နိုင်ငံရေးသိပ္ပံဘာသာ၊ လူမှုရေးသိပ္ပံဘာသာ၊ ဥပဒေဘာသာ၊ အင်္ဂလိပ်စာနဲ့ ICT စတဲ့ ဘာသာရပ်ခုနစ်ခုကို Education and Competency Approach နည်းနဲ့ သင်ကြားလျက်ရှိပါတယ်။ နိုင်ငံတကာအဆင့်မီတဲ့ Curriculum နဲ့ Syllabus တွေဖြစ်ဖို့၊ ပညာရေးနဲ့ လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်တွေ အကြံပြုဖို့ တက္ကသိုလ်အကြံပေးအဖွဲ့ (Advisory Group)နဲ့ တက္ကသိုလ်ပညာရပ်အဖွဲ့ (Board of Studies) တို့ကိုဖွဲ့စည်းထားရှိပါတယ်။ အဖွဲ့အစည်းတွေနဲ့ နှစ်လလျှင်တစ်ကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်ပြီး ဆွေးနွေး ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဖို့အတွက် အဓိကဆောင်ရွက်ရေးအဖွဲ့ (Core Group)၊ CSA ပညာဌာနခုနစ်ခုနဲ့ Technical Working Group (TWG) တို့ကို ဖွဲ့စည်းထားရှိပြီး Curriculum နဲ့ Syllabus တွေအပေါ် ပြင်ဆင်ဖြည့်စွက်တာကို ဆွေးနွေးဆောင်ရွက်လျက်ရှိပါတယ်။

**“ဝန်ထမ်းတွေအတွက် အကဲဖြတ် အမှတ်ပေးရာမှာ တစ်ပြေးညီလိုက်နာကျင့်သုံးနိုင်ရေးအတွက် အရည်အချင်းသတ်မှတ်ချက် တစ်ခုစီအလိုက် အသေးစိတ်အချက်အလက်တွေ ထုတ်ပြန်ခဲ့ပါတယ်။ ဒုတိယညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးအဆင့်တွေ တစ်ဆင့်မြင့်ရာထူးနေရာ အသီးသီးမှာ ရာထူးတိုးမြှင့်ပေးနိုင်ဖို့ အကဲဖြတ်မှတ်တမ်းတွေ၊ ဒီမှတ်တမ်းအပေါ် မူတည်ပြီး ရေးဆွဲထားတဲ့ တန်းစီဇယားတွေ လက်ခံထားရှိခဲ့ပါတယ်”**

ပညာဌာန ခုနစ်ခုအတွက် Human Resource (HR) လိုအပ်ချက်အရ ပညာရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီး ဆရာ ဆရာမတွေ ဖြည့်တင်းခန့်ထားပြီးတော့ ပြင်ပက ပညာရှင်တွေ ဖိတ်ခေါ်ပြီး ဘာသာရပ်သင်ခန်းစာတွေကို သင်ကြားစေခြင်းအားဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့ပြင် Curriculum နဲ့ Syllabus တွေ အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ဖို့ ၂၀၁၇-၂၀၁၈ လေ့ကျင့်ရေးနှစ်မှစပြီးတော့ နိုင်ငံတကာ အဖွဲ့အစည်းဖြစ်တဲ့ EU (GOPA) နဲ့ ပူးပေါင်းပြီး Training Needs Analysis (TNA) Task Force ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။



ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၌ အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုအဆင့်မြင့် ဒီပလိုမာသင်တန်းအမှတ်စဉ် (၁) ဖွင့်ပွဲကို ၁၂-၃-၂၀၁၈ ရက်က ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း အမှာစကားပြောကြားစဉ်။ ဓာတ်ပုံ-သတင်းစဉ်

အခုဆို ဗဟိုဝန်ထမ်းတက္ကသိုလ်တွေမှာ အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှု၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့်ဒီပလိုမာသင်တန်း (Advanced Diploma Course) တွေကို ၂၀၁၈ ခုနှစ် မတ်လ ၁၂ ရက်နေ့မှာ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါတယ်။

နိုင်ငံ့ဝန်ထမ်းဆိုင်ရာ လေ့ကျင့်ရေးနဲ့ သုတေသနလုပ်ငန်း၊ ပြည်သူ့ရေးရာအုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနဲ့ ပြည်သူ့ရေးရာမူဝါဒများစတဲ့ နယ်ပယ်တွေ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ဖို့ အမေရိကန် နိုင်ငံ Akamai University၊ မလေးရှားနိုင်ငံ EDS Business School၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Chinese Academy of Governance (CAG)တို့နဲ့၊ ပြီးတော့ ဂျပန်နိုင်ငံ JICA အဖွဲ့အစည်းနဲ့ နေပြည်တော်မှာ Training Centre တည်ဆောက်ဖို့ MoU၊ MoA၊ Minutes of Discussion၊ Technical Note တို့ လက်မှတ်ရေးထိုးခြင်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။

*အချပ်ပို (ဂ) သို့*

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ



*အချပ်ပို (ခ) မှ*

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့သမိုင်းမှတ်တိုင်တစ်ခုအနေနဲ့ "မြန်မာနိုင်ငံ၊ နိုင်ငံ့ ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက် (၂၀၁၇-၂၀၂၀)" Civil Service Reform Strategic Action Plan for Myanmar (၂၀၁၇-၂၀၂၀) ကို နေပြည်တော်၊ MICC -2 မှာ ထုတ်ပြန်ကြေညာခဲ့ပါတယ်။

CSR Strategic Action Plan ကို အကောင်အထည်ဖော်ရာမှာ Focus Areas လေးခုနဲ့ မျှော်မှန်းရလဒ်ကိုးခု ချိန်ထိုးပြီး နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်လိုတဲ့ ဖက်ဒရယ်ဒီမိုကရက်တစ်အစိုးရ ဖြစ်ပေါ်စေရေးအတွက် တစ်ဖက်တစ်လမ်းကနေ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

CSR Action Plan ထုတ်ပြန်ကြေညာပြီးနောက် ဥပဒေ၊ နည်းဥပဒေ ပြင်ဆင်ခြင်းနဲ့ စပ်လျဉ်းပြီးတော့ "ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ လုပ်ငန်းတာဝန်နဲ့ လုပ်ပိုင်ခွင့်တို့ကို ခိုင်မာစေခြင်း၊ ရှင်းလင်းစေခြင်း"၊ "ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေကို ထုတ်ပြန်ပြဋ္ဌာန်းနိုင်ရေး" နဲ့ "ဝေးလံခေါင်သီဒေသတွေမှာ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ နိုင်ငံ့ဝန်ထမ်းတွေပြောင်းရွှေ့ခြင်းနဲ့ စပ်လျဉ်းပြီးတော့ အမိန့်ကြော်ငြာစာထုတ်ပြန်နိုင်ရေး" တို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

ဥပဒေ၊ နည်းဥပဒေပြင်ဆင်ခြင်းလုပ်ငန်းတွေအပြင် "နိုင်ငံ့ဝန်ထမ်း မျိုးဆက်သစ်တွေကို စနစ်တကျမွေးထုတ်ပေးနိုင်ရေး" အတွက် ပြည်ထောင်စု ရာထူးဝန်အဖွဲ့အနေနဲ့ နိုင်ငံ့ဝန်ထမ်းတွေ ရွေးချယ်ခြင်း၊ လေ့ကျင့်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း လုပ်ငန်းရပ်တွေကို ဦးစားပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ရွေးချယ်ရေးလုပ်ငန်းစဉ်တွေဖြစ်တဲ့ Screening Test အနေဖြင့် စာမေးပွဲတွေကျင်းပခြင်း၊ ရေးဖြေ၊ စိတ်အခြေအနေနဲ့ လူတွေ့စစ်ဆေးခြင်းတို့ကို စနစ်တကျဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လေ့ကျင့်ရေးလုပ်ငန်းရပ်တွေအနေနဲ့ ပြည်သူ့ဝန်ထမ်းအကယ်ဒမီတွေမှာ ဘွဲ့လွန်ဒီပလိုမာနဲ့ အဆင့်မြင့်ဒီပလိုမာသင်တန်းတွေ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်တဲ့အတွက် ညွှန်ကြားရေးမှူးအဆင့် အရာထမ်းတွေအတွက် မဟာဘွဲ့ (Master Degree) သင်တန်းဖွင့်လှစ်နိုင်ရေး လျာထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပြီးတော့ JICA ရဲ့အထောက်အပံ့နဲ့ ပြည်သူ့ဝန်ထမ်းအကယ်ဒမီ ဗဟိုသင်တန်းဌာနကို ၂၀၁၉ ခုနှစ်အတွင်း တည်ဆောက်သွားမှာဖြစ်ပြီး ရာထူးအဆင့်အလိုက် Generalized Training Programme နဲ့ Specialized Training Programme တွေ ဖွင့်လှစ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နိုင်ငံ့ဝန်ထမ်းလေ့ကျင့်ရေးမူဝါဒ (Civil Service Training Policy) နဲ့ နိုင်ငံ့ဝန်ထမ်းလေ့ကျင့်ရေးအစီအစဉ် (Civil Service Training Scheme) ကိုလည်း ထုတ်ပြန်ပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေ ရာထူးတိုးမြှင့်ခြင်းနဲ့ စပ်လျဉ်းပြီးတော့ အရည်အချင်းနဲ့ စွမ်းဆောင်ရည်ကို အခြေခံပြီး ရာထူးတိုးမြှင့်ပေးခြင်းကို အဓိကထား ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရရဲ့ e-Government စနစ် အကောင်အထည်ဖော်ရာမှာ အထောက်အပံ့ဖြစ်စေဖို့ ဂျပန်နိုင်ငံ၊ JICA ရဲ့ ကူညီထောက်ပံ့မှုနဲ့ နိုင်ငံ့ဝန်ထမ်းတွေရဲ့အချက်အလက်တွေကို နိုင်ငံတကာအဆင့်မီလုံခြုံမှုအဆင့်အတန်းမြင့်မားစွာ သိမ်းဆည်းထားနိုင်တဲ့ Civil Service Core Database System ကို တည်ထောင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။




**ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပြည်သူ့ဝန်ထမ်းအကယ်ဒမီ အရာထမ်းလောင်း အခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်း စီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း ဘွဲ့နှင်းသဘင်အခမ်းအနားတွင် သင်တန်းသားတစ်ဦးအား ဘွဲ့လက်မှတ် ချီးမြှင့်ပေးအပ်စဉ်။**



**ဦးမြသိန်း**
**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ အဖွဲ့ဝင်(ငြိမ်း)**

ပြည်သူ့ဝန်ထမ်းအကယ်ဒမီ (Civil Services Academy-CSA) ဆိုပြီး ဒီအစိုးရလက်ထက်မှာ ဖွဲ့စည်းလာတာ တွေ့ရတယ်။ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)နဲ့ (အောက်မြန်မာပြည်) အောက်မှာ ပြည်သူ့ဝန်ထမ်းအကယ်ဒမီဆိုပြီး ထပ်ပြီး ဖွဲ့စည်းပုံတိုးချဲ့ပြီး သင်တန်းတွေ ထပ်ပြီးပေးနေပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေ စိတ်ဓာတ် တက်တက်ကြွကြွရှိအောင် အပြောင်းအလဲအများကြီး လုပ်ထားတယ်။

အဲဒီမှာ ကျွန်တော်တို့ ဘာတွေပေးသလဲဆိုရင် ပြည်သူ့ဝန်ထမ်း စီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ Post Graduate Diploma for Civil Service Management Course တွေပေးပါတယ်။ Advanced Diploma Course တွေ ပေးတယ်။ အဲဒါက ပြည်တွင်း ပညာရှင်တွေကော၊ ပြည်ပပညာရှင်တွေကော ပေးတဲ့အတွက်ကြောင့် ပညာရပ်အနေနဲ့ လေ့လာတဲ့အခါ ဝန်ထမ်းတွေ အများကြီး အရည်အသွေးတိုးတက်မှာက အမှန်ပဲ ဖြစ်ပါတယ်။ တိုးတက်လာတာတွေ တွေ့ပါတယ်။ သင်တန်းတွေ ဖွင့်လိုက်တာ အကြိမ်ကြိမ်ပေါ့။ သင်တန်းတွေကနေ နိုင်ငံ့ဝန်ထမ်းတွေ များစွာလေ့ကျင့်ပျိုးထောင်ပေးခဲ့ပါတယ်။

ကျွန်တော်ကိုယ်တိုင်လည်းသွားပြီး ဥပဒေဘာသာရပ်တစ်ခုဖြစ်တဲ့ အထွေထွေစကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေကို သွားပြီး ပို့ချပါတယ်။ ဥပဒေတွေနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကိုလည်း တစ်နေ့လုံး ပို့ချပါတယ်။ အဲဒီမှာ Feedback က ကောင်းပါတယ်။ အားလုံး စိတ်ဝင်စားကြပါတယ်။ ဝန်ထမ်းတွေ သင်တန်းတွေ တက်တယ်။ ဌာနကို ပြန်ရောက်ရင် အသုံးချနိုင်ဖို့ အရေးကြီးတယ်။ ဘွဲ့ရခါတ်ပုံရိုက်ပြီး ချိတ်ထားတာနဲ့ ပြီးသွားတာနဲ့ မပြီးရအောင် ဒီဘွဲ့ပေါ်မှာ မူတည်ပြီး ဘာတွေလုပ်နိုင်သလဲ၊ အဲဒါတွေ အရေးကြီးတယ်။

ကျွန်တော်က ပညာရှင်တစ်ဦးအနေနဲ့ ပါဝင်တာပါ။ ကျွန်တော်တစ်ယောက်တည်း မဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ အကြံပေးအဖွဲ့မှာ ဆရာမကြီးတွေ၊ ဆရာကြီးတွေ၊ အတတ်ပညာရှင်တွေ၊ ပါမောက္ခအငြိမ်းစားတွေ၊ လက်ရှိ ပါမောက္ခတာဝန်ထမ်းဆောင်နေသူတွေ ဌာနပေါင်းစုံက ပါဝင်ပြီးတော့ အကြံဉာဏ်ပေးကြပါတယ်။ အားလုံးက စေတနာထား တာဝန်ထမ်းဆောင်ကြတာပါ။ အဲဒီတော့ဝိုင်းပြီး ကြိုးစားလုပ်တဲ့အခါမှာ တွေ့မြင်ရတာက အခုနှစ်နှစ်သက်တမ်းအတွင်းမှာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ ကြိုးစားအားထုတ်မှုကို တွေ့ရပါတယ်။ မှန်တဲ့အတိုင်းပြောတာ ဖြစ်ပါတယ်။ ဒီအတိုင်းဆက်ပြီး ကြိုးစားသွားမယ်ဆိုရင် ပြည်သူ့ဝန်ထမ်းတွေဟာ အများကြီး တိုးတက်လာမှာ ဖြစ်ပါတယ်။

**ဦးအောင်ပြည့်စိုးမြိုင် (ဦးစီးအရာရှိ)**
**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန**

ဗဟိုဝန်ထမ်းတက္ကသိုလ် အောက်မြန်မာပြည် ပြည်သူ့ဝန်ထမ်းတက္ကသိုလ်မှာ စီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ် (၃) မှာ တက်ရောက်ခဲ့ပါတယ်။ သင်တန်းမှာ ဘာသာရပ်ခုနစ်ခု သင်ယူရပါတယ်။ ဘာသာရပ်ခုနစ်ခုက Political Science, Social Science, ICT, Management, English, Law, Economic တို့ဖြစ်ပါတယ်။ သင်တန်းအစမှာ ကျွန်တော်က အင်ဂျင်နီယာဆိုတော့ ပထမဆုံးသင်တဲ့ Management နဲ့ Economic ဘာသာရပ်တွေမှာ ခက်ခဲပါတယ်။ နောက်ပိုင်း တဖြည်းဖြည်းနဲ့ ကြိုးစားလေ့လာရင်း အသားကျသွားပါတယ်။ ဥပဒေဘာသာရပ်ကိုတော့ စိတ်ဝင်စားပါတယ်။

ကျွန်တော်က လမ်းထိန်းသိမ်းရေးဌာနခွဲမှာ တာဝန်ထမ်းဆောင်နေပါတယ်။ သင်တန်းဆင်းတော့ လမ်းတွေကို ပြုပြင်မယ်ဆိုရင် အရင်ခေတ်က ကျွန်တော်တို့ မျက်စိအမြင်နဲ့ ကောင်းတယ်၊ သင့်တယ်၊ ညံ့တယ် ခွဲခြားတယ်။ ယခုတော့ ROM-DAS Software နဲ့ နည်းပညာသုံးပြီး ဆောင်ရွက်တဲ့အတွက် အရင်နဲ့မတူတော့ဘဲ ကွဲပြားခြားနားမှုတွေရှိပါတယ်။ ကျွန်တော် တတ်ထားတဲ့ပညာဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တစ်ဖက်တစ်လမ်းကနေ ပါဝင်ကူညီချင်ပါတယ်။ အဲဒါအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှာ ဝင်ခွင့်စာမေးပွဲကို ဝင်ရောက်ဖြေဆိုခဲ့ရတယ်။ သင်တန်းနဲ့ ပတ်သက်ပြီး စာကျက်ရတာတွေများတဲ့အတွက် ကျက်စာတွေကို လျှော့စေချင်တယ်။ သင်တန်းမှာက တချို့တွေဆို နယ်ဝေးက လာတက်တဲ့သူတွေရှိတဲ့အတွက် ကျန်းမာရေးကိုတော့ ပိုပြီး ဖြည့်ဆည်းပေးစေချင်ပါတယ်။ ဆေးခန်းကို ဆေးလုံလုံလောက်လောက်နဲ့ ၂၄ နာရီ ကာကွယ်စောင့်ရှောက်ပေးတာမျိုးလေး ဖြစ်စေချင်ပါတယ်။ ကျန်တာတွေက အဆင်ပြေပါတယ်။ ဆရာ ဆရာမတွေကလည်း အလွန်သဘောကောင်းပါတယ်။

**ဒေါ်ဇင်သူသူထွန်း(ဦးစီးအရာရှိ)**
**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

ဗဟိုဝန်ထမ်းတက္ကသိုလ် အောက်မြန်မာပြည် ပြည်သူ့ဝန်ထမ်းအကယ်ဒမီ အပတ်စဉ် (၂)တက်ခဲ့ပါတယ်။ ကျွန်မက အပြင်ကနေဝင်ရောက်ဖြေဆိုပြီး ပြန်တမ်းဝင်ရာထူးကို ရရှိခဲ့တာ ဖြစ်တဲ့အတွက် အစိုးရဌာနဆိုတာ ကိုယ်နဲ့လည်းအသားကျမှု မရှိပါဘူး။ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ရွေးချယ်ခံရပြီး သင်တန်းတက်ရပါတယ်။ သင်တန်းမှာ ဌာနပေါင်းစုံကသူတွေ တစ်ဆောင်တည်းမှာ နည်းနည်းစီထားတဲ့အတွက် အပေါင်းအသင်းတွေ အများကြီးရပါတယ်။ ဌာနဆိုင်ရာတွေ အချင်းချင်းလည်း ဆက်သွယ်မှုရသွားသလိုမျိုး တစ်ခုခုလိုအပ်တာရှိရင် ဘယ်ဌာနမှာ ကိုယ်အသိမိတ်ဆွေ တွေရှိတယ်ဆိုတာမျိုး အပေါင်းအသင်း တိုးလာစေပါတယ်။ စာသင်တဲ့အခါမှာ ရုံးလုပ်ငန်း ကျွမ်းကျင်အောင် ရုံးလုပ်ငန်းတွေသင်ရပါတယ်။ နောက်ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်အောင်၊ လူတွေနဲ့ ဆက်ဆံတတ်အောင် Social Science တွေသင်ပေးပါတယ်။ Polical Science လည်းသင်ပေးပါတယ်။ နိုင်ငံ့ဝန်ထမ်းဖြစ်လာရင် နိုင်ငံရေးနဲ့ ပတ်သက်ပြီး သိသင့်ပါတယ်။ IT နဲ့ English ဘာသာတွေကိုလည်း သင်ပေးပါတယ်။

ကျွန်မတို့လို အပြင်က ဖြေဆိုအောင်မြင်တဲ့သူတွေက ရုံးလုပ်ငန်းနဲ့ စိမ်းပါတယ်။ ဒါကြောင့် ရုံးလုပ်ငန်းကိုပိုပြီး အားစိုက်သင်မယ်ဆိုရင်

*အချပ်ပို (ဃ) သို့*



ဦးအောင်ပြည့်စိုးမြိုင် (ဦးစီးအရာရှိ)



ဒေါ်ဇင်သူသူထွန်း(ဦးစီးအရာရှိ)

" နိုင်ငံ့ဝန်ထမ်းတွေ ရာထူးတိုးမြှင့်ခြင်းနဲ့ စပ်လျဉ်းပြီးတော့ အရည်အချင်းနဲ့ စွမ်းဆောင်ရည်ကို အခြေခံပြီး ရာထူးတိုးမြှင့်ပေးခြင်းကို အဓိကထား ဆောင်ရွက်သွားမှာဖြစ် "

*အချပ်ပို (ဂ) မှ*

ပိုပြီးအဆင်ပြေမယ်လို့ ထင်ပါတယ်။ ရုံးလုပ်ငန်းအတွက်ကို အချိန်နည်းနည်း ပိုပေးသင့်တယ်လို့ ထင်ပါတယ်။ ကျောင်းပြီးခါစတွေပါတဲ့အတွက် ရုံးလုပ်ငန်းက အစိမ်းသက်သက်ဖြစ်နေပါတယ်။ အစိုးရရုံးလုပ်ငန်းဖြစ်တဲ့အတွက်ကြောင့် ပိုပြီးတော့ အလေးအနက်ထားရမယ့် ကိစ္စလေးတွေရှိပါတယ်။ အဲဒါကို ပိုပြီးသင်ပေးမယ်ဆိုရင် ရုံးလုပ်ငန်းဆိုင်ရာနဲ့ ကြုံတဲ့အခါ ပိုပြီးတော့ အဆင်ပြေသွားမယ်လို့ ထင်ပါတယ်။

**ဦးကျော်သက်ထွန်း (ဦးစီးအရာရှိ )**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**အဆောက်အဦဦးစီးဌာန**

ဗဟိုဝန်ထမ်းတက္ကသိုလ် အောက်မြန်မာပြည်မှာ ပြည်သူ့ဝန်ထမ်းအကယ်ဒမီ အပတ်စဉ် (၂) တက်ခဲ့ရပါတယ်။ သင်တန်းက အတွေ့အကြုံအများကြီးရပါတယ်။ ဒီသင်တန်းတက်ရတာကို ကြိုက်ပါတယ်။ ကျွန်တော်က တက္ကသိုလ်မှာ engineering ဘာသာရပ်ကို သင်ကြားခဲ့ပါတယ်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့က ရွေးချယ်ခံရပြီး နိုင်ငံ့ဝန်ထမ်းတစ်ယောက် အဖြစ်နဲ့ တာဝန်ထမ်းဆောင်မယ်ဆိုတဲ့ အချိန်မှာ၊ နိုင်ငံ့ဝန်ထမ်းတစ်ယောက်မှာ ရှိသင့်တဲ့ အခြေခံဗဟုသုတဖြစ်တဲ့ နိုင်ငံရေးသိပ္ပံတွေ၊ လူမှုရေးသိပ္ပံတွေ၊ နိုင်ငံ့ဝန်ထမ်းတစ်ယောက် သိရမယ့် ခံယူချက်တွေ၊ သဘောထားတွေ၊ ဥပဒေတွေ၊

**“ ဗဟိုဝန်ထမ်းတက္ကသိုလ်တွေရဲ့ ပြည်သူ့ဝန်ထမ်းအကယ်ဒမီတွေမှာ အရာထမ်းလောင်း အခြေခံ၊ ပြည်သူ့ဝန်ထမ်း စီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ သင်တန်း (Post Graduate Diploma in Civil Service Management (PGDCSM)) ဖွင့်လှစ်ပြီး ဘွဲ့လွန်ဒီပလိုမာပေးအပ်ဆောင်ရွက်လျက်ရှိပါတယ်”**










ဦးစီးအရာရှိ Level တန်းဝင်တွေဖြစ်တဲ့အတွက်ကြောင့် management အပိုင်းတွေ၊ သိထားရမယ့် အကြောင်းအရာတွေပါ သင်ကြားရတဲ့အတွက်ကြောင့် ဒီသင်တန်းတက်ရတာ ကြိုက်ပါတယ်။ ဒီသင်တန်းတက်ပြီးမှ အလုပ်ဝင်ရတာ ပိုကြိုက်ပါတယ်။ သင်တန်းတက်နေစဉ်ကာလမှာလည်း အဆင်ပြေပါတယ်။ အဆောင်မှူးကစ စာသင်နေတဲ့လူလိုမျိုးမဟုတ်ဘဲ မိသားစုတစ်ခုလို ဂရုစိုက်ပေးပါတယ်။

ဗဟိုဝန်ထမ်းတက္ကသိုလ်ကနေ ကျောင်းကနေ သင်ယူခဲ့တဲ့ အဓိက အကြောင်းအရာကတော့ ကျွန်တော်တို့က နိုင်ငံ့ဝန်ထမ်း ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူကိုပဲ ရှေးရှုပြီးတော့ အကျိုးပြုရပါမယ်။ အဲဒီအချက်ကိုတော့ အဓိက သင်ယူခဲ့ရပါတယ်။ ပြည်သူ့ဝန်ထမ်းအဖြစ် ခံယူချက်ထားတတ်ဖို့တော့ အဓိကသင်ယူခဲ့ရပါတယ်။

ဒါကြောင့် ဝန်ထမ်းတစ်ယောက်အနေနဲ့ ဝင်ရောက်မယ်ဆိုရင် ဒီလိုသင်တန်းတွေက လိုအပ်တယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့ အရင်သင်ခဲ့ရတာ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်ဆိုတော့ ဒီလိုဝန်ထမ်းတစ်ယောက်မှာ လိုအပ်တဲ့ ခံယူချက်တွေ ၊ အခြေခံဗဟုသုတတွေက မသင်ခဲ့ရပါဘူး။ ဒါကြောင့် ဒီလိုအခြေခံဗဟုသုတတွေ၊ ခံယူချက်တွေ၊ လိုက်နာကျင့်သုံးရမယ့် ကျင့်ဝတ်တို့၊ ဝတ္တရားတွေကို သိဖို့အတွက်ကတော့ ဒီသင်တန်းတွေမဖြစ်မနေ တက်ရောက်ဖို့ လိုအပ်တယ်လို့ ထင်ပါတယ် ။

သင်တန်းမှာ ပိုပြီးကိုက်ညီစေဖို့ အကြံပြုချင်တာလည်းရှိပါတယ်။ ICT အပိုင်းမှာ ဆို Program အကြောင်းတွေကို သင်ပါတယ်။ ပိုပြီးတော့ ဖြစ်စေချင်တာက ပြန်လည်အသုံးချရမယ့် အပိုင်းတွေကို သင်ပေးစေချင်ပါတယ်။ ဥပဒေမှာဆိုလည်း နိုင်ငံ့ဝန်ထမ်းနဲ့ဆိုင်တဲ့ ဥပဒေကိုပဲ သင်ပေးသင့်တယ်လို့ထင်ပါတယ်။ နောက်ပိုင်းမှာ ကျွန်တော်တို့အတွက် စာတွေကများတော့ တချို့ဟာတွေကျ မမှတ်မိသလောက် ဖြစ်ပါတယ်။ ပိုပြီးတော့ အရေးကြီးတဲ့ဟာတွေကိုပဲ အလေးထားပြီး သင်ယူရင် ပိုပြီးတော့ ကောင်းမယ်လို့ထင်ပါတယ်။

**နန်းဇင်ငြိမ်းမွန် (ဌာနစုမှူး(၂)/တတိယအတွင်းဝန်)**
**နိုင်ငံခြားရေးဝန်ကြီးဌာန**
**စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန**

ဗဟိုဝန်ထမ်းတက္ကသိုလ် အောက်မြန်မာပြည်မှာ အရာထမ်းလောင်း အခြေခံပညာသင်တန်း ပြည်သူ့ဝန်ထမ်း အခြေခံစီမံခန့်ခွဲမှုဘွဲ့လွန်သင်တန်း အမှတ်စဉ် (၂) မှာ တက်ရောက်ခဲ့တာ ဖြစ်ပါတယ်။ လေးလတာ သင်တန်းတက်ရောက်ခဲ့ပါတယ်။ ဒီသင်တန်းမှာ အဓိကဘာသာရပ်ကြီး ခုနစ်ခုကို သင်ကြားခဲ့ရပါတယ်။ ပြည်သူ့ဝန်ကိုထမ်းတဲ့ အရာထမ်းလောင်းတွေ အရာရှိတွေအတွက် အဓိကလိုအပ်တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ အင်္ဂလိပ်စာ IT လိုမျိုး တတ်ကျွမ်းရမယ့် ဘာသာရပ်တွေကို ထည့်သွင်းသင်ကြားပေးခဲ့တာ ဖြစ်ပါတယ်။

ဒီသင်တန်းမှာ စာပေဘာသာရပ်တင်မကဘဲ


ဦးကျော်သက်ထွန်း
(ဦးစီးအရာရှိ )


နန်းဇင်ငြိမ်းမွန်
(ဌာနစုမှူး(၂)/တတိယအတွင်းဝန်)

အရာထမ်းလောင်းတွေ၊ အရာရှိဖြစ်မယ့်သူတွေအတွက် ထားရှိရမယ့် စိတ်ဓာတ်၊ ဖြည့်ကျင့်ရမယ့် အရည်အချင်း၊ စွမ်းဆောင်ရည်အတွက် အသင်းအဖွဲ့နဲ့ ဆောင်ရွက်တတ်တဲ့ အလေ့အကျင့်တွေ အများနဲ့ ပူးပေါင်းဆောင်ရွက်တဲ့အခါမှာ ဘယ်လိုညှိနှိုင်း ဆောင်ရွက်ရမလဲ၊ အချင်းချင်း အကဲဖြတ်အမှတ်ပေးတဲ့စနစ်တွေနဲ့ သင်တန်းပေါ်မှာ စနစ်ပြောင်းလဲသွားတဲ့အတွက်ကြောင့် သင်တန်းတက်ရောက်ခဲ့တဲ့ သင်တန်းသားတိုင်းကတော့ စာပေဘာသာရပ်တစ်ခုတည်းမဟုတ်ဘဲနဲ့ တခြား ကျွမ်းကျင်ရမယ့်အပိုင်းတွေကိုပါ ဖြည့်ကျင့်နိုင်မယ့်အတွက်ကြောင့် အများကြီး သက်ရောက်မှုရှိတာကို တွေ့ရှိခဲ့ရပါတယ်။ ဒီသင်တန်းကာလ ပြီးဆုံးပြီး မိမိဌာနကို တာဝန်ထမ်းဆောင်တဲ့အခါမှာလည်း ကိုယ်ရဲ့သင်တန်းသားအချင်းချင်း ၊ ဝန်ကြီးဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်တဲ့အခါမှာ ပိုပြီးတော့ အဆင်ပြေချောမွေ့လာတာ ဖြစ်ပါတယ်။

သင်တန်းမှာ အဓိက စာပေဘာသာရပ်အနေနဲ့ ခုနစ်ခုမှာ အင်္ဂလိပ်စာနဲ့ IT လိုမျိုး သီးသန့်ကျွမ်းကျင်ရမယ့် ဘာသာရပ်ကို ခွဲထုတ်လိုက်ရင် ပြည်သူ့ဝန်ထမ်းတိုင်း သိရမယ့် ဘာသာရပ်ငါးခု၊ ယခုလက်ရှိ ပြောင်းလဲလာတဲ့ စနစ်အရရော ဝန်ထမ်းတွေအနေနဲ့ ဥပဒေတွေလည်း ကျွမ်းကျင်ရပါမယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတွေကိုလည်း ကိုယ်ရဲ့ ဝန်ကြီးဌာနတွေ လုပ်ငန်းနဲ့ ဆက်စပ်မှုမရှိတဲ့အတွက် ထားခဲ့လို့ မရပါဘူး။ အရာထမ်းလောင်းတွေအနေနဲ့ တာဝန်ထမ်းဆောင်တဲ့အခါမှာ မျက်မှောက်ရေးရာ၊ ကမ္ဘာ့ရေးရာ၊ မြန်မာ့ရေးရာတွေအဆက်မပြတ်ရှုမြင်တတ်ဖို့ ဘာသာရပ်အနေနဲ့ ထည့်သွင်းသင်ကြားပေးပါတယ်။

လူမှုရေးသိပ္ပံမျိုး Social Science ဘာသာရပ်အနေမျိုး သင်ကြားပေးခြင်းအားဖြင့် လုပ်ငန်းခွင်ကိုရောက်ပြီး တွေ့ကြုံရမယ်၊ အတွေ့အကြုံတွေနဲ့ နှိုင်းယှဉ်၊ ပေါင်းစပ်ပြီး သင်ကြားပေးတဲ့အတွက် လုပ်ငန်းခွင်မှာ အများကြီး အကျိုးရှိတာကို တွေ့ရပါတယ်။ ဒီ့အပြင် စီမံခန့်ခွဲမှု ဘာသာရပ်မှာ၊ ရုံးလုပ်ငန်းဘာသာရပ်တို့ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းဘာသာရပ်တို့ ထည့်သွင်း သင်ကြားပေးတဲ့အတွက် ကိုယ့်ဝန်ကြီးဌာနကို ရောက်တဲ့အခါမှာ ဘယ်ဦးစီးဌာနကို တာဝန်ထမ်းဆောင်ရမယ်ဆိုတာ၊ သဘောသဘာဝအရ တာဝန်ထမ်းဆောင်ရတဲ့ အပိုင်းမတူကြတာ ရှိပါတယ်။ သင်တန်းကနေ ဘာသာရပ်ပေါင်းစုံကို ဖြည့်ဆည်းသင်ကြားပေးလိုက်တဲ့အတွက်ကြောင့် ကိုယ့်ဌာနရောက်တဲ့အခါမှာ ဘာသာရပ်တွေကို ကိုယ့်အတွက် လက်တွေ့ အကျိုးရှိရှိ အသုံးချနိုင်တာကို တွေ့ရပါတယ်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ ပြောင်းလဲမှုတစ်ရပ်အဖြစ် စာမေးပွဲတွေ ဝင်ဖြေတဲ့အခါမှာ ပထမဆုံး သတိထားမိတာရှိပါတယ်။ အရင်လို ကျက်မှတ်ပြီးဖြေဆိုတဲ့စနစ် မဟုတ်ဘဲနဲ့ အရာထမ်းအရာရှိအနေနဲ့၊ တာဝန်ထမ်းဆောင်မယ့်သူတစ်ယောက်အနေနဲ့ အတွေးအမြင်တွေ ဘယ်လိုထားတယ်။ မြန်မာ့ရေးရာ၊ ကမ္ဘာ့ရေးရာ အပေါ်မှာ ဘယ်လိုရှုမြင်တယ်၊ ဘယ်လို သုံးသပ်တယ်ဆိုတဲ့ အတွေးအမြင်တွေကို ဆန်းစစ်တဲ့ မေးခွန်းလိုမျိုး ဖြေရတဲ့အတွက်ကြောင့် ကျက်မှတ်ပြီးဖြေဆိုတဲ့သူ မဟုတ်ဘဲ ယှဉ်ပြိုင်ချင်စိတ်အပြည့်နှင့် မိမိကိုယ်တိုင် ဖြည့်ကျင့်ပြီးဖြေရတဲ့ မေးခွန်း ပုံစံမျိုးရှိတဲ့အတွက် ယှဉ်ပြိုင်မှုက ပိုပြီး အားကောင်းလာတာ တွေ့ရပါတယ်။

ဒီ့အပြင် မိမိကိုယ်တိုင် လေ့လာတဲ့စနစ်တွေ ဖြေဆိုတဲ့အပိုင်းမှာလည်း မိမိဘာသာရပ်ဆိုလို့ရှိရင် ကျက်မှတ်ပြီး ဖြေဆိုတာထက် ကိုယ်ရဲ့ အတွေးအမြင်ကို ဖြေဆိုတာမျိုးက ဆန်းစစ်တဲ့ မေးခွန်းက ထိရောက်မှုရှိတာမျိုး တွေ့ရပါတယ်။ စာမေးပွဲပုံစံ ပြောင်းလဲသွားတဲ့စနစ်မှာ လက်ရှိဖြေဆိုတဲ့ ဖြေဆိုသူတိုင်းလည်း အားရတဲ့စနစ်ဖြစ်ပါတယ်။ ဖြေဆိုမှုစနစ်ကိုလည်း အားလုံးက တကယ်ကို အကျိုးရှိတယ်လို့ ထင်ပါတယ်။ ။


ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ရှိ ပတ္တမြားခန်းမအဆောက်အအုံကို တွေ့ရစဉ်။